

ဇမ္ဗူရိပ်ရွှေစင်
ဝတ္ထုတိုများ
ရဲမြတ်တင်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အပူသိမ်း ဧကန်ငြိမ်းသည့်မြေ | ... ၁ |
| ၂။ | အလှစစ် အလှမှန်တရား | ... ၃၃ |
| ၃။ | ပိုင်းခြားဆင်ခြင် ဉာဏ်နှင့်ယှဉ်သော် | ... ၇၀ |
| ၄။ | မြူမှောင်ဝေးကင်း | ... ၈၇ |
| ၅။ | ဆပ်လို့ရယ်မကုန် | ... ၁၁၆ |
| ၆။ | ဗုဒ္ဓဝင်ထဲက အာနန္ဒာ့နှလုံးသား | ... ၁၃၈ |
| ၇။ | ဆုံးမခြင်း | ... ၁၅၁ |
| ၈။ | ဆရာသစ်ကလေး | ... ၁၇၀ |
| ၉။ | ကလျာဏမိတ္တကိုသာရှာ | ... ၁၈၃ |
| ၁၀။ | နိဗ္ဗာန်ဆိုတာ | ... ၂၁၆ |

## စာရေးသူ၏အမှာ

အဖိုးထိုက်သော ရွှေစင်အသီးသီးတို့အနက် ဇမ္ဗူရာဇ်ရွှေစင်သည်သာ အကောင်းဆုံး၊ အသာဆုံး၊ အမြတ်ဆုံးဖြစ်ကြောင်း စာဆိုရှိသည်။ အတုမရှိသော ရွှေစင်ရတနာအဖြစ် ဇမ္ဗူရာဇ်ရွှေစင်ကိုသာ ညွှန်းဆိုသမှုပြုကြသည်။

မြန်မာ့လူ့ဘောင်တွင်လည်း ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးရှိသည်။ ထိုရတနာသုံးပါးသည်သာလျှင် လောက၏ အကောင်းဆုံး၊ အသာဆုံး၊ အမြတ်ဆုံးဖြစ်ကြောင်း၊ အနှိုင်းမဲ့ဖြစ်ကြောင်း တစ်ညီတစ်ညွတ်တည်း သတ်မှတ်ထားကြသည်၊ ယုံကြည်ထားကြသည်။

ယခု ကျွန်တော့်ဝတ္ထုများတွင် သံဃာတော်များ၊ သီလရှင်များအပါအဝင် သာသနာ့နယ်ပယ်အတွင်းမှ သာသနာ့လုပ်ငန်းများနှင့် နီးနွယ်ဆက်စပ်၊ ပတ်သက်နေသူ ပုဂ္ဂိုလ်အသီးသီးတို့၏ အကြောင်းထုပ္ပတ်တို့ကိုသာလျှင် ဇာတ်လမ်းဆင်၍ ရေးဖွဲ့တင်ပြထားပါသည်။ ၎င်းမှာ ထိုလောက၊ ထိုအဝန်းအဝိုင်းအတွင်းရှိ အဖြစ်သနစ်စုံ၊ အကြောင်းစုံတို့ကို စာပေရှုထောင့်တစ်နေရာမှ စာဖတ်သူ ဗဟုသုတရှိစေရုံ၊ အသိအမြင်တိုးစေရုံ သက်သက်မျှဖြင့် ရေးသားရခြင်း မဟုတ်ပါ။ အထူးအားဖြင့် သာသနာတော်ကြီးနှင့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်များ၏ ကြည်ညိုဖွယ်၊ လေးစားဖွယ်၊ မြတ်နိုးနှစ်သက်ဖွယ်တို့ကို အာရုံယူနိုင်ကြစေရန်၊ တစ်နည်းအားဖြင့် သဒ္ဓါပွားနိုင်ကြစေရန် ရည်ရွယ်ရေးသားမိခြင်းဖြစ်ပါသည်။ ထိုအချက်၊ ထိုစေတနာအား ဖတ်ရှုရင်းမှပင်အလိုအလျောက် သိရှိသွားရမည်ဆိုသည်ကို ကျွန်တော်က ရဲဝံ့စွာပင် ပြောနိုင်ပါလေသည်။

သို့ကြောင့် ဤစာအုပ်ကို အမည်ပေးရန် အချိန်ကျရောက်လာသော အခါတွင်လည်း ကျွန်တော့်တွင် ခက်ခက်ခဲခဲ စဉ်းစားနေရခြင်း မရှိတော့ပါ။ အကြောင်းမှာ အတုမရှိ ရတနာသုံးပါးနှင့်တကွ မြင့်မြတ်သော သာသနာ့ဝန်ထမ်းတို့၏ ရှေးရည်ရှေးရောင် တောက်ပလျက်ရှိသည့် ရှုခင်းအဖုံဖုံအား ကျွန်တော်တတ်စွမ်းသလောက် ရေးခြယ်ပြထားသည့် ဤစာအုပ်ကို **"ဓမ္မာရုံရစ်ရှေ့စင်ဝတ္ထုတိုများ"** ဟူ၍ အမည်ပေးလိုက်ရန် ကျွန်တော်၏ မနောအာရုံ၌ အလိုအလျောက် ထင်ပေါ်လာခြင်းကြောင့်ပင် ဖြစ်ပါတော့သည်။ ။

**လေးစားစွာဖြင့်-**

**ရဲမြတ်တင်**

# အပူသိမ်း ကောန်ငြိမ်းသည့်မြေ

'တပို့တွဲ ပေါက်လဲရယ်တဲ့ငုံစီစီ'ဟူသည့် လရာသီသို့ ရောက်ရှိခဲ့လေပြီ။ တပို့တွဲလ ဆန်းခဲ့ပြီ။ ထိုသို့ တပို့တွဲလအတွင်း ရောက်ရှိခဲ့သည်နှင့်-ဥတုရာသီကပါ သိသိသာသာ ပြောင်းလဲစပြုလာသည်။ မကြာမီ ဆောင်းကုန်တော့မည်၊ နွေသို့ကူးတော့မည် ဆိုသည့်လက္ခဏာများက ထင်ရှားစွာ ပြသလာသည်။ အအေးဓာတ်က လျော့ပါးသွားပြီဖြစ်သလို အပူချိန်က တိုးမြင့်လာသည်။ နှင်းမြူတို့ဖယ်ရှား ဆုတ်ခွာသွားခြင်းနှင့်အတူ ပွင့်လင်းကြည်သာခြင်းက ဝင်ရောက်လာသည်။ သစ်ပင်တောတောင်တို့က မှိုင်းမှုန် ညှိုးကုပ်နေရာမှ ပေါ့ပါးလန်းဆန်းခြင်းသို့ ရောက်ရှိခဲ့ကြပြီ ဖြစ်သလို ကောင်းကင်မိုးသားများကပါ သိသာစွာ အသွင်ပြောင်းလျက် အထူးကြည်စင်လာသည်၊ ပြာလွင်လာသည်။ ညွှတ်နူးဖွယ်၊ တင့်မောဖွယ် နွေဦး၏သရုပ် ပီပြင်စပြုလာခြင်းကို ပေါ်လွင်စွာ ဖော်ပြနေကြခြင်းပင် ဖြစ်တော့သည်။

ဤရာသီသို့ ရောက်ရှိလာခြင်းနှင့်အတူ မင်းဘူးစကုနယ်တစ်ဝိုက်ရှိ ဒေသခံများအတွင်း၌လည်း စတင်၍ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်၊ နိုးနိုးကြားကြား ဖြစ်လာသည်။ သူတို့က တပို့တွဲ

လဆန်းဆန်းချင်း ဖွင့်လှစ်လိုက်သော ရွှေစက်တော် ဘုရားပွဲတော်ကြီးနှင့်အပြိုင် အလုပ်များလာကြခြင်းဖြစ်သည်။ ရွှေစက်တော်ဘုရားပွဲဆိုသည်က သူတို့နယ်နိမိတ်အတွင်းမှ၊ သူတို့ဒေသအတွင်းမှ ဘုရားပွဲဖြစ်သည်။ သို့ကြောင့် ဘုရားပွဲမှ ဖြစ်ထွန်းလာသော အခွင့်အရေးသည်လည်း သူတို့ အခွင့်အရေးပင် ဖြစ်သည်။ ထိုအခွင့်အရေးကို သူတို့ကလည်း နှစ်စဉ်လိုလို မပျက်မကွက် ယူခဲ့ကြမြဲဖြစ်ရာ သည်နှစ်တွင်လည်း ဘုရားပွဲစပြီဆိုသည်နှင့် ထုံးစံအတိုင်း ဘုရားပွဲ၌ ဈေးရောင်းရန်၊ ဈေးထွက်ရန် အပါအဝင် အခြားလေလံလုပ်ငန်း အရပ်ရပ်၌ပါ ပါဝင်လုပ်ကိုင်ကြရန်အတွက် ပြင်ကြဆင်ကြရင်း အလုပ်များလာကြခြင်းပင် ဖြစ်တော့သည်။

အမှန်မှာ အချို့က ပွဲတော်မတိုင်မီကပင် အလုပ်များသူများနေကြလေပြီ။ သီတင်းကျွတ်၊ တန်ဆောင်မုန်း လလောက်ကတည်းက လုပ်ငန်းစသူ စနေကြလေပြီ။ ပွဲတော်ကာလက သိကြသည့်အတိုင်း အလွန်ရှည်လျားလှသည်။ ထိုကာလများအတွင်း အနယ်နယ်မှ လာရောက်ကြမည့် ဘုရားဖူးများအတွက် တည်းခိုစရာ တည်းကျောင်းများက ရာပေါင်းများစွာပင်လိုအပ်သည်။ ထိုတည်းကျောင်းများ ပွဲတော်အမီ ပြီးစီးရေးအတွက် အချိန်များစွာယူပြီးကြိုတင် ဆောက်လုပ်ကြရသည်။ သို့ကြောင့် သစ်၊ ဝါး၊ မျှော၊ ကြိမ်တို့ဖြင့် လုပ်ကိုင်အသက်မွေးကြသူများက သက်ဆိုင်ရာ ကန်ထရိုက်များနှင့်ပူးပေါင်းကာ သီတင်းကျွတ်လောက်ကတည်းက လုပ်ငန်းဝင်ကြရခြင်းလည်းဖြစ်သည်။

အခြားသော ဘုရားပွဲတော်ရှိ လေလံလုပ်ငန်းအရပ်ရပ်ကို ဆွဲယူလုပ်ကိုင်မည့်သူများနှင့် ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်ကဲ့သို့ ဆိုင်ရှင်များ အတွက်ကတော့ အလွန်တရာ ဝီရိယစိုက်ဖို့မလိုပေ။



ခြေတော်ရာဖွင့်ပွဲ မတိုင်မီဖြစ်စေ၊သည့် နောက်မှဖြစ်စေ အေးအေးဆေးဆေးပင် ပွဲတော်သို့ဝင်ရောက်နိုင်သည်။ မည်သို့ဆိုစေ ပွဲတော်ရက်က ပုံမှန်အတိုင်း တပို့တွဲလဆန်း ၅ ရက်မှသည် မြန်မာနှစ်ဆန်းတစ်ရက်နေ့အထိ လွန်စွာမှ ရှည်လျားကြာမြင့်လွန်းလှရာ ဒေသခံများအဖို့ ဘုရားပွဲ တစ်ရာသီမှ ရှာဖွေရရှိသမျှမှာ တစ်နှစ်တာအတွက် ဝမ်းစာဖူလုံလုနီးနီး အကျိုးဖြစ်ထွန်းကြရသည်။ သို့နှင့်ပင် သူတို့က ဘုရားပွဲတော် ရောက်လျှင် အားသွန်ပြီး ကြိုးစားလိုက်ကြ၊ ပွဲတော်ပြီးစီးသော် မိရိုးဖလာ လုပ်ငန်းကလေးများဖြင့် အသာမေ့နေလိုက်ကြ၊ ပွဲတော် တစ်ပတ်ပြန်လှည့်လာသောအခါ တစ်ဖန်ပြန်နွှဲလိုက်ကြနှင့်ပင် မှန်မှန်သာ လည်ပတ်နေကြလေတော့၏။

* * * * *

ရွှေစက်တော်ဘုရားပွဲတော်ကို အမှီပြု၍ ပေါ်ပေါက်လာသော လုပ်ငန်းများထဲတွင် အလှူခံလုပ်ငန်းသည်လည်း တစ်ခုအပါအဝင်ဟု ဆိုရမည်ပင်။ မှန်သည်။ ဤရာသီကို အလှူခံရာသီဟုပင် ဆိုရလောက်သည်။ ဘုရားပွဲတော် စတင်လိုက်ခြင်းနှင့်အတူ အလှူခံဌာနများက ပွဲတော်သွား လမ်းအသီးသီးတို့၌ အမြောက်အမြားပင် ပေါ်ထွက်လာသည်။ အထူးသဖြင့် အဓိက ကားလမ်းမကြီးများ၏ ဘေးတွင်တည်ရှိကြသော ကျေးရွာများ၌ အလှူခံများက မှိုပေါက်သလိုပင် ပေါ်ထွက်လာသည်။

'ကိစ္စများမြောင် လူတို့ဘောင်'ဟု ဆိုသည့်အတိုင်း လူတို့၏ အမှုကိစ္စက မရေမတွက်နိုင်အောင် များပြားလွန်းလှသည်။ ထိုများပြားလှသော အမှုကိစ္စများတွင် ပုဂ္ဂလိကနှင့်မဆိုင်သော ဘာသာရေး၊ သာသနာရေး၊ လူမှုရေး၊ ပရဟိတအရေး စသည်တို့လည်း ပါဝင်သည်။ ထိုကိစ္စများ ဆောင်ရွက်ရန်မှာ ပုံမှန်အားဖြင့်

သက်ဆိုင်ရာ လူထု၏ပါဝင်မှုနှင့် မင်းအစိုးရတို့၏ ပံ့ပိုးမှုများ ပူးပေါင်းကာ စီမံကြရမြဲ ဖြစ်သည်။ သို့သော် ရွက်ဆောင်ရမည့် ကိစ္စက များလည်းများ၊ ကြီးလည်းကြီးပြီး ရှိသည့်ငွေကြေးက နည်းပါး နေသည့်အခါများတွင် ဝန်နှင့်အား၊ မြားနှင့်လေး မမျှတသည့် အခြေအနေများ ဖြစ်ပေါ်လာရသည်။ ဤတွင် လိုအပ်သော ငွေကြေး ရရှိနိုင်ပါမည့်အရေး နည်းလမ်းအသွယ်သွယ်ဖြင့် ရှာဖွေ ကြရာ၌ အထက်ပါ အလှူခံလုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်လာရတော့၏။ အလှူခံ၍ ရှာဖွေကြရတော့၏။

ဤ၌ အလှူခံစခန်းများ ဖွင့်လှစ်ကြရာတွင် အလှူခံရသည့် အကြောင်းရင်းကို ဖော်ပြကြရသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ကျောင်းဆောက်ရန်၊ ကန်တူးရန်၊ စေတီပြုပြင်ရန်၊ စာသင်ဆောင် ဆောက်လုပ်ရန် စသဖြင့် မိမိရည်ရွယ်ရင်းအတိုင်း ဖော်ပြကြရမြဲ (ဝါ)ကြေညာကြရမြဲ ဖြစ်သည်။ ဤတွင် အချို့က ဆိုင်းဘုတ်များ၊ နဖူးစီးစာတန်းများ အသေအချာ ရေးဆွဲတပ်ဆင်၍ ဖော်ပြကြသလို အချို့ကလည်း မည်သည့်ဆိုင်းဘုတ်၊ စာတန်းမျှ မရှိသော်ငြား မိမိတို့ အလှူခံရသည့် အကြောင်းရင်းကိုတော့ လောက်စပီကာများဖြင့် ရှင်းလင်းပြောဆို ကြေညာပေးကြသည်သာ။

ဆိုခဲ့သည့်အတိုင်း ရွှေစက်တော်ဘုရားပွဲတော်ကြီးက သုံးလ နီးပါးမျှ ရှိခဲ၍ သုံးလကျော်ကျော်မျှ ကြာမြင့်လှသည်ဖြစ်ရာ အလှူခံ များအနေနှင့်လည်း ထိုကာလများအတွင်း အားရပါးရကြီးပင် အလှူခံခွင့် ရရှိကြသည်။ ထိုသို့ ပွဲတော်ရာသီအတွင်း ဝိုင်းဝန်း အားထုတ်လိုက်ကြသည့်အတိုင်းလည်း သင့်တင့်လျောက်ပတ်သော ငွေကြေးအတိုင်းအတာကို နှစ်စဉ်လိုလို ရရှိခဲ့ကြမြဲပင်။



သို့နှင့် ယခုနှစ်တွင်လည်း အစဉ်အလာမပျက်ပင် လမ်းမကြီး များပေါ်၌ မရေမတွက်နိုင်အောင် ပြေးလွှားလျက်ရှိသော ဘုရားဖူး ယာဉ်အမျိုးမျိုးတို့ကို အမှီပြုကာ အလှူခံအဖွဲ့အသီးသီးက ခါတော်မီ ပေါ်ထွက်လာကြပြန်လေ၏။

* * * * *

ဖြူခေါင်းရွာနှင့် စိမ်းကန်ရွာ။

ထိုရွာနှစ်ရွာက အစစအရာရာ ပြိုင်ဘက် ကျေးရွာများဖြစ် ကြသည်။ သူတို့က ပရဟိတအရေးလည်း ပြိုင်သည်။ ပကာသန အရေးလည်း ပြိုင်သည်။ ထို့ပြင် လူမှုရေး၊ ပညာရေးတို့ကအစ ဘာသာ ရေး၊ သာသနာရေးပါမကျန် အကုန်လုံး လျှောက်ပြိုင် နေကြသူများ ဖြစ်သည်။ ထို့ကြောင့် ပြိုင်ဆိုင်သူတို့၏ ထုံးစံအတိုင်း သူ့ထက်ငါ အသာရမှဖြစ်မည် ဟူသော ခံယူချက်မျိုးဖြင့် ဘာမဆို အကြိတ် အနယ် အပြိုင်ကြဲနေကြသော ကျေးရွာများလည်းဖြစ်ကြသည်။

ယခု အလှူခံရာသီရောက်၍ အလှူခံလုပ်ငန်း လုပ်ကိုင်ကြရာ တွင်လည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ကျေးရွာများရှိ သတ်မှတ် ထားသော မြေနေရာတွင် မဏ္ဍပ်များထိုးကာ အပြိုင်အဆိုင် အလှူခံလျက် ရှိကြသည်။ ဆိုခဲ့သည့်အတိုင်း သူတို့ရွာနှစ်ရွာက ပြိုင်ဘက်များဖြစ်သည်။ ထိုသို့ ပြိုင်လာခဲ့ကြသည်မှာလည်း နှစ်ပေါင်းအားဖြင့် ကြာမြင့်လှချေပြီ။ အတိတ်တစ်ချိန်က ကျေးရွာ လူကြီးအချင်းချင်း တစ်ခုသောကိစ္စအတွက် ပြိုင်ဆိုင်ခဲ့ကြရာမှ ကျေးရွာအလိုက် ပြိုင်ပွဲအသွင်သို့ တဖြည်းဖြည်း ပြောင်းလဲခဲ့ရခြင်း ဖြစ်သည်ဟု အဆိုရှိသည်။ ထိုအမွေကို အဆင့်ဆင့် လက်ဆင့်ကမ်း သယ်ဆောင်လာကြရာမှ ယခု နှောင်းလူများလက်ထက်တိုင်အောင် တည်မြဲနေရသည့် သဘောပင်ဖြစ်သည်။

ဖြူခေါင်းနှင့်စိမ်းကန်က တစ်မိုင်မျှပင် မဝေးချေ။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးမှအစ အားလုံးလိုလို ပြောင်းလဲ တိုးတက်နေသော ခေတ်အခြေအနေအရ တစ်ရွာ၏အနေအထားကို အခြားတစ်ရွာက အလွယ်တကူပင် သိရှိနိုင်သည်ပင်။ သည်ဘက်ရွာက လုပ်ကိုင်နေသမျှကို ဟိုဘက်ရွာက အားလုံးသိရှိနေသလို ဟိုဘက်ရွာက အကောင်အထည် ဖော်နေသမျှကိုလည်း သည်ဘက်ရွာက ကောင်းစွာ သိရှိနေသည်ပင်။ ထိုသို့ သိရှိပြီးသကာလ သူက ဘာလုပ်လျှင် ငါကဘာလုပ်မည်၊ သူက ဘယ်အဆင့်သို့ ရောက်နေလျှင် ငါက ဘယ်အဆင့်သို့ ရောက်အောင်လုပ်မည် စသည်ဖြင့် သူ့ထက်ငါ မသာသာအောင် ကျိတ်ကြံ၊ ကျိတ်လုပ်နေကြသော ရွာနှစ်ရွာပင်ဖြစ်သည်။

သို့သော် ရွာနှစ်ရွာလုံးက ပညာတတ်များ၊ လူရည်လည်များ ပေါများကြသည်နှင့်အညီ သူတို့၏ပြိုင်ပွဲအသွင်က ရန်သတ္တရုပ်သဘောကိုဆောင်သော၊ ခိုက်ရန်ဒေါသနှင်ယှဉ်သော ပြိုင်ပွဲမျိုးတော့ မဟုတ်ပါပေ။ ပြောရလျှင် အကြံချင်း၊ ဉာဏ်ချင်း အရည်အချင်းချင်း အမိကထားပြီး ဆင်နွှဲကြသော ပြိုင်ပွဲမျိုးသာ ဖြစ်သည်။ သို့ကြောင့် တစ်ရွာနှင့်တစ်ရွာ ဝင်ထွက်ကူးလူး၊ သွားလာဆက်ဆံမှုများရှိကြသလို လုံခြုံရေး၊ ကျန်းမာရေး အစရှိသော ကိစ္စရပ်များတွင် တစ်ရွာနှင့်တစ်ရွာ ပူးပေါင်းဆောင်ရွက်မှုများလည်း အခါအားလျော်စွာ ရှိကြသည်ပင်။ သူတို့ပုံစံက ပြိုင်ဘက်များပီပီ တစ်ဦးနှင့်တစ်ဦး ကျော်တက်နိုင်ပါမည့်အရေး အမြဲချောင်းမြောင်း လုပ်ကြံလျက် ရှိကြသော်လည်း 'ရန်'ကိုမူ အတတ်နိုင်ဆုံးရှောင်ကာ အကင်းပါးပါး၊ ဉာဏ်သွားသွားနှင့် ပညာသားပါပါ ယှဉ်ပြိုင်နေကြခြင်းပင် ဖြစ်တော့သည်။

* * * * *



တစ်နေ့။ ဖြူခေါင်းကျေးရွာ၏ ဘုန်းတော်ကြီးကျောင်းတွင် ဖြစ်သည်။ အချိန်မှာ ည ၈ နာရီ သာသာခန့်ရှိလေပြီ။ ကျောင်းမြောက်ဘက် ကုက္ကိုပင်ကြီးအောက်ရှိ ကွပ်ပျစ်ပေါ်တွင် ကျောင်းထိုင်ဆရာတော် ဦးမာယိန္ဒက ဒကာအချို့နှင့် စကားပြောဆိုလျက်ရှိရာ ထိုပုဂ္ဂိုလ်များမှာ ကျောင်း၏ ဂေါပကအဖွဲ့ဝင်တစ်ဦး ဖြစ်သော ဦးကျော်ရန်၊ ကျေးရွာ ရာအိမ်မှူး ကိုသိန်းဒန်နှင့် ကျေးရွာကာလသားခေါင်း ဝင်းတင့်တို့ပင် ဖြစ်ကြလေ၏။

စကားဝိုင်းမှာ အတော်အတန် အရှိန်ရနေပြီဖြစ်ရာ ဆရာတော်ဦးမာယိန်က စောစောက ဝင်းတင့်ပြောလိုက်သော အချက်တစ်ခုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြန်လည် အမိန့်ရှိလိုက်သည်။

"မင်းပြောတာ ဟုတ်နိုင်ပါ့မလားကွ ဝင်းတင့်ရ၊ သူတို့နဲ့ ငါတို့က အလှူခံမဏ္ဍပ်ဆောက်တာလည်း တစ်နေ့ထဲ၊ အလှူခံ စတာလည်း တစ်ရက်ထဲပဲ၊ အဲဒါကို သူတို့က အလှူခံရငွေ ၁၀ သိန်းလောက်တောင် ရနေပြီဆိုတော့ ဟုတ်ရော ဟုတ်နိုင်ပါ့မလားကွာ၊ သက်သက်ကြွားနေတာရော မဖြစ်နိုင်ဘူးလား၊ ငါတော့ ဘယ်နည်းနဲ့မှ မယုံနိုင်ဘူးကွ"

ဦးမာယိန်စကားအဆုံးတွင် ရာအိမ်မှူးကိုသိန်းဒန်က ဝင်ပြောလိုက်သည်။

"ဟုတ်တယ်ဘုရား၊ ဒါတော့ တပည့်တော်လည်း မယုံဘူး၊ ဖြစ်လည်း လုံးဝမဖြစ်နိုင်ဘူး၊ ဘယ့်နှယ်၊ သူတို့နဲ့တစ်ရက်ထဲစအလှူခံခဲ့တဲ့ တပည့်တော်တို့က သုံးသိန်းမဲ့မဲ့လောက်ပဲ ရနေသေးတဲ့အချိန်မှာ သူတို့က ၁၀သိန်းလောက်တောင် ရနေပြီဆိုတော့ ဒါက လုံးဝယုတ္တိမရှိဘူးဘုရား"

ဤတွင် ဂေါပကဦးကျော်ရန်က ဝင်းတင့်ဘက်သို့လှည့်ကာ-

"မင်းကို ဘယ်သူက ပြောလွှတ်လိုက်တာလဲ၊ ဒါဟာ ဒီကောင်တွေ သက်သက်ကြွားချင်လို့ သတင်းလွှင့်လိုက်တာမျိုး၊ မိတ္တူပေးလိုက်တာမျိုးလည်း ဖြစ်နိုင်တယ်ကွ၊ ရငွေချင်းက ဒီလောက်တောင်ကွာရအောင် တို့ကသူတို့ထက် ဘာများညံ့နေလို့လဲ"

ဟုပြောလိုက်သည်တွင် ကာလသားခေါင်း ဝင်းတင့်က တစ်ကျိုက်ကျိုက်ပြီးသွားသော ရေနွေးကြမ်းခွက်ကို အောက်သို့ ပြန်ချကာ လည်ချောင်းကိုရှင်း၍ ပြန်ပြောလိုက်သည်။

"အဟင်း၊ ဒီလိုဘုရား၊ တပည့်တော်သိခဲ့ရတာက ဘယ်သူကမှ ပြောလိုက်လို့မဟုတ်ဘူးဘုရား၊ မနက်က တပည့်တော် စိမ်းကန်ကို ရောက်သွားတယ်၊ သွားရတဲ့အကြောင်းက တပည့်တော်အစ်မက ခိုင်းလိုက်လို့သွားရတာ၊ မနေ့က အစ်မက မင်းဘူးကို ဈေးသွားဝယ်တာမှာ ညနေသူ့ဆိုင်ကိုပြန်ရောက်လို့ ပစ္စည်းတွေစစ်လိုက်တော့ ဆပ်ပြာဂျပ်ဖာတစ်ဘူး လိုနေတာတွေ့ရတယ်၊ ဒါနဲ့ ကားသမားကိုမေးကြည့်တော့ ကားသမားက စိမ်းကန်က ကိုစိုးမောင်ဆိုင်မှာ မှားပြီးချခဲ့မိတဲ့အကြောင်း ပြောတယ်၊ အဲဒါ ကိုစိုးမောင်ဆိုင်မှာ သွားပြန်ယူလိုက်ပါဆိုပြီး ပြောတယ်၊ ဒါနဲ့ အစ်မက တပည့်တော်ကို သွားယူခိုင်းတာနဲ့ တပည့်တော်လည်း စိမ်းကန်ကိုရောက်သွားတာ၊

တပည့်တော် ရောက်သွားတော့ ကိုစိုးမောင်ကို သူ့အိမ်အောက်ထပ်မှာပဲ စာရင်းတွေ ရေးနေတာတွေ့ရတယ်။ တပည့်တော်က လာရင်းကိစ္စကိုပြောလိုက်တော့ ကိုစိုးမောင်က-

"အေးအေး၊ ခဏ ထိုင်ဦး၊ ငါသွားရှာကြည့်ဦးမယ်" လို့ ပြောပြီး ထိုင်ရာကနေ ထသွားတယ်၊ ဆိုင်ဘက်ကို ကူးသွားပြီး ဂျပ်ဖာဘူးကို ရှာနေတယ်၊ တပည့်တော်လည်း အသာဝင် ထိုင်ရင်း စားပွဲပေါ်က ကိုစိုးမောင်ထားခဲ့တဲ့ စာရင်းစာအုပ်ကို အမှတ်တမဲ့ လှမ်းကြည့်လိုက်မိတယ်၊ အဲဒီမှာတင်ပဲ စိမ်းကန်ကျေးရွာ နေ့စဉ်အလှူငွေရရှိမှုစာရင်း ဆိုတာကို တွေ့လိုက်ရတော့တာပဲ၊ ကိုစိုးမောင်က သူတို့ရွာမှာ စာရင်းကိုင် ထင်တယ်ဘုရား၊ စာရင်းထဲမှာ အလှူခံကရတဲ့ငွေတွေကို နေ့ချုပ်လချုပ်တွေနဲ့ ရေးသွင်းထားတာတွေ့ရတယ်၊ တပည့်တော်လည်း စိတ်ဝင်စားသွားပြီး စာရင်းတွေရဲ့ နောက်ဆုံးနေရာကို အသာလှန်ကြည့်လိုက်မိတယ်၊ အဲဒီမှာတင် စုစုပေါင်းရရှိငွေ ၁၀ သိန်းနဲ့ ဘယ်လောက်ဆိုလည်းမသိဘူး၊ ဂဏန်းထိုးထားတာကို တွေ့လိုက်ရတော့တာပဲ ဘုရား"

ဝင်းတင့် စကားဆုံးသွားသည်နှင့် ဦးမာယိန်၏မျက်နှာက တင်းခနဲဖြစ်သွားသည်။ ကျန်လူကြီးနှစ်ယောက်ကလည်း အသီးသီး မျက်မှောင်များ ကြုတ်လိုက်ကြသည်။

"အေးလေ၊ ဒါဆိုရင်တော့ မင်းပြောသလို ဟုတ်ချင်လည်း ဟုတ်မှာပေါ့ကွာ၊ တကယ်လို့ ဒီအတိုင်းသာ မှန်မယ်ဆိုရင်လည်း ဒါဟာ တို့ကိုတပ်လှန့်လိုက်တာပဲကွ၊ တို့က သူတို့ထက် အများကြီး ညံ့နေပြီဆိုတာကို ထင်ရှားစေလိုက်တာပဲ"

ထိုစကားကို ဦးမာယိန်က မသာယာသော မျက်နှာဖြင့် ပြောလိုက်ခြင်းဖြစ်သည်။ ရာအိမ်မှူးက ခပ်သွက်သွက်ပင် ဝင်ရောက် ထောက်ခံလိုက်သည်။

"ဟုတ်တယ် ဘုရား၊ ဒီသတင်းဟာ တပည့်တော်တို့အတွက် တော်တော်နာစရာကောင်းတဲ့ သတင်းပဲ၊ ဘယ့်နှယ်ဗျာ၊ အလှူခံမဏ္ဍပ်ကဖြင့် တစ်ခုနဲ့တစ်ခု ငါးဖာလုံလောက်တောင် မဝေးဘူး၊ သူတို့က ကိုယ့်ထက် နှစ်ဆမက ရနေတယ်ဆိုတော့ ဒါဟာ

တပည့်တော်တို့က အကြီးအကျယ် နောက်ကောက်ကျနေတယ်ဆိုတဲ့ သဘောပဲ ဘုရား့"

ဂေါပကလူကြီးဦးကျော်ရန်ကပါ စိတ်မြန်လက်မြန် ဝင်ပြောလိုက်သည်။

"ဒီထက်ခံပြင်းစရာကောင်းတာ ဘာရှိသေးလဲဘုရား့၊ တပည့်တော်က သူတို့အကြောင်း သိနေတာကြာလှပါပြီ၊ သူတို့က သရဲမရဲလိုက်ပြီး တွန်းအလှူခံနေကြတာ ဘုရား့၊ တပည့်တော်တို့ မဏ္ဍပ်ဘက်ကသာ အေးအေးဆေးဆေးနဲ့ စည်းကမ်းအတိုင်း လုပ်နေကြတာ၊ သူတို့မဏ္ဍပ်က ဒီလိုမှမဟုတ်ဘဲ၊ တအားကို လောဘတက်နေကြတာ၊ ဘယ်ဗျာ၊ ကားလမ်းကြီးကို လူအုပ်နဲ့ နှစ်ဘက်ညှပ်ပြီး ပိတ်လိုပိတ်၊ အလံတွေ၊ တံခွန်တွေ တဖျပ်ဖျပ်ရိုက်ပြီး ကားတွေကို တားလိုတား၊ ပြီးရင် ဖလားထဲကအကြွေတွေကို ဆူညံနေအောင် ခလောက်ဆန်ပြီး ကားတွေဘေးမှာ ဝိုင်းအုံတဲ့သူကအုံ၊ မဏ္ဍပ်ထဲက လောက်စပီကာနဲ့ ကျီးကန်းအာသလို အာတဲ့သူကအာနဲ့ သူတို့ဟာက အလှူခံနေတာနဲ့မှ မတူဘဲ၊ အတင်းပိုက်ဆံတောင်းနေတဲ့ ပုံစံမျိုးကြီးပဲဗျ၊ ဒီတော့ မရဘဲ ဘယ်နေတော့မလဲ၊ လူတွေက မသဒ္ဓါတာ၊ သဒ္ဓါတာ အပထားလို့ အောင့်သက်သက်နဲ့တော့ ထည့်သွားရတော့တာပဲပေါ့"

ဦးကျော်ရန်၏စကားကို ရာအိမ်မှူးက ဝင်ဆက်ပေးလိုက်ပြန်သည်။

"ခုမှတော့ မထူးတော့ဘူး ဘုရား့၊ တပည့်တော်တို့လည်း သူတို့လုပ်သလို လိုက်လုပ်မှဖြစ်တော့မယ်၊ နို့မဟုတ်ရင် ပြတ်သထက်ပြတ် ကျန်ခဲ့လိမ့်မယ်၊ တော်ကြာ ရာသီသိမ်းချိန်ရောက်လို့ စာရင်းချုပ်ကြပြီဆိုတော့မှ သူတို့ရဲ့ တစ်ဝက်လောက်မှ မမီရင်



ဒီထက်ရှက်စရာကောင်းတာ ဘာရှိသေးလဲ၊ ကျွန်တော်ပြောတာ ဟုတ်တယ်မဟုတ်လား ထွေးလေး"

ရာအိမ်မှူးစကားကို ဘုန်းကြီးကရော၊ ဦးကျော်ရန်ကပါ စကားမပြန်ကြ။ ဝင်းတင့်ကသာ ဝင်ပြောလိုက်သည်။

"ဒါက ဒီလိုရှိတယ် ကိုကြီး သိန်းဒန်ရ၊ ကိုကြီး သိန်းဒန်တို့က အလှူခံအဖွဲ့ထဲမှာ မပါတော့ ဘယ်သိမလဲ၊ ခုလို ကျွန်တော်တို့ မဏ္ဍပ်က သူတို့လို လိုက်မလုပ်တာက အကြောင်းရှိတယ်ဗျ၊ ခုသူတို့ ကြမ်းနေတယ်၊ ကြမ်းပေစေ၊ စည်းကမ်း ဖောက်နေတယ်၊ ဖောက်ပေစေ၊ ဒီကောင်တွေ ကြာလေ ပြဿနာတက်လေ ဖြစ်ရမှာပဲ၊ သူတို့ အလှူခံနေတဲ့ပုံစံက အန္တရာယ်ကို ဖိတ်ခေါ်နေတဲ့ ပုံစံမျိုးပဲ၊ ကြည့်နေပါ၊ တစ်နေ့နေ့ ဒီကောင်တွေ ကားပဲအက်ဆီးဒင့်ဖြစ်မလား၊ ဆိုင်ကယ်ပဲ ဝင်တိုးခံရမလား၊ တစ်ခုခုတော့ ဖြစ်လာမှာ သေချာတယ်၊ အဲဒီအခါ သူတို့အလှူခံလည်း အပိတ်ခံရ၊ အသိမ်းခံရမှာပဲ၊ အဲဒီလို သူတို့ ထောင်ချောက်ထဲကျမယ့်နေ့ကို ကျွန်တော်တို့က အသာစောင့်ကြည့်နေတာဗျ"

"အေးကွာ၊ ဘာပဲဖြစ်ဖြစ် တို့ဘက်က အခြေအနေကောင်းအောင်တော့ ကြိုးစားကြဖို့လိုတယ်၊ စိမ်းကန်မဏ္ဍပ်မှာ သူတို့ဘုန်းကြီး ဦးစာလိန္ဒကိုယ်တိုင် ဦးဆောင်ပြီး အလှူခံနေတယ်လို့ ပြောတယ်၊ ဒီတော့ ငါလည်း နေလို့မဖြစ်တော့ဘူး၊ မနက်ဖြန်ကစပြီး မဏ္ဍပ်ဆင်း ကြီးကြပ်မှဖြစ်တော့မယ်၊ အလှူခံအဖွဲ့က ပန်းအောင်တို့၊ မြင့်ကြိုင်တို့ကို ငါလာမယ့်အကြောင်း သွားပြောထားလိုက်၊ ကြားလားဟေ့ ဝင်းတင့်"

"တင်ပ့ါ၊ ပြောလိုက်ပ့ါမယ် ဘုရား့၊ ဦးဇင်း ကိုယ်တိုင် ပါမယ်ဆိုရင်တော့ တပည့်တော်တို့အတွက် အတိုင်းထက် အလွန်ပေ့ါဘုရား့"

ထို့နောက်တွင် ကျောင်းပေါ်မှ ကြေးစည်ရိုက်သံ ပေါ်လာပြီးနောက် ဦးမာယိန်က ဘုရားဝတ်တက်ရန် ကျောင်းပေါ်သို့ ထွက်ကြွသွားသလို ကျန်လူများကလည်း ရေနွေးဓာတ်ဘူးများ၊ အကြမ်းပန်းကန်များကိုသိမ်းဆည်းကာ လူစုခွဲပြီး အိမ်ပြန်သွားလိုက်ကြလေသည်။

* * * * *

နောက်နေ့များတွင် ကျောင်းထိုင်ကိုယ်တော် ဦးမာယိန္ဒကို အလှူခံ မဏ္ဍပ်အတွင်း၌ မိန့်မိန့်ကြီး ထိုင်လျက်သား တွေ့ကြရလေ၏။ သူကိုယ်တိုင် အလှူခံအဖွဲ့ကို ဦးဆောင်လေပြီမို့လည်း မိုက်ကရိုဖုန်းကို လက်ကမချတော့ဘဲ မနားတမ်း အစွမ်းပြနေလေတော့သည်။

"ကားပေါ်မှာ လိုက်ပါလာတဲ့ မော်တော်ယာဉ်မှူးကြီးနဲ့တကွ သာသနာ့ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ကို နှလုံးစိတ်ဝမ်း ရွှင်လန်းကြပါစေ၊ ခရီးလမ်းပမ်း ဖြောင့်တန်းကြပါစေ၊ ရန်မာန်ခပင်း ကွာရှင်းကြပါစေလို့ ဘုန်းကြီးတို့က ဆုတောင်းမေတ္တာများ ပို့သလိုက်ရပါတယ်၊ ထို့ပြင်တဝ ခုလို မော်တော်ယာဉ် ရပ်နားနေစဉ်တုန်းမှာ ဘုန်းကြီးတို့ ရန်အောင်မြင် ကျောင်းတိုက်ကြီး အုတ်တံတိုင်း ကာရံနိုင်ရေးအတွက် အလှူငွေများကို ထည့်ဝင်သွားကြပါဦးလို့လည်း ဘုန်းကြီးတို့က နိဗ္ဗာန်အကျိုးမျှော်လို့ နိုးဆော် လိုက်ရပါတယ်"

ဦးမာယိန်အသံက အသံချဲ့စက်မှ တလွင်လွင် ထွက်ပေါ်လျက်ရှိသလို ငွေဖလားများ၊ မျှောချိုင့်များကို လှုပ်ခတ်လိုက်ရာမှ ထွက်ပေါ်လာသည့် တချောက်ချောက် အသံများကလည်း ဆူညံနေလေသည်။ အလှူခံ မိန်းကလေးအဖွဲ့က ဘုရားဖူးကားဘေးတွင် ဝိုင်းအုံလျက်ရှိပြီး သောက်ရေကမ်းသူ၊ ကွမ်းကမ်းသူ၊ ထန်းလျက်



ကမ်းသူ လူငယ်ကလေးများကလည်း သူတာဝန်နှင့်သူ ဝန်ဆောင်မှုပေးလျက်ရှိလေသည်။ ကားပေါ်မှ ခရီးသည်များက ရေသောက်လိုသူ ရေခွက်ကို လှမ်းယူကြပြီး ကွမ်းစားလိုသူကလည်း ကွမ်းဇန်းကို လှမ်းနှိုက်ကြသည်။ ပြီးလျှင် အလှူငွေများကို လှမ်းထည့်လိုက်ကြသည်။

"လှူကြပါဦး၊ ရွှင်ရွှင်လန်းလန်းကြီး ထည့်ဝင်လှူဒါန်း သွားကြပါဦးလို့နော်၊ လှူတယ်ဆိုတာ နည်းခြင်းများ ခြင်းအပေါ်မှာ ပဓာနမကျပါဘူး၊ စေတနာသာလျှင် အဓိကဖြစ်ပါတယ်၊ စေတနာမှန်ပြီဆိုတော့ ကြုံတစ်ချောင်းလှူကာမျှနဲ့ နတ်ပြည်မှာ ဗိမာန်ကြီးတွေပေါက်ပြီး ပျော်ရွှင်စံစားရတဲ့ သာဓကတွေ ရှိခဲ့ပါတယ်၊ ဒို့အပြင်ဒါနဋ္ဌ ဓမ္မစရိယာစ ဉာတကာ နဋ္ဌသင်္ဂဟော၊ အနဝဇ္ဇနိ ကမ္မာနိဧတံမင်္ဂလ မုတ္တမံတဲ့၊ ဒါနပြုခြင်းဟာ မင်္ဂလာတရားနဲ့ အလိုလိုပြည့်စုံပြီးသားဖြစ်ကြောင်း ဘုရားဟောရှိပြီးသားဟာမို့"

ကားဆရာက စက်ကိုနိုးကာ ဖြည်းဖြည်းချင်း မောင်းထွက်လိုက်သည်။ ကားထွက်သွားတော့မှ ဦးမာယိန်က လက်ထဲမှ မိုက်ကရိုဖုန်းကို အောက်သို့ ပြန်ချလိုက်သည်။ အသံချဲ့စက်မှ သီချင်းသံများ ထွက်ပေါ်လာသည်။ အလှူခံမောင်မယ်များက စီတန်းချထားသော ထိုင်ခုံများတွင် ပြန်ထိုင်လိုက်ကြသည်။ အလှူခံအဖွဲ့၏ ဦးဆောင်ပုဂ္ဂိုလ်များ ဖြစ်ကြသော လူကြီးပိုင်းကလည်း ဘုန်းကြီးဦးမာယိန်၏ဘေးနားတွင် ပြန်ထိုင်လိုက်ကြသည်။ သို့သော် သူတို့ကဆေးတစ်ဖွာ၊ ကွမ်းတစ်ငုံမျှ နားရရုံရှိသေး၊ တစ်သီတစ်တန်းကြီး ဦးတည်ပြီးလာနေသော ဆိုင်ကယ်များကို တွေ့ရသည်နှင့် ပြန်ထကြရပြန်သည်။ အလံများကို ဝှေ့ယမ်းသူက ဝှေ့ယမ်း၊ ဖလားများကို မြှောက်၍ တချောက်ချောက်လုပ်သူကလုပ်နှင့် လမ်းဘေးသို့

ထွက်ရပ် ကြရပြန်သည်။ ထိုအခါ ဦးမာယိန်ကလည်း ချထားသော စကားပြောခွက်ကို မြန်မြန်ကြီး ကောက်ကိုင်ရပြန်လေသည်။

ခုတလော ဘုရားဖူးတွေ တအားကျနေသည်။ ကားတွေ၊ ဆိုင်ကယ်တွေက လမ်းပေါ်တွင် မပြတ်သလောက်ပင် ဖြစ်နေသည်။ ထိုသို့ ဘုရားဖူးများ အလာစိပ်နေရခြင်းမှာ အချက်နှစ်ချက်နှင့် တိုက်ဆိုင်နေခြင်းကြောင့် ဖြစ်သည်။ ပထမတစ်ချက်က မကြာမီ သင်္ကြန်ကျတော့မည်။ သင်္ကြန်ပြီးပြီးချင်း ဘုရားပွဲသိမ်း တော့မည်။ ထို့ကြောင့် ဘုရားပွဲ မပြီးခင် (ဝါ)ခြေတော်ရာ မပိတ်ခင် အလုအယက် လာရောက်နေကြခြင်း ဖြစ်သည်။ ဒုတိယ အချက်ကတော့ တစ်နိုင်ငံလုံးအတွက် အရေးကြီးလှသော တက္ကသိုလ်ဝင် စာမေးပွဲကြီးက ပြီးစီးသွားခဲ့ပြီ။ စာမေးပွဲ ပြီးသွားသဖြင့် ကျောင်းသားများနှင့် ကျောင်းသားမိဘများအတွက်ပါ မဟာတာဝန်ကြီးတစ်ခု ပြီးဆုံးသွားလေပြီ။ ထိုသို့ လူပေါ့၊ စိတ်ပေါ့၊ တာဝန်ပေါ့ ဖြစ်သွားကြချိန်တွင် အပန်းလည်းဖြေရင်း၊ ဘုရားလည်းဖူးရင်း ဆိုသလို ဤခရီးစဉ်များ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ဆိုခဲ့သည့်အတိုင်း အထက်ပါအချက်နှစ်ချက်က တစ်ချိန်တည်း တိုက်ဆိုင်နေတော့ရာ ဘုရားဖူးများမှာ ခုတလောတွင် မိုးလင်းမှမိုးချုပ် ပြတ်စဲသည်ဟူ၍ မရှိတော့ဘဲ တရစပ် စည်ကားနေတော့သည်။ အလှူခံ အဖွဲ့များအတွက်ကတော့ ဘုရားပွဲစည်လေ ကြိုက်လေ၊ ကားကျပ်လေ သဘောကျလေပင် ဖြစ်သည်။ ဤရက်ပိုင်းများအတွင်း အလှူခံရရှိငွေက သိသိသာသာပင် တိုးတက်လာသည်။ ထိုသို့ တိုးတက်လာသည့်အတွက်လည်း အားလုံးက ဝမ်းသာနေကြသည်။ ငွေထိန်းအဖွဲ့၊ စာရင်းကိုင်အဖွဲ့ များက ကောက်ခံရရှိလာသည့် အလှူငွေများကိုကြည့်ကာ ပီတိဖြစ်နေကြသည်။



သို့သော် ထိုသို့ပီတိဖြစ်၍ မဆုံးနိုင်သေးခင်မှာပင် သူတို့အတွက် အောင့်သက်သက် ဖြစ်သွားရသော အကြောင်းတစ်ခုက ရုတ်တရက် ဝင်ရောက်လာသည်။ အခြားမဟုတ်။ တစ်ခုသော ညနေ၏ အလှူခံသိမ်းချိန်လောက်တွင် စိမ်းကန် မဏ္ဍပ်ဘက်မှ အသံချဲ့စက်ဖြင့် ကြေညာလိုက်သံကို သူတို့အားလုံး ကြားလိုက်ကြရသောကြောင့်ပင်ဖြစ်သည်။ ထိုကြေညာသံမှာ ယနေ့အတွက် သူတို့မဏ္ဍပ်က အလှူငွေ မည်ရွေ့မည်မျှရရှိကြောင်း၊ အလှူခံ စတင်သည့်ရက်မှ ယနေ့အထိ စုစုပေါင်း မည်ရွေ့မည်မျှ ရရှိပြီးဖြစ်ကြောင်း၊ စသည်ဖြင့် ကြေညာလိုက်သည့် အသံပင်ဖြစ်သည်။ အမှန်တော့ ထိုသို့ ကြေညာခြင်းမှာ လက်ရှိအခြေအနေအား သူတို့ရွာသားများထံ အစီရင်ခံသလိုလိုနှင့် ဖြူခေါင်းမဏ္ဍပ်ဘက်မှပါ သိရှိသွားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ ကြေညာပြလိုက်ခြင်းဖြစ်သည်။

ထိုအချက်ကို ဦးမာယိန်တို့အဖွဲ့ကလည်း သိရှိကြသည်သာ။ ထို့ကြောင့် ထိုသို့ကြေညာခြင်းအပေါ် သူတို့က လွန်စွာ ခံပြင်းမိကြသည်။ ထို့ပြင် ထိုသို့ကြေညာနေခြင်းမှာ ထိုနေ့ တစ်ရက်ထဲသာ မဟုတ်ဘဲ နောက်ရက်များတွင်လည်း ဆက်ကာဆက်ကာ ကြေညာလျက်ရှိသည်မို့ သူတို့က ပို၍ခံပြင်းကြရသည်။ အမှန်မှာ သူတို့မဏ္ဍပ်က တစ်စတစ်စ အလှူငွေ အရများပြီး ဝင်ငွေတိုးလာသည်ဆိုသော်ငြား စိမ်းကန်ကိုတော့ မမီနိုင်သေးပေ။ ထိုအဖြစ်ကို စိမ်းကန်သားများကလည်း ကောင်းကောင်းရိပ်မိသည်။ ရိပ်မိဆို စိမ်းကန်ဘက်မှ ထောက်လှမ်းရေးများက ဖြူခေါင်းမဏ္ဍပ်ဘက်သို့ ဆိုင်ကယ်နှင့်တစ်မျိုး၊ စက်ဘီးနှင့်တစ်သွယ် မကြာမကြာလာရောက် ထောက်လှမ်းနေသောကြောင့်ပင်ဖြစ်သည်။

တကယ်တော့ မဏ္ဍပ်များ တည်ရှိနေပုံ အနေအထားအရကို စိမ်းကန်က တစ်ပန်းသာနေသည်။ ဘုရားဖူးကားများက စိမ်းကန်သို့ အရင်ရောက်ပြီးမှ ဖြူခေါင်းသို့ ရောက်ကြရသည်။ စိမ်းကန်က ဆည်ဦး၊ ရေဦးတွင် နေရသကဲ့သို့ ဖြစ်နေသည်။ လူတို့၏ သဘာဝအရ ပထမမဏ္ဍပ်တွင် အလှူငွေထည့်ပြီးပါက နောက်တစ်မဏ္ဍပ်တွင် လက်နှေးသွားကြ၊ တွန့်ဆုတ်သွားကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ ထို့ကြောင့် စိမ်းကန်၏ ရှေ့မှနေ၍ လက်ဦးလက်ဖျားအညွှန့်ခူးခြင်းကို ခံနေရမှတော့ ဖြူခေါင်းအနေနှင့် သူတို့ကို မည်သို့မျှ မယှဉ်နိုင်တော့ပေ။

မသိမသာ စေလွှတ်ထားသော ထောက်လှမ်းရေးသမားများ၏ သတင်းပေးပို့ချက်အရ ဖြူခေါင်းမဏ္ဍပ်၌ ကားအဝင် ကားအရပ်နည်းပါးပုံ၊ အလှူခံကလည်း လှေကြီးထိုးရိုးရိုးပုံစံမျိုးသာ ဖြစ်နေပုံတို့ကို ထောက်ချင့်၍ ဖြူခေါင်းအနေနှင့် မိမိတို့ထက် မည်သို့မျှ မသာနိုင်ပုံကို စိမ်းကန်သားများကလည်း အလိုလိုသိရှိပြီးဖြစ်သည်။ ထို့ကြောင့်ပင် ညနေ စောင်းရောက်တိုင်း သူတို့၏ ဝင်ငွေ ကြေညာချက် ထုတ်ပြန်နေခြင်းမှာ ဖြူခေါင်းသားများအား 'မင်းတို့ ဘယ်လောက်ပဲလုပ်လုပ်၊ တို့ကိုတော့ ကြောလို့မရပါဘူးကွာ'ဟု သရော်သလိုလို၊ နှိမ်သလိုလိုနှင့် တမင်မပြောသော်လည်း ပြောနေသကဲ့သို့ပင် ဖြစ်လျက်ရှိလေသည်။

ဦးမာယိန်တို့ကား ခံပြင်းပင်ခံပြင်းသော်လည်း မည်သို့မျှ မတတ်နိုင်ပေ။ စိမ်းကန်ဘက်မှ ကြေညာလိုက်သော ရငွေစာရင်းနှင့်ယှဉ်လိုက်ပါက မိမိတို့က နည်းမြဲနည်းနေသေးသည်။ နောက်ကောက်ကျမြဲ ကျနေသေးသည်။ သို့ကြောင့် ဖြူခေါင်းသားများ၏ မူလစိတ်ရင်းအရ စိမ်းကန်၏ ကြက်ခေါင်းဆိတ်ခြင်းကို ဆတ်ဆတ်



ထိမခံလိုကြသော်လည်း လတ်တလောတွင် မည်သို့မျှ ကြံရာမရလေပြီမို့ သူတို့က သည်အတိုင်းပင် အသာငြိမ်နေကြရလေသည်။

* * * * *

များမကြာမီ ဦးမာယိန်နှင့် ဖြူခေါင်းရွာသားများအတွက် အခွင့်အလမ်းကောင်းတစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်ရှိလာသည်။ ထိုအခွင့်အလမ်းမှာ မမျှော်လင့်ဘဲ ရုတ်တရက် ပေါ်ပေါက်လာခြင်းဖြစ်ရာ သူတို့အတွက် ဝမ်းသာစရာ ဖြစ်သွားသလို အားတက်စရာလည်း ဖြစ်သွားသည်။

တစ်နေ့တွင် ကျေးရွာဂုဏ်ဆောင် လူငယ်တစ်ဦးဖြစ်သော မောင်ဝင်းသူမိုးက ရွာသို့ ပြန်လည်ရောက်ရှိလာသည်။ မောင်ဝင်းသူမိုးမှာ ပြီးခဲ့သောနှစ်က တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် မြန်မာပြည်တစ်ပြည်လုံး၌ ပထမရရှိခဲ့သော လူငယ်လေးဖြစ်သည်။ ပြောရလျှင် မောင်ဝင်းသူမိုးက တိုင်းကျော်ပြည်ကျော် ပုဂ္ဂိုလ်လေးတစ်ဦးလည်း ဖြစ်သည်။ ယခု သင်္ကြန်နားနီးသဖြင့် ဇာတိဖြူခေါင်းသို့ တက္ကသိုလ်မှ ခေတ္တအလည်ပြန်လာခြင်း ဖြစ်သည်။

မောင်ဝင်းသူမိုးမှာ ဦးမာယိန်၏ တပည့်ဟောင်းတစ်ဦးပင်။ ငယ်စဉ်က ဘုန်းကြီးကျောင်းသားတစ်ပိုင်း၊ စာသင်ကျောင်းသားတစ်ပိုင်းအဖြစ်ဖြင့် နေထိုင်ရင်း ယဉ်ကျေးမှုသင်တန်း၊ မင်္ဂလသုတ်သင်တန်း အစရှိသော ဦးမာယိန် ပို့ချသည့် နွေရာသီသင်တန်းများကို တက်ရောက်ခဲ့ရသူဖြစ်သည်။ ယခု ရွာသို့ပြန်ရောက်ရောက်ချင်း ရွာမှ သူငယ်ချင်းများနှင့်အတူ ဦးမာယိန်အား လာရောက်ကန်တော့လေရာ ဦးမာယိန်မှာ လွန်စွာ ဝမ်းသာအားရဖြစ်လျက် တပည့်ဖြစ်သူနှင့်လည်း အားရပါးရ စကားလက်ဆုံကျနေမိလေသည်။

"ဘယ်လိုလဲဟေ့ ဝင်းသူမိုး၊ မင်းက အခု ဆေးတက္ကသိုလ် တက်နေတယ်ပေါ့၊ ဟုတ်လား"

"တင်ပ့ါ၊ ပထမနှစ်ပါဘုရား၊ ပထမနှစ်ဆိုတော့ အရေးကြီးတယ် ဘုရား၊ စာကိုကြိုးစားရှန်းပြီး ကျက်နေမှတ်နေရပါတယ်"

"အေးကွ၊ ကြိုးစားရမှာပေါ့၊ မင်းလိုကောင်မျိုးက မအောင်ဘဲ တော့ ရှိမှာမဟုတ်ပါဘူး၊ ဒါထက် မင်းနိုင်ငံခြားတောင် သွားလိုက် ရသေးတယ်ဆို"

"တင်ပါ၊ သွားရသေးတယ်ဘုရား၊ သုံးနိုင်ငံတောင် တစ်ဆက် တည်း သွားလိုက်ရတာ၊ နိုင်ငံအချင်းချင်း ပညာရေး ပူးပေါင်း ဖလှယ်ရေး အစီအစဉ်အရဆိုပြီး သွားလိုက်ရတာပါ"

"နှိပ်ကွာ၊ မင်းက ငွေဆောင်တို့၊ ချောင်းသာတို့ကိုလည်း အပန်းဖြေခရီး သွားရသေးတယ်၊ နိုင်ငံခြားလည်း သွားရသေးတယ် ဆိုတော့ ရှယ်ပဲပေါ့ကွာ၊ နို့ မင်း ကြော်ငြာတို့ အင်တာဗျူးတို့ကိုရော လုပ်နေရတုန်းပဲလား"

"ခုတော့ အဲဒါတွေက ပြီးသွားပါပြီဘုရား၊ မရှိတော့ပါဘူး၊ ရှိရင်လည်း တပည့်တော် သေဖို့ပဲရှိတော့တယ်၊ ဘယ်မှာလဲ ဦးဇင်း ရာ၊ အဲဒီတုန်းကများ နေ့ရောညရော သွားနေ၊ လာနေ၊ ရိုက်နေရ တာနဲ့ တပည့်တော် ဘယ်မှာနားရလို့လဲ"

"ဒါတော့ ဒါပေါ့ကွာ၊ ဒါပေမဲ့ ပိုက်ဆံတော့ မင်းအတော်ရ လိုက် သမို့လား၊ ပြီးတော့ ကိုယ်က ကျော်ကြားခွင့်လည်း ရသေး တယ်လေ၊ ငါ့လခွေး၊ မင်းနာမည်နဲ့ မင်းရုပ်ပုံက တီဗွီတွေ၊ ဂျာနယ် တွေ၊ သတင်းစာတွေမှာ အဲဒီတုန်းက ဘယ်နေရာမှာမှ မလွတ်တော့ ဘဲကွ၊ တစ်တိုင်းပြည်လုံး ဟိုးဟိုးကျော်သွားတဲ့ဥစ္စာ၊ ဒါနဲ့ ငါမေး



ပါဦးမယ်၊ တီဗွီကြော်ငြာတွေမှာ မင်းပြောတဲ့ဟာတွေက တကယ်ပဲ လားကွ၊ ဥပမာ-ဘယ်အချိုရည်ကိုသောက်လို့ ကျွန်တော် ခုလို ဉာဏ်သိပ်ကောင်းတာပါတို့ ဘာတို့ ဆိုတာတွေလေကွာ"

"ဒါကတော့ ကြော်ငြာပဲဦးဇင်းရာ၊ ကြော်ငြာရဲ့ သဘောတရား အတိုင်း ရိုက်ရတာပေါ့၊ သူတို့ကလည်း ကိုယ့်ဈေးကွက်ကို မြှင့်တင် နိုင်ဖို့၊ ကိုယ်နဲ့လိုက်ဖက်မယ့် ကြော်ငြာရှင်ကို ရှာဖွေပြီး အမွှမ်း တင်ခိုင်းတာတို့၊ တင်ပြခိုင်းတာတို့ လုပ်ကြတာပဲပေါ့"

"အေး၊ ငါသဘောပေါက်ပြီ၊ တချို့ကလည်း ကိုယ့်ပစ္စည်း ကောင်းရင် ကောင်းသလောက် ကြော်ငြာပေးဖို့ လိုတာပေါ့ကွာ၊ ဒါတွေ ခဏထား၊ ငါ မင်းကို ပြောစရာတစ်ခု ရှိတယ်ကွ၊ အရေးကြီး တဲ့ကိစ္စပေါ့"

စကားစပြတ်သွားသည်။ ဦးမာယိန်က မျက်မှောင်ကိုကြုတ်၊ မေးစေ့ကိုပွတ်ရင်း စဉ်းစားသလို လုပ်နေသည်။ မောင်ဝင်းသူမိုးက ဦးမာယိန်ထံမှ ထွက်ပေါ်လာမည့်စကားသံကို နားစွင့်နေသည်။ အတန်ကြာမှ ဦးမာယိန်က 'တို့ အလှူခံအဖွဲ့ကို မင်း ဝင်ကူပေးမှ ဖြစ်မယ်ကွ'ဟု အစချီလျက် လက်ရှိအခြေအနေ၊ လက်ရှိအခက်အခဲ အား အစအဆုံး ပြောပြလိုက်တော့သည်။

မောင်ဝင်းသူမိုးက ဦးမာယိန်မိန့်ကြားသမျှ စိတ်ဝင်တစား နားထောင်နေသည်။ ထို့နောက်တွင် သူလည်း ဖျူခေါင်းရွာသား ဖြစ်သည်နှင့်အညီ ဖျူခေါင်းသွေးပါသူပီပီ ချက်ချင်းပင် ဘုန်းကြီး ဆန္ဒအတိုင်း ပါဝင်ပေးပါမည့်အကြောင်း ကတိပေးလိုက်တော့ သည်။ ဦးမာယိန်က နှစ်ထောင်းအားရ ဖြစ်သွားသည်။ ထို့ပြင် မောင်ဝင်းသူမိုးက တပ်ကူပေးမည့် ထိုသတင်းအား ရွာသား

အပေါင်းတို့ကပါ သိရှိသွားကြတော့ရာ အားလုံးက အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြရလေ၏။

* * * * *

သည့်နောက်တွင် ဖြူခေါင်းမဏ္ဍပ်၏ အခြေအနေက သိသာစွာ တိုးတက်လာသည်။ ဦးမာယိန်၏ အကြံကောင်းမှုမှတစ်ဆင့် မောင်ဝင်းသူမိုး၏ ပါဝင်ပံ့ပိုးပေးမှုကြောင့် အလှူငွေ ကောက်ခံရရှိမှုက ရုတ်ချည်းပင် မြင့်တက်လာသည်။ ထိုရက်ပိုင်းများအတွင်း လောက်စပီကာမှတစ်ဆင့် ဦးမာယိန်၏ အလှူခံ ပြောဟောပုံများကလည်း ယခင်ကနှင့်မတူဘဲ တစ်မူ ထူးခြားနေသည်။

"မောင်ဝင်းသူမိုး တဲ့နော်၊ ပြိုင်စံမပေါ်တဲ့ နိုင်ငံကျော် ခြောက်ဘာသာဂုဏ်ထူးရှင် ကလေးပေါ့၊ တစ်ပြည်လုံးမှာ ပထမစွဲပြီး ကျော်ကြားနိုးဝေး၊ သတင်းမွှေးခဲ့တဲ့ ဖြူခေါင်း ရင်သွေးကလေး ဆိုရင်လည်း မမှားပါဘူး၊ အခု အဲဒီ မောင်ဝင်းသူမိုး ကလေးက ကိုယ်တိုင် ဦးဆောင်ပြီးတော့ အလှူငွေများကို ကောက်ခံနေခြင်းပဲဖြစ်ပါတယ်၊

ဘုန်းကြီးတို့ အခုလို အလှူခံနေရခြင်းရဲ့ အဓိက အကြောင်းရင်းကတော့ ရန်အောင်မြင် ကျောင်းတိုက်ကြီး အုတ်တံတိုင်းများကာရံနိုင်ရေးအတွက် အလှူခံနေခြင်းပဲဖြစ်ပါတယ်၊ ဒီကျောင်းတော်ဟာ မောင်ဝင်းသူမိုးကိုယ်တိုင် ငယ်စဉ်က ပညာရင်နို့ သောက်စို့သွားခဲ့တဲ့ ကျောင်းဖြစ်ပြီး ယခုထက်တိုင်လည်း ဘုန်းကြီးတို့က ပရိယတ္တိစာပေများ ထက်သန်စွာ ပို့ချပေးနေဆဲဖြစ်ပါတယ်၊ ဒါကြောင့် အုတ်တံတိုင်း ပြီးမြောက်ရေးအတွက် သဒ္ဓါတတ်အားနည်းများမဆို ပါဝင်လှူဒါန်းခြင်းဖြင့် မိမိတို့ရဲ့ ပညာပါရမီကို ကြံ့တုန်းကြံ့ခိုက် ဖြည့်စွမ်းသွားလိုက်ကြပါဦးလို့ ဘုန်းကြီးက နှိုးဆော်ပေးနေရခြင်းပဲဖြစ်ပါတယ်"



ဦးမာယိန်၏ အသံတစာစာနှင့်အပြိုင် အလှူခံမောင်မယ်လေးများက တက်ကြွစွာ လှုပ်ရှားနေကြသည်။ မဏ္ဍပ်၏ညာဘက်တွင် ဆိုင်းဘုတ်ပြား အသစ်တစ်ခုက ထပ်မံ၍ ပေါ်လာသည်။ ထိုဆိုင်းဘုတ်ပြားပေါ်တွင် မောင်ဝင်းသူမိုး၊ ခြောက်ဘာသာဂုဏ်ထူးရှင်၊ မြန်မာတစ်ပြည်လုံးပထမ ဟူသော စာတန်းနှင့်အတူ ၂×၅ ပေအရွယ် ဗီနိုင်းစပေါ်တွင် ဆုတံဆိပ်များနှင့်အတူ ပြုံးရယ်ဝင့်ကြွားလျက်ရှိသော မောင်ဝင်းသူမိုး၏ရုပ်ပုံက ပေါ်လွင်စွာ နေရာယူလျက်ရှိသည်။ လက်တွေ့တွင်လည်း မောင်ဝင်းသူမိုးက တိုက်ပုံနှင့်ပုဆိုးတို့ကို ဝတ်ဆင်ကာ ရင်ဘတ်တံဆိပ်များကို တပ်ဆင်လျက် အခြားလူငယ်များအား ဦးဆောင်ပြီး အလှူခံလျက်ရှိသည်။

ဦးမာယိန်၏အကြံက ကွက်တိ အောင်မြင်သွားသည်ဟု ဆိုရမည်သာ။ ဘုရားဖူးကားများက ဖြူခေါင်းမဏ္ဍပ် ရှေ့ရောက်သည်နှင့် မောင်ဝင်းသူမိုး၏ ရုပ်ပုံကိုကြည့်ကာ အံ့သြသူက အံ့သြကြသည်။ ချီးမွမ်းသူက ချီးမွမ်းကြသည်။ အကဲဆုံးမှာ ဘုရားဖူးလိုက်ပါလာကြသော ကျောင်းသူကျောင်းသား လေးများပင်ဖြစ်သည်။ သူတို့က မောင်ဝင်းသူမိုးကို လူကိုယ်တိုင် မြင်တွေ့ခွင့်ရကြသည်နှင့် ဝမ်းသာသွားကြသည်၊ ရွှင်မြူးသွားကြသည်။ အချို့က ကားပေါ်မှနေ၍ မောင်ဝင်းသူမိုးကို လက်ညှိုးတထိုးထိုးနှင့် လုပ်သွားကြသကဲ့သို့ အချို့ကလည်း မောင်ဝင်းသူမိုးကို လက်လှမ်းမှီရာ ဆွဲသူဆွဲ၊ ကိုင်သူကိုင်နှင့် ပြုလုပ်သွားကြသည်။ အချို့ကမူ ဓာတ်ပုံကလေးတွဲရိုက်သွားပါရစေဟု ဆိုသူကဆိုကြ၏။

မည်သို့ဆိုစေ ဦးမာယိန် လက်ခမောင်း ခတ်နိုင်ခဲ့လေပြီ။ မောင်ဝင်းသူမိုး မျက်နှာကြောင့် ရလိုက်သည့် အလှူငွေတွေ၊

တစ်နေ့တစ်နေ့ကို နည်းနည်းနှောနှော မဟုတ်။ ပြောရလျှင် ယခင်ကထက် ဆယ်ဆနီးပါးမျှပင်ရရှိလာသည်။ တချို့ ကျောင်းသူကျောင်းသားလေးများက အလှူငွေဟူ၍ ၅၀-၁၀၀ ကျပ်မျှ မဟုတ်ဘဲ ၅၀၀-၁၀၀၀ တန် အရွက်ကြီးများပင် ရက်ရက်ရောရော ထည့်သူထည့်သွားကြသည်။

ဤတွင် ကောင်းနေသော အခြေအနေကို ပိုမိုကောင်းသွားစေရန် ဝင်းတင့်အပါအဝင် လူငယ်တချို့က ထပ်မံ၍ အရှိန်မြှင့်လိုက်ကြပြန်သည်။ အရှိန်မြှင့်လိုက်ခြင်းဆိုသည်မှာ အခြားမဟုတ်ဘဲ သူတို့က ပိုမို လောဘတက်လာခြင်းကိုသာ ဆိုလိုသည်။ အလှူခံမဏ္ဍပ်က အလှူငွေအရများလေ၊ သူတို့က ပိုပြီးရချင်လေ ဖြစ်လာသည်။ သို့ကြောင့် စည်းကမ်းဖောက်သူက စပြီး ဖောက်လာသည်။ ယခင်ကလို သေသေဝပ်ဝပ် ပုံစံမျိုးမဟုတ်တော့ဘဲ ရုပ်ပျက်ဆင်းပျက် ဖြစ်လာသည်။ အလှူခံအဖွဲ့က လမ်းကို နှစ်ဘက်ညှပ်ကာ သိသိသာသာကြီး ကျူးကျော်လာသည်။ လမ်းကို မပိတ်ရုံတမယ် လူအုပ်ဖြင့် အတားအဆီးတွေ လုပ်လာကြသည်။ အချို့လူငယ်များမှာ တက်ကြွရွှင်မြူးလွန်းစွာဖြင့် ထိန်းမနိုင် သိမ်းမရပင် ဖြစ်နေကြသည်။ ဤပုံစံမှာ စိမ်းကန်ဘက်မှ အလှူခံပုံနှင့် အတူတူပင် ဖြစ်နေလေပြီ။ သို့သော် လူကြီးများက အန္တရာယ်မကင်းသော ထိုအနေအထားကို တွေ့မြင်နေကြရသော်ငြား ခုမှတော့ မထူးတော့ပါဘူး၊ သူများတွေလည်း လုပ်တဲ့သူ လုပ်နေကြတာပဲ ဟူသည့် သဘောမျိုးဖြင့် ဆက်ပြီး လွှတ်ထားပေးလိုက်မိကြသည်။

စိမ်းကန်အဖွဲ့ကလည်း အခြေအနေ ပြောင်းလဲသွားသည်ကို သိရှိနေသည်သာ။ ဖြူခေါင်းက မိမိတို့ထက် များစွာကျော်တက်သွားသည်ကို သတိပြုမိသည်သာ။ သို့သော် သူတို့အနေနှင့် မည်သို့မျှ



တတ်နိုင်သောကိစ္စ မဟုတ်လေသည်မို့ သူတို့က တစ်ဖန်ပြန်လည်၍ အသာငြိမ်နေလိုက်ကြရပြန်လေသည်။

* * * * *

သို့နှင့်ပင် သင်္ကြန်ရက်များသို့ ရောက်ရှိခဲ့လေပြီ။ သည်နှစ်သင်္ကြန်က တစ်နိုင်ငံလုံး အထူးစည်ကားသော သင်္ကြန်ဖြစ်သည်။ မြို့ပေါ်တွင် မဆိုထားနှင့်၊ လမ်းပေါ်မှ ဘုရားဖူးယာဉ်များ၏ အသွားအလာကို ကြည့်ရုံနှင့် သိသာလျက်ရှိသည်။ ဘုရားပွဲပြီးရန် နီးကပ်လာခြင်း၊ ခြေတော်ရာပိတ်ရန် နီးကပ်လာခြင်းနှင့်အတူ သင်္ကြန်ရက်များအတွင်း ကားတွေ၊ ဆိုင်ကယ်တွေက ရှုပ်ထွေးပြီး ကျပ်ညှပ်လျက်ရှိသည်။ မိသားစုအလိုက် ကားတစ်စီးချင်း လာသူများရှိသလို ကားအုပ်စုကြီးဖြင့် လာရောက်ကြသူများလည်း ရှိသည်။ ကားတစ်စီးနှင့်တစ်စီး ဆုံမိလျှင် အပြန်အလှန် ရေပက်ကြရင်း အော်ကြဟစ်ကြ၊ နောက်ကြ ပြောင်ကြသည်။ ကားသံ၊ ဆိုင်ကယ်သံ၊ စကားသံ၊ သီချင်းသံ၊ အသံချဲ့စက်သံ များဖြင့် ရောထွေးယှက်တင်ဖြစ်ကာ ပွက်လောရိုက်လျက် ရှိသည်။

ထိုနေ့နံနက်က ဥပုသ်သည်များကို သီလပေးပြီးနောက် ဦးမာယိန်က ရွာထဲမှ စက်ဆရာ ဒကာတစ်ယောက်နှင့်အတူ မြို့ပေါ်သို့တက်လာခဲ့သည်။ ကျောင်းအတွက် လိုအပ်သော စက်ပစ္စည်းများဝယ်ယူရန် ဖြစ်သည်။ မနေ့ညက ည ၉နာရီလောက်တွင် ကျောင်းရှိ မီးစက်က ရုတ်တရက် စက်ချို့ယွင်းပြီး ထိုးရပ်သွားသည်။ ညတွင်းချင်းပင် စက်ဆရာကိုခေါ်ကာ မီးစက်ကို စစ်ဆေးခိုင်းသည်။ စက်ဆရာက သေသေချာချာပင် စစ်ဆေးသည်။ ယခု ထိုစက်ဆရာနှင့်ပင် လိုအပ်သမျှဝယ်ယူရန် မြို့ပေါ်တက်လာခဲ့ကြခြင်းဖြစ်သည်။ မီးစက်က ယခုညကို မီးလင်းနိုင်မှ

ဖြစ်မည်။ ကျောင်းတွင် ရက်ရှည်ဥပုသ်သည်များဖြင့် ပြည့်ကျပ်နေသည်။ ဦးမာယိန်ကိုယ်တိုင် သီလပေးရေး၊ တရားဟောရေး ကိစ္စများဖြင့် မနားရအောင် ရှိနေသည်။ သည်ရက်ပိုင်းများအတွင်း အလှူခံမဏ္ဍပ်သို့လည်း မရောက်နိုင်တော့ပေ။

ရှုပ်ထွေးနေသော ကားများ၊ ဆိုင်ကယ်များနှင့် ရေတွေ တဖွေးဖွေးကြားမှပင် ဦးမာယိန်တို့ မြို့ပေါ် ရောက်သွားကြသည်။ စက်ပစ္စည်းဆိုင်သို့သွားကာ လိုအပ်သမျှ ဝယ်ယူလိုက်ကြသည်။ အခါတွင်းမှာပင် ဆိုင်ဖွင့်ပေးကြသော စက်ပစ္စည်းဆိုင်များ ရှိသေး၍ တော်ပါသေးသည်။ ဈေးဝယ်ပြီးပြီးချင်းပင် နေ့ဆွမ်းအမီ ကျောင်းသို့ပြန်လာခဲ့ကြသည်။

ဤတွင် ဦးမာယိန်တို့က ဈေးထိပ်မှထွက်၍အလာ၊ မြို့နယ်ပြည်သူ့ဆေးရုံရှေ့ရောက်တော့ သူနာတင်ကား တစ်စီးက ဥဩတွေဆွဲကာ ဆေးရုံတွင်းသို့ အပြင်း မောင်းဝင်သွားသည်ကို တွေ့လိုက်ရသည်။ မရှေးမနှောင်းမှာပင် ထော်လာဂျီတစ်စီးမောင်းလာသည်ကို ထပ်မံတွေ့လိုက်ရပြီး ထိုထော်လာဂျီပေါ်တွင် ဖြူခေါင်းကျေးရွာလူကြီး ဦးသာညဏ်အပါအဝင် ရွာသူရွာသားများ အပြည့်အမောက် လိုက်ပါလာကြသည်ကို တွေ့လိုက်ရသည်။ ကာလသားခေါင်း ဝင်းတင့်နှင့် ရာအိမ်မှူးကိုသိန်းဒန်တို့ကိုပါ တွေ့ရသည်။ ဦးမာယိန်က ထိတ်ခနဲ ဖြစ်သွားသည်။ ဆေးရုံအတွင်း ဝင်အုံ့ဆဲဆဲ ထော်လာဂျီအား လှမ်းတားလိုက်သလို မိမိစီးလာသော လိုင်းကား၏ ကားဆရာကိုပါ ကားရပ်ပေးရန်ပြောလိုက်သည်။

ကားရပ်ပေးသည်နှင့် ဦးမာယိန်က ကားပေါ်မှဆင်းလိုက်သည်။ ထော်လာဂျီကလည်း ရပ်သွားပြီး ထော်လာဂျီပေါ်မှ ဖြူခေါင်း ရွာသားများက စုပြုံပြီး ခုန်ဆင်းလိုက်ကြသည်။ ထို့နောက်



ဦးမာယိန်နှင့်ရွာသားများ ဆုံတွေ့မိသွားရာ ဦးမာယိန်ကပင် ခပ်သွက်သွက် စပြီးမေးလိုက်သည်။

"ဘာဖြစ်တာလဲဟေ့၊ ဘာဖြစ်လာကြတာလဲ"

"ကားတိုက်မှုဖြစ်လို့ဘုရား၊ မူးပြီးမောင်းလာတဲ့ သကြံန်ကား တစ်စီးက တပည့်တော်တို့ အလှူခံအဖွဲ့ကို ဝင်တိုးသွားလို့"

"ဟေ၊ အဲဒါမှ သောက်ကျိုးနည်း၊ ဘယ်သူတွေ ဘာဖြစ်သွားကြသေးလဲ"

"သုံးယောက် ကားတိုက်ခံရတယ်ဘုရား၊ မောင်ဝင်းသူမိုးရယ်၊ ကိုစံမြသား အောင်ထွေးရယ်၊ မပုတင်သမီး တင်တင်ယုရယ်ဘုရား၊ မောင်ဝင်းသူမိုးက တည့်တည့်ကို ဝင်တိုက်ခံရတာဘုရား၊ နယ်လှည့်သူနာတင်ကားနဲ့ကြုံလို့ လူနာတွေကို အဲဒီကားနဲ့ တင်ပေးလိုက်တာ၊ တပည့်တော်တို့လည်း နောက်ကနေ အားချင်း ထလိုက်လာခဲ့တာပဲဘုရား"

"ဒုက္ခပဲ၊ ဒုက္ခပဲ၊ ကိုင်း ကိုင်း လာကြ၊ လာကြ၊ ငါပါလိုက်ခဲ့မယ်"

ထိုသို့ ဦးမာယိန်နှင့် ဦးသာညဏ်တို့က အပြန်အလှန် ပြောဆိုကြပြီးနောက် ဦးမာယိန်ကပင် ဦးဆောင်ကာ တစ်စုတစ်ဝေးကြီး ဆက်သွားလိုက်ကြသည်။ ဆေးရုံရှေ့သို့ ရောက်နေပြီဖြစ်ရာ ထော်လာဂျီပေါ်သို့ ပြန်မတက်ကြတော့ပေ။ လမ်းတွင် ဝင်းတင့်က ဦးမာယိန်အပါးသို့ကပ်ကာ မကျေမချမ်းသံဖြင့် ပြောလိုက်သည်။

"ဒီလိုဖြစ်ရတာ စိမ်းကန်သားတွေရဲ့ ပယောဂလည်း မကင်းဘူးဘုရား၊ ဒီနေ့က အကြုပ်နေ့ဆိုတော့ ကြမ်းလည်း အကြမ်းဆုံးပဲဘုရား၊ လမ်းပေါ် သွားနေတဲ့ ကားတိုင်းမှာလိုလိုပဲ လူတွေက မူးနေကြတာဘုရား၊ ဒီကြားထဲ ကားသမားတွေကလည်း အမောင်းရမ်းကြတယ်၊ အဲဒါ ဒီကောင်တွေ စိမ်းကန်မဏ္ဍပ်က ဒီကနေ့ကျမှ အကုန်ဖွင့်လွှတ်

ပေးလိုက်တယ်ဘုရား၊ ကားတွေကို လုံးဝ တားတာမတွေ့ရဘူး။ ဒါဟာ တပည့်တော်တို့မဏ္ဍပ်မှာ ကားတွေ စုပြုံတိုးပြီးတော့ အက်ဆီးဒင့် မဖြစ်ဖြစ်အောင် ဒီကောင်တွေ လုပ်လွှတ်လိုက်တာပဲ ဘုရား"

ဦးမာယိန်က ဝင်းတင့်ကို စကားမပြန်နိုင်။ ရှေ့သို့သာ လော နေမိသည်။ မကြာမီ ဆေးရုံသို့ ရောက်သွားကြသည်။ ဒဏ်ရာရ ရွာသားလူငယ်များကို ကုတင်များပေါ်တွင် ပတ်တီးတဖွေးဖွေးနှင့် တွေ့ကြရသည်။ ပတ်တီးများပေါ်တွင် နီနီညိုညို သွေးကွက်များက စွန်းထင်းနေသည်။ မောင်ဝင်းသူမိုးကိုတော့ တွေ့ခွင့်မရကြပေ။ အရေးပေါ်ခန်းသို့ ပို့ထားရသည်ဟုဆိုသည်။ မောင်ဝင်းသူမိုးမှာ ဒဏ်ရာကကြီးပြီး အချင်းဖြစ်ရာနေရာမှာပင် သတိလစ်သွားသည် ဟု ဆိုလေသည်။

ဆေးရုံအပြင်ဘက်က သစ်ပင်တစ်ပင်အောက်တွင် သူတို့ စောင့်နေကြရသည်။ အားလုံးက မောင်ဝင်းသူမိုးအတွက် စိတ်မအေးနိုင်ဘဲ ရင်တထိတ်ထိတ်နှင့် ဖြစ်နေကြရသည်။ ဦးမာယိန်မှာ ဆွမ်းစားဖို့ကိုပင် မေ့လျော့နေသည်။ ဆွမ်းစားချင်စိတ် မရှိတော့ သလို သတိပင်မရဘဲ ဖြစ်နေသည်။ သောကစိတ်နှင့်အတူ တစ်ကိုယ်လုံး ဗလောင်ဆူနေရသည့်အဖြစ်ကိုသာ သိရှိနေမိသည်။

သူတို့ကြာကြာတော့ မစောင့်ကြရပါ။ တစ်နာရီသာသာခန့် အကြာတွင် ဆရာမလေးတစ်ယောက်က အရေးပေါ်ခန်းထဲမှထွက် လာပြီး သူတို့လူစုရှိရာသို့ လျှောက်လာသည်။ ပြီးတော့ သူတို့ အလွန်မကြားချင်သော သတင်းကိုပင် အချိန်မဆိုင်းဘဲ ပြောလိုက်သည်။

"လူနာလေးက ဆုံးသွားပြီရှင့်၊ ဒါကြောင့် အလောင်းကို ယူမယ်ဆိုယူနိုင်ပါပြီ"



ဆရာမလေး စကားအဆုံးတွင် အားလုံး တုတ်တုတ်မလှုပ် တိတ်ဆိတ်သွားသည်။ တုန်လှုပ်ချောက်ချား သွားကြသည်။ သို့သော် တစ်ခဏအတွင်းမှာပင် ညည်းညူသံ၊ တောက်ခေါက်သံ၊ ရေရွတ်ပြောဆိုသံ၊ တအိအိငိုကြွေးလိုက်သံ အစရှိသော အသံမျိုးစုံတို့က တစ်ပြိုင်နက်တည်း ထွက်ပေါ်လာသည်။

ဦးမာယိန်က ခေါင်းထဲ မိုက်ခနဲဖြစ်သွားပြီး မျက်စိကိုမှိတ်ထား လိုက်မိသည်။ 'သွားပါပြီကွာ၊ သွားပါပြီ'ဟုလည်း နှုတ်မှ နာကြည်းဆွေးမြည့်စွာ မြည်တမ်းလိုက်မိသည်။ ပြီးလျှင် ဘုန်းကြီးပီပီ ရွာသားများနှင့်အပြိုင် စည်းလွတ်ဝါးလွတ် ငိုကြွေးခြင်းမပြုဝံ့သော်ငြား ပြင်းစွာ ဆို့တက်လာသော ခံစားချက်၏ စေ့ဆော်မှုဖြင့် မျက်နှာကို ငုံ့၍သာလျှင် အသာရှိုက်နေမိလေတော့သည်။

* * * * *

မောင်ဝင်းသူမိုး ကွယ်လွန်သွားပြီးနောက် ဖျူခေါင်းတစ်ရွာလုံး ကြိမ်မီးအုံးသကဲ့သို့ ဖြစ်ကြရသည်။ ကြေကွဲ ဆို့နစ်မှုကို လက်စမသိမ်းနိုင်အောင်ပင် ဖြစ်ကြရသည်။ အလှူခံ နောက်ဆုံးနေ့တွင် မဏ္ဍပ်လည်းသိမ်း၊ ဘဝဇာတ်လမ်းပါ သိမ်းခဲ့ရရှာသည့် မောင်ဝင်းသူမိုးအတွက် တစ်ရွာလုံး မျက်ရည်မဆည်နိုင်အောင် ဖြစ်ကြရသည်။ ထိုဖြစ်ရပ်အတွက် စိမ်းကန်ရွာသားများကလည်း စိတ်မကောင်းကြပါ။ စိမ်းကန်ရွာ ကျောင်းထိုင်ဘုန်းကြီး ဦးစာလိန္ဒ အပါအဝင် ရွာသူရွာသားများက ဖျူခေါင်းဘက်သို့ကူးလာကာ သတင်းမေးခြင်း၊ နှစ်သိမ့်စကားပြောဆိုခြင်းများ ပြုလုပ်ကြသည်။

ထိုမျှမက မောင်ဝင်းသူမိုးကွယ်လွန်ကြောင်း သတင်းက သတင်းစာများ၊ ဂျာနယ်များတွင် အကျယ်တဝင့်ပါ ရှိလာသည်။ သာမန်သတင်းဖော်ပြချက်မျိုးမှအစ ဖြစ်စဉ်အပေါ် သုံးသပ်ချက်

ဆောင်းပါးများပါ ပါရှိလာသည်။ ထိုသတင်းကို ဖတ်ရှုသိရှိရသူတိုင်းက ဝမ်းနည်းခြင်း၊ စိတ်မကောင်းခြင်းများ ဖြစ်ကြရသည်နှင့်အညီ မြို့ရွာအသီးသီး၊ ဌာနအသီးသီးမှ စာများ၊ သဝဏ်လွှာများပါ မောင်ဝင်းသူမိုး မိဘများအိမ်သို့ တဖွဲဖွဲရောက်ရှိလာသည်။

မကြာမီ ဖြူခေါင်းကျေးရွာနှင့် စိမ်းကန်ကျေးရွာတို့မှ ကျောင်းထိုင်ပုဂ္ဂိုလ်များထံသို့ မြို့ပေါ်ဂုဏ်းချုပ်ဆရာတော်ကြီးထံမှ ပေးပို့လိုက်သော အမိန့်စာများ ရောက်ရှိလာသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်များအနေနှင့် ဂုဏ်းချုပ်ဆရာတော်ကြီးထံ လာရောက်ကြရန် ဆင့်ဆိုလိုက်သော အမိန့်စာပင်ဖြစ်သည်။

ဖြူခေါင်းမှ ဦးမာယိန္ဒနှင့် စိမ်းကန်မှ ဦးစာလိန္ဒတို့မှာ ဆရာတော်ကြီး၏တပည့်များ ဖြစ်ကြသည်နှင့်အညီ မိမိတို့အား မည်သည့်အတွက် ခေါ်ယူလေသတည်းဟု ထိတ်လန့်ကြောက်ရွံ့မိခြင်းနှင့်အတူ ခပ်မြန်မြန်ပင် မြို့ပေါ်သို့ သွားရောက်လိုက်ကြလေသည်။

* * * * *

"ဟဲ့. . . မာယိန်နဲ့ စာလိန်"

"ဘုရား. . ."

"နင်တို့အပြစ်ကို နင်တို့သိကြသလား၊ မသိရင် ငါပြောပြရဦးမလား၊ နင်တို့ကို ဟိုတုန်းလိုသာဆိုရင် ငါက ပါးစပ်နဲ့တောင် ပြောမနေချင်ဘူး၊ တစ်ခါတည်းသာ ထပြီးဆုံးမလိုက်ချင်တယ်၊ သိကြရဲ့လား"

တုတ်တုတ်မလှုပ်ကြ။ လှုပ်လည်းမလှုပ်ရဲကြ။ ဆရာတော်ကြီး၏အမိန့်သံကိုသာ မျက်နှာအောက်ချပြီး နာခံနေမိကြသည်။



"နင်တို့နေတဲ့ ရွာနှစ်ရွာက ပြိုင်ပွဲတွေအကြောင်း၊ နင်တို့ကပါ အဲဒီပြိုင်ပွဲတွေထဲမှာ ပါနေတဲ့အကြောင်းတွေ ငါအကုန်လုံး သိထားပြီးပြီ၊ ဒီလောက်တောင်ပြိုင်ချင်ရင် နင်တို့လူထွက်ကြ၊ လူထွက်ပြီးလုပ်ချင်ရာလုပ်ကြ၊ သာသနာ့ စည်းဝိုင်းထဲမှာတော့ လာပြီးပြိုင်မနေကြနဲ့၊ ပြိုင်စရာမရှိဘူး၊ ပြိုင်ဖို့နေရာလည်း မရှိဘူး၊ လောဘကသတ်မှမသတ်နိုင်ကြဘဲကွ၊ ကျောင်းကလေးကနေ ကျောင်းကြီးရချင်တယ်၊ ကျောင်းကြီးရပြန်တော့ သစ်သားကျောင်းကနေ အုတ်ကျောင်းဖြစ်ချင်ပြန်တယ်၊ တစ်ခါ ဒါလည်း တင်းတိမ်ပြီလားဆိုတော့ မတင်းတိမ်ပြန်ဘူး၊ မုဒ်ဦးတွေ၊ အုတ်တံတိုင်းတွေနဲ့ တခမ်းတနား ဖြစ်ချင်ပြန်တယ်။ လိုချင်လောဘက ပြီးနိုင် ဆုံးနိုင်တယ်လို့ကို မရှိတော့ဘူး"

ဆရာတော့်စကားက အဘယ်သို့ဦးတည်နေသည်ကို ရိပ်မိလိုက်ကြလေပြီ။ ရင်တထိတ်ထိတ်ခုန်ရင်း ဆက်ငြိမ် နေမိကြသည်။

"အခု နင်တို့ပယောဂကြောင့် လူ့အဖိုးတန်ကလေးတစ်ယောက် ဆုံးရှုံးသွားရပြီ၊ ဘယ်လောက် နှမြောစရာ ကောင်းထားလဲ၊ ဘယ်လောက် နစ်နာစရာ ကောင်းထားလဲ၊ တစ်ရွာနဲ့တစ်ရွာ၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အလှူခံမဏ္ဍာပ်တွေကို အပြိုင်အဆိုင်ဆောက်၊ သူ့ထက်ငါ မသာသာအောင် အပြိုင်အဆိုင်အလှူခံ၊ အလှူခံ ပြန်တော့လည်း စည်းနဲ့ကမ်းနဲ့၊ ဘေးရန်ကိုကြည့်ပြီး အေးအေး သက်သာ အလှူခံတာမျိုးမဟုတ်ဘူး၊ ဗရမ်းဗတာကြီး၊ ကိုးရိုး ကားရားကြီးတွေ၊ အများပြည်သူ သဒ္ဓါမှန်းမသိ၊ မသဒ္ဓါမှန်းမသိ၊ လမ်းကြီးကိုပိတ်ပြီး အတင်းအလှူခံလိုခံ၊ လမ်းသွားလမ်းလာတွေကို အတင်းတားလိုတားနဲ့၊ နင်တို့ဟာက ဘာများကောင်းတာ ရှိသေးသလဲ၊

ဒီအလှူခံကိစ္စတွေကိုပဲ ငါတော်တော်ပြောချင်နေတာ၊ အလှူခံ၊ အလှူခံတွေဆိုတာ နယ်တကာမှာ ပလူပျံနေတာပဲ၊ အဖွဲ့လိုက် အလှူခံနေတာတွေရော၊ တစ်ဦးတစ်ယောက်ချင်း အလှူခံနေတာတွေရော စုံနေတာပဲ၊ အလှူခံရတဲ့ အကြောင်းကလည်း ဟိုအတွက်၊ ဒီအတွက်ဆိုပြီး စုံနေတာပဲ၊ ဒါပေမဲ့ သေသေချာချာလည်း စိစစ်ကြည့်လိုက်ရော မရေရာတာတွေ၊ မစစ်မမှန်တာတွေက ဒီအထဲမှာ ရောပါလာတယ်၊ ဒါဟာ အလှူခံအရေးခြုံပြီး ပြည်သူကို ညည်းပန်း နေတာကွ၊ ပြည်သူတွေရဲ့ သဒ္ဓါတရားကိုလည်း ဖျက်ဆီးပစ်နေတာ”

ဆရာတော်က ချောင်းတစ်ချက်နှစ်ချက် ဟန့်သည်။ ထွေးခံကို ယူ၍ ထွေးသည်။ ထို့နောက် ဆက်ပြောသည်။

“လူတွေကိုတော့ ငါဘာမှ မပြောလိုဘူး၊ တို့သာသနာမှာ တို့သံဃာတွေအနေနဲ့ ဘာများလိုက်ပြီး ကြောင့်ကျနေစရာလိုသလဲကွ၊ တို့ပြည်သူတွေ၊ တို့ဒကာတွေက ပစ္စည်းလေးပါးကို လိုလေသေးမရှိ ထောက်ပံ့ထားပြီးသားပဲ၊ အခု မပြည့်စုံသေးရင်လည်း တဖြည်းဖြည်းတော့ ပြည့်စုံလာလိမ့်မပေါ့၊ အရေးကြီးတာက သံဃာဟာ သံဃာနဲ့တူအောင် နေပေးဖို့ပဲလိုတယ်။ သိက္ခာရှိတဲ့ ရဟန်းဆိုရင် လှူချင်တန်းချင်၊ ကြည်ညိုထောက်ပံ့ချင်တဲ့ သူတွေက တစ်ပုံကြီး။

ခုတော့ မင်းတို့က ပြည်သူတွေ သဒ္ဓါစစ်စစ်နဲ့ မြတ်နိုးချစ်ခင်၊ ကြည်လင်ရွှင်ပျ လှူလာကြ၊ တန်းလာကြအောင်တော့ဖြင့် မကြိုးစားဘူး။ ဘာမဟုတ်တဲ့ လောဘတွေတက်ပြီး အသံတစာစာနဲ့ လေကုန်ခံ၊ အလှူခံနေကြတယ်။ တကယ်ပြောကြကြေးဆိုရင် ကျောင်းတိုက်ကြီးတွေ၊ မုဒ်ဦးကြီးတွေ၊ တံတိုင်းကြီးတွေ မရှိတော့



ရော ဘာအရေးလည်းလို့၊ ခေါင်းပါးတဲ့အကျင့်၊ ခြိုးခြံတဲ့အကျင့်ကို ကျင့်ပါမယ်ဆိုပြီး အဓိဋ္ဌာန်ပြု သာသနာတော်ထဲ ဝင်လာမှတော့ ဒါတွေကို ဘာလိုက်ရှာနေစရာ လိုသလဲ၊

မင်းတို့မှတ်ထား။ သာသနာ့မြေဆိုတာ သူ့လမ်းအတိုင်းသာ လျှောက်ရင် ပူပင်သောကမှန်သမျှ အကုန်လုံး ဇာတ်သိမ်းပြီးတော့ ဧကန်အမှန် ငြိမ်းအေးတဲ့မြေပဲ။ အခု မင်းတို့ သူ့လမ်းအတိုင်း မလိုက်ကြလို့သာ၊ အလုပ်မမှန်၊ မကြံမမှန်ကြလို့သာ ခုလို ဘေးတွေရန်တွေ အမျိုးမျိုးနဲ့တွေ့၊ သောကပရိဒေဝတွေနဲ့ ရင်ဆိုင်ရပြီး စိတ်တွေပူလောင် ညစ်ညူးနေကြရတာ၊ ဒါကို အချိန်မီမြင်ရင်မြင်၊ မမြင်ရင်တော့ မင်းတို့ဘဝ ဖောက်ထိုးကျရဖို့သာမြင်ထား၊ အခု ငါပြောတာတွေကို အလေးအနက် ထားတယ်ဆိုရင် အခုကစပြီး မင်းတို့ ကိုယ့်ကိုယ်ကို ပြင်ဖို့လုပ်၊ ရှေ့ကို ဘာမဆို သတိနဲ့နေ၊ သတိနဲ့လုပ်။ နောက်ထပ် မင်းတို့နဲ့ပတ်သက်ပြီး ဒီသတင်းမျိုး ငါဘာမှ မကြားချင်ဘူး၊ သဘောပေါက်ကြရဲ့လား”

“မှန်ပါဘုရား၊ တပည့်တော်တို့ နောင်တရပါပြီ၊ ရှေ့လျှောက်ပြီး တပည့်တော်တို့ ပြုပြင်ပါ့မယ်၊ ဆရာတော့် အမိန့်အတိုင်း မြေဝယ်မကျ နားထောင်သွားဖို့လည်း ကတိပြုပါတယ်”

ထို့နောက်တွင် ဆရာတော်က အတွင်းခန်းသို့ ဝင်သွားတော့ရာ သူတို့နှစ်ပါးက ညှိုးငယ်သောမျက်နှာကိုယ်စီဖြင့် ကျောင်းပေါ်မှ ပြန်ဆင်းလာခဲ့ကြသည်။ ကျောင်းပြင်ရောက်သော် သူ့လမ်းကိုယ့်လမ်းခွဲကာ အသီးသီးနေရပ်သို့ ပြန်လာခဲ့ကြသည်။

ထိုနေ့က ဆရာတော်၏ သတိပေး မိန့်မှာချက်များမှတစ်ဆင့် အမြင်မှန်၊အသိမှန်တို့ကို ထင်လင်းစွာ ရရှိခဲ့ ကြသည့်အားလျော်စွာ နောက်နောင်တွင် သူတို့က အကောင်းဆုံး ကျင့်ကြံနေထိုင်သွား

ကြရန် အမှန်ပင် တုံးတုံးချ ဆုံးဖြတ်လိုက်မိကြသည်။ သို့နှင့် နောက်ပိုင်း ကာလများတွင် ဖြူခေါင်းနှင့် စိမ်းကန်ရွာများမှ ဘုန်းကြီးများ သိသာစွာ အသွင်ပြောင်းသွားကြပုံကို ရွာသူရွာသားများက ကောင်းစွာ သတိပြုမိကြသည်။ အထူးသဖြင့် ကျောင်းထိုင်ဘုန်းကြီးများ၏ အစစအရာရာ တည်တည်ငြိမ်ငြိမ် ရှိသွားပုံ၊ ကျစ်ကျစ်လျစ်လျစ် ရှိသွားပုံတို့ကို သတိထားမိကြသည်။ မောင်ဝင်းသူမိုး၏ ကြေကွဲဖွယ်ဖြစ်ရပ်နောက်ပိုင်း ရွာနှစ်ရွာကြား သူနိုင်ငါနိုင် အပြိုင်ကြဲမှုများလည်း ယခင်ကလောက် ပြင်းထန်ခြင်း၊ တင်းမာခြင်း မရှိကြတော့ပေ။ များမကြာမီ ထိုနှစ်အတွက် အလှူခံရရှိထားသော ငွေများကို ကျောင်းထိုင်ဘုန်းကြီးများက မိမိတို့ကျေးရွာ စာသင်ကျောင်းများသို့ အသီးသီး ထည့်ဝင်လှူဒါန်းလိုက်သည့် သတင်းကပါ ရပ်နီးရပ်ဝေးသို့ ပျံ့နှံ့သွားခဲ့လေ၏။ ။

၀၀၀

## အလှစစ် အလှမှန်တရား

မြင်းကျတောင်ရိုး။

ထိုတောင်ရိုးက သာသနာ့နယ်မြေ၊ သာသနာ့ရပ်ဝန်း တစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် သာသနာ့အထိမ်းအမှတ် ဖြစ်သော ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုး အစရှိသည့် သာသနိက အဆောက်အဦတို့က တောင်ရိုးတစ်ခုလုံးမှာပင် အများအပြား တည်ရှိနေသည်။ တောင်ရိုး၏ တောင်ထွဋ်၊ တောင်စောင်းလို နေရာမျိုးတွင် ရွှေတဝင်းဝင်း၊ ထုံးတဖြူဖြူနှင့် စေတီ အချွန်အတက်ကလေးများကို အဝေးမှပင် အလွယ်တကူမြင်တွေ့နိုင်သလို ဟိုနားက တခေါင်ခေါင်တဒင်ဒင်၊ သည်နားက တခေါင်ခေါင်တဒင်ဒင်နှင့် သာယာစွာ ပျံ့လွင့်လျက်ရှိသော ခေါင်းလောင်းထိုးသံများကိုလည်း လေသင့်တိုင်း ရပ်နီးရပ်ဝေးတို့မှ ကြားနေကြရလေ၏။

သို့သော် ထိုတောင်ရိုးတစ်ခုလုံး အထက်ပါ သာသနိကအဆောက်အဦများဖြင့် ကျပ်ညှပ်ပြွတ်သိပ်နေသည်ကား မဟုတ်ပေ။ အချို့ကျောင်းများမှာ တစ်ကျောင်းနှင့်တစ်ကျောင်း တစ်ဆက်တစ်စပ်တည်း တည်ရှိနေကြသော်လည်း အချို့ကျောင်းများမှာမူ သီးခြားစီ ခွဲလျက် တည်ရှိနေကြသည်။ အချို့နေရာများတွင်

တစ်ကျောင်းနှင့် တစ်ကျောင်းကြား သစ်ပင်တောအုပ်များက အပြိုင်းအရိုင်း နေရာယူထားသည်များပင်ရှိပြီး အလွန်တောထူထပ်ရာ နေရာမျိုး၊ တောင်ရိုး၏ အစွန်အဖျားကျရာ နေရာမျိုးတွင် တစ်ကျောင်းတည်း ကွဲလျက် တည်ရှိနေတတ်သည်များကိုပါ တွေ့ရလေ့ရှိသည်။ ဆိုရလျှင် မြင်းကျတောင်ရိုးမှာ သာသနာပွင့်လင်းစည်ပင်ရာ ရပ်ဝန်းတစ်ခုဖြစ်သော်လည်း အရမ်းကာရောထွေးရောယှက်တင်၊ ရှုပ်ထွေးပြွမ်းတီးနေသော နေရာမျိုးတော့ မဟုတ်သေးပါပေ။

မြင်းကျတောင်ရိုးက ကိုယ်ပိုင်ရာဇဝင်ရှိသည်။ ထိုတောင်ရိုး၏ သာသနာ့အဦးအစကို ရွာကြီးငါးရွာ၊ ကျောင်းကြီးငါးကျောင်းဖြင့် စတင်ခဲ့သည်ဟု အဆိုရှိသည်။ အဆိုပါ စတည်ခဲ့သော ရွာများ၊ ကျောင်းများ၏ အမည်နာမတို့ကို ယခုတိုင် ပြောစမှတ်ပြုနေကြသေးသည်။ ၎င်းတို့ကို ရုံငါးရုံ ခြုံငါးခြုံဟူ၍ လွယ်လွယ်ပင် မှတ်သားထားကြရာ ရုံငါးရုံမှာ ပုဗ္ဗာရုံ၊ ဂန္ဓာရုံ၊ အဇ္ဇာရုံ၊ ထူပါရုံ၊ သီတာရုံ အမည်ရှိ ကျောင်းငါးကျောင်းဖြစ်ပြီး ခြုံငါးခြုံကား ဆူးပုပ်ခြုံ၊ ကတိုးခြုံ၊ တလိုင်းခြုံ၊ ကုလားမခြုံ၊ ဒီးတုတ်ခြုံ အမည်ရှိ ရွာကြီးငါးရွာတို့ပင်ဖြစ်တော့သည်။

ကာလရွေ့လျောလာသည်နှင့်အမျှ တောင်ရိုးပေါ်တွင် ကျောင်းသစ်များက အများအပြား ပေါ်ထွန်းလာသည်။ ထို့အတူ များပြားလာသော လူဦးရေနှင့် ပြောင်းလဲလာသော လူနေမှုစနစ်များအရ တောင်ရိုးတောင်ခြေတစ်ဝိုက်တို့တွင် ကျေးရွာများကပါ မှိုပေါက်သလို ပေါ်ထွက်လာကြသည်။ ထိုရွာများ၊ လူနေအိမ်များ ပေါ်ပေါက်လာခြင်းကြောင့် တောကိုမှီကာ တရားသက်သက်ဖြင့် မွေ့လျော်လိုသူတို့အတွက် တောင်ရိုး၏အနှစ်သာရ လျော့ပါး



သွားသလို ခံစားကြရသော်လည်း တစ်ပိုင်းအားဖြင့် ထိုရွာများရှိနေခြင်းကြောင့် များပြားလှသည့် သာသနာ့ဝန်ထမ်း ရဟန်းများအတွက် ကြီးစွာသော အထောက်အပံ့ကို ဖြစ်နေစေပြန်သည်။ အကြောင်းမှာ ထိုရွာများက သူ့ကျောင်းနှင့် သူ့ဂေါစရဂါမ် ဆိုသလို ကျောင်းအသီးသီးအတွက် ဆွမ်းခံရွာများ ဖြစ်နေကြသည့်ပြင် အကြောင်းရှိက ကျန်းမာရေးကဲ့သို့ ကိစ္စမျိုးအတွက်ပါ အလွန်အားထားရသော၊ အလွန်အကူအညီရသော ကျေးရွာများ ဖြစ်နေသောကြောင့်ပင်။

သို့နှင့် မြင်းကျတောင်ရိုးက ယခုအခါ ကျောင်းသစ်နှင့်ကျောင်းဟောင်းများ ရောထွေးနေပြီဖြစ်သကဲ့သို့ ရွာဟောင်းနှင့်ရွာသစ်များသည်လည်း အရောရော၊ အပြွမ်းပြွမ်း ဖြစ်နေကြလေပြီ။ တိုးတက်ဆန်းသစ်လာသော ခေတ်အခြေအနေက မြင်းကျတောင်ရိုးကိုပါ အတိတ်တစ်ချိန်ကနှင့် ကွဲပြားစွာ အသွင်ပြောင်းလဲစေခဲ့ခြင်း ဖြစ်တော့သည်။

* * * * *

အဇ္ဇာရုံကျောင်း။

ထိုကျောင်းက မူလရုံငါးရုံတွင် ပါဝင်သော ကျောင်းကြီးတစ်ကျောင်းပင် ဖြစ်သည်။ ရှေးကျောင်းကြီးဖြစ်သည်နှင့်အညီ ကျောင်းပုံစံကအစ ရှေးလက်ရာများဖြစ်ပြီး ကျောင်း၏အစိတ်အပိုင်း အချို့မှာ ဟောင်းနွမ်းပျက်စီး၍ပင် နေလေပြီ။ ထိုရှေးအဆောက်အဦများကြားတွင် ခေတ်သစ်ဒဂါများ လျှုဒါန်းထားသော ဓမ္မာရုံတစ်ခုနှင့် ဆွမ်းစားကျောင်း တစ်ကျောင်းသည်သာလျှင် မတူကွဲပြားသောအသွင်ဖြင့် ရပ်တည်လျက်ရှိသည်။

ကျောင်းဝင်းအတွင်း၌ သက်တမ်းရင့် သစ်ပင်ကြီးများဖြင့် ပိတ်သိပ် အုပ်ဆိုင်းလျက်ရှိသည်။ သဘာဝ တောတောင်တို့၏ ရေခံမြေခံ ကောင်းမှုကြောင့် အလိုအလျောက် စိမ့်ထွက်နေသော စမ်းပေါက် ရေထွက်များပင် ကျောင်းဝင်းအတွင်း၌ ရှိသည်။ ကျောင်းဝင်း အပြင်ဘက်မှာတော့ လက်ကျန် သစ်ကြီးဝါးကြီးများက များများစားစား မရှိတော့ချေ။ ရွှေဖီ အမည်ရှိ ရွာသစ်တစ်ရွာက ကျောင်းဝိုင်းနားသို့ တဖြည်းဖြည်း နီးကပ်လာနေသည်။ ရွာမြေချဲ့ထွင်လာခြင်းနှင့်အတူ သစ်ပင်သစ်တောများက ပြုန်းတီးသွားရသည်။ ထို့ပြင် ရွာလူထု၏ အသံဗလံ ပေါင်းစုံတို့က ကျောင်း၏ ဆိတ်ငြိမ်မှုကို ထိပါးစပြုလာပြီဖြစ်ရာ မကြာခင်ကတော့ ဒကာများက ကျောင်းပိုင် နယ်နိမိတ်ကို အမြန်ခြံစည်းရိုး ခတ်လိုက်ကြရသည်။ ပြင်ပမှ သည့်ထက်ပိုပြီး ကျူးကျော်မလာစေရန် တားဆီးထားလိုက်သည့်သဘောပင်။

အဇ္ဈာရုံကျောင်း၏ ကျောင်းထိုင်ပုဂ္ဂိုလ်က ဦးပညာဝံသ ဖြစ်သည်။ သို့သော် ကျောင်းထိုင်စစ်စစ်ကား မဟုတ်သေး။ ဦးပညာဝံသမှာ ရှစ်ဝါမျှသာရှိသေးရာ ၁၀ ဝါမပြည့်မီ ကာလအတွင်း ကျောင်းထိန်း (သို့မဟုတ်) ကျောင်းတာဝန်ခံအဖြစ် ဒကာများက ဝိုင်းဝန်းတင်မြှောက် ကိုးကွယ်ထားကြခြင်း ဖြစ်သည်။ ဦးပညာဝံသမှာ သက်တော်ကလည်း ငယ်ငယ်ပင် ရှိသေးသည်။ မျိုးကြီးရိုးကြီးမှ ဆင်းသက်လာသူဖြစ်ပြီး လူ့ဘဝတုန်းက ရော်ဘာခြံများ၊ မရမ်းခြံများကို မိဘများထံမှ အမွေအများအပြား ရရှိခဲ့သူလည်းဖြစ်သည်။ သို့သော် သူက သာသနာတော်အတွင်းသို့ ခြေစုံပစ် ဝင်ရောက်လိုက်ကတည်းက ထိုနဝကမ္မများကို ဦးလေးတော်သူတစ်ဦးထံ ထိုးအပ်ခဲ့ကာ မေ့မေ့ပျောက်ပျောက်ပင် နေလာခဲ့တော့သည်။



ကျောင်းတွင် လောလောဆယ် သူတစ်ပါးတည်းသာ ရှိသည်။ မိတ်ဆွေ အာဂန္တုကိုယ်တော်နှစ်ပါးက ပြန်ကြွသွားပြီဖြစ်သလို ပြီးခဲ့သော အခါတွင်းက ရဟန်းဘောင်တက်ခဲ့သော ဒုလ္လဘဦးဇင်းကြီး တစ်ပါးကလည်း လူထွက်သွားလေပြီ။ ဦးပညာတွင် အဖော်ပြုစရာဟူ၍ ကပ္ပိယအဘွားကြီးဒေါ်ရီနှင့် သူ့မြေး တုတ်တုတ်တို့ နှစ်ဦးသာ ရှိသည်။ ဦးငွေသာအမည်ရှိ ဒကာကြီးတစ်ယောက်လည်း ကျောင်းသို့ မကြာမကြာ ပေါ်လာတတ်ပါသည်။ ထိုအဘိုးကြီးက မြို့ထဲမှာ နေသည်။ ဤကျောင်း၏ လက်ရင်းဒကာကြီးတစ်ဦး ဖြစ်သည်။ သူက အငြိမ်းစား ဝန်ထမ်းတစ်ဦးဖြစ်ပြီး ကျောင်းသို့ ရောက်လျှင် ရက်အတော်ကြာကြာနေပြီးမှ ပြန်လေ့ရှိသည်။ ကျောင်းမှာ နေစဉ်အတွင်း တရားအားထုတ်ခြင်း၊ ဗာဟီရ လုပ်ကိုင်ခြင်းများဖြင့် အချိန်ကုန်စေသည်။ အဘွားကြီးဒေါ်ရီအတွက်လည်း အကူအညီ ရစေသည်။

ဒေါ်ရီကား သက်တော်ရှည် ကပ္ပိယကြီးပင်။ အဇ္ဈာရုံ၏ ဒုတိယဆရာတော် ဦးယာနိက လက်ထက်ကတည်းက ကပ္ပိယဖြစ်လာခဲ့သူဖြစ်သည်။ ခုတော့ ကပ္ပိယသက် ရှည်ကြာခဲ့သည်နှင့် အမျှ အသက်ကလည်း အိုမင်းရင့်ရော်ခဲ့လေပြီ။ ဇရာဒုက္ခလ၏ ဖိစီးခြင်းကို ခံနေရလေပြီ။ သူ့ခမျာ ကိုယ်လုံးကြီးက ဝဝဖိုင့်ဖိုင့်ကြီး ဖြစ်နေရသည့်အထဲ လက်တစ်ဖက်ကပါ ကောင်းစွာ မသန်မြန်ပေ။ မျက်စိတစ်လုံးက တိမ်ကျပြီး ကွယ်နေခဲ့ပြီဖြစ်သလို သူ၏ခံတွင်းကလည်း ရှေ့သွားကလေးတချို့မှလွဲ၍ အားလုံး ဟောင်းလောင်းပေါက် ဖြစ်နေလေပြီ။ မကြာမကြာ ခေါင်းတုံးတုံးလေ့ရှိသော်လည်း သန့်စွမ်းခြင်းမရှိတော့သည့် ဆံဖြူတချို့က သူ့ဦးရေထက်တွင် ကျိုးတိုးကျဲတဲ နေရာယူထားသလို အောက်သို့ တွဲရရွဲကျနေသော

သူ၏ ပါးရည်နားရည်တို့ကပါ အစွမ်းကုန် ပျော့ဖတ်ရှုံ့တွလျက် ရှိကြပါလေပြီ။

ဒေါ်ရီက မသန်မစွမ်း။ သူ့မြေး တုတ်တုတ်ကျတော့လည်း ဘာမှမထူး။ လူပုံကကို ကျပ်မပြည့်သည့် ပုံစံကလေး။ မွေးကတည်းက လျှာတိုအာတိုကလေး မွေးလာသည်မို့ ယခု အသက် ၁၀ နှစ်ရောက်သည့်တိုင် စကားပြောက လုံးဝါးဝါးမှ မတက်နိုင်ဘဲ ဖြစ်နေသည်။ ထိုသို့ စကားမပီရသည့်ပြင် မျက်လုံးကလေးတွေကပါ ခပ်စောင်းစောင်းကလေးတွေ ဖြစ်နေပြန်သည်။ တစ်ခုခိုင်းလိုက်လျှင် ထိုတစ်ခုသာ သိသည်။ နောက်တစ်ခု လုပ်ဖို့အတွက် နောက်တစ်ခါ ပြန်ခိုင်းရသည်။ ဒေါ်ရီမှာ တစ်နေ့တစ်နေ့ အာပေါက်မတတ်ပင် သွန်သင် နေရတော့သည်။ နောက်တစ်ယောက် ဦးငွေသော်ကျပြန်တော့လည်း ဘာမျှ မထူးပြန်ပါ။ အသက်က ၈၀ နားကပ်နေပြီမို့ အိုစနာ တုန်ချည့်နေလေပြီ။ သို့သော် သူကလည်း ခြေတုန်လက်တုန်နှင့်ပင် တတ်အားသရွေ့ ဝေယျာဝစ္စလုပ်ရင်းကုသိုလ် ယူရှာပါသည်။

ဦးပညာမှာ ဤခရီးဖော်များနှင့်ပင် နေ့စဉ်လိုလို စခန်းသွားနေရသည်။ တစ်ခါတစ်ခါတော့လည်း ဤကပ္ပိယကြီးများကို ဦးပညာ အတော်လေး စိတ်ကုန်မိသည်။ အရာရာ သွက်သွက်လက်လက်မရှိ၊ မြန်မြန်ဆန်ဆန်မရှိ၊ ကချော်ကချွတ် ဖြစ်တာဖြစ်၊ အိုးနင်းခွက်နင်း ဖြစ်တာဖြစ်နှင့် ကယောင်ချောက်ချား နိုင်လှသော ထိုသက်ကြားအိုများကိုကြည့်ပြီး အလွန်မှ စိတ်မသက်မသာ ဖြစ်မိရသည်။ သို့သော် သူက တတ်အားသရွေ့တော့ သည်းခံနိုင်ပါသည်။ ထိုအဘိုးကြီး၊ အဘွားကြီးများမှာ မိမိနှင့်နှစ်ပေါင်းများစွာ အတူတကွ နေထိုင်လာသော သံယောဇဉ်ကလည်း ရှိထားပြန်၊ အခြား



နဝကမ္မ များအတွက် စိတ်ကသိကအောက် ဖြစ်ရသော်ငြား မိမိ၏ ပဓာန အလုပ်ဖြစ်သော တရားအားထုတ်ခြင်း အလုပ်ကိုမူ မည်သို့မျှ ထိခိုက်ပွန်းပဲ့စေခြင်းလည်း မရှိပြန်ရာ ဦးပညာက ဤနေရာကလေးကို မိမိ၏ ဘုမိနက်သန်အဖြစ် မှတ်ယူ၍သာလျှင် မခွဲမခွာရက်ဘဲ ဖက်တွယ်နေထိုင်လာခဲ့ခြင်းပင်ဖြစ်သည်။

* * * * *

"တောက် . . . တောက် . . . တောက် . . . တောက် . . . တောက်"

"တောက် . . . တောက် . . . တောက် . . . တောက် . . . တောက်"

နေ့ရာမှမြန်၊မြန်ရာမှသွက်ကာ ခပ်လွှင်လွှင်ထွက်ပေါ်လာသော တုံးခေါက်သံကြောင့် ဦးပညာက သက်နန်းကို သပ်ရပ်စွာရုံလျက် သပိတ်ကို အသာဆွဲယူလိုက်သည်။ ထို့နောက် လှေခါးမှ အသာဆင်းကာ ဆွမ်းစားကျောင်းဘက်သို့ ခပ်မှန်မှန် လျှောက်လာခဲ့သည်။ ဆွမ်းစားကျောင်းရှေ့သို့အရောက် အပေါ်တက်မည်ဟု ပြင်လိုက်ပြီးမှ ထွက်ပေါ်လာသော ဒေါ်ရီ့အသံကြောင့် အပေါ်မတက်သေးဘဲ အပြင်မှာပင် ငြိမ်ပြီး ရပ်နေလိုက်မိသည်။

တုတ်တုတ်ကို မြည်တွန်နေသော ဒေါ်ရီ့အသံက တဖျစ်တောက်တောက် ထွက်ပေါ်လျက်ရှိသည်။

"နေရာထိုင်ကို အရင်ခင်း၊ ပြီးတော့မှ သပိတ်ခြေကိုချဖို့ ငါပြောထားတာ၊ အမှတ်ကိုမရှိဘူး၊ ပြီးတော့ ရေဇလုံကို ဘယ်ဘက်မှာချ၊ ဆွမ်းဇလုံကို ညာဘက်မှာချဖို့ ပြောထားတာလည်း ဘယ်တော့မှ အမှတ်မထားဘူး၊ အမြဲတန်း အမှားမှား အယွင်းယွင်းချည်းပဲ၊ နောက်ပြီး ဦးဇင်းက ညနေပိုင်း ရေနွေးကြမ်း မသောက်ဘူး၊

ခါတ်ဘူးထဲ လက်ဖက်ခြောက် မခပ်ဖို့ ပြောထားတာလည်း ခပ်ဖြစ်အောင်ခပ်တယ်၊ နင့်ကိုတော့ ငါစိတ်ကုန်ပါတယ်ဟဲ့ တုတ်တုတ်ရဲ့"

ဦးပညာက မျက်စိကိုအသာမှိတ်ကာ ငြိမ်မြဲငြိမ်နေသည်။ မကြာမီ ခြေသံတရှပ်ရှပ်နှင့်အတူ ဦးငွေသော်က အပေါက်ဝမှ ပေါ်လာပြီး 'ဩော်၊ ဦးဇင်း ရောက်နေပြီကိုး။ ဆွမ်းပြင်ပြီးပါပြီဘုရား။ အပေါ်ကိုကြွပါ'ဟု လှမ်းလျှောက်တော့မှ ဦးပညာက မျက်လုံးကိုဖွင့်ကာ အပေါ်သို့ အသာတက်လိုက်သည်။ ဘုရားစင်အောက် စားပွဲထိပ်တွင် ခင်းထားသော နေရာထိုင်ပေါ်တွင် ဝင်ထိုင်လိုက်သည်။ လက်တွင်းမှ သပိတ်ကိုလည်း သပိတ်ခြေပေါ် အသာတင်လိုက်သည်။ ဦးပညာ ထိုင်ပြီးနောက် ဒေါ်ရီနှင့် ဦးငွေသော်တို့က ဦးပညာ၏တစ်ဖက်တစ်ချက်တွင် နေရာယူလိုက်ကြကာ ဆွမ်းပွဲများကို တစ်ခုချင်း ကပ်လိုက်ကြသည်။ ကပ်လာသမျှကို လက်ကလေးဖြင့် ထိကာထိကာပြုရင်း ဦးပညာက လက်ခံယူလိုက်သည်။ ဒေါ်ရီက လက်က အလုပ်များနေရင်း ပါးစပ်ကိုလည်း အအား မထားပေ။ တတွတ်တွတ် ရေရွတ်နေသည်။

"ဒီတုတ်တုတ်ဆိုတဲ့ကလေးဟာ တော်တော့်ကို ဒုံးဝေးတာဘုရာ့၊ တစ်ခါထဲနဲ့ ဘယ်တော့မှမပြီးဘူး၊ ပြောပြီးရင်း ပြောနေရတာပဲ၊ ဘာကြောင့် ဒီလောက် နားဝေးသလဲမသိဘူး၊ ဘုန်းကြီးကိစ္စဆိုတာ လူနဲ့မတူဘူး၊ ဒီလို လုပ်ပါ၊ ဒီလို ကိုင်ပါ ဆိုတာကို နေ့တိုင်း ပြောနေရတယ်၊ ပြောသာပြောနေရတယ်၊ ပြောပြီး ပြန်မေ့သွားတာပဲ၊ ဒီကလေးနဲ့ကို တပည့်တော်လည်း အာပေါက်တော့မယ်၊ ဒါလေးက ဆိတ်ဖူးထောင်းကလေး ဘုရာ့၊ ဦးဇင်းအကြိုက်ပဲ၊ ဒီဘက်ကတော့ မုန်လာချဉ်သုပ်၊ ဦးဇင်းဆွမ်းခံ လာတဲ့အထဲမှာ



အချဉ်မပါတာနဲ့ တပည့်တော်သုပ်ထားလိုက်တာ၊ တပည့်တော် လက်ရာပေ့ါ၊ ဘုန်းပါဘုရာ့၊ လိုအပ်တာရှိရင်လည်း ပြောပါ"

အားလုံးကပ်ပြီးသွားသည်နှင့် ဒေါ်ရီနှင့်ဦးငွေသော်တို့က လက်အုပ်ကလေးများချီကာ အသာ နောက်ဆုတ်သွားလိုက်ကြသည်။ ပြီးလျှင် ဒေါ်ရီက သူ့ကွမ်းအစ်ပေါ်တွင် ကွမ်းသီးနှင့် ကွမ်းညှပ်ကို တချပ်ချပ်လုပ်နေသည်။ ဦးငွေသော်ကမူ ခပ်လှမ်းလှမ်းမှနေ၍ ဆွမ်းဝိုင်းကို ယပ်ခပ်ပေးနေသည်။ တုတ်တုတ်ကား ဘီရိုကိုမှီထိုင်ကာ မျက်လုံးကလေး ကလယ်ကလယ်နှင့် သူ့လက်ဆစ်များကို ချိုးနေသည်။

ဦးပညာက ဆွမ်းကို သပိတ်အတွင်းသို့ လိုအပ်သလောက် ထည့်သည်။ ဆွမ်းဟင်းအချို့ကိုပါ ထည့်သည်။ ထို့နောက် မျက်လုံးကို အသာမှိတ်ကာ စိတ်တွင်းမှ ထုံးစံအတိုင်း ဆွမ်းအဓိဋ္ဌာန်ပြုသည်။ 'ဤသည့်စားဖွယ်၊အမယ်မယ် ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဟု'စသည်ဖြင့် ဓိဋ္ဌာန်ပြီးတော့မှ ပထမဆုံးဆွမ်းလုတ်ကို ဖြည်းညင်းစွာ ဘုဉ်းပေးလိုက်တော့သည်။

* * * * *

အမှန်တော့ အဗျာရုံကျောင်း၏ ဂေါစရဂါမ်ခေါ် ဆွမ်းခံရွာများမှာ ပိန္နဲကုန်း၊ ဆူးပုပ်ခြုံနှင့် မော်စီကျေးရွာများ ဖြစ်သည်။ အစဉ်အဆက်ဆိုသလို ထိုရွာများ၌ပင် ဆွမ်းခံဝင်ခဲ့ကြသည်။ နောက်ပိုင်းမှာတော့ ရွာသစ်တွေ တိုးလာခြင်းနှင့်အတူ ကျောင်းအနီးအနားမှာပင် လူနေအိမ်ခြေတွေက ထွန်းပေါ်လာသည်။ ကျောင်းနှင့်အနီးဆုံးရွာမှာ ရွှေဖိဖြစ်ပြီး ရွှေဖိနှင့်တစ်ဆက်တည်း အင်ကုန်း၊ ပေါက်မြိုင် အစရှိသဖြင့် ရွာများက တစ်သီတစ်တန်းကြီး တည်ရှိနေသည်။ ထိုရွာများကလည်း အဗျာရုံကျောင်းသို့ ဆွမ်းခံကြွ

ပါရန် ဖိတ်မန်ထားရာ ဦးပညာက အခါအားလျော်စွာ ဆွမ်းခံလှည့်ပေးလေ့ရှိသည်။ သို့သော် အများအားဖြင့်တော့ ပိန္နဲကုန်းအပါအဝင် ဒကာဟောင်းများရှိရာ ကျေးရွာများသို့သာ ဆွမ်းခံကြွမြဲဖြစ်သည်။ ထိုရွာများမှာ ကျောင်းနှင့် နှစ်မိုင်မျှဝေးသော်လည်း ထိုခရီးအား လမ်းလျှောက်ရခြင်းအတွက် မိမိလည်း ကျန်းမာရေးကောင်းစေ၊ ဒကာဟောင်းများအတွက်လည်း မိတ်ဝတ်မပျက်စေဟူသော ရည်ရွယ်ချက်ဖြင့် ပိုမို ဦးစားပေးရခြင်းဖြစ်သည်။

ယနေ့တွင် ဦးပညာက ပိန္နဲကုန်းဘက်မှပင် ဆွမ်းခံပြန်လာခဲ့သည်။ ကျောင်းဝင်းထဲရောက်သော် ဆွမ်းစားကျောင်းပေါ်မှ ဒေါ်ရီနှင့် အမျိုးသမီးတချို့ စကားပြောဆိုနေကြသံများကို ကြားရသည်။ စောသည် ရောက်နေဟန်တူသည်ဟု တွေးလိုက်မိသည်။ ဆက်လျှောက်ခဲ့ရာ ဦးငွေသော်က တံမြက်စည်းလှည်းနေရာမှ တံမြက်စည်းကို ပစ်ချထားခဲ့ပြီး ဦးပညာထံ လျှောက်လာသည်။ ထို့နောက် သပိတ်ကို ဆီးယူလိုက်သည်။ ဦးပညာက သပိတ်ကိုပေးပြီးနောက် လက်ကတော့ထိုးထားသော သင်္ကန်းကို ဖျက်ချလိုက်ကာ သာမန်ရိုးရိုးဝတ်ရုံလိုက်သည်။

ဦးပညာ ဆွမ်းစားကျောင်းပေါ်ရောက်တော့ ဒေါ်ရီနှင့်အတူ အမျိုးသမီးငယ်နှစ်ယောက်ကို တွေ့ရသည်။ ဦးပညာ ကုလားထိုင်တွင် ထိုင်ပြီးချိန်တွင် ဒေါ်ရီက ထုံးစံအတိုင်း ပြားရည်နှင့် ရေနွေးကြမ်း လာကပ်သည်။ ဦးပညာက ဖြည်းဖြည်းချင်း ဘုဉ်းပေးလိုက်သည်။ ထိုအချိန်မှာပင် ဒေါ်ရီက စကားဆိုလာသည်။

“ဦးဇင်းဘုရား၊ ဒီကလေးမနာမည်က မြလေးခိုင်တဲ့ဘုရား၊ ရွှေဖီရွာထဲကပါပဲ၊ သူက တပည့်တော်တို့ကျောင်း ဝိုင်းထဲက မရမ်းပင်တွေကို အားလုံးဝိုင်းကြီးချုပ်စနစ်နဲ့ ဝယ်ချင်လို့တဲ့ဘုရား၊ အဲဒါ ဦးဇင်းက တန်ဖိုးဘယ်လောက် သတ်မှတ်မလဲ သိချင်လို့ မပြန်သေးဘဲ စောင့်နေတာဘုရား”

ဒေါ်ရီ့စကားအဆုံးတွင် ဦးပညာနှင့်မြလေးခိုင်ဆိုသူ အကြည့်ချင်း ဆုံမိကြသည်။ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် ထိုမိန်းကလေးက ဦးပညာကို ဖော်ရွေစွာ ပြုံးပြလိုက်သည်။ အဖော်ခေါ်လာဟန်တူသော အခြားကောင်မလေးတစ်ယောက်ကတော့ နောက်ဘက်နားတွင် ငြိမ်၍ထိုင်နေသည်။ ဦးပညာက အလိုက်အထိုက်ပင် ပြန်ပြောလိုက်ရသည်။

“နှစ်တိုင်းရောင်းနေတဲ့ ဈေးနှုန်းကို ဒေါ်ရီလည်းသိနေတာပဲ။ ဦးဇင်းတို့လဲ ဝတ္ထုကိုကိုင်တာမဟုတ်တော့ ဒီအကြောင်းတွေ သိပ်လည်းမပြောချင်ဘူး၊ ဒေါ်ရီနဲ့သာ ကြည့်ကြက်ပြီးဆက်လုပ်လိုက်ကြပေါ့”

“တင်ပါ့၊ တပည့်တော်မလည်း အပင်တွေကိုလိုက်ကြည့်ပြီးပါပြီ၊ သီးအားက တော်တော်ကောင်းပါတယ်၊ သင့်တော်မယ့်ဈေးနှုန်းကို ပေးမှာပါဘုရား”

မြလေးခိုင်က သွက်လက်စွာပြောသည်။ ထို့နောက် ဦးပညာက ဆွမ်းစားကျောင်းမှဆင်းကာ သူ့ကျောင်းကလေးရှိရာသို့ လျှောက်လာခဲ့သည်။ အစီအစဉ်အရ ဦးစွာရေချိုးရမည်။ ပြီးနောက် ဆွမ်းမစားခင် ဓမ္မာရုံထဲ၌ တရားတစ်ကြိမ် ထိုင်ဦးမည်။

* * * * *

ဆွမ်းစားချိန်ရောက်တော့ ပြန်သွားပြီထင်သော မြလေးခိုင်ကို ဆွမ်းစားကျောင်းမှာပင် ဆက်တွေ့နေရသည်။ မြလေးခိုင်က ဒေါ်ရီနှင့်အတူ ဝေယျာဝစ္စများကို ကူညီလုပ်ကိုင်ပေးလျက်ရှိသည်။ ဦးပညာ ဆွမ်းပွဲတွင် ဝင်ထိုင်လိုက်တော့ ဒေါ်ရီနှင့် မြလေးခိုင်တို့က

တစ်ဖက်တစ်ချက်တွင် နေရာယူပြီး ဆွမ်းပွဲများကပ်ကြသည်။ ဒေါ်ရီကား သူ့ထုံးစံအတိုင်း ပါးစပ်မှတတွတ်တွတ်ပင်။

"ဒီနေ့တော့ တပည့်တော် ဟန်ကျသွားပြီဘုရား၊ ဒီကလေး မလေးက သွက်သွက်လက်လက်နဲ့ ကူညီပေးတော့ တပည့်တော် သက်သာတာပေါ့၊ မရမ်းသီး ကိစ္စလည်း ပြီးသွားပြီ ဘုရား၊ တပည့်တော်ပဲ သင့်သလိုစီမံလိုက်ပြီ၊ ဒီတော့ နောက်နေ့တွေကစပြီး မြလေးခိုင်က မရမ်းသီးလာခူးတာလည်းခူးပေါ့၊ ခုလို ဆွမ်းစားချိန် ရောက်ရင်တော့ ဒေါ်ရီကို လာပြီးကူပါဦးကွယ်၊ ဒေါ်ရီလည်း သက်သာအောင်ပေါ့၊ ပြီးတော့ နင်တို့တစ်ဖွဲ့လုံး အိမ်ပြန်မနေကြနဲ့၊ ဒီမှာပဲစားကြ၊ ဒီမှာက ဆွမ်းကွမ်းတွေ တစ်ပုံကြီးပိုပိုနေတာ နင်လည်းမြင်နေတာပဲ"

ဒေါ်ရီပြောသမျှကို မြလေးခိုင်က ဘာမျှပြန်မပြောဘဲ အပြုံးကလေးဖြင့်သာ တုန့်ပြန်သည်။ ကျောင်းမှာက အရာရာ ဒေါ်ရီ့ကိုသာ ပုံအပ်ထားသည်။ ထို့ကြောင့် သူ့လက်သူ့ခြေချည်း ဖြစ်သည်။ နှစ်စဉ် မရမ်းသီးတို့၊ အုန်းသီးတို့၊ ရောင်းချရရှိငွေများကိုလည်း ဒေါ်ရီပင် ကိုင်ရသည်။ ကျောင်း၏ ဒကာ၊ ဒကာမများ ဝိုင်းဝန်းထောက်ပံ့ကြသော ဆန်၊ ဆီ၊ ဆား၊ နှမ်းဆီ၊ သကြားကဲ့သို့ ရိက္ခာခြောက်များကိုလည်း ဒေါ်ရီပင် လက်ခံ ထိန်းသိမ်းရသည်။ ထို့နောက် ဆွမ်းကွမ်းကိစ္စ၊ ကျန်းမာရေးကိစ္စ၊ အာဂန္တုကိစ္စ၊ အစရှိသည်တို့ကို ဒေါ်ရီကပင် လိုအပ်သလို စီမံဆောင်ရွက်ပေးရသည်။ ဦးပညာက ဘာမှ ဝင်ပါစရာမလို၊ လှည့်ကြည့်စရာမလို။ ဆွမ်းခံ၊ ဆွမ်းစား၊ တရားအားထုတ် စသည်အားဖြင့် ကိုယ့်အလုပ်ကိုယ်လုပ်နေရုံသာ ဖြစ်သည်။ ယခုလည်း ဒေါ်ရီက မိမိကို ဦးတည်ပြောနေရာမှ မြလေးခိုင်ကိုပါ တစ်ဆက်တည်း ပြောဆိုမှာကြားနေသည်



ကို မိမိက သိနေသည်။ သို့သော် မိမိက ဘာမှဝင်ပြောစရာ၊ ဝင်ထောက်စရာ မရှိလေပြီမို့ မျက်လွှာကိုချလျက် ဆွမ်းကိုသာ အာရုံစိုက် ဘုဉ်းပေးနေလိုက်သည်။

နောက်ရက်များတွင် မြလေးခိုင်က ဒေါ်ရီ့စကားကို တကယ်ပင် လိုက်နာပါသည်။ ဦးစွာ ကျောင်းသို့ မောင်နှစ်ယောက်နှင့်အတူ စောစော ရောက်လာသည်။ ထို့နောက် မရမ်းသီးများကို လှူပ်ကြသည်။ တောင်းကြီး၊ တောင်းငယ်များဖြင့် သိမ်းသူက သိမ်းကြသည်။ ဦးပညာ ဆွမ်းခံပြန်လာချိန်ရောက်သော် မြလေးခိုင်က မောင်နှစ်ယောက်ကို ထားခဲ့ပြီး ဆွမ်းစားကျောင်းသို့ လာသည်။ ဒေါ်ရီ့ကို ကူကက် လုပ်ကိုင်ပေးသည်။ ဆွမ်းဘူး၊ ဆွမ်းခွက်များမှ ဆွမ်းဟင်းများ ကိုလဲလှယ်ခြင်း၊ တစ်ဖန် ရရှိလာသည့် ဆွမ်းဟင်းများကို လိုအပ်သလို ပြင်ဆင်ချက်ပြုတ်ခြင်း၊ အားလုံးပြီးပါက ဆွမ်းဝိုင်းပြင်ဆင်ခြင်း စသည်ဖြင့် ဖျတ်လတ်သွက်လက်စွာ လုပ်ကိုင်ပေးသည်။ ဒေါ်ရီကား ကွမ်းတမြုံ့မြုံ့၊ ခေါင်းတညိတ်ညိတ်နှင့်သာလျှင် သဘောအကျကြီး ကျနေတော့သည်။

ပြောရလျှင် ဦးပညာကိုယ်တိုင် ယခုမှ ပိုမို အဆင်ပြေလာသလို ခံစားနေရသည်။ စိတ်ထဲက ကျိတ်၍ ကျေနပ်နေမိသည်။ ထိုသို့ မဖြစ်ဘဲ နေပါမည်လော။ အိုကြီးအိုမများ၏ တုန်တုန်ချည့်ချည့် လုပ်ဆောင်ချက်များနှင့် မြလေးခိုင်၏ ဖျိုးခနဲ၊ ဖျတ်ခနဲ လှုပ်ရှားမှုများက မည်သို့မျှ မနှိုင်းသာ။ ယခင်ကနှင့်မတူဘဲ ဆွမ်းဟင်း ဆွမ်းထမင်းများ သန့်သန့်ရှင်းရှင်းဖြစ်လာပုံ၊ အရသာရှိလာပုံ၊ ဇွန်းပန်းကန်များ သပ်ရပ်ပြောင်ဝင်းလာပုံတို့ကပါ သက်သေခံနေသည်ပဲ။

ဝိနည်းဆောင်ရဟန်းဟူသည် ဤအစားအသောက်ကလေး တစ်ခုသာလျှင် တွယ်တာစရာ၊ မက်မောစရာရှိသည်။ ထိုအစားကိစ္စ

အဆင်ပြေသည်ဆိုလျှင် ကြီးစွာသော သပ္ပါယမှုတခြင်းပင်ဖြစ်သည်။ ခုတလော ကောင်းစွာ ဘုဉ်းပေးနေရသဖြင့် ဦးပညာ စိတ်ချမ်းသာရသည်။ ဦးပညာ ဘုဉ်းပေးပြီးသည်နှင့် ဒေါ်ရီ၏ မှာထားချက်အတိုင်း မြလေးခိုင်၏ မောင်များပါ ဆွမ်းစားကျောင်းတွင် လာရောက်စားသောက်ကြသည်။ ဤအတွက် ပူစရာမရှိပါ။ ဦးပညာ၏ ခံဆွမ်းများသာမက အနီးအနား ကျေးရွာများမှ ပို့ဆွမ်းများနှင့်ပါ ပေါင်းလျှင် ဆွမ်းဟင်းဆွမ်းထမင်းများက အလျှံပယ်ပင်ရှိနေသည်။

* * * * *

သည်လိုနှင့် မြလေးခိုင်၏ လုပ်အားက ပို၍အရေးပါလာသည်။ မြလေးခိုင်က ဆွမ်းစားကျောင်းကိစ္စလောက်မျှနှင့် ရပ်မနေဘဲ ဓမ္မာရုံနှင့် ဦးပညာကျောင်းဆီသို့ပါ ကူးလာသည်။ ဓမ္မာရုံ၏ ဘုရားပန်းလဲခြင်း၊ သောက်တော်ရေချမ်းကပ်ခြင်း လုပ်ငန်းများကိုသာမက ဦးပညာအတွက် ချိုးရေခပ်ပေးခြင်း၊ သင်္ကန်းလျှော်ပေးခြင်း၊ ရေအေးနှင့်စပ်ချိုးရန် ရေနွေးကျိုပေးခြင်း စသည်တို့ကိုပါ တရစပ် လုပ်ကိုင်ပေးလာသည်။ ငယ်ရွယ်သူပီပီ မောပန်းသည်မရှိဘဲ အလုပ်များကို တစ်ခုပြီးတစ်ခု လုပ်သွားနိုင်လေသည်။ သို့အတွက် ဦးပညာကလည်း ပို၍ပို၍ကျေနပ်မိရသည်။ မြလေးခိုင်ကို ကျေးဇူးတင်မိသလို သူမလုပ်အားကိုပါ လိုလားစွာ အသိအမှတ်ပြုမိသည်။

အမှန်တော့ ဦးပညာက ပုထုဇဉ်ပီပီ ပိုပြီးသာလွန်ရာ၊ ပိုပြီးကောင်းမွန်ရာကို နှစ်သက်လိုလားနေမိခြင်းသာဖြစ်သည်။ ကပ္ပိယအိုကြီးများနှင့်စာလျှင် မြလေးခိုင်က အစစ သာလွန်နေသည်။ အလုပ်အကိုင် မြန်ဆန်ပုံ၊ တိကျပုံ၊ သပ်ရပ်ပုံမှအစ နောက်ဆုံးလုပ်ပုံစံချင်းကကို ကွာခြားနေသည်။ ကတုန်ကရင်၊ ဟိုပေသည်ပေ၊ ညစ်ထေးထေးကြီးဖြစ်သော ဒေါ်ရီနှင့် ဝင်းဝင်းသန့်သန့်၊ မွေးမွေးပျံ့ပျံ့ကလေးဖြစ်သော မြလေးခိုင်က မည်သို့မျှမနိုင်းသာ။ သို့ကြောင့် ဥပမိရုပ်၏ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်း အပါအဝင် အရာရာကောင်းတာ၊ သန့်တာ၊ လှတာကိုမှ ပိုမိုတိမ်းညွတ်သာယာတတ်ကြသော လူ့သဘာဝအရ ဦးပညာကို မည်သို့မျှ အပြစ်မဆိုသာ။ လူတိုင်းပင် ထိုနည်းအတိုင်း ဖြစ်ပေလိမ့်မည်။

မြလေးခိုင်တို့ မရမ်းသီးကိစ္စ မပြီးသေးခင်မှာပင် ကျောင်းသို့ အာဂန္တုများ ရောက်ရှိလာသည်။ စုစုပေါင်း သုံးပါးဖြစ်သည်။ ထိုအဖွဲ့ကို ဦးဆောင်လာသော ဦးဓမ္မာနန္ဒမှာ ဝါတော် ၂၀ ရ ထေရ်ကြီးဝါကြီး ပုဂ္ဂိုလ်ဖြစ်သည်။ ဦးဓမ္မာနန္ဒမှာ ကျောင်းပိုင်ဟူ၍ မယ်မယ်ရရမရှိသေးဘဲ ကျောင်းတကာလှည့်ပြီး ဝါဆိုနေသူဖြစ်သည်။ ယခင်ကလည်း ဤအဗ္ဗာရုံကျောင်းသို့ ရောက်လာဖူးသည်။ ဦးဓမ္မာနန္ဒ၏ အမူအကျင့်အချို့နှင့်ပတ်သက်ပြီး သဘောမတွေ့လှသော်ငြား မိတ်ဟောင်းဆွေဟောင်းလည်းဖြစ်၊ မိမိထက်လည်း ဝါကြီး၊ ကျောင်းအတွက် အရေးကြုံက နိသ္သရည်းပေးမည့်သူလည်းရ စသောအချက်များကြောင့် ဦးပညာက မငြိုမငြင်ပင် ကြိုဆိုလိုက်ပါသည်။

မြလေးခိုင်မှာ မရမ်းသီးကိစ္စ ပြီးသော်လည်း ကျောင်း၌ ဆက်လုပ်အားပေးရမည့် အနေအထားက ဖြစ်ပေါ်လာသည်။ ကျောင်းတွင် စုစုပေါင်း သံဃာလေးပါး ရှိသွားပြီးဖြစ်ရာ ထိုဝေယျာဝစ္စအတွက် ဒေါ်ရီနှင့်သာဆိုလျှင် မည်သို့ မှုမဖြစ်နိုင်။ ရှေ့တွင် ဝါကလည်း ဝင်တော့မည်။ ဦးဓမ္မာနန္ဒတို့ကလည်း သည်မှာပင် ဝါဆိုမည်ဟု ဆိုထားသည်။ ဆွမ်းကွမ်းကိစ္စမှအစ အလုပ်တွေက

ပိုများလာဖို့သာရှိသည်။ သို့နှင့်ပင် ဒေါ်ရီ၏ ကိုယ်တိုင်လိုလား တောင်းဆိုမှုကြောင့် တစ်ကြောင်း၊ ဦးပညာ၏ မေတ္တာရပ်ခံမှု ကြောင့်တစ်ကြောင်း၊ မြလေးခိုင်က ကျောင်းတွင် ဆက်လက် နေထိုင် လုပ်ကိုင်ပေးသွားရန်အကြောင်း ဖြစ်လာတော့သည်။

မရမ်းသီးကိစ္စပြီးသောအခါ မြလေးခိုင်က ကျောင်းတွင် ဆက်လက် နေရစ်ခဲ့သည်။ ပထမတော့ နေ့ပိုင်းတွင် ကျောင်း၌ ပြုဖွယ်ကိစ္စများကို လုပ်ကိုင်ပေးပြီး ညပိုင်းတွင် ရွာတွင်းရှိ သူ့အိမ်သို့ ပြန်အိပ်သည်။ သို့သော် နောက်ပိုင်းရောက်၍ ဝါလည်းဝင်ခဲ့သော အခါ များပြားလာသော အမှုကိစ္စများကြောင့် အိမ်ပြန် မအိပ်နိုင် တော့ပေ။ ကျောင်းမှာပင် အပြီးနေရတော့သည်။

မြလေးခိုင်၏ အရေးပါမှုက ကြာလေ သိသာလေ ဖြစ်လာ သည်။ အခြေအနေအရ လုပ်ပိုင်ခွင့်အားလုံးသည်လည်း ဒေါ်ရီ လက်ထဲမှသည် မြလေးခိုင်လက်ထဲသို့ ရောက်သွားခဲ့ရလေပြီ။ ဤသို့ပင် ဖြစ်ရပေတော့မည်။ ဒေါ်ရီနှင့်ဦးပညာနှင့်က ဆရာရင်း ဒကာရင်းတွေမို့ အထိုက်အလျောက် ခွင့်လွှတ်နိုင်သော်လည်း ဟို အာဂန္တုတွေက ဒေါ်ရီအပေါ် သည်းမခံနိုင်ကြ။ ကြာလေ ဒေါ်ရီကို မလိုလားလေ ဖြစ်နေကြသည်။ ဒေါ်ရီကို ညစ်ပတ်သည်၊ စုတ်ပဲ့ သည်၊ သံဃာအပေါ် ဂါရဝနည်းသည်၊ လေးစားမှုမရှိ စသော ပြစ်ချက်များ ဖော်ပြကာ လုံးလုံးမနှစ်သက်ကြပေ။ ကျောင်းထိုင် ဦးပညာကိုပါ ထိုကိစ္စ ပြောပြကြသည်၊ မိတ္တူပေးကြသည်။ ဦးပညာ ကတော့ မည်သို့မျှ မှတ်ချက်မပေးဘဲ ဆိတ်ဆိတ်သာနေလိုက်သည်။ စိတ်ထဲကတော့ မြလေးခိုင်၏ အများနှစ်သက်ကြသော အချက်များ ကိုမြင်ယောင်ရင်း ဒေါ်ရီကလည်း ဒေါ်ရီပဲလေဟု တွေးနေမိသည်။

* * * * *



တစ်နေ့။ ဦးပညာက ကျောင်းပေါ်တွင် စာဖတ်နေစဉ် ဒေါ်ရီက ကျောင်းပေါ်သို့တက်လာသည်။ ဦးပညာက လှည့်ကြည့်လိုက်သည်။ ဦးစွာ ဒေါ်ရီက တဘက်ကလေးဖြန့်၍ ဝတ်ဖြည့်သည်။ ပြီး ထိုတဘက်ဖြင့်ပင် သူ့မျက်နှာကို ပွတ်သပ်နေသည်။ ဒေါ်ရီ့ မျက်နှာ မှိန်ဖျော့ညှိုးနွမ်းနေပုံကို ဦးပညာက သတိပြုမိသည်။ ထို့ကြောင့် အလိုက်သင့် စကားလမ်းကြောင်း ပေးလိုက်သည်။

“ဘာကိစ္စလဲ ဒကာမကြီး”

“တပည့်တော် လျှောက်ထားစရာ ရှိလို့ဘုရား၊ တပည့်တော်က ဦးဇင်းအပေါ်ကို ကိုယ့်ဦးဇင်းဆိုလည်းဟုတ်၊ ကိုယ့်သားဆိုလည်း ဟုတ် ဆိုတဲ့သဘောမျိုးနဲ့ တစ်လျှောက်လုံး ပြုစုလုပ်ကျွေးလာခဲ့ တာပဲ မဟုတ်လား ဘုရား”

“အေးလေ၊ အဲဒါဘာဖြစ်လဲ၊ ခုဘာဖြစ်လာလို့လဲ”

“ဘာဖြစ်ရမလဲဘုရား၊ ခုတော့ တပည့်တော်မက အပယ်ခံ ဖြစ်နေပြီ ဘုရား၊ နောက်မှပေါက်တဲ့ ရွှေကြာပင်က မင်းမူနေပြီ ဘုရား၊ ဟိုကောင်မက တပည့်တော်ကို မောင်းတောင်ထုတ်နေပြီ၊ အပြောအဆိုကလည်း ရိုင်းလိုက်တာ၊ တပည့်တော်နဲ့ ဦးငွေသော် ကိုများ သစ်ဆွေးတုံးကြီးတွေတဲ့၊ ကျောင်းအတွက် ဘာမှ အသုံးမကျ တဲ့သူတွေတဲ့ ပြောလိုက်တာဘုရား”

ပြောရင်းမှပင် ဒေါ်ရီ့အသံက ပို၍ လှိုက်လှိုက်လှဲလှဲ ဖြစ်လာ သည်။ ဦးပညာက ဒေါ်ရီ့စကားကို အံ့အားသင့်မိသော်လည်း မည်သို့မျှ နှုတ်မဟဘဲ မျက်နှာကိုတစ်ဘက်လှည့်ကာ ငေးနေမိသည်။

“အဲဒါ ဟိုအာဂန္တုတွေကလည်း တစ်မှောင့်ပဲဘုရား။ တပည့်တော်အပေါ်ကို လုံးလုံး အကောင်းမမြင်ကြဘူး၊ ဟိုကောင်မ ဘက်ကနေ သူတို့ကပါ ဖိအားပေးနေကြတယ်၊ တပည့်တော်လည်း

အသက်ကကြီးလာတော့ အမှားအယွင်းဆိုတာ နည်းနည်းပါးပါး ရှိတာပေါ့ဘုရား၊ ဒါပေမဲ့ စိတ်ထဲက သံဃာအပေါ် စေတနာထားတာ၊ ကြည်ညိုစိတ်ရှိတာကတော့ နည်းနည်းမှမလျော့ပါဘူး၊ ဒါတွေကို ဦးဇင်းလည်း အသိပဲဟာ"

တဖြည်းဖြည်း ငိုသံပါလာသည်။ မျက်နှာကို တဘက်ဖြင့် အခါခါ သုတ်နေသည်။ ထို့နောက် 'ဒီလိုဖြစ်နေတာ တွေကို ဘယ်လို ရှင်းမလဲဘုရား၊ တပည့်တော်တော့ ဦးဇင်းပဲ အားကိုးစရာရှိတော့တယ်'ဟု ဆက်ပြောနေချိန်တွင် ဦးဓမ္မာနန္ဒက ကျောင်းပေါ်သို့ ရုတ်တရက် တက်လာသည်။ ဦးဓမ္မာနန္ဒကိုမြင်သည်နှင့် ဒေါ်ရီက သူ့စကားကို တိခနဲရပ်လိုက်သည်။ ထိုင်နေရာမှပါ ကုန်းထလိုက်သည်။ ဦးပညာက ဦးဓမ္မာနန္ဒကို နေရာပေးကာ ဝတ်ဖြည့်နေစဉ်မှာပင် ဒေါ်ရီက ကျောင်းပေါ်မှ တလိမ့်လိမ့် ပြန်ဆင်းသွားတော့သည်။

ထိုနေ့က ထိုမျှနှင့်ပင် ပြီးသွားသော်လည်း နောက် ၁၅ ရက်ခန့် အကြာတွင် ထိုကိစ္စက ထပ်မံပြီး တစ်ကျော့ ပြန်လာပြန်သည်။ သည်တစ်ခါတော့ သာမန်ဖြစ်ရပ်ထက် ကျော်လွန်ကာ ပေါက်ကွဲသည့်အဆင့်သို့ ရောက်ရှိသွားသည်။ ဒေါ်ရီပြဿနာက ပို၍ ကြီးလေးသွားသည်။

ဖြစ်ပုံမှာ ထိုနေ့က ဒေါ်ရီ့သမီး ခင်စိုးသက်နှင့် သားမက်ဖြစ်သူ အေးထွန်းတို့ ကျောင်းကိုရောက်လာသည်။ အေးထွန်းက ကွမ်းသီးပွဲရုံတွင် အလုပ်လုပ်နေသည်။ သူတို့တွင် သားသမီး စုစုပေါင်း သုံးယောက်ရှိသည်။ စကားမပီ၊ စာသင်မရသည့် အငယ်ဆုံးကောင် တုတ်တုတ်ကိုသာ ဒေါ်ရီ့ထံပို့ထားပြီး အခြားအကြီးမ နှစ်ယောက်ကိုတော့ ကျောင်းနေစေသည် ဆိုတော့ သူတို့က စီးပွားရေး အဆင်မပြေရှာပါ။ ယခု အရေးပေါ်ကိစ္စတစ်ခုအတွက် ငွေလိုသဖြင့် မိခင် ဒေါ်ရီထံသို့ လာရောက်ကြခြင်းဖြစ်သည်။ သို့သော် သူတို့က ငွေလိုသော်လည်း ဒေါ်ရီက ပေးစရာမရှိ။ အခြေအနေက အရင်ကနှင့်မတူတော့ပြီ။ သို့နှင့် ဒေါ်ရီက သမီးဖြစ်သူအား ဆန်လေး သုံးပြည်ခန့်ကို ပုဆိုးပိုင်းနှင့် ထုပ်ပေးလိုက်သကဲ့သို့ ငွေအတွက်လည်း ဘီရိုထဲမှ ငါးဆင့်စတီးချိုင့်ကြီးကို ခေတ္တယူကာ ရွာထဲသို့ သွားပေါင်ပေးလိုက်သည်။ ငွေနှင့်ဆန်ကိုယူကာ သမီးနှင့်သားမက်က ပြန်သွားကြသည်။ ဒေါ်ရီကလည်း ကျောင်းသို့ ပြန်လာခဲ့သည်။

ဤမှာပင် ဒေါ်ရီကျောင်းပြန်ရောက်ရောက်ချင်း ပြဿနာမီးပွားက စတင်တော့သည်။ ဒေါ်ရီ ရွာထဲ၌ စတီးချိုင့်ပေါင်နေစဉ် ကျောင်းမှ ဦးဓမ္မာနန္ဒက ထိုအဖြစ်ကို ဆွမ်းခံရင်း ကောင်းကောင်း မြင်တွေ့လိုက်သည်။ ထို့ကြောင့် ဒေါ်ရီပြန်ရောက်သည်နှင့် ထိုကိစ္စကို မေးမြန်းစစ်ဆေးရာမှ ပြဿနာ စသွားခြင်းဖြစ်သည်။ မြလေးခိုင်ကလည်း ဒေါ်ရီ စတီးချိုင့်ယူသွားပုံနှင့် ဆန်များပေးလိုက်ပုံတို့ကို ဦးဓမ္မာနန္ဒအား ထပ်ဆင့်တိုင်ကြားပြီးဖြစ်သည်။ သို့ကြောင့် ဦးဓမ္မာနန္ဒက ဒေါ်ရီကို ဤသို့ပြုရပါမည်လောဟု မာန်မဲ ကြိမ်းမောင်းရင်း စစ်ဆေးခြင်း ဖြစ်သည်။

ဒေါ်ရီက ငိုကြီးချက်မနှင့် ဖြေရှင်းရှာသည်။ ဆန်ပေးလိုက်သည်မှာမှန်ပါကြောင်း၊ စတီးချိုင့်ကတော့ အရေးပေါ် ငွေလိုနေသည့်အတွက် ကြံရာမရဘဲ သွားပေါင်လိုက်မိခြင်း ဖြစ်ကြောင်း၊ မကြာမီ ပြန်ရွေးပေးရန် စီစဉ်ထားပါကြောင်း၊ ယခင်ကလည်း ကျောင်းတွင် ငွေအသုံးလိုပါက ယခုလို ပေါင်နေကျ ဖြစ်ပါကြောင်း၊ ရှင်းပြသည်။ သို့သော် မရတော့ပေ။ ဦးဓမ္မာနန္ဒသာမက အခြား ဦးဇင်းနှစ်ပါးဖြစ်သော ဦးသံဝရတို့၊ ဦးမေဓာဝီတို့ကပါ ဒေါ်ရီကို

အပြင်းအထန် ရှုတ်ချကြသည်။ သံဃိကပစ္စည်းအား ဤသို့ ပြုရပါမည်လောဟု အပြစ်ဆိုကြသည်။ နောက်ဆုံး အားလုံးက ဦးပညာဘက်သို့ လှည့်လာကြသည်။ ဒေါ်ရီကို အရေးမယူ၍ မရကြောင်းပြောပြီး ဦးပညာဆန္ဒကို မေးမြန်းလာကြသည်။ အမှန်တော့ မေးမြန်းခြင်းဆိုသည်ထက် တိုက်တွန်းခြင်းသာ ဖြစ်သည်။ ဒေါ်ရီကို ကျောင်းမှထုတ်သင့်ပြီဖြစ်ကြောင်း ရည်ညွှန်းနေကြခြင်းပင်ဖြစ်သည်။

သို့နှင့်ပင် ဦးပညာက ဆုံးဖြတ်ချက်ပေးရတော့သည်။ ဤကိစ္စမှာ မိမိထက် ဝါကြီးသူက ဩဝါဒ ပေးနေခြင်းဖြစ်၍ တစ်ကြောင်း၊ အခြားရဟန်းများကပါ ဆန္ဒပြုနေကြ၍ တစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း ဤကိစ္စ၌ ဒေါ်ရီမှားယွင်းသည်ဟု ထင်မြင်မိ၍တစ်ကြောင်း၊ ဦးပညာက ဒေါ်ရီကို အိမ်ပြန်ခိုင်းရန်သာ စီစဉ်ရတော့သည်။ စီစဉ်သည့်အတိုင်းလည်း ခေါ်ပြောလိုက်သည်။ ဒေါ်ရီခမျာ ဦးပညာ၏ အမိန့်သံကို ကြားရသည်နှင့် ဝမ်းပမ်းတနည်း ငိုရှာတော့သည်။ သို့သော် ဘာမှလည်း မတတ်နိုင်တော့ရှာ 'တင်ပါ၊ ပြန်ဆိုလည်း ဒေါ်ရီပြန်ရုံပေါ့ဘုရား၊ စတီးချိုင့်ကိုလည်း ပြန်ရွေးပြီးပါပြီ၊ တပည့်တော် ဦးဇင်းကို ဦးတင်ခဲ့ပါတယ်ဘုရား'ဟု ပြောကာ ငိုရင်းနှင့်ပင် ထိုင်ကန်တော့လေသည်။ မကြာမီ ပိန်းအိတ်ကလေးကို ခေါင်းပေါ်ရွက်၍ တုတ်တုတ်ကိုလက်ဆွဲကာ ကျောင်းမှ တရွေ့ရွေ့ ထွက်ခွာသွားသော ဒေါ်ရီကို ဦးပညာ လှမ်းမြင်လိုက်ရသည်။ စိတ်မကောင်းဖြစ်မိသော်လည်း ခံစားချက်ကို ကြိုးစား မေ့ပျောက်လိုက်ရသည်။ နောက် သုံးရက်ခန့်အကြာတွင် အဘိုးကြီး ဦးငွေသော်ကပါ သူ့ပစ္စည်းကလေးများသိမ်းပြီး အိမ်ပြန်သွားသည်။ သည့်နောက်တွင် ကျောင်းသို့ပေါ်မလာတော့ပေ။

* * * * *



ဝါကျွတ်လေပြီ။

ဝါကျွတ်သည်နှင့် အာဂန္တုများက ပြန်ကြွသွားကြသည်။ ဦးဓမ္မာနန္ဒက အဗျာရုံကျောင်းနှင့် ခပ်လှမ်းလှမ်းရှိ သီတဂူကျောင်းသို့ ပြောင်းရွှေ့သွားသည်။ ကျန်ဦးဇင်းနှစ်ပါးကမူ အဘယ်သို့ ပြန်သွားကြသည်မသိပေ။

ကျောင်းတွင် ဦးပညာနှင့် မြလေးခိုင်တို့သာ ကျန်ရှိတော့သည်။ မြလေးခိုင်၏မိခင်ဖြစ်သူက ကျောင်းသို့ မကြာမကြာ လာနေတတ်သော်လည်း ညတော့ မအိပ်ချေ။ မည်သို့ဆိုစေ ကျောင်း၌ လူနည်းသွားသဖြင့် ဦးပညာစိတ်ထဲ ရှင်းလင်းပေါ့ပါးသွားသည်။ ထို့ပြင် အလုပ်နည်းသွားသောကြောင့် မြလေးခိုင်က ဦးပညာကို ပိုမိုပြုစုနိုင်သွားသလို ဦးပညာကလည်း ထိုပြုစုမှုကို အပြည့်အဝ ကျေနပ်သည်။ ကြည်နူးပီတိဖြစ်ရသည်။

သို့သော် ထိုအခြေအနေကို ပတ်ဝန်းကျင်က တဖြည်းဖြည်း မသိမသာ စောင့်ကြည့်လာသည့်အဖြစ်ကိုမူ ဦးပညာက မရိပ်မိပေ။ ဤသို့ ဆရာဒကာနှစ်ဦးတည်း တိတ်ဆိတ်သော ကျောင်းဝင်းအတွင်း အတူနေကြပြီးနောက် ပြုံးပြုံးရွှင်ရွှင်၊ ရယ်ရယ်မောမော၊ နီးနီးကပ်ကပ်၊ ရောရောထွေးထွေး ရှိနေကြခြင်းအပေါ် အများက အကဲခတ်လာကြခြင်းအား ဦးပညာ လုံးဝသတိမမူမိပေ။ စင်စစ် ဦးပညာက အမှောင်တွင်းသို့ တဖြည်းဖြည်း ရောက်စပြုလာခြင်းပင် ဖြစ်သည်။ မြလေးခိုင်က မျက်နှာလေးလှသလို ခန္ဓာကိုယ်ကလည်း ဖွံ့ထွားသည်။ အပြောကလေးက ချိုကြည်လှသလို ကိုယ်နံ့ကလေးကလည်း အမြဲတန်း သင်းပျံ့မွှေးကြိုင်လျက်ရှိသည်။ မြလေးခိုင် ဆောင်ရွက်လုပ်ကိုင်ပေးသမျှအတွက်(သို့မဟုတ်)မြလေးခိုင်နှင့်

ထိတွေ့၊ ပတ်သက်၊ ဆက်ဆံ နေရသမျှအတွက် ဦးပညာမှ ကြည်နူးချမ်းမြေ့ခြင်း မဖြစ်လျှင် မည်သူက ဖြစ်ပါဦးမည်နည်း။

သူတို့ချင်း ဆက်ဆံရေးက တစ်နေ့ထက်တစ်နေ့ ပို၍သာ ထဲထဲဝင်ဝင်ဖြစ်လာနေသည်။ ထိုသို့ အကျွမ်းဝင် လာခြင်းကပင် ဦးပညာ၏စိတ်ကို မကြာမကြာ အထူးလှုပ်ရှားအောင် ဖန်တီးခဲ့ခြင်းဖြစ်သည်။ သပိတ်ဖြစ်စေ၊ သင်္ကန်းဖြစ်စေ၊ ဓာတ်ဘူးဖြစ်စေ တစ်ဦးနှင့်တစ်ဦး အပေးအယူလုပ်ကြရင်း သူ့လက်ကိုယ့်လက် အပြန်အလှန် ထိတွေ့မိကြသည်။ ပွတ်တိုက်မိကြသည်။ ထိုအခါ ဦးပညာမှာ ရင်ခုန်ခြင်းနှင့်အတူ စိတ်ကရောက်ကရက် ဖြစ်မိရသည်။ မြလေးခိုင်နှင့် အသားချင်းထိတွေ့ရသည့်အတွက် ရှိန်းရှိန်းဖိန်းဖိန်းဖြစ်ရသလို မြလေးခိုင်ထံမှ ကိုယ်နံ့ကို ရှူရှိုက်ရခြင်းအတွက်လည်း လှိုက်ဖိုမှိန်းမောခြင်း ဖြစ်ရသည်။

တစ်ခါတွင် ဦးပညာက ရေချိုးရင်း လက်ထောက်လဲမိရာမှ လက်အဆစ် မျက်သွားသည်။ လက်က နာလည်းနာပြီး ရောင်လည်းရောင်သွားသည်။ မြလေးခိုင်က ချက်ချင်းရောက်လာပြီး ဦးပညာကို လိမ်းဆေးလိမ်းပေးသည်။ မြလေးခိုင်ဆေးလိမ်းပေးသည်ကို ခံယူရင်း ဦးပညာက ကတုန်ကရင်ကြီး ဖြစ်နေရသည်။ နှလုံးသွေးတွေ တဒိန်းဒိန်း တိုးနေသည်။ ရင်တွေ ဘလောင်ဆူနေသည်။ မြလေးခိုင်၏အနံ့၊ မြလေးခိုင်၏အတွေ့တို့မှ ရုန်းမထွက်နိုင်အောင် ဖြစ်နေသည်။ စပါးကြီးချက် အညှို့ခံရသလိုဖြစ်နေသည်။ ကိစ္စပြီး၍ မြလေးခိုင်ပြန်သွားသည့်တိုင် ထိုကတုန်ကရင်ကြီးက မပျောက်နိုင်ပင် ဖြစ်ကျန်ရစ်ခဲ့သည်။

နောက်တစ်ခါ။ ထိုနောက်တစ်ခါက ပိုဆိုးသေးသည်။ တစ်နေ့ ဦးပညာ ဆွမ်းခံရာမှအပြန် မြလေးခိုင်ကို ဆွမ်းစားကျောင်းပေါ်မှာ အိပ်လျက်သားတွေ့ရသည်။ အတွင်းခန်းထဲမှာ မဟုတ်ဘဲ အပြင်ဘက် ထွက်အိပ်နေခြင်းဖြစ်သည်။ ဦးပညာက အိပ်မောကျနေသူကို မနှိုးတော့ဘဲ ကျောင်းပေါ် လှမ်းတက်လိုက်သည်။ ဤတွင် သူ့ဒကာမ အိပ်နေပုံကို ကြည့်ပြီး ဦးပညာမျက်လုံးကျယ်သွားသည်။ တစ်ကိုယ်လုံးလည်း တုန်ခနဲ ဖြစ်သွားသည်။ မြလေးခိုင်က သူ့ဘက်ကို ကျောပေးပြီး တစောင်းအိပ်နေခြင်းဖြစ်သည်။ သူ၏ တင်ပါးများက ဦးပညာမျက်စိနှင့် တည့်တည့်ဖြစ်နေပြီး ထဘီ၏ အစတစ်ခုကပါ ခြေသလုံးအထက် လက်လေးသစ်ခန့် အပေါ်သို့ ရောက်နေသည်။ ထိုဖြူဝင်းသော အသား လက်လေးသစ်ကပင် ဦးပညာ မျက်လုံးတို့ကို သံလိုက်နှင့်ဆွဲသလို ဆွဲထားလိုက်သည်။ ထိုနေရာမှ မျက်လုံးတို့ကို တော်တော်နှင့်ခွာ၍မရ။ လူက နတ်ကျသလို တဆတ်ဆတ်တုန်လာသည်။ ရင်တွေပူလာသည်။ အာခြောက်ပြီး ရေငတ်သလိုမျိုးလည်းဖြစ်လာသည်။ ကြိုးစား၍ စိတ်ကိုတင်းကာ သပိတ်ကို စားပွဲပေါ် ချထားခဲ့ပြီး မိမိကျောင်းသို့ ပြန်လာခဲ့သည်။

သို့သော် သူ့အာရုံကမူ ထိုနေရာသို့ချည်း ပြန်ရောက်ရောက်နေသည်။ ဘာလုပ်လုပ် စိတ်တခြား၊ ကိုယ်တခြား ဖြစ်နေသည်။ ဝိသဘာဂအာရုံဖြစ်သော ထိုဖြူဖြူဝင်းဝင်းကလေး၊ ထိုလက်လေးသစ်ကလေးကိုသာ တစ်လျှောက်လုံး မြင်ယောင်နေသည်။ ရေချိုးလည်း ထိုလက်လေးသစ်၊ စာဖတ်လည်း ထိုလက်လေးသစ် ဖြစ်နေပြီး ထိုလက်လေးသစ်ကိုပင် နိမိတ်ရပြီး မျက်စိထဲ စွဲနေတော့သည်။ ဦးပညာ ရှူးချင်မိရလေပြီ။ သည်လိုနှင့်ပင် သူက နောက်ပိုင်းရောက်လေ၊ သမာဓိကျဲလေဆိုသလို ဖြစ်နေရသည်။ ယခင်ကလို တရားလည်း ကောင်းကောင်း အားမထုတ်နိုင်၊ ဘုရားသော်မှ

ကြာကြာ ဝတ်မပြုနိုင်ဖြစ်နေရသည်။ ငြိမ်းအေးချမ်းမြေ့စွာ နေထိုင်လာခဲ့သော သူ့ဘဝထဲသို့ ပူလောင်ချောက်ချားမှုများက ဝင်ရောက်ခြေချခဲ့ကြလေပြီ။

* * * * *

တဖြည်းဖြည်းနှင့် ရက်တွေက ကြာညောင်းလာခဲ့သည်။

ခုတလော ကျောင်းဝိုင်းထဲသို့ ကလေးတွေ၊ လူကြီးတွေ အလာများလျက်ရှိသည်ကို ဦးပညာသတိထားမိသည်။ သူတို့က ထင်းချောက် ကောက်ရန်၊ ပန်းခူးရန်၊ သစ်သီးအကြွေ ကောက်ရန် လာကြခြင်းဖြစ်မည်ဟု ဦးပညာက ထင်နေခဲ့သည်။ သို့သော် တစ်နေ့တွင် အဖြစ်မှန်ကို ဦးပညာ ကိုယ်တိုင်ကြုံလိုက်ရသည်။ တစ်နေ့ ညနေစောင်းလောက်တွင် ဦးပညာနှင့်မြလေးခိုင်တို့က ဆွမ်းစားကျောင်းပေါ်၌ စကားစမြည် ပြောနေကြသည်။ စကားပြောရင်း ဦးပညာက မြလေးခိုင် ကပ်ပေးလာသော ပြားရည်ကို ဘုဉ်းပေးနေသည်။ မြလေးခိုင်က ပန်းများကို ကြိုးဖြင့်သီနေသည်။ ထိုအခိုက် ဆွမ်းစားကျောင်း၏ တံခါးပေါက်အပြင်ဘက်မှ တစ်စုံတစ်ခု ပြိုလဲသံကို ဦးပညာကြားလိုက်ရသည်။ ဦးပညာက ထိုင်ရာမှ ထကာ တံခါးကိုတွန်းဖွင့်ပြီး အပြင်သို့ ခေါင်းပြူကြည့်လိုက်သည်။ ဤတွင် တံခါးပေါက်ဘေးမှ ဝုန်းခနဲထပြေးသွားကြသော ကလေးသုံးလေးယောက်ခန့်ကို တွေ့လိုက်ရသည်။ ကလေးများက အတွင်းသို့ ချောင်းကြည့်နေကြခြင်း ဖြစ်သည်။ သူ့ထက်ငါ ချောင်းကြည့်ကြရင်း ကလေးတစ်ယောက်က လဲကျသွားရာမှ စောစောကအသံထွက်ပေါ်လာခြင်းဖြစ်သည်။

အဖြစ်မှန်ကို သိလိုက်ခြင်းနှင့်အတူ ဦးပညာ ထူထူပူပူဖြစ်သွားသည်။ တော်တော် ရှက်သွားသည်။ သူ့ကျောင်းကလေးသို့



ခပ်မြန်မြန် ထပြန်သည်။ ကျောင်းရောက်တော့ အသည်းအသန်စဉ်းစားသည်။ ဤတွင် မိမိတို့၏အနေအထိုင်၊ မိမိတို့၏ပုံစံ၊ အကြီးအကျယ် မှားယွင်းနေကြောင်းကို စတင်သတိပြုမိသည်။ သည်အတိုင်း ဆိုပါက ပတ်ဝန်းကျင် အရပ်ထဲတွင် မိမိနာမည်က အတော် နစ်နာနေလောက်မည့်အဖြစ်ကိုပါ ချင့်တွက်မိသည်။ သည်အတိုင်း ဆက်လွှတ်ထားမိပါက မိမိချောက်ထဲကျပြီး ဖြိုကျပျက်စီးရတော့မည့် အဖြစ်ကိုပါ ကြိုတင်မျှော်ခေါ်မိသည်။ ဦးပညာကြောက်လန့်လာသည်။ စိုးရိမ်ကြီးလာသည်။ အချိန်မီ ပြုပြင်မှဖြစ်တော့မည်၊ ထိန်းသိမ်းမှဖြစ်တော့မည်ဟုလည်း ဆုံးဖြတ်လိုက်သည်။ သန္နိဋ္ဌာန်ချလိုက်သည်။

သို့သော် ဦးပညာ နောက်ကျသွားခဲ့လေပြီ။ ထိုညမှာပင် ဦးပညာအတွက် ကြမ္မာဆိုးက ဝင်ရောက်လာသည်။ ထိုည ညရှစ်နာရီ လောက်တွင် ကျောင်းအောက်မှ မြလေးခိုင်၏လှမ်းခေါ်သံကို ဦးပညာ ကြားရသည်။ အပေါက်ဝမှ ထွက်ကြည့်လိုက်တော့ မြလေးခိုင်က -

“ဦးဇင်း၊ ဆွမ်းစားကျောင်းက မီးပျက်သွားလို့၊ လာကြည့်ပေးပါဦး၊ ဝါယာကလား၊ ပလပ်ကလား မသိဘူး၊ တပည့်တော်လည်း မကိုင်ရဲဘူး၊ မနက်ဆွမ်းအတွက် အာလူးလှီးနေရင်း မီးပျက်သွားတာ ဘုရာ့”

“အေး. . . အေး၊ ဦးဇင်းလာခဲ့မယ်”

မြလေးခိုင်က ပြန်သွားသည်။ ဦးပညာက ကျောင်းတံခါးကို ပိတ်ကာ နောက်မှလိုက်သွားသည်။ ဆွမ်းစားကျောင်းဘက်တွင် မှောင်လျက်ရှိသည်။ ဖယောင်းတိုင် မီးရောင်ကလေးကသာ နီကျင်ကျင် ထွန်းလင်းနေသည်။ ဆွမ်းစားကျောင်းပေါ် လှမ်းတက်

လိုက်သည်။ ဦးပညာကျောင်းပေါ် ရောက်ရောက်ချင်း မြလေးခိုင်က အခန်းထဲမှ ထွက်လာခိုက်နှင့်ကြုံသွားသည်။ မြလေးခိုင်ကို မြင်လိုက်ရတော့ ဦးပညာ ထိတ်ခနဲ ဖြစ်သွားသည်။ အကြောင်းမှာ မြလေးခိုင်က ထဘီရင်ရှားကြီးနှင့် ဖြစ်နေသည်။ ရေချိုးခါနီး ဖြစ်ဟန်တူသည်။ ဦးပညာက စိတ်တင်းကာ မျက်နှာလွှဲလိုက်သည်။ ပြီးလျှင် ဘုရားစင်အနီးတွင်ရှိသော မီးပလပ်ပေါက်ရှိရာသို့ လျှောက်သွားလိုက်သည်။ ထိုအချိန်တွင် မြလေးခိုင်ကပါ အပါးသို့ရောက်လာပြီး မီးပလပ်ပေါက်ကို ဓာတ်မီးဖြင့်ထိုးပြသည်။

ဖြစ်ချင်တော့ မီးကြိုးကိုလိုက်စမ်းရင်း ဦးပညာလက်တစ်ဖက်က ဘုရားသောက်တော်ရေ ဖန်ခွက်ကို တိုက်မိသွားသည်။ ဖန်ခွက်က လဲသွားပြီး ရေများက ဦးပညာ ကိုယ်ပေါ်သို့ သွန်းလောင်းလိုက်သလို ဖြစ်သွားသည်။ ရွှဲရွှဲစိုသွားသည်။

"ဟင်၊ ဦးဇင်းရေတွေစိုကုန်ပြီ၊ သင်္ကန်းလဲလိုက်ဦးဘုရား၊ သင်္ကန်းလဲလိုက်ဦး"

ထိုသို့ပြောပြီး မြလေးခိုင်က ဧကသီတစ်ထည်ကို ပြေးယူခဲ့သည်။ ဦးပညာကို ထိုးပေးသည်။ ဦးပညာက 'နေပါစေ၊ ဦးဇင်းမလဲတော့ပါဘူး'ဟု ပြောနေသည့်ကြားက မြလေးခိုင်က 'အို၊ မလဲလို့မရဘူး၊ ရေတွေစိုနေတဲ့ဟာ'ဟု ပြောကာ အတင်းထိုးပေးနေသည်။ ထို့မျှမက ဦးပညာ၏သင်္ကန်းကိုပါ မြလေးခိုင်က အတင်းဆွဲချွတ်နေသည်။ မြလေး ခိုင်လုပ်ပုံကို ပထမတော့ ဦးပညာက အံ့အားသင့်နေသည်။ နောက်တော့မှ သတိဝင်လာကာ မြလေးခိုင်လက်ထဲမှ သင်္ကန်းစကို ပြန်လုရင်း မြလေးခိုင်ကိုပါ တွန်းထုတ်လိုက်မိသည်။ မြလေးခိုင်က နောက်ပြန် ဖင်ထိုင်လဲကျသွားသည်။ သို့သော်



သင်္ကန်းစက မြလေးခိုင်နှင့် ပါသွားလေပြီမို့ ဦးပညာမှာ ကိုယ်တုံးလုံးချွတ် ဖြစ်ကျန်ရစ်ခဲ့သည်။ ထိုအချိန်တွင် ဓာတ်မီးက မှိတ်ထားသလို ဖယောင်းတိုင်ကပါလဲပြီး ငြိမ်းသွားသဖြင့် အတွင်း၌ လုံးလုံးအမှောင်ကျသွားသည်။

"အား. . . ကျွတ်. . . ကျွတ်၊ ဦးဇင်းဘယ်လိုလုပ်လိုက်တာလဲ၊ အဟင့်. . . ဟင့်"

မြလေးခိုင်၏ညည်းသံက အမှောင်တွင်းမှ ထွက်ပေါ်လာသည်။ ဦးပညာက ငူငူကြီးရပ်ကာ မင်တက်နေမိသည်။ ယင်းအခိုက် ဆွမ်းစားကျောင်းတံခါးက ဝုန်းခနဲပွင့်သွားသည်။ များပြားလှသော လက်နှိပ်ဓာတ်မီးရောင်များကပါ အတွင်းသို့ စုပြုံထိုးကျလာသည်။ တစ်ပြိုင်တည်းမှာပင် လူအတော်များများက အတွင်းသို့ ဝင်ရောက်လာကြသည်။ စောစောက ဆွမ်းစားကျောင်းတံခါးကို မြလေးခိုင် ဘယ်အချိန်က ပြန်ပိတ်ထားလိုက်သည်မသိပေ။

အဖြစ်အပျက်က မြန်ဆန်လှသည်။ ဦးပညာအံ့အားသင့်နေဆဲမှာပင် ဝင်လာသူများက ဖယောင်းတိုင်မီးများကို ထွန်းညှိလိုက်ကြသည်။ ထိုနောက် လူတစ်ယောက်က အချိန်မဆိုင်းဘဲ ဦးပညာဘက် လှည့်ပြောလိုက်သည်။

"ကဲ၊ ဒီကိစ္စ ဘယ်လိုလုပ်ကြမလဲဦးဇင်း၊ တပည့်တော်က ပြည်သူ့စစ်ခေါင်းဆောင်ပဲ၊ ဒီဘက်ကလူတွေကတော့ ရွှေဖီရွာထဲက လူတွေပဲ"

ဦးပညာ ပါးစပ်အဟောင်းသားဖြစ်နေသည်။ ဘာပြန်ပြောရမှန်း မသိဘဲဖြစ်နေသည်။ လူအုပ်ထဲမှ တစ်ယောက်က ဝင်ပြောလိုက်သည်။

"ဘာမေးနေစရာ လိုသေးလဲ၊ ပက်ပင်းကြီးမိနေတဲ့ဥစ္စာ၊ သာသနာလည်းညစ်နွမ်းတယ်၊ ရပ်ရွာလည်း နစ်နာတယ်၊ ဒီလို ဘုန်းကြီးမျိုးကို သက်ဆိုင်ရာတိုင်ကြားပြီး အရေးယူရမှာပဲ"

ဦးပညာသိလိုက်ပြီ။ သို့အတွက် ရှက်လည်းရှက်လှသည်။ ကြောက်လည်းကြောက်လှသည်။ ငါတော့ ဒုက္ခနဲ့ တွေ့ပြီဟူ၍ အတုန်လှုပ်ကြီးလည်း တုန်လှုပ်ရသည်။ အောက်ကျနေသည့် သက်န်းကို ကပျာကယာ ကောက်ရုံလိုက်သည်။ ပြည်သူ့စစ်ဆိုသူက-

"တပည့်တော်တို့က သတင်းကြားနေတာ ကြာပြီ၊ ခုလို လက်တွေ့ မဖမ်းနိုင်သေးလို့ စောင့်နေတာ၊ ကဲ၊ ဦးဇင်း၊ လူထွက်ပြီး ဒီကောင်မလေးကို ယူဖို့လုပ်ပေတော့၊ ငြင်းဖို့၊ ရှောင်ဖို့တော့ မကြိုးစားပါနဲ့၊ အဲလိုလုပ်ရင် ဦးဇင်းကို ခုချက်ချင်း ဖမ်းသွားမှာပဲ"

မြလေးခိုင်က အတွင်းခန်းသို့ ရောက်သွားလေပြီ။ သို့သော် ငိုသံကိုမူ ကြားနေရဆဲဖြစ်သည်။ လူအုပ်က ဦးပညာကို ဝိုင်းထားသည်။ ဦးပညာမှာ စိတ်ထိခိုက်လွန်း၍ မျက်ရည်ပင် လည်မိသည်။ 'တပည့်တော်ကို မကယ်နိုင် တော့ဘူးလားဘုရား'ဟု ဘုရားရှင်ကို ရည်မျှော်ပြီး စိတ်ထဲက တိုင်တည်လိုက်မိသည်။ ခုမှတော့ မလွတ်သာပြီ။ ကြိုတင် ထောက်ချောက်ဆင်ထားမှန်း သိရမှတော့ လွတ်ဖို့ လမ်းမရှိပြီ။ သို့သော် သည်ကိစ္စက ကမူးရှူးထိုးလုပ်၍ မဖြစ်။ ဉာဏ်ကူမှ ဖြစ်မည်။ ပိပိရိရိ ကျော်လွှားမှဖြစ်မည်။ သို့နှင့် -

"အေးလေ၊ ခုမှတော့ ဦးဇင်းလည်း ဘာမှမပြောလိုတော့ ပါဘူး၊ ဒကာတို့ဖြစ်လိုတဲ့ ဆန္ဒအတိုင်း ဖြစ်ရမှာပေါ့၊ သို့သော် ဒီတစ်ညတော့ ဦးဇင်းကို အခွင့်ပေးပါဦး၊ ညတွင်းချင်း လူဝတ်လဲဖို့ ဆိုတာ အချိန်လည်း မရှိတော့ဘူးလေ၊ မနက်မိုးလင်းတာနဲ့ ဒကာတို့ ဒီကိုပြန်လာကြပေါ့၊ ဟုတ်ပြီလား"



အသံကိုထိန်း၍ ခပ်မှန်မှန်ပင်ပြောလိုက်သည်။ လူအုပ်က သူတို့ချင်း ပွစိပွစိပြောကာ တိုင်ပင်နေကြသည်။ ထို့နောက် ပြည်သူ့ စစ်ဆိုသူကပင် -

"ကောင်းပြီလေ၊ ဒါဆိုလည်း မနက်ကျမှ တပည့်တော်တို့ တစ်ခေါက် ပြန်လာခဲ့ပါ့မယ်၊ အဲဒီအခါ ခံဝန်ချက်မှာ ဦးဇင်း လက်မှတ် ထိုးရလိမ့်မယ်၊ ဟိုကလေးမကိုတော့ ဒီည သူ့အိမ်ကို ပြန်ပို့ ပေးထားလိုက်မယ်"

ထို့နောက် ထိုအဖွဲ့က ဓာတ်မီးတဝင်းဝင်းဖြင့် ပြန်ထွက်သွားကြသည်။ မြလေးခိုင်ကိုပါ ပြန်ခေါ်သွားကြသည်။ သူတို့ပြန်သွားပြီးနောက် ဦးပညာက ဆွမ်းစားကျောင်းကို သော့ခတ်လိုက်သည်။ သူ့ကျောင်းဆောင်ကလေးဆီသို့လည်း တိတ်ဆိတ်စွာ ပြန်လာခဲ့သည်။ ကျောင်းရောက်တော့ ပြူတင်းဝ၌ရပ်ရင်း တစ်ကိုယ်တည်း ငေးရီနေမိသည်။ ဝန်းကျင်က လမိုက်ညမို့ မှောင်မည်းလျက်ရှိသည်။ လေတိုးလိုက်တိုင်း သစ်ကိုင်းလှုပ်သံက တရှဲရှဲထွက်ပေါ်နေသည်။ သူက မိမိအဖြစ်ကို မယုံနိုင်အောင် ဖြစ်နေရဆဲပင်။ ခုတော့ မိမိဘဝလည်း မိုးမှောင်ကျရပါပကော၊ မှန်တိုင်းထန်ရပါပကောဟု တွေးနေမိသည်။ မိခင်၏စကားကို နာခံခဲ့သော ဘီလုံးငှက်ငယ်ကဲ့သို့သာ ကျင့်ကြံနေထိုင်ခဲ့ပါက မိမိ ယခုလို ဖြစ်ရမည်မဟုတ်။ ဖြန့်ကျက်လွှမ်းခြုံထားအပ်သော မြတ်ဗုဒ္ဓ၏ အကာအကွယ် လောင်းရိပ်အောက်မှ သတိလက်လွတ် ဖောက်ထွက်ခဲ့မိ၊ ကျူးကျော်ခဲ့မိသောကြောင့်သာလျှင် ဒုက္ခနှင့် ယခုလိုတွေ့ရခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်လည်း မိမိအတွက် အစစ်အမှန် ခရီးဖော်ဖြစ်သော၊ မိမိအပေါ် တကယ့်စေတနာ၊ တကယ့်မေတ္တာဖြင့် စောင့်ရှောက်ခဲ့လေသော ကပ္ပိယအိုကြီး ဒေါ်ရီအပေါ် မိမိက

ပြုစုခဲ့၊ ကျောခိုင်းခဲ့သောကြောင့်သာ ယခုလိုဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဒေါ်ရီအစား မအပ်စပ်၊ မဆက်သွယ်သင့်ကို ကပွဲယတင်မြှောက်ခဲ့မိခြင်းကြောင့် ယခုလိုဖြစ်ရခြင်း ဖြစ်သည်။ ထိုဆုလာဘ်နှင့် ထိုက်တန်ပါပေသည်၊ ရသင့်ပါပေသည်ဟု နာကြည်းစွာ တွေးတောရင်း မိမိကိုယ်ကိုယ် အပြစ်တင်မဆုံးအောင် ဖြစ်နေမိရသည်။ ကြီးစွာ နောင်တရခြင်း၊ ဖြေမဆည်နိုင်အောင် ကြေကွဲဝမ်းနည်းခြင်းတို့ဖြင့် မျက်ရည်ကို သုတ်ပြီးရင်း သုတ်နေရတော့သည်။

မည်သို့ဆိုစေ ဆုံးဖြတ်ချက်ကိုတော့ ချပြီးဖြစ်သည်။ မိမိကဘာမှမကျူးလွန်ခဲ့။ မိမိ၏ရဟန်းဘဝလည်း ဆုံးရှုံးခြင်းမရှိခဲ့။ သို့ကြောင့် အတင်းအကျပ် ဖိအားပေးခြင်းကိုတော့ မိမိ မခံယူနိုင်။ မိမိမြတ်နိုးသော ရဟန်းဘဝကို အလဟဿ မစွန့်ပစ်နိုင်။ အကောင်းဆုံးလမ်းကို မိမိရွေးချယ်ထားပြီးဖြစ်ရာ ၎င်းမှာ မိုးမလင်းမီ မိမိ၏ကျောင်းကို စွန့်ခွာသွားဖို့ပင်ဖြစ်သည်။

ဦးပညာ တစ်ညလုံး ကျောမခင်းဖြစ်ပေ။ ငုတ်တုတ်ထိုင်လိုက်၊ စင်္ကြံလျှောက်လိုက်နှင့်ပင် အချိန်ကိုကုန်လွန်စေသည်။ အရုဏ်တက်ချိန်နီးတော့မှ လုပ်ငန်းစရန် ပြင်သည်။ ဦးစွာ ဆွတ်ကျင်သောနှလုံးသားဖြင့် ဘုရားရှင်ကို ဝတ်ပြုသည်။ ထို့နောက် သပိတ်ကိုလွယ်၊ ဒုကုဋ်ကို ပခုံးပေါ်တင်ကာ သားရေနွယ်ကို လက်မှာကိုင်ရင်း ကျောင်းမှထွက် သည်။ ကျောင်းကလေးကို သော့ခတ်ပြီးသည်နှင့် အောက်ဆင်းကာ မိမိကျောင်းကို နောက်ဆုံးကြည့်ခြင်းဖြင့်ကြည့်သည်။ မိုးသားဖြူဖြူအောက်တွင် သစ်ကိုင်းတွေလှုပ်ခတ်နေတာမြင်ရသည်။ ထိုသစ်ကိုင်းများ ကြားမှာပင် အမိုးချွန်ချွန်ကလေးနှင့်တကွ တည်ငြိမ်စွာရပ်တည်နေသော ကျောင်း၏ အရိပ်မည်းမည်းကိုမြင်ရသည်။ ဤကျောင်းဆောင်မှာ ရှေးအစဉ်အဆက်



ဆရာတော်များ သီတင်းသုံးခဲ့သောကျောင်းဖြစ်သည်။ ကျောင်းကိုကြည့်ရင်း သူ့ရင်ထဲဆို့တက်လာသည်။ ထို့နောက် စိတ်ထဲမှ 'ဆရာတော်တို့က သီလနဲ့ ပြည့်စုံကြပါပေတယ်ဘုရား၊ သမာဓိနဲ့လဲခိုင်ခန့်တည်ကြည် ကြပါပေတယ်၊ တပည့်တော်ကတော့ လူမိုက်ကြီးဆိုတော့ ဒီကျောင်းမှာ ဆရာတော်တို့လို သက်ဆုံးတိုင် နေခွင့်မရတော့ဘဲ စွန့်ခွာခဲ့ရပြီပေါ့ ဘုရား၊ အစဉ်အလာဖျက်ခဲ့တဲ့ တပည့်တော်ကို ခွင့်လွှတ်တော်မူကြပါ ဘုရား'ဟု တိုင်တည်ခြင်း အမှုကိုပြုပြီးနောက် ချာခနဲလှည့်ကာ မျက်နှာလွှဲလိုက်တော့သည်။

ကျောင်းဝင်းမှထွက်၍ အတန်ကြာအောင် တောလမ်းအတိုင်းလျှောက်လာခဲ့ပြီးသော် ကုလားတက်ခေါက်သံများကို ဟိုမှသည်မှစပြီး ကြားလိုက်ရသည်။ တောကြက်တွန်သံများကိုလည်း ကြားရသည်။ သို့သော် အဗျာရုံကျောင်းဘက်မှ နေ့စဉ် ထွက်ပေါ်နေကျကုလားတက်သံကလေး ပျောက်ကွယ်ငြိမ်ဆိတ်နေပုံကို သိရှိလိုက်ရပြန်တော့ တစိုက်စိုက် လျှောက်လှမ်းနေရင်းမှပင် ဦးပညာနှလုံးသားတို့က ဆတ်ဆတ်ခါ နာကျင်သွားရပြန်တော့သည်။

* * * * *

ရပ်နားခြင်းမရှိသည့် အချိန်တို့က တရွေ့ရွေ့ ကုန်ဆုံးသွားခဲ့သည်။ အချိန်ကြာမြင့်ခဲ့သည်နှင့်အမျှ ဆူကြွလောင် မြိုက်ခဲ့ရသောဦးပညာ၏ရင်အစုံက အတန်ငယ်တော့ ငြိမ်သက်စ ပြုလာသည်။ ခံသာစပြုလာသည်။ နာကြည်းစရာ အတိတ်ကို လုံးဝမေ့မရသေးသော်ငြား တွေးမိလိုက်တိုင်း သက်ပြင်းချ၍ ဖြေဖျောက်နိုင်လာသည်။ လက်ရှိတွင် အဗျာရုံနှင့်ဝေးရာ မိတ်ဆွေဖြစ်သူ ဦးကောသလ္လ၏ကျောင်းတွင် ခိုလှုံရင်း နေသားတကျလည်း ဖြစ်စပြုနေလေပြီ။ အဗျာရုံကိုတော့ တတ်နိုင်သလောက် သတိမရဘဲနေလိုက်ချင်

သည်။ မေ့မေ့ပျောက်ပျောက် နေလိုက်ချင်သည်။ အဗျာရုံ၏ အကြောင်း အတွေးဝင်မိသည်နှင့် ထိုအတွေးကို ကြိုးစားပြီး လမ်းကြောင်း ပြောင်းခဲ့မြဲလည်း ဖြစ်သည်။

သို့သော် တစ်နေ့တွင် သူမေ့ထားချင်သော အဗျာရုံအကြောင်းကိုမှ အစဖော်ပေးမည့်သူများက ဆိုက်ဆိုက် မြိုက်မြိုက်ပင် ရောက်ရှိလာသည်။ ထိုနေ့က ဦးကောသလ္လနှင့်အတူ ကျောင်းပေါ်၌ စကားစမြည်ပြောနေစဉ် ကျောင်းဝင်းထဲ ဝင်လာသော လူတစ်စုကို ဦးကောသလ္လက လှမ်းမြင်လိုက်ရသည်။ မြင်မြင်ချင်းလည်း မှတ်မိသွားကာ ဦးပညာအား အလန့်တကြားလှမ်းပြောလိုက်သည်။

"ဟော၊ ကိုယ်တော်၊ ကိုယ်တော့်ဒကာတွေ လိုက်လာကြပါလား၊ ဟိုမှာ၊ ဦးကျော်ဆွေရယ်၊ ဒေါ်သန်းကြည်ရယ်၊ ဒေါ်ချစ်ရယ်ဗျ"

ဦးပညာလှမ်းကြည့်လိုက်ရာ တကယ်ပင် ထိုဒကာများ ဖြစ်နေသည်မို့ ရင်ထိတ်သွားသည်။ ဦးကောသလ္လမှာ အဗျာရုံတွင် ရက်ရှည် နေထိုင်ခဲ့ဖူးသူမို့ ထိုဒကာများကို သိရှိနေခြင်းဖြစ်သည်။

"လာကြ၊ လာကြ၊ ဒကာကြီး ဦးကျော်ဆွေတို့၊ ဘယ်ကဘယ်လို မျက်စိလည်လာကြတာလဲ"

"မျက်စိလည်လာတာမဟုတ်ဘူး ဘုရား၊ ဒီကိုပဲ တမင်လာကြတာ၊ အကြောင်းကတော့ ဦးပညာကို ပြန်လာပင့်တာပါဘုရား"

ဦးကောသလ္လအမေးကို ဦးကျော်ဆွေက ပြန်ဖြေလိုက်ခြင်း ဖြစ်သည်။ ထိုစကားကြားရတော့ ဦးပညာ ပို၍ ရင်ထိတ်သွားရသည်။ သို့သော် စကားတော့ မည်သို့မျှ မဆိုမိသေး။ ဦးကောသလ္လကပင်-

"နို၊ ဦးပညာကို ပြန်ပင့်ရအောင်က အခြေအနေက ကောင်းလို့လား ဒကာကြီးရဲ့"



"ကောင်းသွားပြီ ဘုရား၊ ကောင်းသွားပြီ၊ နောက်ပိုင်းရောက်မှ ဒါဟာ သက်သက်လုပ်ကြံမှုပဲဆိုတာ တပည့်တော်တို့လည်း သိကြရပါတယ်၊ ကောင်မလေးက မိန်းမလည်လေးပဲ ဘုရား၊ ကဲ- ကဲ အကြောင်းစုံကို ဒေါ်ချစ်ပဲ ဆက်ရှင်းပြလိုက်ပါ"

ဦးကျော်ဆွေက တစ်ဖန်လွှဲပေးလိုက်သည်နှင့် ဒေါ်ချစ်က ဆက်ပြောလိုက်သည်။

"တင်ပါဘုရား၊ အခြေအနေရှုပ်နေတုန်းမှာ ဦးဇင်းထွက်သွားလိုက်တာ မှန်သွားတယ်ဘုရား၊ နောက်ပိုင်းရောက်တော့မှ အဖြေမှန်က ဘူးပေါ်သလို ပေါ်လာတယ်၊ ဒီ မြလေးခိုင်ဆိုတဲ့ကောင်မလေးက တစ်ခုလပ်မ ဘုရား၊ ဟိုတုန်းကတည်းက ဟိုကျောင်း ဒီကျောင်းတွေမှာ လိုက်ရှုပ်ခဲ့ဖူးတဲ့ရာဇဝင် ရှိတယ်တဲ့၊ အခု ဦးပညာကိုလည်း အပိုင်ကိုင်လိုက်တာပဲ၊ ဦးပညာက ရော်ဘာခြံတွေ အမွေရထားတာကို သူသိထားတယ်၊ ဒီတော့ ဦးပညာကိုရရင် ချမ်းသာမယ်ဆိုပြီး အပိုင်ချလိုက်တာ ဘုရား၊ သူက ဒေါ်ရီ မရှိတော့တဲ့နောက်ပိုင်း ဦးပညာကို ဖြည်းဖြည်းချင်း ဆွဲဆောင်နေတာ၊ မြူဆွယ်နေတာ၊ အဲဒီညကတော့ သူက သူ့မောင်တစ်ဝမ်းကွဲ ပြည်သူ့စစ်ဆိုတာရယ်၊ ရွာထဲက လူတချို့ရယ်ကို တစ်ဘက်လှည့်နဲ့ သွားတိုင်ပြီး ဝိုင်းဖမ်းခိုင်းလိုက်တာ၊ ကျွန်မတော့ ဦးပညာနဲ့ငြိစွန်းနေပါပြီ၊ လွန်ကျူးနေပါပြီ၊ ဒါကြောင့် ဦးပညာက မယူလို့မဖြစ်အောင် ဝိုင်းဖမ်းပေးကြပါ၊ ဘာညာနဲ့ သွားပလီတော့ ဟိုလူတွေကလည်း တကယ်မှတ်ပြီး ဝိုင်းလုပ်ပေးလိုက်တာပဲ၊

နောက်တစ်ချက်က ဒီအထဲမှာ ဦးမွှာနန္ဒရဲ့စနက်လည်း ပါတယ်ဘုရား၊ သူက ဝါသာကြီးတာ၊ နည်းနည်း နာမည်ပျက် ရှိထားတော့ ဘယ်ကျောင်းကမှ ကျောင်းထိုင် မတင်ချင်ကြဘူး၊ ဒီတော့

ဦးပညာသာ ဒီကျောင်းက ပြေးရရင် သူ ဒီကျောင်းကို ရချည်ရဲ့ ဆိုတဲ့သဘောနဲ့ ကျောင်းမှာ ဓာတ်လမ်းတွေ မရှုပ်ရှုပ်အောင် မွှေထားပေးခဲ့တာဘုရား၊ ပြောရရင် ဒေါ်ရီထွက်သွားရတဲ့ကိစ္စမှာလည်း ဒီရည်ရွယ်ချက်တွေပါတယ်၊ ဦးဓမ္မာနန္ဒအကြောင်းကိုတော့ တပည့်တော်တို့လည်း ဟိုတုန်းကတည်းက သိသင့်သလောက် သိထားကြတာပဲ၊ သူ့ကို ဘယ်သူမှ မနှစ်သက်ပါဘူး၊

ဒီတော့ ဦးပညာမရှိတဲ့နောက် တပည့်တော်တို့လည်း ကျောင်းကို ပြန်ပြီး ထိန်းသိမ်း ထားကြရတာပေါ့၊ ပြဿနာကိုလည်း စောင့်ကြည့်နေကြတယ်၊ သူတို့ဘက်ကတော့ ပြောနေကြတာပေါ့။ ဦးပညာကို လိုက်ရှာရမယ်၊ ပြီးရင် ဒီကိစ္စ ဖြေရှင်းခိုင်းရမယ်နဲ့ ပြောနေကြတာပေါ့၊ ဒါနဲ့ တပည့်တော်တို့ဘက်ကလည်း ဒါဟာ သက်သက်လုပ်ကြံမှုဆိုတာ သိရပြီးတဲ့နောက် သူတို့ဘက်ကို ပြန်သတင်းလွှင့် ပေးလိုက်တယ်၊ ဦးပညာနဲ့ ကျူးကျူးလွန်လွန် ဖြစ်တယ်ဆိုတာ မှန်ရဲ့လား၊ မျက်မြင်သက်သေရော ရှိလို့လား၊ ဦးပညာ ပါရာဇိက ကျတယ်ဆိုတာမှန်ရင် ကောင်မလေးကို စစ်ဆေးရမယ်၊ အဲဒီညက သူဝတ်လာတဲ့ အဝတ်အစားတွေကို ဓာတ်ခွဲကြည့်ရင် အဖြေပေါ်တယ်၊ ဘာညာနဲ့ ပြန်သတင်းလွှင့် ပေးလိုက်တယ်၊ အဲဒီမှာတင် သူတို့လည်း လန့်ကုန်ပြီးတော့ တစ်ခါတည်း အသံတိတ်သွားကြတော့တာပဲ၊ ဒီကိစ္စကို ဘာမှထပ်ပြီး လေသံမဟရဲကြတော့ဘူး၊ မြလေးခိုင်လည်း ဘယ်ပြေးသွားမှန်း မသိဘူး”

ဒေါ်ချစ်စကားဆုံးသော် ဦးကျော်ဆွေက ဆက်လျှောက် လိုက်သည်။



“ဒီတော့ ပြဿနာလည်းရှင်း လမ်းလည်းရှင်းပြီမို့ ဦးဇင်းလည်း ကျောင်းကိုပြန်ကြွပါဘုရား၊ ကျောင်းက ဦး ဇင်းမရှိတဲ့နောက် ကျောင်းဆိုး၊ ကျောင်းပျက်ကြီးလို ဖြစ်နေတယ်ဘုရား”

ဦးကျော်ဆွေ လျှောက်ထားမှုကြောင့် ဦးပညာ လှိုက်ခနဲ ဝမ်းသာသွားသည်။ သို့သော် ချိန်ချိန်ဆဆနှင့်တော့ ပြန်ပြောလိုက်ရသည်။

“အေးလေ၊ ဦးဇင်းလည်း ကိုယ့်ကျောင်းနဲ့ကိုယ်တော့ ပြန်နေချင်တာပါပဲ၊ သို့သော် ဒကာကြီးတို့က ဦးဇင်းအပေါ် ယုံကြည်စိတ်ချမှုရှိတာဟာ တကယ်ဟုတ်ရဲ့လားလို့တော့ ဦးဇင်းက စဉ်းစားနေမိတယ်”

“အို၊ ဒါတွေ ပြောနေစရာ လိုသေးလား ဘုရား၊ ကိုယ့်ဆရာနဲ့ ကိုယ့်ဒကာတွေပဲဟာ၊ ကြည်ညိုပြီးသားပေါ့၊ စိတ်ချပြီးသားပေါ့၊ ကျောင်းမှာ ဒေါ်ရီတို့ မြေးအဖွားလည်း ပြန်ရောက်နေပြီဘုရား၊ ဦးငွေသော်ကြီးတောင် မနေ့ကမှ ပြန်ရောက်တယ်၊ ကဲ- တပည့်တော်တို့ မြန်မြန်ပြန်လိုက်ကြရအောင် ဘုရား”

သို့နှင့်ပင် ပြည်တော်ပြန်ဖို့က အကြောင်းဖန်လာခဲ့ရပြန်သည်။ ဦးပညာ ပေါ့ပါးသွားသည်။ ရွှင်လန်းသွားသည်။ အမှိုက်ဟူသမျှ ရှင်းလင်းသွား၊ ကင်းစင်သွား၊ လောင်ကျွမ်းသွားလေပြီဟု ခံစားလိုက်ရသည်။ အရာရာ ဘေးကင်းသွား၊ ရန်ရှင်းသွားခြင်းနှင့်အတူ သူ့ရင်သည်လည်း လုံးလုံး အေးမြသွား၊ ငြိမ်းချမ်းသွားတော့သည်။

* * * * *

“တောက်. . . တောက်. . . တောက်. . . တောက်. . . တောက်”

တလွင့်လွင့် ထွက်ပေါ်နေသော တုံးခေါက်သံနှင့် မရှေ့မနှောင်းမှာပင် ဦးပညာက သပိတ်ကိုပိုက်ကာ တည်ငြိမ်သော ဣန္ဒြေဖြင့် ကျောင်းမှ ထွက်ကြွလာသည်။ ဆွမ်းစားကျောင်း အပေါက်ဝကို ရောက်တော့ ကြားနေကျအသံက ဆီးကြိုနေလေသည်။

"ဟောဒီ တုတ်တုတ်ဟာလေ၊ ဘယ်တော့မှ နားမရှိဘူး၊ တံမြက်စည်းကို အဲဒီလိုလှည်းတော့ အမှုန်တွေက ဆွမ်းပွဲတွေထဲ မဝင်ပေဘူးလား၊ တံမြက်စည်းကို ဖိလှည်းမှပေါ့ဟဲ့၊ ဟောကြည့်၊ လှည်းပြီးသား အမှိုက်တွေကို ကျောင်းအောက် ပစ်ချနေပြန်ပြီ၊ လှည်းပြီးသားတွေကိုပုံ၊ အမှိုက်ခွက်နဲ့ကြုံး၊ ပြီးရင် တောင်းထဲ ထည့်ပါဆိုတာကို နင်မေ့ပြန်ပြီလား၊ ပြောရတာမောလိုက်တာ၊ တကတဲ၊ ဘယ်လိုဟာလေးနဲ့များ လာတွေ့နေရတယ်မသိပါဘူး"

ဦးပညာက အသာပြုံးလိုက်သည်။ အပေါ်သို့လည်း အသာလှမ်းတက်လိုက်သည်။ ဦးပညာကိုမြင်သည်နှင့် ဒေါ်ရီက 'ဟော၊ ဦးဇင်း ကြွလာပြီ၊ ဦးငွေသော်ရေ ဆွမ်းကပ်ရအောင်'ဟု အသံပြုလိုက်သည်။ ထို့နောက် ဆွမ်းပွဲ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူလိုက်ကြသည်။ ဦးပညာထိုင်ပြီးသည်နှင့် ဆွမ်း စကပ်ကြသည်။ ဆွမ်းကပ်ပြီးသော် အဘိုးကြီးအဘွားကြီးများက အသာ နောက်ဆုတ်သွားကြသည်။

ဆွမ်းကို မှန်မှန်ဘုဉ်းပေးရင်း ဦးပညာက အသာမျက်လွှာပင့်ကြည့်လိုက်မိသည်။ ဒေါ်ရီက ထုံးစံအတိုင်း ကွမ်းသီးညှပ်နေသည်။ တုတ်တုတ်က ဘီရိုကိုမှီထိုင်က မျက်နှာကြက်ကို မော့ကြည့်နေသည်။ ဦးငွေသော်ကား မျက်စိကိုစုံမှိတ်လျက် ခါးကိုင်းထိုင်ရင်း ယပ်ကို တဖျပ်ဖျပ်ခတ်ပေးနေသည်။ ဝန်းကျင်၌ ကွမ်းညှပ်သံ တချပ်ချပ်မှတစ်ပါး အခြားမရှိ။ ပကတိငြိမ်သက်နေသည်။



သူတို့ကိုကြည့်ရင်း ဦးပညာစိတ်ထဲ အထူးချမ်းမြေ့နေမိသည်။ ဝမ်းမြောက်နေမိသည်။ တကယ်တော့ ဤဇရာအိုကြီးနှစ်ဦးနှင့် ဤမအူမလည် ကလေးငယ်တို့သည်သာ မိမိ၏ အဖော်မွန် စစ်စစ်များ ဖြစ်ကြသည်ကို ဦးပညာ ကောင်းစွာသိရှိလိုက်လေပြီ။ အဖော်မွန်မှ ရိုးရိုး အဖော်မွန်မဟုတ်ဘဲ အဆင်းလည်းတင့်တယ်၊ အသံပါသာယာပြီး မနောပါ ဖြူစင်ကြလေသော အဖော်မွန်များ ဖြစ်ကြသည်။ သူတို့သည်သာလျှင် တကယ်ချစ်အပ်၊ မြတ်နိုးအပ်သော မိမိ၏ လက်တွဲဖော်၊ ခရီးဖော်များ ဖြစ်ကြသည်။ ဤအဖိုးတန်များကို မိမိ ဘာနှင့်မျှ မလဲနိုင်ပြီ။ နောက်နောင် သူတို့နှင့် ဘယ်တော့မှ လက်တွဲမဖြုတ်ရအောင်၊ လမ်းမခွဲရအောင် မိမိကြိုးစားမည်။ ထိုအခြေအနေကို မည်သည့်အကြောင်းကြောင့်မှ မပျက်စီး၊ မယိုင်လဲရအောင်လည်း မိမိအားထုတ်မည်။

ထိုအတွေးများနှင့်အတူ ဦးပညာက ပို၍ကြည်နူးသလိုဖြစ်လာသည်။ တစိမ့်စိမ့်တက်လာသော ပီတိက သူ့တစ်ကိုယ်လုံးလွှမ်းခြုံမိသွားသလိုလည်း ဖြစ်သွားသည်။ သို့ကြောင့်ပင် ယနေ့ ဘုဉ်းပေးနေရသော ဆွမ်းလုတ်များသည်ပင် ယခင်ကနှင့်မတူဘဲ နတ်သုဒ္ဓါတစ်မျှ အရသာချိုမြိန်လျက် လေးလေးပင်ပင် ရှိလှသည်ဟု ဦးပညာ ထင်မြင်နေမိတော့သည်။

## ပိုင်းခြားဆင်ခြင် ဉာဏ်နှင့်ယှဉ်သော်

မိုးဦးကာလမို့ မိုးက ဖြိုင်ဖြိုင်ရွာသွန်းခြင်း မရှိသေးပေ။ မိုးမမှန်သေးပေ။ မိုးက တစ်ခါတရံ၌သာ ဝေါခနဲရွာ ချသွားပြီး အတန်ကြာအောင် ပျောက်ချင် ပျောက်နေတတ်သေးသည်။ မိုးကြောင့် ဝန်းကျင်တစ်ခုလုံး စွတ်စိုမှိုင်းမှုန်နေသည့် ရာသီမျိုးသို့ မရောက်ရှိသေး။ မြင်မြင်သမျှ ရှုခင်းများက ပွင့်လင်းနေသေးသည်၊ ကြည်သာနေသေးသည်။ ထိုမျှမက တစ်ခါတရံမှသာ ဆွတ်ဖျန်း ဆေးကြောပေးသွားတတ်သည့် မိုးရေကြောင့် သဘာဝတောတောင်များက ပို၍ပင် စိမ်းစို လှပလျက်ရှိသည်။ မိုးရေစွတ်ထားသော သစ်ပင်တောအုပ်များက နေရောင်ပြင်းပြင်းအောက်တွင် ကျောက်စိမ်းရောင်ထပြီး တလက်လက် တောက်ပနေသကဲ့သို့ တောင်ကတုံးနှင့် ကွင်းပြင်များကမူ ဝါထိန်ပြီး ရွှေရောင်တောက်နေကြတော့သည်။ စပ်ကူးမတ်ကူးကာလ၏ တင့်မောဖွယ် ပန်းချီကားတစ်ချပ်ကို တွေ့မြင်နေရသလိုပင်။

သာယာသော ထိုကာလ၌ တောင်ပို့စွန်းဒေသရှိ ဘေးမဲ့တောရကျောင်းအတွင်း၌မူ သာယာခြင်းက အလျဉ်း ကင်းမဲ့လျက်ရှိသည်။ မှန်သည်။ ထိုရပ်ဝန်းတစ်ဝိုက်၌ ပဋိပက္ခတစ်ခုကြောင့်





လူတစ်စုက နှစ်ဂိုဏ်းနှစ်ပက္ခ ကွဲလျက်ရှိသည်။ သူ့အုပ်စု၊ ကိုယ့်အုပ်စု အငြင်းပွားလျက်ရှိသည်။ ပဋိပက္ခ အသွင်၊ ဝိရောဓိ အသွင်ကို ဆောင်ယူနေသည်ဆိုမှတော့ မေတ္တာခေါင်းပါးခြင်း၊ အငြိုးသိုခြင်း၊ အမုန်းထားခြင်းများနှင့် ဖွဲ့စည်းဖြစ်တည်နေမည့် သဘောအား အထူးဆိုဖွယ် မလိုတော့ပေ။ ထို့ကြောင့်ပင် ထိုရပ်ဝန်း၌ သာယာခြင်းကင်းမဲ့လျက်ရှိသည်ဟု အထက်က ဆိုခဲ့ခြင်းဖြစ်တော့သည်။

ပဋိပက္ခဖြစ်ပွားရာ နေရာမှာ ဘေးမဲ့ကျောင်းတွင်ဖြစ်ပြီး ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းကလည်း 'ဘေးမဲ့' ပြဿနာပင်ဖြစ်သည်။ ထင်ဆင့်ရှင်းရသော် ဤကျောင်းရှိ အဖွဲ့တစ်ဖွဲ့က 'ဘေးမဲ့ကျောင်း'ဟူသည့် အမည်နာမနှင့်အညီ ဤကျောင်းတွင် နေထိုင်ကြသော ရဟန်း၊ ရှင်၊ လူ မှန်သမျှ ဘေးမဲ့ကိုသာ စားသုံးရမည်။ တစ်နည်းအားဖြင့် ဘေးမဲ့စည်းကမ်းကိုသာ လိုက်နာရမည်။ စသည်ဖြင့် ထိုမူအတိုင်း လက်ခံထားသည်၊ စွဲကိုင်ထားသည်။ အခြားသော အဖွဲ့တစ်ဖွဲ့ကမူ ဘေးမဲ့ဝါဒကို ဆန့်ကျင်သည်။ သူတို့က ဘေးမဲ့ဆွမ်းကို စားလည်း မစားလို၊ စားလည်း မစားနိုင်။ ဘေးမဲ့အစား 'ကြုံရာ'ကိုသာ စားလိုသည်။ စသည်ဖြင့် ဝါဒရေးရာ ကွဲပြားကြရာမှ အပြန်အလှန် ပြောဆို၊ ချေပ၊ ငြင်းခုန်ကြရင်း ပဋိပက္ခအသွင်သို့ ရောက်မှန်းမသိ ရောက်သွားခဲ့ရခြင်း ဖြစ်သည်။

ဤ၌ ဤဘေးမဲ့တောရကျောင်း၏ သမိုင်းကို အကျဉ်းမျှ ဖော်ပြလိုသည်။ ဤကျောင်းမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၈၀ ကျော် ခဲ့လေပြီ။ ဤကျောင်း၌ သီတင်းသုံးခဲ့သော ဆရာတော် အစဉ်အဆက်မှာ ဘေးမဲ့ဆရာတော်ကြီးများသာ ဖြစ်ကြသည်။ ထိုနည်းတူ ဤကျောင်း၏ ဝေယျာဝစ္စနဝကမ္မများအတွက် ပြုစုစောင့်ရှောက်ကြကုန်သော ဒကာ၊ ဒကာမများမှာလည်း ရှေးဘိုးဘွား

အစဉ်အဆက်က ဆင်းသက်လာသော ဘေးမဲ့ဒကာ၊ ဒကာမများသာ ဖြစ်ကြလေသည်။ ဤကျောင်း၏ နောက်ဆုံးဆရာတော်ဖြစ်သော ဆရာတော် ဦးနာဂိက ပျံလွန်တော်မူပြီးနောက်ပိုင်းခေတ္တမျှ ဘေးမဲ့ဘုန်းကြီးနှင့် အဆက်ပြတ်သွားခဲ့ရသေးသည်။ ပြီးခဲ့သည့်နှစ်ကမှ ဘေးမဲ့ကိုယ်တော်လေးတစ်ပါးကို ပြန်လည် ရရှိခဲ့ကြသည်။ ထိုကိုယ်တော်လေးမှာ ဦးစန္ဒိမာဖြစ်ပြီး ဝါတော်မှာလေးဝါမျှသာ ရရှိသေးသည်။ သို့ကြောင့် မနှစ်က ဝါဆိုခါနီးတွင် ဒကာများက အခက်အခဲတချို့နှင့် ကြုံကြရသည်။ ဝါတွင်း၌ကျောင်းတွင် ထေရ်ကြီးဝါကြီးဟူ၍ အနည်းဆုံး တစ်ပါးလောက်တော့ ရှိထားသင့်သည်။ သို့မှသာ ရဟန်းခံတို့၊ ရှင်ပြုတို့လို ကိစ္စမျိုးမှအစ ကထိန်တို့၊ သိမ်တို့လို ကိစ္စမျိုးအထိ နိသျရည်း ပေးမည့်သူရှိပေမည်။

ဝါဝင်ခါနီးတွင် သူတို့ဆန္ဒ ပြည့်ဝသွားသည်။ ကျောင်းသို့အာဂန္တုကိုယ်တော်များ ကြွလာရာ ထိုကိုယ်တော်များက ဤဘေးမဲ့ကျောင်းမှာပင် ဝါဆိုတော့မည်ဟု ဆိုကြသည်။ ၎င်းတို့အားလုံးဦးဇင်းလေး ဦးစန္ဒိမာနှင့် ခင်မင်ရင်းနှီးပြီးသူများ ဖြစ်ကြပြီး ထိုအဖွဲ့ထဲတွင် ဦးကုမာရက ဝါ ၁၁ ဝါဖြင့် ဝါအကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ထို့ပြင် ဦးကုမာရက စာပေ ပရိယတ်နှင့်လည်း ပြည့်စုံကာ အကျင့်သိက္ခာရော၊ ဥပဓိရုပ်ပါ ဘာမျှပြောစရာ မရှိသူ ဖြစ်သည်။ ဒကာများအတွက် ဝမ်းမြောက်ဖွယ်ပင် ဖြစ်သည်။ အာဂန္တုများကိုလိုက်လှဲပျူငှာ ကြိုဆိုကြသည်။

သို့ြငား ဒကာများက ဦးကုမာရတို့ကို ကြိုတင် လျှောက်ထားချက်တစ်ခုရှိသည်။ ကြိုတင် သဘောတူညီချက် ရယူထားခြင်းဟုလည်း ဆိုနိုင်သည်။ အခြားမဟုတ်။ ဤကျောင်းမှာ ဘေးမဲ့ကျောင်း



ဖြစ်သည်။ ထို့ကြောင့် ဆွမ်းမှအစ ဘေးမဲ့ စည်းကမ်းအတိုင်းဦးကုမာရတို့က လိုက်နာနိုင်ပါမည်လားဟု လျှောက်ထားကြခြင်းဖြစ်သည်။ ထိုစဉ်ကတော့ ဦးကုမာရတို့ကလည်း နေနိုင်ပါသည်၊ စားနိုင်ပါသည်၊ လိုက်နာနိုင်ပါသည်ဟု ခပ်လွယ်လွယ်သာ အာမဝန္တာ ခံခဲ့ကြသည်။

တကယ်တန်းကျတော့လည်း ဝါတွင်းတစ်ခုလုံး ဘာပြဿနာမှမရှိ။ အားလုံးအဆင်ချောခဲ့သည်သာ။ ဆရာ၊ ဒကာ ညီညွတ်ပြေလည်ခဲ့သည်သာ။ အဲ၊ ဝါကျွတ်ပြီးနောက် ပြဿနာကစလာတော့သည်။ ဝါကျွတ်၍ လွတ်လပ်ရေးရသဖြင့် ကိုယ်တော်များ ဟိုသွားသည်လာ ပြုကြသည်။ ထိုအခါ ကျောင်းအပြင်ရောက်သဖြင့် ကြုံရာနေရာ၌ ကြုံရာအစားအစာကို စားသောက်မိကြသည်။ ကျောင်းသို့ပြန်လာသောအခါ 'ဘေးမဲ့'ကို သဘောမတွေ့နိုင်ကြတော့၊ မစားနိုင်ကြတော့။ ထိုမှစကာ ကိုယ်တော် တစ်ပါးနှစ်ပါးကစပြီး စည်းစပျက်လာသည်။ ပြင်ပမှ ကြုံရာဆွမ်း (သားငါးအပါအဝင်)များကို ခံယူလာကာ ကျောင်းပေါ်တင်စားသည်အထိဖြစ်လာသည်။ နောက်ဆုံး ကိုယ်တော်အားလုံး စည်းပျက်သွားကာကြုံရာစိတ်ကြိုက် ဘုဉ်းပေးသည်အထိ ဖြစ်လာကြသည်။ အဆိုးဆုံးမှာ ကျောင်းရှိ ကပ္ပိယများကို သားငါးများ ဝယ်ခြမ်းစီမံစေပြီးအကပ်ခိုင်းသည်အထိ ဖြစ်လာခြင်းပင်။

ဒကာများက ထိုအဖြစ်ကို မခံမရပ်နိုင် ဖြစ်ကြသည်။ ကျောင်းသို့ စုရုံးလာပြီး ကိုယ်တော်များကို ကန့်ကွက်ကြသည်၊ တားမြစ်ကြသည်၊ ရပ်တန်းကရပ်ရန် လျှောက်ထားကြသည်။ ကိုယ်တော်များကလည်း နောက်မဆုတ်နိုင်တော့။ ဘေးမဲ့ကိုပြန်မစားနိုင်ကြတော့။ ဤတွင် ဆရာ၊ ဒကာ ခွန်းကြီးခွန်းငယ်

ဖြစ်ကြရသည်။ ငြင်းကြ၊ ခုန်ကြ၊ စကားနိုင်လုကြနှင့် ဖြစ်ကြရသည်။ နောက်ဆုံး ဒကာများက ဘာမှမပြောကြတော့။ ပြောလည်း ရတော့မည်မဟုတ်။ သံဃာနှင့် လူဆိုသည်က မည်သို့မျှ မယှဉ်သာ။ သံဃာကို နှုတ်ဖြင့်ပြော၍မရသောကြောင့် ကိုယ်ထိလက်ရောက် ဆွဲရမ်းတားမြစ်ဖို့ဆိုသည်မှာ စိတ်ပင်မကူးရဲပေ။ သို့နှင့် သူတို့ဘက်က ငြိမ်နေလိုက်ကြရခြင်း ဖြစ်သည်။ သို့သော် လက်လျှော့လိုက်ခြင်း၊ အရှုံးပေးလိုက်ခြင်းကား မဟုတ်ပေ။ ဒကာ အတော်များများက အိမ်သို့မပြန်ကြတော့ဘဲ ဤကိုယ်တော်များ ကိစ္စ၊ ဤအရေးအခင်းကိစ္စ မည်သို့ ဖြေရှင်းရမည်ကို ကျိတ်၍ကြံစည်နေကြသည်။

ဦးကုမာရတို့ကလည်း ခပ်တည်တည်၊ ခပ်တင်းတင်းပင် ဆက်စခန်း သွားနေကြသည်။ ဒကာများ မရှိလျှင်လည်း ရသည်၊ ကပ္ပိယ မရှိလျှင်လည်းရသည် ဟူသော ခံယူချက်ဖြင့် ဆွမ်းစားကျောင်းကို အုပ်စီးထားကာ ပုံမှန်အတိုင်း ကြုံရာကိုသာ ဆွမ်းခံ ဆွမ်းစား လုပ်နေကြသည်။ မူလကျောင်းစောင့် ဦးဇင်းလေး ဦးစန္ဒိမာ ခမျာမှာ ဝါကြီး ကိုယ်တော်များကိုလည်း ကြောက်ရွံ့ရ၊ လေးစားရ။ မိမိဒကာများကိုလည်း ငဲ့ညှာရ၊ အားနာရနှင့် ဗျာများနေရှာသည်။ သို့သော် သူက အခြားကိုယ်တော်များနှင့် ပူးပေါင်းနေရသော်လည်း စိတ်ဓာတ်အားဖြင့်မူ ဒကာများဘက်သို့ ယိုင်သည်။ လက်ရှိတွင်လည်း ဘေးမဲ့ဒကာများအိမ်သို့သာ ဆွမ်းရပ်ပြီး ဘေးမဲ့ကိုသာ ဘုဉ်းပေးလျက်ရှိသည်။ ဤအချက်နှင့်ပတ်သက်၍တော့ ဦးကုမာရက ဦးစန္ဒိမာကို မည်သို့မျှ မဝေဖန်ပေ။ ဘေးမဲ့မစားနှင့်ဟု မတားမြစ်သလို ကြုံရာစားပါဟုလည်း မတိုက်တွန်းချေ။



ဆိုခဲ့သည့်အတိုင်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ သူ့အယူအဆ၊ ကိုယ့်အယူအဆ စွပ်စွဲ၊ ပြစ်တင်၊ ငြင်းခုန်ခြင်းများ မရှိတော့သော်လည်း အခြေအနေက တင်းမာနေမြဲ ဖြစ်သည်။ ထိုအဖွဲ့နှစ်ဖွဲ့တွင် ပါဝင်ကြသော ပုဂ္ဂိုလ်များကို အတိအကျဖော် ပြရပါက 'ကြုံရာ' ကိုယ်တော်များအဖွဲ့တွင် ဦးကုမာရနှင့်အတူ ဦးကုန္ဒာစာရ၊ ဦးပညာဇောတ၊ ဉာဏိန္ဒ၊ ဦးအရိန္ဒမ အစရှိသောကိုယ်တော်များ ပါဝင်ကြသည်။ ဘေးမဲ့ဒကာများ အဖွဲ့တွင်မူ အ. ထ. က ကျောင်းအုပ်ဆရာမကြီး ဒေါ်လှကြည်က ဦးဆောင်ကာ ဦးကြင်သိန်း၊ ဒေါ်အေးခင်၊ ဒေါ်လှမြင့်၊ ကိုမောင်ခိုင် အစရှိသူများ ပါဝင်ကြ၏။ သူတို့နှင့် လိုက်ပါလာသော အခြားအဖော်သဟဲများ၊ အဆွယ်အပွားများကိုပါ ထည့်တွက်ပါက ဘေးမဲ့အဖွဲ့က အင်အားစုစုပေါင်း ၂၀ ကျော်ခန့် ရှိသည်။ ဦးကုမာရတို့က ဒကာများ တပ်ချထားရာ ဓမ္မာရုံဘက်သို့ မကူးကြဘဲ မိမိတို့ကျောင်းဆောင်များမှာပင် ခပ်တင်းတင်းနေနေကြသကဲ့သို့ ဒေါ်လှကြည်တို့ အဖွဲ့ကလည်း ဆွမ်းစားကျောင်းနှင့် ကိုယ်တော်များရှိရာဘက်သို့ ယောင်၍မျှမသွားဘဲ ဓမ္မာရုံမှာပင် ခြေကုပ်ယူနေကြသည်။

လိပ်ခဲတည်းလည်း ဖြစ်နေသော အခြေအနေကို ပတ်ဝန်းကျင်ကလည်း ရိပ်မိကြသည်။ အနီးအပါးမှလူများက ကျောင်းသို့ အလည်လာသလိုလို၊ ဘာလိုလိုနှင့် မယောင်မလည်ရောက်လာကာ စူးစမ်းသမှု၊ စပ်စုသမှု ပြုကြသည်။ တောင်ပို့စွန်း သာသနာ့နယ်မြေ အတွင်းရှိ အခြားကျောင်းတိုက်များမှ ရဟန်း၊ သီလရှင်၊ ကပ္ပိယ အစရှိသူများကလည်း ဟိုမှသည်မှ ရောက်လာကြကာ အဖွဲ့နှစ်ဖွဲ့ စလုံးနှင့် တွေ့ဆုံပြီး သတင်းမေးကြသည်၊ စနည်းနာကြသည်။ အဖွဲ့နှစ်ဖွဲ့စလုံးကလည်း မိမိတို့စွဲကိုင်ထားသည့် မူဝါဒ၊ အယူအဆ

များကို မေးလာသူများအား အားတက်သရော ရှင်းပြကြသည်။ ရှင်းပြရင်းမှလည်း မိမိတို့ကသာ မှန်ကန်ကြောင်း စည်းရုံးရေး စကား ပြောလိုက်ကြသည်။

ဤသို့ ကြုံရာအဖွဲ့တွင် ဦးကုမာရက လာသမျှ ဧည့်သည်တိုင်းကို ဒိုင်ခံ ရှင်းပြနေရသူဖြစ်ရာ ဧည့်သည်ကသာ တစ်ဦးပြီးတစ်ဦး ပြောင်းသွားမည် ဖြစ်သော်လည်း ဦးကုမာရ ရှင်းပြသော အကြောင်းအရာများ၊ အချက်အလက်များက ပြောင်းလဲမှု မရှိပေ။ တစ်ပုံစံတည်း၊ တစ်မျိုးတစ်မည်တည်းသာ ဖြစ်လျက်ရှိသည်။ ဥပမာ အားဖြင့် ပြင်ပမှ ဒကာတစ်ဦးက အခြေအနေကို လာရောက် စုံစမ်းသည်ဆိုပါစို့၊ ဦးကုမာရက ထိုဒကာကို အောက်ပါ ပြောရိုး ပြောစဉ်အတိုင်း ဖြေကြားရှင်းလင်းလိမ့်မည် ဖြစ်သည်။

"ဒကာကြီး စဉ်းစားကြည့်ပေါ့ဗျ၊ ဦးဇင်းတို့ ခုလို ရပ်တည်နေတာက ကျောင်းရချင်လို့လည်းမဟုတ်ဘူး၊ တခြား ဘာမှရချင်လို့လည်း မဟုတ်ဘူး၊ မှားယွင်းနေတဲ့ အတွေးအခေါ်တွေ၊ အယူအဆတွေကို ခဝါချပစ်ချင်လို့ပဲဗျ၊ ချေမှုန်းပစ်ချင်လို့ပဲ"

"တင်ပါ့ဘုရား"

"ဘယ်ဗျာ၊ ဒီဘေးမဲ့ဝါဒဆိုတာ ဘုရားဟောလည်းမရှိသလို ဗုဒ္ဓဘာသာအယူလည်း ဟုတ်မှမဟုတ်ဘဲ၊ ဗြဟ္မဏတို့၊ ဟိန္ဒူတို့က ဆင်းသက်လာတဲ့ အယူတွေပဲ၊ ဒါတွေကိုပဲ ဦးဇင်းတို့က ဘုရားသားတော်တွေလုပ်ပြီး လက်ခံနေရဦးမှာလား၊ လိုက်နာနေရဦးမှာလားဗျ"

"တင်ပါ့ဘုရား"

"ဘုရားရှင်ကိုယ်တိုင် ဆွမ်းခံရင် သပိတ်ထဲကျသမျှ ဘုဉ်းပေးတော်မူတာပဲဗျ၊ ဘာသားမစားရဘူး၊ ညာသား မစားရဘူးဆိုတာ



မရှိပါဘူး၊ မတားမြစ်ပါဘူး၊ ကြားသား၊ မြင်သား ဆိုတာတွေကလွဲလို့ ကြိုက်ရာစားဖို့ ခွင့်ပြုတော်မူထားတာပဲ၊ အဓိပ္ပာယ်မရှိတဲ့ ဒီဝါဒ၊ ဒီအကျင့်တွေကို ဦးဇင်းတို့က ထောက်ခံနေတယ်၊ ကျင့်သုံးနေတယ် ဆိုရင် သဘာဝကျပါဦးမလား၊

ဒကာကြီး တွေးကြည့်ပေါ့ဗျာ၊ သတ္တဝါတွေဟာ သံသရာ တစ်လျှောက်လုံး သူ့ပါးစပ်ထဲငါဝင်၊ ငါ့ပါးစပ်ထဲ သူဝင်နဲ့ အသားစားလာခဲ့ကြတာပဲ၊ ခုကျမှ စားသူရှိလို့ သတ်သူရှိရပါတယ်၊ စားသူမရှိရင် သတ်သူမရှိဘူး၊ သတ်သူမရှိရင် သတ္တဝါတွေ အသက်ချမ်းသာမယ်ဆိုတဲ့ သူတို့ရဲ့ ကယ်တင်ရေး တရားကြီးက တကယ်ရော ဖြစ်နိုင်လို့လား၊ တကယ်ရော ယုတ္တိရှိလို့လား၊ ဒီလမ်းစဉ်၊ ဒီယုံကြည်ချက်ကြီးက အောင်မြင်မယ်လို့ရော ထင်လို့လား၊ ဝေးပါသေးဗျာ"

"တင်ပါ့ဘုရား"

"ဦးဇင်းတို့က ရဟန်းသီလ၊ ရဟန်းဝိနည်းနဲ့ ညီအောင် ကြိုးစားပြီး နေကြသားပဲ၊ ဒါဆိုရင် ဒကာတွေဘက်က ကျေနပ်သင့်ပြီပေါ့ဗျာ၊ ဟိုဟာမစားရ၊ ဒီဟာမစားရတွေ ဘာလိုက်ကန့်သတ်နေစရာလိုသလဲ၊ ဆူးကြားက ဘူးခါးပမာ နေနေကြရတဲ့ ဦးဇင်းတို့ ရဟန်းဘဝမှာ သာယာစရာ၊ မက်မောစရာဆိုလို့ ဒီရသာရုံလေး တစ်ခုပဲရှိတယ်၊ ဒါလေးကိုတောင် လိုက်ချုပ်ချယ်နေမှတော့ ဦးဇင်းတို့က ဘယ်သွားနေရတော့မလဲ၊ ဟုတ်တယ်မို့လား"

"တင်ပါ့ဘုရား"

ဤကဲ့သို့ပင်ဖြစ်သည်။ ဦးကုမာရက ထိုကဲ့သို့ တစ်ပါးတည်း ဒိုင်ခံ ပြောကြားနေသော်လည်း ဘေးမဲ့အဖွဲ့ကမူ သင့်ရာလူကသာ ကြုံလာသမျှ ဧည့်သည်ကို ရှင်းလင်းသမှုပြုကြသည်။ ဒေါ်လှကြည်

ပြောလျှင်ပြော၊ သို့မဟုတ်ဦးကြည်သိန်း၊ ဒေါ်အေးခင်တို့က ပြောကြသည်။ မည်သို့ဆိုစေ နောက်ဆုံးမှာတော့ သူတို့နှစ်ဖွဲ့က သဘောတူညီချက်တစ်ခု ရရှိသွားကြသည်။ ဤကိစ္စကို သက်ဆိုင်ရာသို့ တင်ပြမည်။ ပြဿနာအား အဆုံးအဖြတ်ပေးနိုင်မည့် ဆရာတော်ကြီးများအား ပင့်ဖိတ်မည်။ ထိုဆရာတော်ကြီးများ ရှေ့မှောက်တွင် ကိုယ့်အဖွဲ့နှင့်ကိုယ် ထွက်ဆိုကြမည်။ ဆရာတော်ကြီးများက ကြားနာစစ်ဆေးပြီးနောက် အဆုံးအဖြတ်ကို မိန့်ကြားလိမ့်မည်။ ထိုအဆုံးအဖြတ်အတိုင်း အဖွဲ့နှစ်ဖွဲ့လုံးက လိုက်နာကြရမည်။ အကယ်၍ ကြံ့ရာကိုယ်တော်များက ရှုံးနိမ့်ခဲ့လျှင် ဤကျောင်းမှ ထွက်ခွာပေးရမည်။ ဘေးမဲ့အဖွဲ့က ရှုံးခဲ့လျှင် ဤကျောင်း၏ ဘေးမဲ့စည်းကမ်းကို ဖျက်သိမ်းပေးမည်၊ နောက်ဆုတ်ပေးမည်။ စသည်ဖြင့် သဘောတူ ညီလိုက်ကြခြင်းဖြစ်သည်။

မကြာမီ မြို့ပေါ်ရှိ သံဃအဖွဲ့အစည်းမှ ဆရာတော်ကြီးသုံးပါး ကြွလာမည့်အကြောင်းကို အဖွဲ့နှစ်ဖွဲ့လုံးမှ သိရှိကြရသည်။ ဤတွင် ဦးကုမာရက ကျိတ်၍ဝမ်းသာသွားမိသည်။ အကြောင်းမှာ ကြွလာမည့် ဆရာတော်သုံးပါးထဲမှ ဥက္ကဋ္ဌဆရာတော်ဖြစ်သော ဆရာတော် ဦးဝိစိတ္တမှာ သူနှင့် အလွန် ချစ်ကြည်ရင်းနှီးသော ဆရာတော်ကြီး ဖြစ်နေသောကြောင့်ပင်။ စာပေ ပရိယတ်နှင့်ပြည့်စုံပြီး ဝိနည်းမိုရ်တစ်ပါးလည်းဖြစ်သော ထိုဆရာတော်ကြီးမှာ သူ့အတွက် ဆရာဆိုလည်းဟုတ်၊ မိဘဆိုလည်းဟုတ်၊ ဆိုသကဲ့သို့ပင်ဖြစ်သည်။ သို့ကြောင့် ထိုဆရာတော်ကြီး ပါဝင်လာမည်ကို သိရှိရသည့်အတွက် ဦးကုမာရ အလွန် ဝမ်းသာမိသည်။ အထူးအားဖြင့် မိမိတို့က ရဟန်း သိက္ခာကို ကြိုးစားစောင့်ထိန်းပါလျက် ဘာမဟုတ်သည့် အစားတစ်လုတ် ကိစ္စအတွက် ဒကာများ၏ ကန့်လန့်တိုက်



နေမှုကို ဆရာတော်ကြီးများက ဟုတ်တိုင်းမှန်စွာ နားလည်၊ သိမြင်၊ စီရင်၊ ဆုံးဖြတ်ပေးမည့်အဖြစ်အား ကြိုတင်မျှော်တွေးရင်း ပီတိအဖြစ်ကြီး ဖြစ်နေမိလေသည်။

တစ်ချိန်တည်းမှာပင် ဘေးမဲ့ဒကာများကလည်း ဖြစ်သင့်ဖြစ်ထိုက်သည်ကို တော်တည့်ဖြောင့်မှန်စွာ ဆုံးဖြတ်ပေးတော်မူမည့် ထိုဆရာတော်ကြီးများအား စောင့်မျှော်ရင်း လိုအပ်သမျှ ကြိုတင်ပြင်ဆင်ထားကြခြင်းနှင့်အတူ စိတ်ပါ လှုပ်ရှားနေမိကြလေသည်။

* * * * *

မကြာမီ ဆရာတော်များ ကျောင်းသို့ကြွရောက်လာကြသည်။ ရောက်ရောက်ချင်းပင် ဆရာတော်များက လုပ်ငန်းစသည်။ အစီအစဉ်အရ နှစ်ဘက်အဖွဲ့များကို တွေ့ဆုံ စစ်မေးသွားမည်။ ပြီးလျှင် ဆရာတော်များအချင်းချင်း အစည်းအဝေး ထိုင်မည်။ ဆုံးဖြတ်ချက်ချမည်။ ထိုလုပ်ငန်းများကို တစ်နေ့တည်း အပြီးလုပ်ဆောင်မည်။ နေ့မကူးစေဘဲ ဆောင်ရွက်ပြီးနောက် ဆရာတော်များက ပြန်ကြွကြမည်။

သို့နှင့် ဆရာတော်များအဖွဲ့က သီးသန့် ကျောင်းဆောင်တစ်ခုတွင် နေရာယူပြီး ဦးကုမာရတို့ ကြံ့ရာအဖွဲ့ကို ဦးစွာ ခေါ်ယူတွေ့ဆုံသည်။ ဦးကုမာရတို့ တစ်ဖွဲ့လုံး ဆရာတော်များ ရှေ့မှောက်သို့ သွားရောက်ကြရသည်။ ဦးကုမာရက ဆရာတော် ဦးဝိစိတ္တနှင့် မျက်နှာချင်းဆိုင်မိသည်နှင့် စိတ်က ရွှင်လန်းတက်ကြွလာသည်။ ဆရာတော် မေးသမျှကို ဖျတ်လတ်သွက်လက်စွာ တင်ပြသည်၊ လျှောက်ထားသည်။ ဖြစ်စဉ် အစအဆုံးနှင့်တကွ ပြဿနာ၏ သဘောသရုပ်၊ အနှစ်ချုပ်တို့ကို စေ့စေ့စပ်စပ်၊ ပြည့်ပြည့်စုံစုံ တင်ပြသည်။ လိုအပ်သော အကိုးအကားများ၊ အထောက်အထားများ၊

မြတ်စွာဘုရား၏ ဟောစဉ်များကိုပါ ဘက်စုံထောင့်စုံမှ ဟာကွက်မရှိအောင် တင်ပြသည်။ ဦးကုမာရ တင်ပြသမျှကို ဆရာတော်ဦးဝိစိတ္တက စိတ်ဝင်တစား နားထောင်သည်။ တစ်ချက်တစ်ချက်တွင် စကားထောက်ရင်း ဝင်မေးမြန်းသည်။ အများအားဖြင့်တော့ ဦးကုမာရ တင်ပြသမျှကို 'ဒါဟုတ်တာပေါ့'၊ 'ဒါမှန်တာပေါ့'၊ 'မင်းပြောတာ သဘာဝကျပါတယ်' စသည်ဖြင့် ထောက်ခံချက်ပေးလျက်ရှိသည်။ သို့အတွက် ဦးကုမာရက အားတက်ရသည်၊ ဝမ်းသာရသည်။ အားလုံး စစ်မေးခြင်းကိစ္စ ပြီးစီးသောအခါ ဤပွဲ၌ မိမိတို့သေချာပေါက် အနိုင်ရမည်ဟူသော စိတ်ပိုင်းဖြတ်မှုနှင့်အတူ ပေါ့ပါးစွာ ပြန်လာခဲ့ကြသည်။

ထို့နောက် ဆရာတော်များက ဘေးမဲ့အဖွဲ့ကို ဆက်လက်ပြီး ခေါ်ယူတွေ့ဆုံသည်။ ဒေါ်လှကြည် အပါအဝင် ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်များက အစစ်ခံကြသည်။ ဆရာတော်များ မေးသမျှကို အ. ထ. က ကျောင်းအုပ်ကြီး ဆရာမကြီး ဒေါ်လှကြည်ကပင် ဒိုင်ခံ၍ လျှောက်ထားသည်။ ရံခါ၌ အခြားဒကာ၊ ဒကာမ များကပါ ဝင်ရောက် လျှောက်ထားကြသည်။ ဆရာတော်များက ဘေးမဲ့ဒကာများ၏ လျှောက်ထားချက်များကိုလည်း အလေးအနက်ပြုကာ နားထောင်ကြသည်။ ထို့နောက် ပြည့်စုံစွာ မေးမြန်းပြီးသည်နှင့် ဒကာများကို ပြန်လွှတ်လိုက်သည်။ မေးမြန်းစစ်ဆေးခြင်းကိစ္စလည်း ပြီးဆုံးသွားသည်။

ဆွမ်းစားချိန်ရောက်သော် ဆရာတော်များက ဆွမ်းဘုဉ်းပေးကြသည်။ ထို့နောက် နေ့သန့်ချိန်အတွင်း ခေတ္တ နားကြသည်။ ဆရာတော်များ နေ့သန့်ပြီးနောက် ဒုတိယအကြိမ် စစ်မေးခြင်းကို ပြန်စသည်။ သည်တစ်ကြိမ်တွင် ဦးကုမာရနှင့် ဒေါ်လှကြည်တို့ကို



သာ တစ်လှည့်စီ ခေါ်ယူတွေ့ဆုံခြင်း ဖြစ်သည်။ သိလိုသမျှ အနည်းငယ်စီ မေးမြန်းပြီးနောက် ပြန်လွှတ်လိုက်သည်။ သည့်နောက်တွင် ဆရာတော်များက ကျောင်းဆောင်တံခါးကို ပိတ်လိုက်ပြီးအပြီးသတ် အစည်းအဝေးကို ပြုလုပ်ကြသည်။ ထိုအစည်းအဝေးက နောက်ဆုံးအဆုံးအဖြတ်ပေးမည့် အစည်းအဝေးပင် ဖြစ်သည်။

ထိုအချိန်အတွင်း ဦးကုမာရတို့အဖွဲ့ရော၊ ဒေါ်လှကြည်တို့အဖွဲ့ပါ ဆရာတော်များ၏ ကျောင်းဆောင်ဘက်သို့ မကြာမကြာ မျှော်ကြည့်နေမိကြသည်။ ထွက်ပေါ်လာမည့် စီရင်ချက်အား စိတ်စောမိခြင်းနှင့်အတူ ရင်ခုန်နေမိကြသည်။ စိတ်လှုပ်ရှားရင်း ဂဏှာမငြိမ်ဖြစ်နေမိကြသည်။

ညနေစောင်းလောက်တွင် ဆရာတော်များ၏ကျောင်းဆောင်က တံခါးပွင့်လာသည်။ ဦးစွာ ဆရာတော်ဦးဝိစိတ္တက အတူပါလာသော ကပ္ပိယ ဒကာတစ်ယောက်ကို အတွင်းမှနေ၍ လှမ်းခေါ်လိုက်သည်။ စောစောက ဆရာတော်များ အစည်းအဝေး ပြုလုပ်နေကြသောကြောင့် ထိုဒကာက အပြင်ဘက် ထွက်နေခြင်းဖြစ်သည်။ ထိုဒကာ ဆရာတော့်ထံ ရောက်သွားသောအခါ ဆရာတော်က စာရွက်နှစ်ရွက်ကို ထိုဒကာအား ပေးသည်။ တစ်ရွက်ကို ဦးကုမာရတို့အားပေးရန်နှင့် ကျန်တစ်ရွက်ကို ဒေါ်လှကြည်တို့အား ပေးလိုက်ရန် မှာကြားလိုက်သည်။ စင်စစ် ထိုစာရွက်များမှာ စီရင်ချက်ပါရှိသော အမိန့်စာပင် ဖြစ်သည်။ ထိုဒကာက ချက်ချင်းပင် အဖွဲ့နှစ်ဖွဲ့လုံးသို့ သွားရောက်ပေးပို့လိုက်သည်။

ဦးကုမာရက လက်ထဲရောက်လာသော အမိန့်စာကို လျင်မြန်စွာ ဖတ်ကြည့်လိုက်သည်။ အမိန့်စာက သိပ်မရှည်လှ။ ခပ်တိုတိုသာ ဖြစ်သည်။ တခဏအတွင်းမှာပင် ဖတ်၍ပြီးသွားသည်။

ဆရာတော်ကြီးသုံးပါး လက်မှတ် ရေး ထိုးထားသော ဆုံးဖြတ်ချက် အကြောင်းအရာကို ဖတ်ပြီးသွားသည်နှင့် ဦးကုမာရခေါင်းထဲတွင် မိုက်ခနဲ ဖြစ်သွားရသည်။ ရင်ထဲကပါ ဟာခနဲ ဖြစ်သွားသည်။ မယုံနိုင်အောင်လည်း အံ့သြမိသွားသည်။ ထို့ကြောင့် နောက်တစ်ခေါက် ထပ်ဖတ်သည်။ သို့သော် ဤအတိုင်းသာ ထပ်တွေ့နေရသည်မို့ စိတ်က ထိခိုက်သွားရတော့သည်။ ဝမ်းနည်းခြင်းကပါ ထပ်ဆင့်လိုက်ပါလာပြီး ဦးကုမာရ ဇက်ကျိုးကျသွားတော့သည်။

ဦးကုမာရကို မျှော်ကြည့်နေကြသော အခြားကိုယ်တော်လေးများကလည်း အခြေလှုပုံမရမှန်း သိသွားကြသည်။ ဦးကုမာရ လက်ထဲမှ စာရွက်ကို လှမ်းယူကာ တစ်ပါးပြီးတစ်ပါး ဖတ်ကြည့်လိုက်ကြသည်။ ဖတ်ရသူတိုင်းပင် ဦးကုမာရနည်းတူ ဖြစ်သွားကြရသည်။ စိတ်ပျက် အားလျော့သွားကြရသည်။ စာထဲတွင်ကား ဦးကုမာရ မျှော်လင့်ထားသလို မိမိဘက်သို့ အနိုင်ပေးဆုံးဖြတ်ထားခြင်း မဟုတ်မူဘဲ ဘေးမဲ့ ဒကာများသာလျှင် ရပ်တည်မှုမှန်ကန်ကြောင်း၊ ဤကျောင်းကို ဘေးမဲ့ဒကာများ၏ ထောက်ပံ့ စောင့်ရှောက်မှုနှင့်အတူ ဘေးမဲ့ကိုယ်တော်များသာ ဆက်လက်သီတင်းသုံးရမည် ဖြစ်ကြောင်း၊ ဘေးမဲ့စည်းကမ်းကို မလိုက်နာနိုင်ဘဲ ကြုံရာကိုသာ ဘုဉ်းပေးလိုသော ကိုယ်တော်များမှာ ဤကျောင်းမှ အမြန်ဆုံးထွက်ခွာသွားရမည် ဖြစ်ကြောင်း၊ အမိန့် ထုတ်ပြန်လိုက်ခြင်းကြောင့်ပင် ဖြစ်လေတော့သတည်း။

အမိန့်ထုတ်ပြီးသည်နှင့် တာဝန်လည်းပြီးဆုံးလေပြီမို့ ဆရာတော်များက ပြန်ကြွရန်ပြင်ကြသည်။ ဆရာတော်အားလုံး ကျောင်းပြင်၌ ရပ်ထားသော မော်တော်ကားဆီသို့ ပြန်ကြွကြသည်။ ကားရပ်ထားသောနေရာက ကျောင်းနှင့် တော်တော်ဝေးသည်။ တစ်ဖာလုံ



သာသာခန့် လျှောက်ရသည်။ အုပ်ဆိုင်းလျက်ရှိသော သစ်ပင်များအောက်မှ လမ်းကလေးအတိုင်း ဆရာတော်များက ဣန္ဒြေရရ ကြွချီသွားကြသည်။

ဦးကုမာရက ထိုင်ရာမှ လျှင်မြန်စွာထကာ ဆရာတော်များနောက်သို့ ခပ်သွက်သွက်လိုက်သွားလိုက်မိသည်။ တစ်ပင်လုံးနီရဲနေသော စိန်ပန်းပင်ကြီးအောက်တွင် ဆရာတော်များကို မီသွားသည်။

"ဆရာတော်ဘုရား. . . ဆရာတော်ဘုရား"

ဦးကုမာရအသံကြောင့် ဆရာတော်များက လှည့်ကြည့်ကြသည်။ ဦးကုမာရက ဆရာတော်ကြီးဦးဝိစိတ္တရှေ့တွင် ရှိုရှိုသေသေ ထိုင်၍ ဝတ်ပြုလိုက်သည်။ ကျန်ဆရာတော်များက ဆက်လက်၍ ကြွချီသွားကြရာ ဦးကုမာရနှင့် ဆရာတော်ကြီးသာ ကျန်ရစ်တော့သည်။ ဦးကုမာရက ကြေကွဲသောအသံဖြင့် ဆရာတော့်ကို လျှောက်ထားလိုက်သည်။

"ဆရာတော် ဘယ်လိုလုပ်လိုက်တာလဲဘုရား၊ ကိုယ့်တပည့်ရဲ့ မျက်နှာကိုတောင် မထောက်ထားတော့ဘူးလား ဘုရား"

"အေး၊ အဲဒါခက်တာပဲကွ၊ မင်းက စိတ်ထိခိုက်သွားပြီကိုး၊ ကဲ၊ ငါမေးပါဦးမယ်၊ ဒီကျောင်းမှာ မင်းအတွက် ဘာများမက်မောစရာ ရှိနေလို့လဲ၊ မင်းဟာ ရဟန်းကောင်းတစ်ပါးပဲ၊ မင်းသာ ကျောင်းထိုင်ချင်လို့ကတော့ မင်းကိုလိုချင်တဲ့ ဒကာတွေ အများကြီး ရှိတယ်၊ ဒါ ငါအားလုံး သိတယ်၊ ဒီတော့ ဒီမှာမနေရတော့ရော မင်းဘာဖြစ်သွားမှာလဲ၊ ပြောစမ်းတပည့်"

ဆရာတော်က ကရုဏာဖြင့် မိန့်ကြားလိုက်သည်။ ဦးကုမာရက အံကို ခပ်ဖိဖိကြိတ်၍ ခပ်တွေတွေလုပ်နေသေးသည်။ ပြီးတော့မှ-

“တပည့်တော်မှာ နေစရာလည်းမရှားဘူး၊ စားစရာလည်း မရှားဘူးဘုရား၊ ခုကိစ္စက သာသနာ့ပြင်ပက ဝါဒတွေ မင်းမူနေတာကို ခံပြင်းလွန်းလို့ ဒီလိုလုပ်ရတာပါဆိုတာ တပည့်တော်လျှောက်ထားပြီးပြီပဲ ဘုရား့”

“အေး၊ မင်းအဲဒါပိုခက်တာပဲ၊ မင်းက ခံပြင်းလို့ ဒီဝါဒတွေကို တိုက်ထုတ်ချင်ပါတယ်တဲ့၊ အောင်မြင်မယ်လို့ မင်းထင်သလား၊ ဒီမှာတင် မင်းစကားနဲ့မင်း ပြန်မိနေပြီ၊ မင်းက ပြောတယ်မို့လား၊ သူ့ပါးစပ်ထဲ ငါဝင်၊ ငါ့ပါးစပ်ထဲ သူဝင်နဲ့ သံသရာလည်နေတဲ့ အသားစား ဓလေ့ကို ဘေးမဲ့ဝါဒနဲ့ အနိုင်ယူဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ဘူးလို့ မင်းပြောခဲ့တယ်မဟုတ်လား၊ ခု- ဒီဘေးမဲ့ဝါဒကို တိုက်ထုတ်ဖို့ လုပ်တဲ့နေရာမှာ မင်းကရော အောင်မြင်မှာမို့လို့လား၊ ဒါကိုယုံ ကြည်တဲ့သူတွေက ဟိုတုန်းကလည်း ရှိခဲ့တယ်၊ ခုလည်း ရှိတယ်၊ နောင်ကိုလည်းရှိနေဦးမှာပဲ၊ ဘယ်တော့မှ မျိုးပြုတ်သွားမှာမဟုတ်ဘူး၊ ငါပြောတာ သဘောပေါက်လား”

ဦးကုမာရက ခွန်းတုန့်မပြန်ဘဲ ငြိမ်နေသည်။

“အကြောင်းတရား မှန်ချင်မှန်ပေလိမ့်မယ်၊ ဒါပေမဲ့ အကျိုး မရှိဘူးဆိုရင် ဘာမှမလုပ်ဖို့၊ မပြောဖို့ တို့ဘုရားက ဆုံးမထားတာပဲ၊ ခုကိစ္စမှာလည်း မင်းခံယူချက်၊ ယူဆချက်တွေက အမှန်တွေချည်းပဲ ဆိုတာ ငါသိတာပဲ၊ ဒီအပေါ်မှာ မင်းရဲ့လုပ်ကိုင်ဆောင်ရွက်ချက် တွေက အကျိုးရှိသလားဆိုတော့ ဘာမှအကျိုးမရှိဘူး၊ အကျိုးမရှိ တာကို အချိန်ကုန်ခံပြီး လုပ်မနေချင်စမ်းနဲ့ ငါ့တပည့်၊ ဒါက ကိုယ့် အချင်းချင်းမို့ ပြောရတဲ့စကားပဲ၊

တို့က ပြဿနာကို ဆုံးဖြတ်ဖို့ကျတော့ ဘက်စုံထောင့်စုံကနေ ကြည့်ရတယ်၊ ခုကိစ္စမှာ ဒီကျောင်းရဲ့အစဉ်အလာနဲ့ ဒီကျောင်းရဲ့



ပုံသဏ္ဌာန် စတာတွေကို ဦးစားပေးစဉ်းစားပြီး ဆုံးဖြတ်ပေးခဲ့ကြ တာ၊ မင်းတို့ဘက်က တင်ပြတဲ့ အယူအဆရေး မှန်တယ်၊ မမှန်ဘူး ဆိုတာတွေက တကယ်တန်းကျတော့ တရားမဝင်တော့ဘူးကွ၊ ဟိုဘက်က ဒကာမ ကြီးဒေါ်လှကြည် တင်ပြပုံက တော်တော် သဘာဝကျတယ်၊ သူတို့အနေနဲ့ အစွန်းရောက် ဘေးမဲ့ဝါဒီတွေ မဟုတ်တဲ့အကြောင်း၊ သူတို့က အိမ်မှာဆိုရင် ကြုံရာကိုပဲ စားကြတဲ့ အကြောင်း၊ ကျောင်းကိုရောက်ရင်တော့ အစဉ်အဆက် ကိုးကွယ် ခဲ့တဲ့ ဆရာတော်ကြီးများရဲ့ ဂုဏ်ကျေးဇူးကို ရိုသေသောအားဖြင့် ဘေးမဲ့စည်းကမ်းကိုသာ လိုက်နာကြတဲ့အကြောင်း၊ ဒီကျောင်းက ဘေးမဲ့ကျောင်းအဖြစ် ရပ်တည်ခဲ့တာ နှစ်ပေါင်း ၈၀ ကျော်ပြီ ဆိုတော့ ဒီအစဉ်အလာကို ပျက်မသွားစေချင်တဲ့ အကြောင်း၊ ဒီကျောင်းရဲ့အမှတ်တံဆိပ်ဖြစ်တဲ့ ဘေးမဲ့ထုံးစံကို ပျက်မသွား စေလိုတဲ့အကြောင်းတွေ ရှင်းပြတယ်၊ ကဲ၊ သူပြောတာ သဘာဝ မကျဘူးလား၊

ဒီတော့ကွာ၊ သူတို့က ဘေးမဲ့ကျောင်းမှာ ဘေးမဲ့ကိုယ်တော်ကိုပဲ တင်ထားချင်ကြမှာပဲ၊ ပြောရရင် မင်းတို့က ဧည့်သည်တွေပဲ၊ ဒီမှာ အမြဲတန်းနေမဲ့သူတွေမှ မဟုတ်ဘဲ၊ ထိုင်ကားရား၊ ထကားရား သမားတွေပဲ၊ ဒါကြောင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်ကလည်း ဒီကျောင်း ကလေးမှာ အာဝါသ ကောင်းလို့၊ သပ္ပာယမျှတလို့ နေချင်သပ ဆိုရင် နေတုန်းသခိုက်မှာတော့ သူ့စည်းကမ်းအတိုင်း လိုက်နာပြီး အေးအေးဆေးဆေး နေသွားကြရင် ကောင်းတာပေါ့၊ ကိုယ်က ခဏတဖြုတ်လောက် ဝင်နေပြီး ကိုယ့်ကြောင့် သူတို့ တစ်သက်လုံး ထိန်းသိမ်းလာတာလေးတွေ ဖရိုဖရဲ ဖြစ်ကျန်ရစ်ခဲ့မယ်၊ အစဉ် အလာ ပျက်ကျန်ရစ်ခဲ့မယ်ဆိုရင် ဘယ်ကောင်းမလဲကွာ၊ တို့

ဆုံးဖြတ်ခဲ့တာတွေကို မင်းသဘောပေါက်ပြီ မဟုတ်လား၊ ကိုင်း၊ ငါသွားတော့မယ်"

ဆရာတော်က စကားကို အဆုံးသတ်လိုက်သည်။ တပည့်ဖြစ်သူကိုလည်း ပြုံး၍ကြည့်ကာ ပခုံးကို တစ်ချက်ပုတ်ပြီး နှုတ်ဆက်လိုက်သည်။ ပြီးနောက် အသာပင် ကြွသွားတော့သည်။ ဦးကုမာရက နေရာမှာပင် ငိုင်တွေပြီးကျန် ရစ်ခဲ့သည်။

* * * * *

ဘေးမဲ့ဒကာများက ဝမ်းသာအားရ ဖြစ်နေကြသည်။ ဘေးမဲ့ကျောင်းအား ဦးဇင်းလေး ဦးစန္ဒိမာနှင့် ဆက်လက် စခန်းသွားခွင့်ရခဲ့ခြင်းအပေါ် ဝမ်းမြောက်နေမိကြသည်။ သို့သော် သူတို့က တစ်ဘက်မှ ဦးကုမာရတို့အားလည်း အားနာသောအားဖြင့်၊ ထောက်ထားသောအားဖြင့် မိမိတို့၏ ဝမ်းသာမှုကို အလွန်အကျူး မဖော်ပြကြပေ။

ဦးကုမာရကား ဆရာတော်ကြီး ဦးဝိစိတ္တ မိန့်ကြားသွားသမျှကို သဘောပင်ပေါက်သော်လည်း လူငယ်ပီပီ စိတ်ထဲတွင် ကျေကျေနပ်နပ်၊ ရှောရှောရှူရှူကား မဖြစ်သေးပေ။ သို့သော် မည်သို့မျှလည်း မတတ်နိုင်လေပြီမို့ ထိုနေ့မှာပင် သပိတ်ပရိက္ခရာတို့ကို သိမ်းဆည်းကာ အခြားရဟန်းများနှင့်အတူ ဘေးမဲ့ကျောင်းမှ ထွက်ခွာသွားလေသည်။ ဤကျောင်း၌ ဖြစ်ပွားခဲ့သော ပဋိပက္ခသည်လည်း ဤမှာပင် နိဋ္ဌိတံလေတော့သည်။ ။

○○○

## မြူမှောင်ဝေးကင်း

စိတ်ညစ်သည်၊ စိတ်ညစ်သည်၊ ဤနေရာ ဤဌာန၌ ပျော်ပိုက်ခြင်း ကင်းမဲ့စွာ နေထိုင်နေရခြင်းအတွက် သူ အလွန်စိတ်ညစ်သည်။ ပြီးတော့ ထိုသို့ စိတ်ညစ်နေရခြင်းက ယနေ့မှမဟုတ်၊ ယခုမှမဟုတ်။ ရက်ပေါင်းများစွာ၊ လပေါင်းများစွာပင် ကြာမြင့်ခဲ့ပြီ။ အတိအကျပြောရပါက တစ်နှစ်ကျော်ကျော် နှစ်နှစ်နီးပါးမျှပင် ရှိခဲ့ပြီ။

ထိုကာလအတွင်း လူးကာ လိမ့်ကာ၊ ညည်းကာ ညူကာနှင့်ပင် နွမ်းတရိရိ ဖြတ်သန်းခဲ့ရသည်။ စိတ်ဆင်းရဲမှု အပေါင်းကို ကြိတ်မှိတ် အောင့်အည်းကာ တညှိုးညှိုးတငယ်ငယ် နေထိုင်ခဲ့ရသည်။ တစ်ခါတစ်ခါတော့ သည်းခံချင်စိတ်ကုန်ဆုံးကာ ဇွတ်တရွတ်တွေ၊ မဟုတ်တရုတ်တွေ လုပ်လိုက်ချင်မိသည်။ သို့သော် လက်ရှိအနေအထားက ထိုသို့ ဖြစ်နိုင်ရန် လုံးဝ အခြေအနေမပေး။ ပတ်ဝန်းကျင်ကလည်း ခွင့်ပြုမည် မဟုတ်သလို တကယ်တန်း သူကိုယ်တိုင်ကလည်း ထိုသို့ မကြံရဲ၊ မလုပ်ရဲပေ။ သို့နှင့် သူမှာ ဤနေရာ၊ ဤရပ်ဝန်းတွင် သက်ပြင်းတချချ၊ နွမ်းတလျလျနှင့်သာ ဆက်လက် ကျင်လည်မြဲ ကျင်လည်နေရတော့သည်။

ထိုအဖြစ်နှင့် ထိုခံစားချက်ကို ရင်ဝယ်ပိုက်နေရသူကား လူအမည် မောင်သက်ပိုင်ဦးဘဝမှ ရဟန်းဘဝသို့ ကူးပြောင်းတက်လှမ်းလာပြီးနောက် ယခုအခါ ဝါသုံးဝါမျှပင် ရရှိနေပြီဖြစ်သော ဦးဇင်းလေး ဦးသုန္ဒရပင် ဖြစ်တော့သည်။

* * * * *

သူ့အဖြစ်က သက်ပိုင်ဦးဘဝဖြင့်လည်း လောကကြီးအပေါ် စိတ်ကုန်လွန်း၊ စိတ်နာလွန်းသောကြောင့်သာ ဦးသုန္ဒရဟူ၍ တစ်ဖြစ်လဲ၊ အသွင်ပြောင်းခဲ့ခြင်း ဖြစ်သည်။ သူ့ဘဝက အမှန်ပင် စိတ်ပျက်စရာ၊ ငြီးငွေ့စရာများဖြင့်သာ ပြွမ်းတီးနေခဲ့သည်။ အကြမ်းဖျင်းပြောရလျှင် သူ ၁၀ တန်းစာမေးပွဲကျသည်။ နှစ်နှစ်တိတိ ဆက်ကျသည်။ သူစာမေးပွဲကျသောကြောင့် ရည်မှန်းချက်ကြီးမားသည့် ရည်းစားဖြစ်သူက သူ့ကို လက်တွဲဖြုတ်သွားသည်။ စာမေးပွဲလည်းကျ၊ ရည်းစားလည်းပစ်ခံရနှင့် သူ့အသည်းက နှစ်ထပ်ကွမ်း ကွဲခဲ့ရသည်။ အသည်းကွဲခြင်းနှင့်အတူ စိတ်ဓာတ်ကပါ ဖရိုဖရဲ ဖြစ်သွားသည်။ သူ စိတ်လေသွားသည်။ အရက်တို့၊ ဆေးတို့နှင့် ထွက်ပေါက်ရှာ၊ အဖော်ပြုရင်း ဝေလေလေ ဖြစ်မှန်းမသိ ဖြစ်သွားသည်။

မိဘတွေက သူ့အတွက် စိတ်ညစ်ကြရသည်။ ရှုံးရောက်၊ ဂတ်ရောက်နှင့် သူ့အမှုတွေ လိုက်ရှင်းပေးရင်းနှင့်လည်း စိတ်သောက ရောက်ကြရသည်။ သည်လိုတော့လည်း မိဘတွေကို သူက ဆက်ကာဆက်ကာ ဒုက္ခမပေးချင်။ မိဘ မျက်ရည်ကျသည်ကို အကြိမ်ကြိမ် မမြင်တွေ့လို။ သို့နှင့် မှားယွင်းနေသော၊ တိမ်းစောင်းနေသော မိမိ အမူအကျင့်များကို ကြိုးစားပြီး ပြုပြင်သည်။ ပြုပြင်သည့်အတိုင်းလည်း မကြာမီ ပြန်၍တည့်မတ်လာသည်။ ကောင်းမွန်



လာသည်။ ပြန်လိမ္မာလာသော သားဖြစ်သူကိုကြည့်၍ မိဘများက ဝမ်းအသာကြီး သာကြရသည်။

သည့်နောက်တော့ ဘဝကို အဓိပ္ပာယ်ရှိရှိ တည်ဆောက်သွားရန် သူဆက်ကြိုးစားသည်။ အစ်ကိုများနှင့်အတူ သူအလုပ်ဝင်လုပ်သည်။ အစ်ကိုနှစ်ယောက်က ကုန်တင် ဆယ်ဘီးကားကြီးတစ်စီးဖြင့် မိသားစုစီးပွားရေးကို လုပ်ကိုင်နေကြရာ သူက ထိုလုပ်ငန်းတွင် ပါဝင်လိုက်သည်။ ဘဝကို အလုပ်ထဲ ပစ်သွင်းထားလိုက်ပြန်တော့ အလုပ်ကပင် လူကို ပြုပြင်ပေးသွားသည်။ မနားမနေ အလုပ်ကို လုပ်ရင်း သူ စိတ်ရောကိုယ်ပါ ပုံမှန်အတိုင်း ပြန်ဖြစ်လာသည်။ လူသားတစ်ယောက်တွင် ရှိရမည့် ဦးတည်ချက်တို့၊ ရည်ရွယ်ချက်တို့ ဆိုတာတွေကိုပါ ပြန်ပြီးထားရှိနိုင်လာသည်။ ဘဝ တန်ဖိုးတို့၊ ဘဝ အဓိပ္ပာယ်တို့ ဆိုတာတွေကိုလည်း ပြန်ပြီးနားလည်လာသည်။

သို့သော် သူ့အတွက် ကြမ္မာဆိုးက မကုန်သေးပေ။ တစ်နည်းအားဖြင့် ကြမ်းတမ်းသော သူ့ဂြိုလ်သက်က မကုန်သေး။ တစ်နေ့။ သူတို့ညီအစ်ကိုတစ်တွေ ကားဖြင့်ခရီးထွက်ရင်း ယာဉ်တိုက်မှုတစ်ခု ဖြစ်ပွားသည်။ ထိုယာဉ်တိုက်မှုကြောင့် ကားပေါ်ပါလာသော ခရီးသည်အချို့ သေဆုံး/ဒဏ်ရာရကြသည်။ ကားလည်း အတော်များများ ပျက်စီးသွားသည်။ ထိုအမှုကြောင့် ကားကိုလည်း ခေတ္တထိန်းသိမ်းထားခြင်း ခံရသလို ကား၏အဓိကတာဝန်ခံဖြစ်သော သူ့အစ်ကိုကြီးသည်လည်း အချုပ်ထဲသို့ ဝင်ရသည်။ မိဘတို့မှာ သားများအတွက် ခေါင်းမီးတောက်ရပြန်သည်။ အမှုကို ဥပဒေကြောင်းအရ အသည်းအသန် လိုက်ရှင်းကြရသည်။ နောက်ဆုံး ငွေကုန်လူပန်းသည့်ဒဏ် ခံနိုင်လွန်းသဖြင့် ကားလည်းပြန်ရ၊ သားဖြစ်သူလည်း ပြစ်ဒဏ်အနည်းငယ်သာရပြီး ကိစ္စငြိမ်းသွားသည်။

သို့သော် မိသားစုအခြေအနေကမူ အတော်ကြီး ချွန်းချွန်းကျသွားသည်။ ရှိသမျှနီးပါးကုန်သွားသည်။

မိဘများက စိတ်မာတ်မကျပါ။ အစ်ကိုများကလည်း ပြန်ကြိုးစားမည်ဟု အားခဲထားကြသည်။ သို့သော် သူကတော့ စိတ်ရောကိုယ်ပါ အားအင်ဆုတ်ယုတ်သွားသည်။ လုပ်ချင်ကိုင်ချင်၊ ရင်ဆိုင်တိုက်ခိုက်ချင်သည့် စိတ်တွေ ယူပစ်သလို ကုန်ခန်းသွားသည်။ တော်ပါပြီ၊ တန်ပါပြီ၊ သူ့အပေါ် သည်လောက်တောင် ထုထောင်းနိုင်လွန်းသော လောကဓံတရားကြီးအား စိတ်ကုန်လှပါပြီ၊ ညည်းငွေ့လှပါပြီဟုလည်း တစ်ထစ်ချ မှတ်ယူလိုက်တော့သည်။

သို့နှင့်ပင် တစ်နေ့သောအခါ၌ ဖခင်ဖြစ်သူအား အောက်ပါစကားစုတို့ကို သူက ဖွင့်ထုတ် ပြောဆိုမိသွားရတော့သည်။

"အဖေရာ၊ ကျွန်တော်ဘုန်းကြီးဝတ်ချင်တယ်ဗျာ"

* * * * *

ထိုအခါ မိဘများက လိုလိုလားလားပင် လိုက်လျောဆောင်ရွက်ပေးကြသည်။ သူ့ စိတ်မာတ်ကျဆင်းပြီး နေရာဟောင်းသို့ ပြန်ရောက်သွားမည်ကို စိုးရိမ်ပူပန်နေရသော မိဘများမှာ 'ဘုန်းကြီးဝတ်ချင်တယ်'ဟု မမျှော်လင့်ဘဲကြားလိုက်ရသော သူ့စကားကြောင့် အံ့အားလည်းသင့်သလို ဝမ်းလည်းသာသွားကြရသည်။

သို့နှင့်ပင် နာမည်ကျော် ဤ'လေသာကျောင်း'သို့ သူ ရောက်ရှိလာခဲ့ရခြင်း ဖြစ်သည်။ သက်ပိုင်ဦးဘဝကို ချွတ်ခဲ့ပြီး ဦးသုနန္ဒရဘဝသို့ ပြောင်းလဲဖြစ်ခဲ့ခြင်းဖြစ်သည်။ ဤ လေသာကျောင်းမှာ စည်းကမ်းကြီးသည်၊ ဝိနည်း ကောင်းသည်၊ ဤကျောင်းထွက်များ စာတော်သည် စသည်ဖြင့် သတင်းမွှေးနေသော ကျောင်းဖြစ်သည်။ သူ့မိဘများ အပါအဝင် ကြည်ညိုကိုးကွယ်သူ အလွန်ပေါများသော



ကျောင်းဖြစ်သည်။ ကျောင်း၏ပဓာနနာယက ဆရာတော်ဖြစ်သော ဦးကောဝိဒမှာ သွက်လည်းသွက်လက်၊ ထက်လည်းထက်မြက်သည်။ ပရိယတ်တွင် ကောင်းလှသလို ပဋိပတ်ဘက်တွင်လည်း ဘာမျှ ပြောစရာမရှိသူဖြစ်သည်။ ကျောင်းတိုက်က စာသင်တိုက်ဟူ၍လည်းကောင်း၊ တရားရိပ်သာဟူ၍လည်းကောင်း၊ ပညတ်ခြင်း၊ ဆိုင်းဘုတ်တင်ခြင်း ပြုမထားသော်လည်း ကျောင်းတွင် မိမိအလိုရှိရာကို ရွေးချယ်မွေ့လျော်ခွင့် ပေးထားသည်။ ဆရာတော်က စာလိုက်လိုသော ပုဂ္ဂိုလ်အား ကိုယ်တိုင်စာချခြင်း၊ စာစစ်ခြင်းများ ပြုလုပ်ပေးသကဲ့သို့ တရားကိုသာ အားထုတ်လိုပါသည်ဆိုသော ပုဂ္ဂိုလ်များအတွက်လည်း သင့်တော်မည့် ကမ္မဋ္ဌာန်းကို ရွေးချယ်ချမှတ်ပေးသည်။

ဆရာတော်ကြီးမှာ စာချခြင်း၊ တရားပြခြင်း တို့ဖြင့် သာသနာ့ဝန်ကို လေးနက်စွာ ဆောင်တော်မူနေသူ ဖြစ်သည့်အားလျော်စွာ စည်းကမ်းတွင်လည်း အလွန်ကြီး၏။ ကိုယ်တိုင် ဝိနည်းသိက္ခာနှင့် ပြည့်စုံသလို တပည့်တပန်းများကိုလည်း မိမိကဲ့သို့ပင် ဖြစ်စေလို၏။ ကျောင်းနေရဟန်းများ၏ ကာယကံမှု၊ ဝစီကံမှုကို အမြဲတစေ ပွဲပြင်ပေး၏။ ထိန်းကျောင်းပေး၏။ အမြင်မတော်တာတွေ့လျှင် မည်သူ့ထကိုမဆို ငေါက်၏။ ငမ်း၏။ မာန်၏။ မဲ၏။ နှုတ်ဖြင့် ပြောဆိုဆုံးမရမည့်သူကို အငဲ့အကွက်မရှိ ပြစ်တင်ကြိမ်းမောင်းခြင်း ပြုသကဲ့သို့ ပို၍အပြစ်ကြီးလေးသူကိုမူ သဲဒဏ်ရေဒဏ်ကဲ့သို့ အပြစ်များပေး၏။ ထိုသို့ ဆရာတော်၏ အကွပ်အညှပ် ကောင်းမှုကြောင့်လည်း လေသာကျောင်းဟူ၍ သတင်းမွှေးပြီး ဝေနေယျများ ပေါများနေရခြင်းဖြစ်တော့သည်။

ဦးသုန္ဒရ ဤကျောင်းသို့ရောက်ပြီး မကြာမီမှာပင် ဆရာတော့်တွင် ခရီးရှည်ထွက်ခွာရမည့် ကိစ္စပေါ်လာသည်။ ဆရာတော့်အား ဗုဒ္ဓဂယာ၌ သီတင်းသုံးနေသော မိတ်ဆွေ ဆရာတော်ကြီးတစ်ပါးက ဘုရားဖူးလာရောက်ပါရန် ဖိတ်ကြားလိုက်ရာ ဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာလက်ခံလိုက်သည်။ ထို့နောက် အမြန်ဆုံးပင် ခရီးထွက်သွား၏။

ဆရာတော်က ကျောင်းရှိ တိုက်အုပ်၊ တိုက်ကြပ် ကိုယ်တော်များအား ဗုဒ္ဓဂယာတွင် အနည်းငယ် ကြာမြင့်လိမ့်မည်ဟု မှာကြားခဲ့သော်လည်း အကယ်စင်စစ် ထိုနှစ်က ဗုဒ္ဓဂယာမှာပင် ဆရာတော် ဝါကပ်ဖြစ်သွားသည်။ တစ်နှစ်နီးပါးမျှပင် ကြာမြင့်သွားသည်။ ထိုကာလအတွင်း ဦးသုန္ဒရ ဆရာတော်နှင့် ရှောင်လွဲနိုင်ခဲ့သည့်အတွက် ကံကောင်းသွားသည်။ ကျောင်းရှိ အခြားရဟန်းများနှင့် အတူစား၊ အတူသွားရင်း ဦးသုန္ဒရ ပျော်ရွှင်နေသည်။ မိဘများက လတ်တလောတွင် ပဋိယတ္တိ လိုက်စားသင့်ကြောင်း ဆန္ဒပြု တိုက်တွန်းကြလေသည်မို့ ရဟန်းဖြစ်ဖြစ်ချင်းပင် ဦးသုန္ဒရ စာလိုက်ဖြစ်သည်။ စာတက်ချိန်တွင်စာတက်၊ ကျောင်းဝေယျာဝစ္စများလုပ်သည့် အချိန်လုပ်၊ အရပ်ထဲမှ ဆွမ်းစားလာပင့်လျှင်ကြွ၊ ကျန်သည့် အချိန်များတွင် အဖော်များနှင့်အတူ ဒကာများအိမ်သို့ လျှောက်လည်စသည်ဖြင့် ရဟန်းဘဝ၌ နေသားကျစပြုလာသည်။

သို့သော် ထိုပျော်ရွှင်ဖွယ်နေ့ရက်များက သိပ်မကြာမြင့်မီပင် ကုန်ဆုံးသွားသည်။ ဆရာတော်ကြီးက ဗုဒ္ဓဂယာမှ ပြန်လည်ရောက်ရှိလာသည်။ ထိုသို့ ဆရာတော်ကြီး ပြန်ရောက်လာခြင်းနှင့်အတူ ကျောင်း၏ပုံစံကလည်း ရုတ်ခြည်းပင် ပြောင်းလဲသွားသည်။ လှုပ်လှုပ်ရွရွ၊ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေသောပုံစံမှ ငြိမ်ငြိမ်သက်သက်၊



သေသေဝပ်ဝပ် ပုံစံမျိုးသို့လည်းကောင်း၊ ဆူဆူညံညံ၊ ကျယ်ကျယ်လွင့်လွင့်ပုံစံမှ တိတ်တိတ်ဆိတ်ဆိတ်၊ ခြောက်ခြောက်သွေ့သွေ့ ပုံစံသို့ လည်းကောင်း၊ အလုံးစုံ ပြောင်းလဲသွားသည်။ ကျောင်းရှိ ပုဂ္ဂိုလ်အားလုံးတို့မှာ ခြေငြိမ်လက်ငြိမ်ဖြစ်သူ ဖြစ်၊ အသံတိတ်သူတိတ်၊ မျက်နှာပိုးသေသူသေနှင့် ဖြစ်ကုန်ကြရသည်။

ဦးသုန္ဒရအတွက် စိတ်ညစ်ရသော နေ့ရက်များက ဤမှာပင် အစပြုခဲ့သည်။ ကျောင်းတွင် နေရထိုင်ရသည်က အစစအရာရာ ကျဉ်းကျပ်လာသည်။ မိုးလင်းမှမိုးချုပ်၊ အနေချောင်သည်ဟူ၍ သိပ်မရှိတော့။ အမြဲတန်း စားသတိ၊ သွားသတိ၊ နေသတိ၊ ထိုင်သတိဖြင့်သာ ပြုမူနေရသည်။ ဆရာတော် ပြန်ရောက်ပြီးနောက်ပိုင်း တိုက်အုပ်၊ တိုက်ကြပ် ကိုယ်တော်ကြီးများကလည်း ပြင်းထန်စွာ ကွပ်ညှပ်လာကြသည်။ ထိန်းချုပ်လာကြသည်။ ကိုယ်တော် ဘယ်လိုနေပါ၊ ဘယ်လိုလုပ်ပါ၊ ဘယ်လိုမနေပါနှင့်၊ ဘယ်လိုမလုပ်ပါနှင့် စသည်ဖြင့် တရစပ်ပင် အမိန့်ပေးနေ၊ ချုပ်ကိုင်နေကြတော့သည်။ အမှန်တော့ ထိုကိုယ်တော်ကြီးများက ဆရာတော် မရှိခင်ကလည်း ဆရာတော်ကြီး၏ အာစရိယောဝါဒအတိုင်း ဦးသုန္ဒရတို့လို ရဟန်းငယ်များကို တတ်အားသရွေ့ ပြုပြင်ပေးကြ၊ ထိန်းသိမ်းပေးကြသည်သာ။ သို့သော် သူတို့ကိုယ်တိုင်က ဆရာတော်ကြီးနည်းတူ သြဇာရှိသူများ မဟုတ်ကြရာ အောက်လက် ရဟန်းများအပေါ် အတင်းအကြပ်ကြီးတော့ ကိုင်တွယ်ခြင်းမပြုခဲ့ကြပေ။ ဦးသုန္ဒရတို့ကလည်း ထိုကိုယ်တော်ကြီးများရှေ့မှာတော့ 'မှန်ပါ့ဘုရား၊ တင်ပါ့ဘုရား'နှင့် ပျပ်ဝပ်ရိုသေဟန် ပြုခဲ့ကြသော်ငြား ကွယ်ရာတွင်မူ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး စည်းကမ်းဖောက်ခဲ့ကြသည်သာ။ ကိုယ်တော်ကြီးများကလည်း ထိုအဖြစ်ကို သိပင်သိကြ

သော်ငြား မသိချင်ယောင်ဆောင်သင့်သလောက် ဆောင်နေခဲ့ကြသည်သာ။ ခုတော့ ဆရာတော်ကြီးလည်း ပြန်ရောက်ပြီဖြစ်ရာ ထိုကိုယ်တော်ကြီးများကိုယ်တိုင် အနေမချောင်တော့ပေ။ သူတို့ကိုယ်တိုင် သတိနှင့် ပြုပြင်နေထိုင်နေရသလို သူတို့အုပ်ချုပ်ရသော အောက်လက်ငယ်သားများကိုပါ ကြပ်ကြပ်တည်းတည်း ဦးစီးရကိုင်တွယ်ရသည့်အခြေသို့ ဆိုက်ရောက်ခဲ့ရလေပြီ။

ဦးသုန္ဒရတို့လို ရဟန်းငယ်ကလေးတွေ အတွက်ကျတော့ အတန်တန်၊ အဆင့်ဆင့် ဖိအားပေးခံနေရသလိုပင် ဖြစ်သွားသည်။ အထက်အထက်သော ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်များ၊ တိုက်အုပ် တိုက်ကြပ် ကိုယ်တော်များ၏ အုပ်ချုပ်မှုကို ခံနေရသည့်ပြင် ကျောင်း၏ အကြီးဆုံးပုဂ္ဂိုလ်ဖြစ်သော ဆရာတော်ကြီး ကိုယ်တိုင်ကလည်း သူ့နား၊ သူ့မျက်စိဖြင့် အမြင်မတော်တာ၊ အကြားမတော်တာ မှန်သမျှကို အလစ်မပေးဘဲ ခေါ်ယူကြိမ်းမောင်းနေပြန်တော့ရာ ဦးသုန္ဒရတို့မှာ နေစရာဟူ၍ မရှိတော့သလိုပင် ဖြစ်သွားရသည်။

ဝိနည်းတွေ၊ စည်းကမ်းတွေကလည်းများမှများ။ မနက်မိုးလင်းမှမိုးချုပ် ဘယ်ဘက်ကို လှည့်လှည့်၊ ထိုဝိနည်း ဆူးများနှင့်ချည်းထိုးမိနေသည်။ ထိုဆူးများနှင့် တစ်ချက်ကလေးမှ လွတ်သည်ဟူ၍ မရှိ။ သုန္ဒရ၊ သင်္ကန်းရုံတာမကောင်းဘူး၊ အနားမညီဘူး၊ ခုထိ လက်ကတော့ မထိုးတတ်သေးဘူးလား။ သုန္ဒရ၊ ဒကာတွေအိမ်ကို ဆွမ်းစားလိုက်ရင် ဆွမ်းစားတာ မသေသပ်ဘူး၊ ဆွမ်းစားတာ မြန်လွန်းတယ်၊ မြန်မြန်စားတဲ့သူကို ငတ်ကြီးကျတယ်လို့ ဝေဖန်ခံရလိမ့်မယ်၊ မရှက်ဘူးလား။ သုန္ဒရ၊ မြို့ထဲရွာထဲသွားရင် ဖိနပ်မစီးရဘူး၊ ထီးမဆောင်းရဘူးဆိုတာ မသိဘူးလား၊ ခဏခဏပြောနေရတယ်။ သုန္ဒရ၊ ဆွမ်းခံလိုက်ရင်လည်း လူက ဂဏ္ဍာမငြိမ်ဘူး၊ ခေါင်းက ဟိုလှည့်ဒီလှည့်၊ မျက်စိက ဟိုကြည့်ဒီကြည့် အလွန်လုပ်ချင်တယ်၊ လက်ကလည်း ဟိုရမ်းဒီရမ်းနဲ့ တစ်ချက်မှ မငြိမ်ဘူး၊ မှတ်ထား၊ လက်မငြိမ်ရင် တစ်နေ့ 'ဂိန်'လို့အော်ရလိမ့်မယ်၊ မျက်စိကစားရင် တစ်နေ့ ငရဲသား အစားခံရလိမ့်မယ်။ သုန္ဒရ၊ ကုဋီဝင်ရင် ဧကသီကို အပြင်ကတန်းမှာ လွှားခဲ့ရတယ်ဆိုတာ ပြောမထားဘူးလား၊ ဘာကြောင့်နားမထောင်သလဲ။ သုန္ဒရ၊ တံမြက်စည်းလှည်းတာ အကြမ်းကြီးနဲ့လှည်းနေရသလား၊ ပုရွက်ပိုးမွှားတွေ သေကုန်မှာပေါ့၊ ဟိုအနုနဲ့ ပြန်လဲ။ သုန္ဒရ၊ ဒီအမွေးဆပ်ပြာကို သုံးပြန်ပြီလား၊ ရွှေဝါတို့၊ ကာဘော်လစ်တို့ပဲ သုံးရမယ်ဆိုတာ မသိဘူးလား။ အို၊ ပြောရလျှင် ကုန်နိုင်စရာမရှိ။ တစ်နေ့တစ်နေ့ အပြော၊ အဆို၊ အဆူ၊ အကြိမ်း တို့ဖြင့်သာ တရစပ် ပစ်ခတ်ခြင်းခံနေရသည်။

ကြာတော့ ဦးသုန္ဒရ စိတ်အညစ်ကြီး ညစ်လာသည်။ ကျဉ်းကျပ်လွန်းသောကြောင့် အပျော်ဟူသမျှလည်း မရှိတော့ပြီ။ အခြားဦးဇင်းတွေ၊ ကိုရင်တွေကိုလည်း သူ သတိထားကြည့်မိပါသည်။ သူတို့လည်း ဆရာတော်ကြီး ပြန်ရောက်လာပြီး နောက်ပိုင်း ကြောင်ကိုကြောက်သော ကြွက်ကလေးများသဖွယ် တမုဟုတ်ချင်း ပျပ်ဝပ်သွားကြ၊ တုပ်ကွသွားကြသည်သာဖြစ်သည်။ သို့သော် မိမိဖြစ်နေသလိုတော့ သူတို့က ဖြစ်ကြဟန်မတူ။ စည်းကမ်းလိုက်နာရသောကြောင့် ညည်းညူသူက ညည်းညူကြသော်ငြား သူတို့ကိုကြည့်ရသည်မှာ ပျော်ပျော်ရွှင်ရွှင်၊ လန်းလန်းဆန်းဆန်းပင်ဖြစ်သည်။ မိမိသာလျှင် ထူးနေသည်။ ဤသို့ ဘာကြောင့်ဖြစ်ရသနည်း။ ဦးသုန္ဒရ ကိုယ့်ဘာသာ ပြန်စဉ်းစားသည်။ မိမိက ဝါငယ်သေးလို့များလား၊ ရဟန်းသက် နုသေးလို့များလား၊ ကိုယ်တော်ကြီး

များ ဆုံးမကြသလို သာသနာအပေါ် ချစ်မြတ်နိုးစိတ် နည်းပါးလို့များလား၊ သဒ္ဓါတရား နည်းပါးလို့များလား၊ သို့တည်းမဟုတ် မိမိစိတ်တွင် နဂိုအခံရှိခဲ့သည့်အတိုင်း စိတ်ညွတ်လွယ်ခြင်း၊ စိတ်ဆင်းရဲလွယ်ခြင်းတို့ကြောင့်များလား စသဖြင့် နှိုင်းယှဉ်စဉ်းစားကြည့်ခဲ့မိသည်သာ။ အဖြေကိုကား ရှင်းရှင်းမရပေ။

မည်သို့ဆိုစေ ထိုသို့ တလိန်လိန်တပိန်ပိန် နေထိုင်ရင်းနှင့်ပင် အချိန်တို့က ကုန်လွန်သွားခဲ့ကြသည်။ ယခု ဆိုလျှင် မူလတန်းကို ကျော်၍ ပထမငယ်တန်းကိုပင် သူအောင်မြင်ခဲ့ပြီ။ ဝါအားဖြင့်လည်း သုံးဝါအတွင်းသို့ ဝင်ရောက်ခဲ့ပြီ။ ပျော်ကား မပျော်ပါ။ ဤနေရာ၊ ဤရပ်ဝန်း၌ စိတ်ညစ်ရင်းတန်းလန်းနှင့် ဆက်လက်ကျင်လည် နေရခြင်းဖြစ်သည်။ သို့ဗြား သူ လူလည်းပြန်မထွက်ချင်တော့။ လူ့ဘဝ၏ အရသာကိုလည်း အတော်ကြီး မြည်းစမ်းခဲ့ဖူးပြီမို့ သူ့အတွက် ချဉ်သွား၊ ခါးသွားခဲ့လေပြီ။ သို့နှင့်ပင် ရှေ့ကိုကြည့်လည်း မပျော်ပိုက်၊ နောက်ကိုကြည့်လည်း မသာယာ ဟူသည့် အဖြစ်မျိုးနှင့် သူက ကြိတ်မှိတ် စခန်းသွားနေရခြင်းပင် ဖြစ်တော့သည်။

* * * * *

တစ်နေ့တွင် ဦးသုန္ဒရအတွက် ဆုတောင်းပြည့်စေမည့် အခြေအနေတစ်ခုက ဖန်တီးဖြစ်ပေါ်လာသည်။ ၎င်းမှာ ဤလေသာကျောင်းမှ ရက်ရှည် ခရီးထွက်ခွင့်ရမည့် အခွင့်အရေးတစ်ခုက မမျှော်လင့်ဘဲ ပေါ်ပေါက်လာခြင်းဖြစ်ရာ ဦးသုန္ဒရ အတွက်တော့ 'အချိုရှာ သကာတွေ့'၊ 'ရေငတ်တုန်း ရေတွင်းထဲကျ' ဟူသည့် စကားပုံများအတိုင်း ဖြစ်သွားသည်။ ကျောင်းတွင် ဆရာတော်ကြီး ဦးကောဝိဒအပြင် အခြားထေရ်ကြီးဝါကြီး ဆရာတော် တစ်ပါး



ရှိသေးသည်။ ၎င်းမှာ ဆရာတော် ဦးနန္ဒမာလာပင် ဖြစ်သည်။ ဦးနန္ဒမာလာက ဤကျောင်း၏ ဒုတိယဆရာတော်ဖြစ်ကာ တစ်ချိန်တွင် ကျောင်းထိုင်ဆရာတော်၏ နေရာကို ဆက်ခံမည့်သူအဖြစ် လျာထားခံရသူလည်း ဖြစ်သည်။ ဦးနန္ဒမာလာမှာ ဝါတော် ၃၀ ခန့်ရှိပြီး စာတတ်ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ ဓမ္မာစရိယ ဘွဲ့အပြင် အခြား ဘွဲ့ထူးဂုဏ်ထူးများကိုပါ ရရှိထားသည်။ ကိုယ်ကျင့်သိက္ခာ အားဖြင့်လည်း အထူးကောင်းမွန်သည်။ ဆရာတော်ကြီး ဦးကောဝိဒ၏ ခြေရာအတိုင်း တစ်သွေမတိမ်း လိုက်နာကျင့်ကြံသူဖြစ်သည်။ ထို့ကြောင့် ဦးနန္ဒမာလာကို အရပ်လူထုကလည်း ကြည်ညိုကြသလို ကျောင်းရှိ သံဃာအပေါင်းကလည်း အထူး ချစ်ခင်လေးစားကြသည်။

ယခု ထိုဦးနန္ဒမာလာ၌ပင် ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုက အရေးတကြီး ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဦးနန္ဒမာလာ၏ မယ်တော်ကြီး အသည်းအသန် ဖြစ်လျက်ရှိကြောင်း နယ်မှ အကြောင်းကြားလာသည်။ ထိုဖုန်းသတင်းကို ရလျှင်ရချင်းပင် ဦးနန္ဒမာလာ စိတ်ပူသွားသည်။ ဆရာတော်ကြီးကိုလည်း ချက်ချင်း လျှောက်ထားလိုက်သည်။ ဆရာတော်ကြီးက မယ်တော်ထံ အမြန် သွားဖို့ ခွင့်ပြုလိုက်သည်။ ဦးနန္ဒမာလာက အားချင်း ခရီးထွက်ရန်ပြင်ရသည်။ ဤတွင် အဖော်တစ်ဦးကိုပါ ခေါ်ယူသွားမည် ဖြစ်ရာ ဦးနန္ဒမာလာက ဦးသုန္ဒရအား ရွေးချယ်လိုက်ခြင်းဖြစ်သည်။

ဦးနန္ဒမာလာက ဦးသုန္ဒရကို တမင် ရွေးချယ်လိုက်ခြင်းဖြစ်သည်။ သူက တပည့်များ၏အခြေအနေကို အမြဲတစေ စောင့်ကြည့်နေသူ ဖြစ်သည်။ ထို့ကြောင့် ဦးသုန္ဒရ အခြေယိုင်နေပုံ(ဝါ) စိတ်ညစ်နေပုံကို ကောင်းကောင်း သိရှိသည်။ ယခုလို အခွင့်အရေး

ပေါ်လာခိုက် တပည့်ဖြစ်သူ ခေတ္တဖြစ်ဖြစ် စိတ်ပေါ့လူပေါ့ ဖြစ်ပါစေတော့၊ အပြောင်းအလဲဖြစ်ပါစေတော့ ဟူသော ရည်ရွယ်ချက်ဖြင့် ဦးသုန္ဒရကို ခွေးကောက်လိုက်ခြင်းပင်။ မည်သို့ဆိုစေ ဦးသုန္ဒရကတော့ ခရီးထွက်ရမည့်အတွက် အထူးပျော်ရွှင်နေသည်။ ဦးနန္ဒမာလာက ဤကိစ္စအတွက် ခေါ်ပြောပြောချင်းပင် သူ့မှာ စိတ်ရောလူပါ ပြောင်းလဲကာ ရုတ်ခြည်း တက်ကြွလန်းဆန်း သွားရတော့သည်။

မကြာမီ ဆရာတပည့် ခရီးစတင်ကြသည်။ မှန်လုံကားဖြင့် လိုက်ပါလာကြပြီး နောက်တစ်နေ့မနက်တွင် မြစ်ဝကျွန်းပေါ်ရှိ ဆရာတော့်ရွာ ဇောင်းလျားသို့ ရောက်ရှိသွားကြသည်။ ဇောင်းလျားမှ ကျောင်းထိုင်ဘုန်းကြီးနှင့်တကွ ဆရာတော့် ဆွေတော်မျိုးတော်များက သိုက်သိုက်မြိုက်မြိုက်ကြိုဆိုကြသည်။ ဇောင်းလျားကျောင်းမှာပင် သူတို့ စတည်းချလိုက်ကြသည်။ ဇောင်းလျား ကျောင်းထိုင်ကိုယ်တော်က ဝါအတော်နုသေးသည်။ ၁၀ ဝါ ကျော်ရုံမျှသာ ရှိသေးသည်။ လူကလည်း လူငယ်ပင် ဖြစ်သည်။ သို့ကြောင့် ဆရာတော်ကြီး နန္ဒမာလာကို ရှိသေတုပ်ကွ၊ ကြိုဆိုဝတ်ပြုသည့်ပြင် သူလက်ရှိသုံးစွဲနေသော အိပ်ရာ၊ နေရာ၊ အသုံးအဆောင်တို့ကိုပါ ဆရာတော်အား လွှဲပြောင်းပေးသည်။

ဦးနန္ဒမာလာက ကျောင်းတွင် ခဏတဖြုတ် အနားယူပြီးနောက် မယ်တော်ကြီးထံ ကြွသွားသည်။ မယ်တော်ကြီးမှာ ထင်သလောက် အခြေအနေ မဆိုးသေးသဖြင့် ဝမ်းသာသွားရသည်။ မယ်တော်ကြီး၏ရောဂါက ကင်ဆာဖြစ်ကြောင်း၊ မြို့ပေါ်ရှိ ဆေးရုံတွင် တက်ရောက်ကုသပြီး ပြန်ဆင်းလာခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ မြန်မာဆရာဖြင့် ထပ်မံကုသမှု ခံယူရန် စီစဉ်လျက်ရှိကြောင်း



သေသည်ဖြင့် ဆွေမျိုးများက ဆရာတော်ကြီးအား ရှင်းပြလျှောက်ထားကြသည်။ ဆရာတော်က မြန်မာဆရာဖြင့် ပြောင်းလဲကုသမည့် အစီအစဉ်ကို မြန်မြန်ဆောင်ရွက်ကြရန် မိန့်ကြားသည်။

နောက်နှစ်ရက်ခန့်အကြာတွင် မယ်တော်ကြီးအား ဆရာရှိရာ လျှော်ကုန်းရွာသို့ ဆွေမျိုးတစ်သိုက်က သယ်ဆောင်သွားကြသည်။ ပထမတွင် ဆရာအား လျှော်ကုန်းသို့ ပင့်ကြည့်ခဲ့ကြသေးသည်။ ဆရာက အခြားကုသဆဲ လူနာများလည်း ရှိနေသေးသောကြောင့် လျှော်ကုန်း၌သာ လက်ခံကုသပေးနိုင်မည်ဟု ဆိုလာသဖြင့် လျှော်ကုန်းသို့ သွားရောက်ကြရခြင်းဖြစ်သည်။

ရင်းတို့နှင့်အတူ ဦးနန္ဒမာလာပါ လိုက်ပါသွားသည်။ လျှော်ကုန်းမှာ ဇောင်းလျားနှင့် ခြောက်မိုင်ခန့် ဝေးသည်။ ထိုရွာတွင် ဦးနန္ဒမာလာတို့ ဆွေမျိုးများရှိသည်။ အစီအစဉ်အရ မယ်တော်ကြီးနှင့် လိုက်ပါပြုစုသူများအား ဆွေမျိုးများ အိမ်တွင် စတည်းချ စေမည်။ ထို့နောက် ဆရာကိုပင့်၍ ကုသမှုခံယူမည်။ ဆရာတော်ကြီး ဦးနန္ဒမာလာကတော့ လျှော်ကုန်းကျောင်းမှာပင် နေမည်။ ကျောင်းမှတစ်ဆင့် အသွားအလာပြုကာ မယ်တော်ကြီးအား တတ်အားသလောက် ပြုစုသွားမည်။

ဦးသုန္ဒရကိုတော့ ထိုခရီးတွင် ဆက်လက်ခေါ်ယူမသွားတော့ချေ။ ဇောင်းလျားမှာပင် နေစေခဲ့တော့သည်။ မယ်တော်ကြီး ဆေးကုရမည့် အခြေအနေက ရက်ကြာမည်၊ မကြာမည်ကို သေချာပေါက် မပြောနိုင်ရာ ဦးသုန္ဒရကို လောလောဆယ် ဇောင်းလျားမှာပင် အေးအေးဆေးဆေး နေစေခဲ့ခြင်း ဖြစ်သည်။

* * * * *

ဦးသုန္ဒရက ဇောင်းလျားသို့ရောက်ရောက်ချင်းပင် ပျော်ရွှင်သွားသည်။ ဇောင်းလျားက ရွာသာယာကလေး ဖြစ်သည်။ ရွာသူရွာသားများကလည်း သဘောကောင်းကြသည်။ ထို့ပြင် ကျောင်းထိုင်ကိုယ်တော်နှင့်တကွ ကျောင်းရှိ ဦးဇင်း၊ ကိုရင်တို့မှာ အားလုံး လူငယ်များသာ ဖြစ်ကြသည်။ ဦးသုန္ဒရအား ပွင့်ပွင့်လင်းလင်း၊ ရင်းရင်းနှီးနှီး၊ ဆွေမျိုးပေါက်ဖော်သဖွယ် ဆက်ဆံကြသည်။ ထိုသို့ လိုက်လှဲပျူငှာ ရှိမှုကြောင့်ပင် ဇောင်းလျားကို ဦးသုန္ဒရ အထူး ချစ်ခင်သွားသည်။ ထို့ပြင် ဘာစည်းကမ်းမှမကြီး၊ ဘာဝိနည်းမှ မရှိသောကြောင့်လည်း ဦးသုန္ဒရ ကိုယ်စိတ်နှစ်ပါး လွတ်လွတ်လပ်လပ် ဖြစ်သွားသည်။ လှောင်အိမ်မှလွတ်သော ငှက်ကလေးသဖွယ် ဖြစ်သွားသည်။

နယ်ခံကိုယ်တော်များနှင့် အတူနေ၊ အတူစားရင်း ဦးသုန္ဒရ ပျော်မဆုံးအောင် ဖြစ်နေရသည်။ မူလ လေသာကျောင်းကိုပင် မေ့သလိုလို ဖြစ်သွားသည်။ ဇောင်းလျားတွင် တစ်နေ့တစ်နေ့ ကုန်လို့ကုန်မှန်း မသိဘဲ ဖြစ်နေသည်။ ဦးနန္ဒမာလာ၏ မယ်တော်ကြီးကလည်း အခြေအနေ တိုးတက်လာသည်ဟု သိရသည်။ ကောင်းသည်ထက်ကောင်းအောင် လျှော်ကုန်း၍ပင် ကာလ အကန့်အသတ်မရှိ နေကြဦးမည်ဟုလည်း သိရသည်။ ဦးသုန္ဒရ ကတော့ လေသာသို့ မပြန်ရဘဲ သည်မှာ ကြာလေကောင်းလေဟုပင် တွေးနေသည်။

ဇောင်းလျား ကိုယ်တော်များက ဦးသုန္ဒရကို ရွာထဲရှိ ဒကာများ အိမ်သို့ အလည်လိုက်ပို့ပေးကြသည်။ အနီးအနားရှိ ကျေးရွာများသို့လည်း အလည် လိုက်ပို့ပေးသည်။ ဇောင်းလျားကျောင်းတွင်လည်း ဖျော်ဖြေရေးပစ္စည်းများက စုံလင်လှသည်။ တီဗီကြည့်လိုက ကြည့်၊ ကက်ဆက်နားထောင်လိုက နားထောင်၊ အသံချဲ့စက် ဖွင့်လိုကဖွင့်၊ အော်ဂင် တီးလိုကတီး။ ထို့ပြင် ကျေးရွာတီးဝိုင်း၏ ဗုံတွေမောင်းတွေက ကျောင်းအောက်ထပ်မှာပင် ရှိသည်။ ထို့ကြောင့် တီးဝိုင်းသမားများက ရံခါ၌ လာရောက် တီးမှုတ်လေ့ရှိကြရာ တစ်မျိုးအပျင်းပြေစရာ ဖြစ်နေပြန်သည်။

သို့သော် ကျေးရွာတွင် ထူးခြားသော အရေးအခင်းတစ်ခုနှင့် ရင်ဆိုင်နေရသည်ကိုတော့ ဦးသုန္ဒရ ရောက်ရောက်ချင်း မသိခဲ့။ နောက်ပိုင်းရောက်မှသာ ထိုကိစ္စကို တဖြည်းဖြည်း ရိပ်မိလာခြင်းဖြစ်သည်။ ထိုပြဿနာက ပုဂ္ဂလိကပြဿနာတော့ မဟုတ်။ အများနှင့်ဆိုင်သော ပြဿနာဖြစ်သည်။ အများဟုဆိုရာတွင် ဇောင်းလျားတစ်ရွာထဲသာ မကဘဲ အနီးအနားရှိ ကျေးရွာများနှင့်ပါ သက်ဆိုင်နေသည်။ ဖြစ်ပုံမှာ ကုမ္ပဏီကြီးတစ်ခုက ကျေးရွာပိုင် မြေယာများကို သိမ်းဆည်းထားသည်။ နိုင်ငံတော်အဆင့် စီမံကိန်းကြီး ဆောင်ရွက်ရန်ဟူ၍ အကြောင်းပြ သိမ်းယူထားခြင်းဖြစ်သည်။ ကျေးရွာတို့မှ တောင်သူများမှာ မည်သို့မျှ မလွန်ဆန်နိုင်သဖြင့် လျော်ကြေးငွေ အနည်းအကျဉ်းကိုသာ လက်ခံ၍ လက်မှတ်ထိုးပြီး မြေသိမ်းခံလိုက်ရသည်။ သို့သော် နှစ်တွေသာ တစ်နှစ်ပြီးတစ်နှစ် ကြာမြင့်လာသော်လည်း ထိုစီမံကိန်းဆိုတာကြီးက ဘာမှအကောင်အထည်ပေါ်မလာဘဲ ဖြစ်နေသည်။ အသိမ်းခံထားရသော မြေများက ဘာမှမစိုက်ရ မပျိုးရဘဲ ဖုန်းဆိုးတောကြီးဖြစ်သွားခြင်းသာ အဖတ်တင်နေသည်။

မကြာသေးသော လအနည်းငယ်အတွင်းကတော့ သတင်းတစ်ခုက ပျံ့လွင့်လာသည်။ ၎င်းမှာ ထိုကုမ္ပဏီက စီမံကိန်း အကောင်အထည် ဖော်မည်ဆိုသည်မှာ လုံးဝမဟုတ်ဟု ဆိုသည်။

စီမံကိန်းအကြောင်းပြကာ မြေများကို တစ်ပတ်ရိုက် သိမ်းယူထားခြင်းဖြစ်သည်ဟုသိရသည်။ ယခု ထိုကုမ္ပဏီကပင် ပုဂ္ဂလိကလုပ်ငန်းရှင်များကို မြေများ ခွဲစိတ်ရောင်းချတော့မည်ဟု ဆိုလေသည်။

ပြဿနာက ဤမှာပင် စတင်လာသည်။ ထိုသတင်းက ကျေးရွာတောင်သူများကို အုတ်အုတ်ကျက်ကျက် ဖြစ်သွားစေသည်။ မည်သူမျှ မကျေနပ်ကြပေ။ မိမိတို့ သက်သက် အလိမ်ခံရသည်၊ အညွန့်ခူးခံရသည်ဟု မကျေမချမ်း ဖြစ်ကြရသည်။ ဤသို့ တစ်ကိုယ်ကောင်းကြံပြီး ကိုယ်ကျိုးရှာသော ထိုကုမ္ပဏီအားလည်း ဆန့်ကျင်ကန့်ကွက်ရန် ပြင်ကြသည်။ တောင်သူများ စုဝေးကြသည်။ ကြွက်စီကြွက်စီ ပြောကြဆိုကြ၊ ဝေဖန်ကြသည်။ သက်ဆိုင်ရာသို့ စာတင်သူက တင်ကြသည်။ သက်ဆိုင်ရာက လိုအပ်သလို အရေးယူပေးမည်ဟုသာ အကြောင်းပြန်ပြီး ဘာမှ ဆက်လုပ်ပေးခြင်း မရှိသောအခါ လူထုက ပို၍ခံပြင်းကြရပြန်သည်။ ပေါက်ကွဲကြရပြန်သည်။

အခြေအနေက တဖြည်းဖြည်း ပို၍တင်းမာလာသည်။ ဆူပွက်လာသည်။ ကျေးရွာလူထုဘက်က လှုပ်လှုပ်ရှားရှား ဖြစ်လာတော့ ကုမ္ပဏီဘက်ကလည်း အညံ့မခံပေ။ နောက်မဆုတ်ပေ။ လူထုဆန္ဒကို လိုက်လျောပြီး မြေတွေ ပြန်ပေးဖို့ကတော့ ဝေးစွ ခြောက်ပါးပင်။ သူတို့သိမ်းထားသော မြေဧကပေါင်းများစွာတွင် ခြံစည်းရိုးခတ်ခြင်း၊ အစောင့်ချခြင်း၊ ကျူးကျော်သူကို အရေးယူမည်ဟု စာကပ်ခြင်းများဖြင့် တုန့်ပြန်လာသည်။

လူထုက ပို၍ ဒေါသထွက်ကြရသည်။ တက်တခေါက်ခေါက် ဖြစ်ကြရသည်။ တစ်ချိန်တည်းမှာပင် အချင်းချင်း တိုင်ပင်ကြသည်။ ညှိနှိုင်းကြသည်။ ဤကိစ္စအား မည်သို့ဖြေရှင်းကြမည်ကို(ဝါ) မြေသိမ်းတိုက်ပွဲအား မည်သို့ဆင်နွှဲကြမည်ကို တကြိတ်ကြိတ်



စည်းဝေးကြသည်။ ဤတွင် ကုမ္ပဏီနှင့် အနီးဆုံးတွင် တည်ရှိသော ဇောင်းလျားကို ဗဟိုပြုကာ လူထုက လာရောက်စုရုံးမိကြသည်။ ထိုလူထုမှာ ဇီးကုန်း၊ နတ်ချို၊ ငှက်တော်ချိုင့်၊ ဟင်းခွပျို၊ ရွာလုလင်၊ ကြံမသိမ်း အစရှိသော ကျေးရွာများမှ ဖြစ်ကြကြောင်းကို ဦးသုန္ဒရ သိရှိရသည်။

ဆိုခဲ့သည့်အတိုင်း ဦးသုန္ဒရက ပထမတော့ ဤကိစ္စကို မသိသေးပေ။ နောက်တော့မှ တကြိတ်ကြိတ်ဖြစ်နေသော ဤပြဿနာကို တစ်စွန်းတစ်စ စပြီးသိရှိလာသည်။ ထို့နောက် ပို၍ပို၍ သိရှိလာသည်။ နောက်ပိုင်းရောက်တော့ ပြဿနာက ပို၍ အသံကျယ်လာခြင်း၊ ပို၍ကြီးထွားလာခြင်းနှင့်အတူ ထိုရေစီးထဲသို့ ဦးသုန္ဒရပါ မျှောပါသွားရတော့သည်။ မပါ၍လည်း မနေနိုင်ပါ။ အခြေအနေက ပါဖြစ်အောင်ကို လှုံ့ဆော်ဖန်တီးနေခဲ့သည်။

အထက်ပါ ကျေးရွာများမှ လူထုနှင့်အတူ ဤအရေးအခင်းထဲသို့ သက်ဆိုင်ရာကျေးရွာများရှိ သံဃာများပါ ပါဝင်လာကြသည်။ သံဃာများမှာ အများအားဖြင့် ရဟန်းငယ်များသာ ဖြစ်သည်။ သူတို့က အလွန်တက်ကြွစွာ ရဲရဲတောက် ပါဝင်လာကြခြင်း ဖြစ်သည်။ ဒကာများကလည်း သံဃာများကို အားကိုးကြသည်။ ဒကာများ အားကိုးသလို သံဃာများကလည်း အားကိုး ခံလိုက်ကြသည်။ ဦးဇင်းလေးများ ပြောဆိုမိန့်ကြားပုံကိုပင်ကြည့်ပါ 'ဒကာတွေရဲ့ အရေးဟာ ကျုပ်တို့အရေးပဲပေါ့၊ ဒကာတွေ ခံနေရတာဟာ ကျုပ်တို့ ခံနေရသလိုပဲ'၊ 'ကျုပ်တို့ကို ဆွမ်းကွမ်း ထောက်ပံ့နေတဲ့ ဒကာ၊ ဒကာမတွေ ဆင်းရဲဒုက္ခရောက်နေတာကို ကျုပ်တို့က လုံးဝ မကြည့်ရက်ဘူး။ ဒါကြောင့် ကျုပ်တို့ပါ ဝင်တိုက်ရမှာပဲ'စသည်၊ စသည်။

သည်လိုဆိုတော့ ဦးသုန္ဒရကပါ စိတ်တွေ တက်ကြွလာသည်။ ရဲသွေးတွေ ဝင်လာသည်။ မိမိပါ ငြိမ်သည်လုပ် မနေဘဲ ဒကာများကို ကူညီရမည်ဟု ခံယူလိုက်သည်။ အခြားသံဃာများနှင့် သွေးစည်းပြီး ပါဝင်ချီတက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့နှင့်ပင် သံဃာနှင့်လူထု တပ်ပေါင်းစု ဆွေးနွေးပွဲများတွင် ဦးသုန္ဒရက ထက်သန်စွာပါဝင် နေလေတော့သည်။

* * * * *

တစ်ညတွင် အထူး အစည်းအဝေးတစ်ခုကို ဇောင်းလျားကျောင်း၏ ဓမ္မာရုံထဲတွင် ပြုလုပ်ဖြစ်ကြသည်။ ထုံးစံအတိုင်း ကျောင်းပေါင်းစုံမှ သံဃာများနှင့် ရွာသူရွာသားများ တက်ရောက်ကြသည်။ ထိုအစည်းအဝေးက အပြီးသတ် ဆုံးဖြတ်ချက်တစ်ခုကို ချဖြစ်သွားသည်။ ထိုဆုံးဖြတ်ချက်အရ မနက်ဖြန်တွင် ကုမ္ပဏီနှင့် ထိပ်တိုက် ရင်ဆိုင်ကြမည်။ လူထုအင်အားကိုပြ၍ မြေသိမ်းပွဲ ဆင်နွှဲကြမည်။ ကုမ္ပဏီမှ ကာရံထားသော သစ်သားစည်းရိုးများ၊ သံဆူးကြိုးများကို ဖျက်ဆီးကြမည်။ ပြီးလျှင် ကုမ္ပဏီ၏ မြေသိမ်းခြင်းကို ခံထားရသော တောင်သူများက သူ့မြေကိုယ့်မြေပေါ်တွင် ခြံစည်းရိုး ပြန်ခတ်ခြင်းဖြင့် တိုက်ပွဲဝင်ကြမည်။ ထိုသို့ လူထုက လုပ်ဆောင်နေစဉ် သံဃာများက ဘေးမှ အသင့်စောင့်ကာ ကြီးကြပ်ပေးနေမည်။ အားလုံးပြီးမှ သူ့ရွာကိုယ့်ရွာများသို့ ပြန်သွားကြမည်။ စသည်ဖြင့် ဖြစ်လေသည်။

သို့နှင့် နောက်တစ်နေ့မနက် ရှစ်နာရီခန့်တွင် စိတ်လှုပ်ရှားဖွယ် အရေးအခင်းက စတင်ဖြစ်ပွားတော့သည်။ အင်အား ၃၀၀ ခန့်ရှိ လူစုလူဝေးကြီးက ကြွေးကြော်သံများ အော်ဟစ်ကာ ချီတက်လာကြသည်။ ညာသံပေးပြီး အတင်းတက်လာသော လူအုပ်ကြီးကို တွေ့ရသည်နှင့် ကုမ္ပဏီကင်းတဲများမှ အစောင့်များက လန့်ဖျန့်သွားကြသည်။ ထို့နောက် ဒရောသောပါး ထွက်ပြေးသွားကြသည်။ လူအုပ်ကြီးက ခြံစည်းရိုးနား ရောက်သည်နှင့် အသင့်ပါလာသော လက်နက်ကိရိယာများဖြင့် ခြံစည်းရိုးများကို ဖြိုဖျက်ပစ်လိုက်ကြသည်။ ထိုခြံစည်းရိုးများက တခဏအတွင်းမှာပင် ဖရိုဖရဲ ယိုင်လဲပြိုပျက်သွားကြတော့သည်။ ထို့နောက်တွင် အသင့်ပါလာသော မျှော၊ ဝါးတို့ဖြင့် ဝိုင်းဝန်း ခြံစည်းရိုး ခတ်ကြသည်။ သူ့မြေကိုယ့်မြေ အမှတ်အသား ရှိထားပြီးဖြစ်သောကြောင့် တစ်ကြောင်း၊ လူအင်အားကလည်း ကောင်းလှသောကြောင့် တစ်ကြောင်း၊ သိပ်မကြာခင်မှာပင် ခြံစည်းရိုးသစ် ခတ်ခြင်းကိစ္စက ပြီးစီးသွားသည်။ ဦးသုန္ဒရ အပါအဝင် သံဃာအပါး ၂၀ခန့် ကတော့ လူထုနောက်ဆွယ်နားတွင် စီတန်းရပ်လျက် အစမှအဆုံး စောင့်ရှောက် ကြီးကြပ်ပေးနေခဲ့ကြသည်။ အားလုံး ပြီးစီးသည်နှင့် ရွာသားများက 'အောင်ပြီ၊ အောင်ပြီ'ဟု လက်ရုံးများဆန့်တန်းကာ ကြွေးကြော်ကြသလို ဦးသုန္ဒရတို့ကလည်း ပီတိနှင့်အတူ ရွှင်လန်းအားရ ဖြစ်ကြရသည်။ ထို့နောက် တစ်စုတစ်ဝေးတည်း ဇောင်းလျားသို့ ပြန်လာခဲ့ကြသည်။ သည့်နောက်တွင် နေကလည်းမြင့်လာ၊ ဆွမ်းစားချိန်ကလည်း ရောက်လာပြီဖြစ်သဖြင့် အောင်မြင်စွာ လူစုခွဲလိုက်ကြလေသည်။

သို့သော် အခြေအနေက မီးမသေသေးပေ။ ဦးသုန္ဒရတို့ ဆွမ်းစားပြီး မကြာမီမှာပင် ရွာသားတစ်ယောက်က အပြေးအလွှား လာရောက်သတင်းပို့သည်။ ရွာသားများ၏ ခြံစည်းရိုးများကို ကုမ္ပဏီအလုပ်သမားများက ပြန်ဖျက်နေကြသည် ဆိုသော သတင်းပင်ဖြစ်သည်။ သံဃာများက ဒေါသထွက်သွားကြသည်။ ချက်ချင်းပင် ထိုနေရာသို့ သွားရန် ပြင်ကြသည်။ စောစောက ဒကာများက

သူ့ရွာကိုယ့်ရွာများသို့ လူစုခွဲပြီး ပြန်သွားကြသော်လည်း သံယာများကမူ ဆွမ်းစားပြီးချိန်အထိ ဇောင်းလျားမှာပင် ရှိနေသေးကြရာ ယခု သူတို့က ထိုအင်အားအတိုင်းပင် ချီတက်သွားလိုက်ကြသည်။ ဇောင်းလျားရွာသား ၂၀-၃၀ ခန့်တော့ သံယာများနှင့်အတူ လိုက်ပါလာကြသည်။

ထိုနေရာသို့ ရောက်ရောက်ချင်းပင် သံယာများ ဦးဆောင်ကာ ကုမ္ပဏီ အလုပ်သမားများက အသစ်ပြန်ခတ်ထားသော ခြံစည်းရိုးများကို ပြန်ဖျက်ကြပြန်သည်။ သို့နှင့်ပင် ခြံစည်းရိုးဖျက် နယ်လုပွဲက မပြီးနိုင်အောင်ကို ဖြစ်နေသည်။ သို့သော် သည်တစ်ခါတော့ သံယာများနှင့် ရွာသားများဘက်က သိပ်အခြေမလှဘဲ ဖြစ်နေသည်။ ကုမ္ပဏီဘက်က လူ ၁၀၀ ခန့် ရှိနေသည့်အတွက် အင်အားချင်းမမျှဘဲ ဖြစ်နေသည်။ သံယာများက မကြောက်သော်လည်း ရွာသားများက ရှိန်နေကြသည်။ သူတို့အဖွဲ့ ခြံစည်းရိုး အတင်းဝင်ဖျက်နေစဉ်မှာပင် ကုမ္ပဏီဝန်ထမ်းများက တရကြမ်း ဝင်လုံးလာကြသည်။ သို့သော် အခြေအနေက သိပ်ရုပ်ပျက်ဆင်းပျက်ကြီးတော့ မဖြစ်ပေ။ အလုပ်သမားများက ရွာသားများကို တွန်းထိုးခြင်း၊ ဆွဲထုတ်ခြင်းမျှလောက်သာ ပြုလုပ်ကြပြီး ရိုက်ကြနှက်ကြ၊ ထိုးကြကြိတ်ကြသည်အထိတော့ မဖြစ်ပေ။ ထို့ပြင် အလုပ်သမားများဘက်မှ ခေါင်းဆောင်လုပ်သူက 'ဟေ့- ဟေ့၊ ဦးဇင်းတွေကိုတော့ ဘာမှမလုပ်နဲ့နော်။ ဘာမှမဖြစ်စေနဲ့'ဟု အော်ဟစ်ပြောဆိုနေသည်ကိုပါ ဦးသုန္ဒရ ကောင်းစွာ ကြားလိုက်ရသည်။

မည်သို့ဆိုစေ ဦးသုန္ဒရတို့ဘက်က တပ်လှန်ခဲ့ကြရသည်။ နောက်ဆုတ်ခဲ့ကြရသည်။ သို့သော် အင်အားချင်း မမျှ၍ အလျှော့ပေးခဲ့ရခြင်းသာဖြစ်ပြီး လုံးဝ အရှုံးပေးလိုက်သည်ကား မဟုတ်ပေ။



သူတို့အားလုံး ကြိတ်မနိုင်ခဲမရ ဖြစ်နေကြသည်။ တက်တခေါက်ခေါက်ဖြစ်နေကြသည်။ ထို့နောက် ယနေ့ညတွင် မကျေပွဲထပ်နွှဲမည်ဖြစ်ကြောင်း၊ ဇောင်းလျားကျောင်းတွင် လူပြန်စုကြရမည့်အကြောင်း ကြေညာချက် ထုတ်လိုက်သည်။ ညတိုက်ပွဲအတွက်လည်း လိုအပ်သမျှ ကြိုတင်ပြင်ဆင်ထားလိုက်ကြသည်။

ည ခုနစ်နာရီလောက်တွင် ကျေးရွာပေါင်းစုံမှ လူ အတော်များများ စုဝေးမိကြသည်။ သည်တစ်ခါတော့ သူတို့လက်ထဲတွင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်လာကြသည်။ မြေလု တိုက်ပွဲအတွက် ပြတ်ပြတ်သားသား လုပ်ကြတော့မည့် သဘောပင်ဖြစ်သည်။ ထို့နောက် သူတို့အဖွဲ့က ပြဿနာကွင်းရှိရာသို့ ချီတက်သွားလိုက်ကြသည်။ ဦးသုန္ဒရ တို့ကပါ လိုက်ပါသွားလိုက်ကြသည်။ ထိုနေရာသို့ရောက်သော် ညအမှောင်အောက်တွင် ကုမ္ပဏီက အသစ်ပြန်ကာထားသော ခြံစည်းရိုးများကို တစ်သီတစ်တန်းကြီး တွေ့ရသည်။ ဒေါသထွက်နေသော လူအုပ်ကြီးက ရောက်ရောက်ချင်းပင် လုပ်ငန်းစလိုက်ကြသည်။ ခြံစည်းရိုးအား ဖြိုကြဖျက်ကြသည်။

သို့သော် သူတို့လုပ်ငန်းစ၍ မကြာမီပင် ကုမ္ပဏီဘက်မှ လူအုပ်ကြီးက ဆူညံစွာ အော်ဟစ်ပြီး အတင်းတက် လာတော့သည်။ ထိုလူအုပ်နှင့် ကျေးရွာသားများက တခဏ အတွင်းမှာပင် ရင်ဆိုင်မိသွားကြသည်။ ကုမ္ပဏီ အလုပ်သမားများက ရွာသားများကို ဆွဲထုတ်ရုံ၊ တွန်းဖယ်ရုံမျှ မဟုတ်တော့ဘဲ အတင်းဝင်၊ အတင်းရိုက်ကြသည်။ ရွာသားများကလည်း ပြန်ရိုက်ကြသည်။ ခုမှ ရိုက်ပွဲ၊ တိုက်ပွဲစစ်စစ်ကြီး ဖြစ်သွားတော့သည်။ တစ်ဘက်နှင့်တစ်ဘက် သဲသဲမဲမဲ တိုက်ခိုက်နေကြတော့သည်။

ဦးသုန္ဒရက အလွန် ကြောက်လန့်သွားသည်။ ထိုရိုက်ပွဲကြားတွင် သူတို့သံယာတွေက ညှပ်ပါနေမိလေပြီ။ လူတွေကလည်း ရောထွေးနေသည်။ ညကလည်း မှောင်မိုက်နေသည်။ မည်သူမည်ဝါဟူ၍ သဲကွဲစွာ မြင်တွေ့နိုင်ခြင်း မရှိတော့ပြီ။ သံယာတွေမှန်း သိရှိပြီး နေ့လယ်တုန်းကလို 'ဦးဇင်းတွေကို ဘာမှမလုပ်ကြနဲ့'ဟု အော်ဟစ်တားမြစ်ပေးမည့် အသံမျိုးကိုလည်း မျှော်လင့်၍မရတော့ပြီ။ အားလုံးသိမ်းကြုံးပြီး ရိုက်နေပြီဖြစ်ရာ မိမိခေါင်းပြောင်ပြောင်လေးပေါ် သို့လည်း အချိန်မရွေး တုတ်က ကျလာနိုင်သည်ကို တွေးမိကာ ဦးသုန္ဒရ တဆတ်ဆတ်တုန်နေမိသည်။

ရိုက်ပွဲက ပြင်းထန်နေဆဲပင်။ 'ဖြောင်း'ခနဲ၊ 'ဒုတ်'ခနဲ ထွက်ပေါ်လာသော ရိုက်သံနှက်သံများ၊ 'အား'ခနဲ၊ 'အီး' ခနဲ အော်ဟစ်ညည်းညူသံများက နေရာအနှံ့အပြားမှ ထွက်ပေါ်နေသည်။ အော်ဟစ်ကြုံးဝါးသံ၊ ဆဲဆိုတိုင်းထွာသံများ ကလည်း ထွက်ပေါ်နေဆဲပင်။ မကြာမီ 'ဖြောင်း'ခနဲ အသံတစ်ခုနှင့်အတူ ဦးသုန္ဒရခေါင်းထဲ မီးပွင့်ထွက်သွားသည်။ ပူခနဲလည်း ခံစားလိုက်ရသည်။ လက်ဖြင့်စမ်းကြည့်လိုက်ရာ နောက်စေ့နေရာမှ သွေးများကို စမ်းမိသွားသည်။ အရိုက်ခံရပြီဟု သိလိုက်ပြီး လူက ချက်ချင်းမိုက်ခနဲ၊ မိုက်ခနဲ ဖြစ်လာသည်။ ထို့နောက် ခွေခနဲ လဲကျသွားသည်။ ထိုနေရာမှာပင် ထိုးလဲနေရင်း အတန်ကြာအောင် တမူးမူးတဝေဝေ ဖြစ်နေသေးသည်။ တဖြည်းဖြည်း အားယုတ်လာသလို ဖြစ်လာပြီးနောက် နားထဲတွင် ခရာသံတွေလိုလို သေနတ်သံတွေလိုလို နောက်ဆုံးကြားလိုက်ရပြီးနောက် ဦးသုန္ဒရ သတိလစ်သွားတော့သည်။

* * * * *



ဦးသုန္ဒရ သတိရလာတော့ ဆေးရုံပေါ် ရောက်နေလေပြီ။ သတိရရချင်း ဘာမှမမှတ်မိသေး။ တဖြည်းဖြည်းပြန် စဉ်းစားတော့မှ အားလုံးကို ပြန်မှတ်မိလာသည်။ ဆရာတော် ဦးနန္ဒမာလာက သူ့ကို စိုးရိမ်သောမျက်နှာဖြင့် ငုံ့ကြည့် လျက်ရှိသည်။ 'မောင်သုန်၊ သတိရလာပြီလား'ဟု ဝမ်းသာအားရ မေးလာရာ သူက အသာခေါင်းညိတ်ပြလိုက်သည်။ သူ့ဘေးပတ်ပတ်လည်တွင် သံယာအချို့နှင့် ဒကာအချို့ ဝိုင်းအုံနေကြသည်ကိုပါ တွေ့ရသည်။

ဆေးရုံတွင် ကြာကြာတော့ မနေလိုက်ရပါ။ နှစ်ရက်ခန့်သာ နေလိုက်ရသည်။ သက်သာလာပြီးနောက် ဆေးရုံမှ ဆင်းခွင့်ပေးလိုက်သည်။ အခြား ကိုယ်တော်နှစ်ပါးပါ အရိုက်ခံရပြီး ဆေးရုံတက်နေရရာ သူတို့ကိုပါ သက်သာသည်နှင့် ဆင်းခွင့်ပေးလိုက်သည်။

နောက်ပိုင်းရောက်မှ သိရသည်မှာ ထိုရန်ပွဲကြီးတွင် ရွာသားဘက်မှနှစ်ယောက်၊ ကုမ္ပဏီဘက်မှတစ်ယောက် သေဆုံးသွားသည်ဟု သိရှိရသည်။ နှစ်ဘက် ဒဏ်ရာရသူများကတော့ အတော်များသည်ဟုသိရသည်။ အချင်းဖြစ်ရာသို့ လုံခြုံရေးများ ရောက်ရှိလာပြီး သေနတ်ပစ်ဖောက် လူစုခွဲတော့မှ ရန်ပွဲပြီးဆုံးသွားသည်ဟုဆိုသည်။ ယခု ထိုပြဿနာမြေကို လုံခြုံရေးများ ချထားကာ ထိန်းသိမ်း ထားလိုက်ပြီဟုလည်း သိရသည်။ အခြေအနေက မည်သို့ဆက်ဖြစ် လေဦးမည်ကို မည်သူမျှ မသိနိုင်ကြပေ။

ဦးနန္ဒမာလာ၏ မယ်တော်ကြီးသည်လည်း ကွယ်လွန်သွားလေပြီ။ အလောင်းကို လှော်ကုန်းမှ ပြန်သယ်လာခဲ့ကြသည်။ ဆရာတော့်မိခင်အား ရွာလူထုက မယ်တော်ပျံပွဲဟူ၍ တစ်ခန်းတစ်နား ပြုလုပ်လိုကြသေးသော်လည်း ဦးနန္ဒမာလာက ဝိနည်းဆောင်ပုဂ္ဂိုလ်ပီပီ ထိုသို့မလုပ်ရန် တားမြစ်သည်က တစ်ကြောင်း၊ ကျေးရွာတွင်

ပြီးခဲ့သော မြေလုအရေးအခင်းကြီးကြောင့် စိတ်ရှုတ်ထွေးနောက်ကျိနေကြသည်က တစ်ကြောင်းတို့ကြောင့် မယ်တော်ကြီးအား ရိုးရိုးဈာပနဖြစ်သာ မြေချလိုက်ကြလေသည်။ မယ်တော်ကြီးအတွက် ဆွမ်းသွတ်ပွဲမတိုင်မီတော့ ဇောင်းလျားမှာပင် နေကြဦးမည်၊ ဆွမ်းသွတ်ပြီးပြီးချင်း အပြန်ခရီးစမည်ဟု ဦးနန္ဒမာလာက စီစဉ်ထားသည်။

* * * * *

တစ်နေ့တွင် ဆရာတော် ဦးနန္ဒမာလာက ဇောင်းလျားရွာတွင်းရှိ ဒကာ၊ ဒကာမအားလုံးကို ကျောင်းသို့ ဆင့်ခေါ်လိုက်သည်။ ပြီးခဲ့သော ပြဿနာနှင့်ပတ်သက်ပြီး ဩဝါဒစကား မြွက်ကြားရန် ထိုသို့ ဆင့်ခေါ်လိုက်ခြင်း ဖြစ်သည်။ ကျောင်းသို့ စုရုံးရောက်ရှိလာကြသော ဒကာ၊ ဒကာမများက ဆရာတော်ကြီး ပြစ်တင်ကြိမ်းမောင်းတော့မည်ကို သိရှိနေကြသည်မို့ အထူးကြောက်ရွံ့ကာ ငြိမ်သက်နေကြသည်။ သံဃာစင်ပေါ်တွင် စီတန်းပြီးထိုင်နေကြသော ဇောင်းလျား ကျောင်းထိုင်ဘုန်းကြီး ဦးမေဓာဝီနှင့် သံဃာတစ်စုတို့မှာလည်း မျက်နှာကို အောက်ချလျက်သာ ခပ်ကုပ်ကုပ်ဖြစ်နေမိကြသည်။ ပရိသတ်စုံသည်နှင့် ဆရာတော်က ဩဝါဒစကားကို မြွက်ကြားတော့ရာ မျှော်လင့်ထားသည့်အတိုင်း အားလုံးအတွက် ဆုံးမစကား၊ လမ်းညွှန်တရားများ ဖြစ်နေတော့သည်။

"အားလုံးနားထောင်ကြ၊ တိုင်းကျော်ပြည်ကျော် ဖြစ်သွားတဲ့ ပြီးခဲ့တဲ့ ပြဿနာကြီးမှာ အဓိကတရားခံက ဟိုကုမ္ပဏီက လူတွေ မဟုတ်ဘူးကွ၊ မင်းတို့ရွာသားတွေသာ အဓိက တရားခံပဲ၊ မင်းတို့ပဲ ပြဿနာကို အရင်စပြီး မီးမွေးတာ၊ ကိုယ် မတရားလုပ်ခံရတာ၊ ကိုယ်အနိုင်ကျင့်ခံရတာကို သက်ဆိုင်ရာ တင်ပြပြီးပြီပဲကွ၊ အထက်



ကလည်း လိုအပ်သလို ဖြေရှင်းဆောင်ရွက်ပေးမယ်လို့ ပြောထားပြီးပြီပဲ၊ မင်းတို့က ဘာကြောင့် စိတ်ရှည်ရှည်နဲ့ မစောင့်နိုင်ရတာလဲ၊ ပြဿနာတစ်ရပ်ဆိုတာ ချက်ချင်းကြီးတော့ ဘယ်ဖြေရှင်းပေးနိုင်ပါ့မလဲ၊ လိုအပ်တဲ့ စုံစမ်းတာတို့၊ စစ်ဆေးတာတို့တော့ လုပ်ရဦးမှာပေါ့၊ ခုတော့ မင်းတို့က ဥပဒေအတွင်းကနေ ဥပဒေအတိုင်းမလုပ်ဘဲ လူမိုက်ဆန်ဆန် ထလုပ်လိုက်ကြတော့ ဘယ်မှာ ကောင်းတာ ရှိသေးသလဲ၊ မင်းမဲ့စရိုက်ဆိုတာ အဲဒါကိုပြောတာ၊ ပညာမဲ့တယ်ဆိုတာ အဲဒါကိုပြောတာ၊ နားလည်ကြရဲ့လား"

အားလုံးက ငြိမ်ကုပ်နေကြသည်။ ငြိမ်နေသောကြောင့်လည်း ဝန်းကျင်က ချောက်ချားဖွယ် တိတ်ဆိတ်နေသည်။

"ခု သေတဲ့သူသေ၊ ဒဏ်ရာရတဲ့သူရနဲ့ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းထားလဲ၊ ဘယ်လောက် အရုပ်ဆိုးထားလဲ၊ ပြီးတော့ ဥပဒေကို ချိုးဖောက်ခဲ့တဲ့အတွက်ရော၊ မင်းတို့ ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက်ပါ မင်းတို့ အရေးယူခံရဦးမှာ၊ ဒီတော့ ငါပြောချင်တာက နောက်ကို ဘာမဆို စဉ်းစဉ်းစားစားလုပ်ပါ၊ ချင့်ချင့်ချိန်ချိန်လုပ်ပါ၊ မသိရင် သိတဲ့သူဆီမှာမေးပါ၊ အသိကို ရှေ့မှာထားပြီး ဒေါသကိုနောက်မှာထားပါ၊ ဥပဒေအခွင့်အရေးတွေ ပိုပေးနေတဲ့ ခုလိုအချိန်မျိုးမှာ ဥပဒေဘောင်အတွင်းကသာ ကိုယ်ဖြစ်ချင်တာကို နည်းမှန်လမ်းမှန် လုပ်ကြပါလို့ ငါပြောခဲ့ချင်တယ်၊ ဒကာတွေအတွက်ကတော့ ဒီလောက်ပဲ၊ ငါ့သံဃာတွေကိုပါ ပြောရဦးမယ်"

ဆရာတော်က စကားကိုခေတ္တဖြတ်လိုက်သည်။ မိမိတို့ဘက်မြားဦးလှည့်လာပြီမို့ ဦးသုန္ဒရတို့က ကိုယ်လုံးကလေးတွေ ပိုပြီးကျုံ့သွားမိကြသည်။

"မြန်မာစကားပုံထဲက 'ဓားခုတ်ရာလက်လျှို' ဆိုတာ ဒါကိုပြောတာကွ၊ ဟိုအရေးလည်းပါချင်၊ ဒီအရေးလည်း ပါချင်နဲ့၊ ဒါ မင်းတို့အလုပ်လား၊ ဒကာတွေရဲ့ အခက်အခဲကို ကူညီဆောင်ရွက်ပေးရမယ်တို့၊ ဆွမ်းဒကာ ကွမ်းဒကာတွေရဲ့ ပူပင်သောကကို လစ်လျူမရှုမရဘူးတို့ဆိုတဲ့ စကားတွေက မင်းတို့ကို ဘယ်သူသင်တာလဲ၊ ဘယ်သူက လမ်းညွှန်တာလဲ"

သူတို့ဘက်သို့ တည့်တည့်ကြည့်ကာ မေးခွန်းထုတ်လိုက်သည်။ ဦးသုန္ဒရတို့က တုတ်တုတ်မလှုပ်ကြချေ။

"ကိုယ့်နေရာ ကိုယ်နေပြီး ကိုယ့်အလုပ် ကိုယ်လုပ်မယ်လို့တော့ မရှိဘူး၊ ရဟန်းဟာ ရဟန်းအလုပ်ပဲ လုပ်ပေါ့ကွ၊ ရဟန်းမှာ လုပ်စရာတွေ အများကြီးပဲ၊ စာသင်တဲ့သူ စာသင်၊ စာချတဲ့သူစာချ၊ ဒါမှမဟုတ် တရားဟောတဲ့သူဟော၊ တရားအားထုတ်တဲ့သူ အားထုတ် ဒါ သံဃအလုပ်တွေပဲ၊ ကိုယ့်အလုပ် ကိုယ်လုပ်ရင် ပြီးနေတဲ့ဟာကို မင်းတို့က ဘာအပိုအလုပ်တွေ လျှောက်လုပ်ချင်ရတာလဲ၊ မှတ်ထား၊ ဘယ်ဒကာမှ မင်းတို့ကို မောင်းထောင်း ကူပါဦး၊ ဆန်ဖွတ်ကူပါဦးလို့ အကူအညီမတောင်းဘူး၊ သံဃာကို လျှုနေတန်းနေတာတွေ၊ ကိုးကွယ် ဆည်းကပ်နေတာတွေက သူတို့ သံသရာက ကျွတ်ချင် လွတ်ချင်လို့ လုပ်နေကြတာ၊ ဒီတော့ သူတို့ လှူရတန်းရကျိုးနပ်အောင် မင်းတို့က ရဟန်းသိက္ခာ၊ ရဟန်းသီလနဲ့ညီအောင် နေပြထိုင်ပြ၊ ကျင့်ကြံပြလိုက်ဖို့ပဲ လိုတယ်၊ ဒါဆိုပြီးပြီ၊ ခုတော့ တရားလည်း အားမထုတ်ချင်၊ စာပေ ပရိယတ္တိလည်း မလိုက်စားချင်၊ ရဟန်းဝိနည်းကိုလည်း ကြိုးစားပြီး မထိန်းသိမ်းချင်ဘူး ဆိုတဲ့အခါကျတော့ လူမှုရေးတို့၊ ပရဟိတတို့ ဆိုတာတွေကို အကြောင်းပြပြီး အလုပ်မရှိ၊ အလုပ်ရှာ လျှောက်လုပ်ကြတော့တာပဲ၊



ဒီတော့ ရဟန်းက ရဟန်းနေရာမှာနေပြီး ရဟန်းအလုပ်ကို မလုပ်တော့ မဖြစ်သင့်တာတွေ ဖြစ်တော့တာပေါ့၊ လူတွေနဲ့ လျှောက်ရောပြီး လူတွေလုပ်သလို လျှောက်လုပ်တော့ လူတွေလိုပဲ ဘေးတွေ၊ ရန်တွေနဲ့ ရင်ဆိုင်ရရော၊ ကြည့်စမ်း- တို့ဘုရားက ဘယ်လောက်တောင် စည်းခြား ပေးထားခဲ့သလဲ၊ အရာရာဘေးကင်း၊ ရန်ကင်းအောင်ဆိုပြီး အသွင်သဏ္ဍာန်ရော၊ အပြုအမူကိုပါ စည်းခြား ပေးမထားခဲ့ဘူးလား၊ ဒီလို အသွင်သဏ္ဍာန်ရှိပြီး ဒီလို ပြုမူနေထိုင်တတ်တဲ့ ပုဂ္ဂိုလ်ဟာ မြင့်မြတ်တဲ့ပုဂ္ဂိုလ်၊ လေးစားအပ်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်ဆိုတာ မြင်ရုံနဲ့သိသာအောင် ကျကျနန ပုံစံချ မပေးခဲ့ဘူးလား၊

ခုတော့ မင်းတို့က အမြင့်ကနေ ခုန်ဆင်းချင်တာကိုး၊ ဖြူနီကြောင်ကြားဝတ်တဲ့ လူတွေနဲ့ရောပြီး နေချင်တာကိုး၊ နေချင်တော့ လူတွေ အရိုက်ခံရသလို ရောပြီး ရိုက်ခံရတာပေါ့၊ မှတ်ထား၊ ဘယ်ဒကာမှ အကြောင်းမဲ့ သံဃာအပေါ် လက်ရောက် မကျူးလွန်ဝံ့ဘူး၊ ခုလို လူတွေနဲ့ ဟေးလားဝါးလား ရောပါလို့သာ မင်းတို့ ခံရတာ၊ ငါပြောချင်တာ အဲဒါပဲ၊ နောက်ဆုံးအနေနဲ့ ငရဲကို ကြောက်ကြပါတို့၊ ဘာတို့ကို ငါပြောမနေချင်ဘူး၊ ဒါတွေကပိုတယ်၊ အရေးကြီးတာက မိမိရဟန်းဘဝ ခံယူထားဆဲကာလမှာ အတတ်နိုင်ဆုံး ရဟန်းနဲ့တူအောင် နေထိုင်ကြဖို့ပဲ၊ အဲဒီလို မနေသမျှကာလပတ်လုံး မင်းတို့ ဘေးအမျိုးမျိုးသင့်နေမှာပဲ၊ ဒါကြောင့် ဒီနေ့ကစပြီး ရှက်ရမယ့်နေရာမှာ ရှက်ကြပါ၊ ကြောက်ရမယ့် နေရာမှာ ကြောက်ကြပါ၊ ကိုယ့်ကိုယ်ကို ပြုပြုပြင်ပြင် ရှိကြပါလို့ပဲ ငါပြောခဲ့ချင်တယ်"

ဆရာတော်က စကားကို အဆုံးသတ်လိုက်သည်။ သည့်နောက်တွင် ဩဝါဒခံယူပွဲက ပြီးဆုံးသွားလေပြီမို့ အားလုံးက တိတ်တိတ်ဆိတ်ဆိတ်ပင် နေရာမှထကာ အသီးသီးပြန်သွားလိုက်ကြလေသည်။

* * * * *

အပြန်ခရီးတစ်လျှောက်လုံး ဦးသုန္ဒရ ထူးခြားစွာ ငြိမ်သက်နေမိသည်။ ပြောရလျှင် မှန်လုံကား စထွက်ကတည်းက သူ ခပ်ကုပ်ကုပ် လိုက်ပါလာခဲ့သည်။ သို့သော် လူကသာ ငြိမ်နေသော်ငြား စိတ်ကမူ ဤခရီးစဉ်အကြောင်းကို အစမှအဆုံး ပြန်တွေးနေမိသည်။ အတွေးထဲတွင် ခံစားမှုပေါင်းစုံ၊ ရသမျိုးစုံတို့ကို ပြန်လည်တွေ့ရှိရသည်။ သို့ကြောင့် အတွေးနှင့်အတူ သက်ပြင်းကို သူ အခါခါ ချနေမိရသည်။

တစ်ခုတော့ သူသိလိုက်ပြီ။ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ချလိုက်မိပြီ။ သူ ကြောက်မက်ဖွယ် အရေးအခင်းကြီး တစ်ခုနှင့် မမျှော်လင့်ဘဲ ဆုံတွေ့ခဲ့ရသည်။ ထိုအရေးအခင်းကြီးကို အခြေခံကာ ဆရာတော် ဦးနန္ဒမာလာ၏ ဆုံးမဩဝါဒကို ခံယူခဲ့ရသည်။ ဆရာတော်၏ ဆုံးမစကားက တစ်ခုမျှ အပိုမရှိ။ အားလုံး အဆီအနှစ်၊ အစစ်အမှန်တွေချည်းသာ ဖြစ်သည်။ ထိုအဖိုးတန် ဆုံးမစကားကို နာယူခဲ့ရပြီးနောက် လမ်းမှားက လမ်းမှန်ပေါ် ရောက်သွားသလိုမျိုး၊ အမှောင်ထဲမှ အလင်းထဲ ရောက်သွားသလိုမျိုး၊ မြူမှုန်တွေ ဝေမှောင်အုံ့ဆိုင်းနေရာမှ ရုတ်ခြည်း ပယ်ခွင်းရှင်းလင်းသွားသလိုမျိုး သူခံစားလိုက်ရသည်။

သို့ကြောင့် ဘေးရန်များလှသော လူဝတ်ကြောင်ဘဝသို့ သူ မပြန်တော့ပြီ။ ငြိမ်းအေး ချမ်းသာသော ရဟန်းဘဝကိုသာ



ဆက်လက်၍ မြတ်နိုး ဖက်တွယ်သွားတော့မည်။ တကယ် ငြိမ်းအေးချမ်းသာဖို့ ဆိုသည်ကလည်း ကောင်းမွန်စွာ နေထိုင်ကျင့်ကြံမှသာ ဖြစ်နိုင်ပေရာ ထိုနည်းအတိုင်း သူကြိုးစားသွားတော့မည်။ လေသာကျောင်းမှ ဆရာတော်ကြီး ဦးကောဝိဒ၏ စေတနာ အစစ်အမှန်ကိုလည်း နားလည်သိရှိခဲ့ပြီဖြစ်ရာ ယနေ့မှစ၍ လေသာကျောင်း၌ပင် ပျော်ပျော်ရွှင်ရွှင် သင်အံ၊ လေ့လာ၊ ကျက်မှတ်ရင်း နေထိုင်သွားတော့မည်။ စသည်ဖြင့် တုံးတုံးချလိုက်မိခြင်းဖြစ်သည်။ ။

○○○

## ဆပ်လို့ရယ်မကုန်

"ဟော၊ ကိုသီဟတို့ပါလား၊ ဘယ်က လှည့်လာကြတာလဲ၊ ဖိုးဝိလည်းပါသကိုး၊ အကြောင်းမကြား၊ ဘာမကြားနဲ့၊ ဖြန်းစားကြီးပါလား"

"ဟုတ်တယ် ကိုဇောရေ့၊ မန္တလေး ဘုရားဖူးကအပြန် ကိုယ်တော့်ဆီ လှည့်ဝင်လာကြတာ၊ ငါ့သူငယ်ချင်းဆီ အလည်သွားဦးမယ်၊ အဲဒီမှာလည်း ကြည့်စရာ ရှုစရာတွေရှိတယ်၊ ငါနဲ့လိုက်ခဲ့ကြဆိုပြီး ကျုပ်အဖွဲ့တစ်ဖွဲ့လုံး ခေါ်လာခဲ့တာ"

"ဟုတ်လား၊ ရတယ် ရတယ်၊ ဝမ်းသာစရာပေါ့၊ ကိုင်း- ကိုင်း ကပ္ပိယကြီးတွေ၊ ဧည့်သည်တွေကို နေရာချထားဖို့လုပ်၊ ဦးဇင်းနှစ်ပါးကို သိမ်ထဲမှာနေရာပေး၊ ကျောင်းအောက်က ခပ်သန့်သန့်ကုတင်နှစ်လုံးကို သိမ်ထဲရွှေ့၊ ကျန်တဲ့ဧည့်သည်တွေကိုတော့ ဥပုသ်ဆောင်ပေါ်မှာပဲ နေရာချထားလိုက်၊ လိုအပ်တဲ့ ဖျာတို့၊ စောင်ခေါင်းအုံးတို့ကိုပါ ပြည့်စုံအောင်လုပ်ပေး၊ သောက်ရေအိုးမှာ ရေဖြည့်တာတွေ ဘာတွေပါ လုပ်ကြဟဲ့"

ဦးဇောတိပါလက တရစပ်ညွှန်ကြားလိုက်သည်။ ကပ္ပိယကြီးများက ဦးဇောတိပါလညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်





ဆိုင်ရာဆိုင်ရာသို့ ထွက်ခွာသွားလိုက်ကြသည်။ ဦးဇောတိပါလက ဧည့်သည် ဦးပညာသီဟ၏ လက်မောင်းကိုကိုင်ကာ 'လာ၊ ကိုသီဟ၊ ကျောင်းပေါ် သွားရအောင်၊ ဖိုးဝိပါလာဟေ့၊ ဧည့်သည်တွေလည်း အေးအေးဆေးဆေး အနားယူကြဦး၊ လွတ်လွတ်လပ်လပ်နေကြ၊ ဘာမှ အားနာစရာမလိုဘူး'ဟု အားလုံးကို တစ်ဆက်တည်း ပြောလိုက်သည်။ ထို့နောက် သူက ဦးဆောင်၍ ကျောင်းပေါ်သို့ တက်သွားလိုက်သည်။ ဦးပညာသီဟနှင့် အဖော်ဖြစ်သူ ဦးဝိစာရတို့က နောက်မှ လိုက်သွားလိုက်ကြသည်။

ဦးပညာသီဟက မြေလတ်သားတစ်ဦးဖြစ်သည်။ ထိုမြေလတ်ပိုင်းရှိ သာယာလွန်အမည်ရှိ ကျေးရွာတွင် ကျောင်းထိုင်လျက်ရှိသည်။ ဦးဝိစာရကား ထိုကျောင်းခန်းနေ ဦးဇင်းလေးပင်ဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း မန္တလေးတစ်ခွင် တန်ခိုးကြီး ဘုရားများကို လှည့်လည် ဖူးမြော်ကြပြီးနောက် ဦးဇောတိပါလရှိရာ ဤဇင်ပွန်းကျေးရွာသို့ ဝင်လာခဲ့ကြခြင်းပင်။ ဦးဇောတိပါလက ဧည့်သည် ဦးဇင်းနှစ်ပါးလုံးနှင့် မဆွကတည်းက ခင်မင်ရင်းနှီးပြီး ဖြစ်သည်။ ဦးဇောတိပါလနှင့် ဦးပညာသီဟက ယခုလို ကျောင်းထိုင်ဘုန်းကြီးများမဖြစ်မီ စာသင်သားဘဝဖြင့် ရန်ကုန်၌ အတူတူနေခဲ့ဖူးကြသေးသည်။ ဦးဇောတိပါလက သာယာလွန်သို့ အလည်တစ်ခေါက်သွားရောက်ဖူးသလို ဦးပညာသီဟနှင့် ဦးဝိစာရတို့ကတော့ ဤဇင်ပွန်းသို့ သုံးလေးခေါက်မျှပင် ရောက်ဖူးကြသည်။ သို့နှင့် သူ့ဆီကိုယ်သွား သူပြုစု၊ ကိုယ့်ဆီသူလာ ကိုယ်ပြုစုဟူသော မိတ်ဆွေအချင်းချင်းအပေါ် ထားရှိရမည့် ဝတ္တရားအတိုင်း ဦးဇောတိပါလက ပျူငှာစွာ ဆီးကြိုလိုက်ခြင်းဖြစ်သည်။

* * * * *

"ကိုင်း၊ ကိုဇောရေ့ ဒီနေ့ ဘယ်ကိုအရင်သွားရင်ကောင်းမလဲ၊ ကိုယ်တော့်အစီအစဉ်ကို ပြောပါဦး"

"ဒီနေ့ မြစိမ်းရှင်တောင်ကို သွားမယ်ဗျာ၊ ကျောက်ဖားကို သွားမယ်ဗျာ၊ ပြီးရင် ရွှေရင်ချီဘုရားကိုသွားမယ်ဗျာ၊ မနက်ဖြန်ကျမှ ရေပူရေအေးတို့၊ ကျောက်လုံးပုထိုးတော်ကြီးတို့ကို သွားကြတာပေါ့"

"ကောင်းတယ်ဗျာ၊ ကိုယ်တော့်အစီအစဉ် ကောင်းတယ်"

သို့နှင့် မနက် ရှစ်နာရီလောက်တွင် သူတို့အဖွဲ့ ဘုရားဖူးခရီး စတင်ကြသည်။ ဦးဇောတိပါလက ကျောင်းသား တစ်ယောက်ကို အဖော်ခေါ်ခဲ့သည်။ ဦးပညာသီဟတို့အဖွဲ့က အားလုံးပင် လိုက်ပါလာကြသည်။ အစီအစဉ်အရ မြစိမ်းရှင်တောင်သို့ လိုင်းကားဖြင့် ထွက်ခွာလာခဲ့ကြသည်။ တောင်ခြေရောက်သည်နှင့် အားလုံးဆင်းကာ စောင်းတန်းအတိုင်း တောင်ပေါ်သို့ တက်ခဲ့ကြသည်။ တောင်ပေါ်တွင် ဘုရားလှည့်ဖူးကြသည်။ မြစိမ်းရှင်တွင် နေရာအနှံ့ ဘုရားဖူးပြီးနောက် ကျောက်ဖားဘုရားဘက်သို့ ကူးခဲ့ကြသည်။ ကျောက်ဖားဘုရားသို့ သွားရာ လမ်းတစ်လျှောက်တွင် သာယာသော သဘာဝရှုခင်းများကို တွေ့မြင်ကြရရာ ဧည့်သည်များက ကြည်နူးပျော်ရွှင်နေကြသည်။

ဘုရားဖူးအဖွဲ့ထဲမှ တစ်ယောက်သောသူကိုတော့ ဦးဇောတိပါလ အတော်လေး မျက်မှန်းတန်းမိနေသည်။ သူက မြနုဝင်း အမည်ရှိ မိန်းကလေးပင် ဖြစ်သည်။ ဦးပညာသီဟက သူ့အဖွဲ့သားများကို တစ်ဦးချင်း မိတ်ဆက်ပေးရာမှ မြနုဝင်းကို သိရှိခဲ့ရခြင်းလည်းဖြစ်သည်။ မြနုဝင်းက လှသည်။ မျက်လုံးမျက်ခုံး ကောင်းခြင်း၊ နှာတံပေါ်ခြင်းတို့မှအစ ပီပြင်သော ရုပ်ရည်ရှင်ကလေးတစ်ဦး ဖြစ်သည်။ အဲ-မျက်နှာသာမက ကိုယ်လုံးကိုယ်ပေါက် ကျတော့လည်း ဘာမှ ပြောစရာမရှိ။ ဆွဲဆောင်မှုက အပြည့်။ တင်းရင်းပြည့်ဖြိုးလှသော မြနုဝင်းကို တစ်ခါကြည့်၊ တစ်ခါ ရင်ခုန်ရလွန်းသောကြောင့် မျက်စိကို ဆင်ခြင်နေရသည်။ ကြိုးစားပြီး ထိန်းနေရသည်။ မြနုဝင်းက ပြောပုံဆိုပုံကလေးကပါ တစ်မျိုးနှစ်လိုဖွယ်ကောင်းနေပြန်သည်။ သူ့အသံလေးက ချိုလွင်လှသည်။ ထို့ပြင် သူ့ဦးဇင်း ဦးပညာသီဟကို 'ကိုဘုန်း၊ ကိုဘုန်း' နှင့် ပြောဆိုသုံးနှုန်းပုံကလေးများက ဦးဇောတိပါလအတွက် နားချမ်းသာပြီး စွဲငြိစရာလေး ဖြစ်ရပြန်သည်။

နောက်တော့ မြနုဝင်းအကြောင်းကို ဦးပညာသီဟထံ စပ်စုမေးမြန်းမိရသည်အထိ ဖြစ်သွားသည်။ တစ်ကြိမ်မက နှစ်ကြိမ်သုံးကြိမ်မျှပင် မြနုဝင်းအကြောင်း မေးမြန်းမိသည်။ ဦးပညာသီဟကလည်း သူမေးသမျှကို ပြန်ဖြေပါသည်။ ထို့မျှမက ဦးဇောတိပါလကို ရိသဲ့သဲ့ကြည့်ကာ 'ကိုဇောက ကျုပ်ရွာမှာ ခဏလောက်ပဲနေပြီး ထပြန်သွားတော့ သာယာလွန်းမှာ အပျိုချောပေါတဲ့အကြောင်းကို ဘယ်သိပါ့မလဲ၊ မြနုဝင်းက ရွာကွမ်းတောင်ကိုင်တွေထဲမှာ တစ်ယောက် အပါအဝင်ပေါ့ဗျာ၊ ဘာလဲ၊ ကိုယ်တော်က မြနုဝင်းကို စိတ်ဝင်စားနေပြီလား၊ တော်ကြာ ဟိုဒုလ္လဘတွေ ပြောပြောသွားသလို အကြွေးဆပ်ဖို့ ပြန်ဦးမယ်ဗျာဆိုပြီး ဖြစ်နေဦးမယ်နော်' ဟု ကြည်စယ်လိုက်သေးသည်။ ထိုအခါ ဦးဇောတိပါလက မျက်နှာရဲကာ ဗလုံးဗထွေး ပြန်ပြောလိုက်ပုံက -

"ကိုယ်တော့်နှယ်၊ ထစ်ခနဲရှိ ဟိုဟာပဲ ထင်ချင်နေတာကိုး၊ ကျုပ်က ရိုးရိုးမေးတာပါဗျ၊ လူကိုလည်းကြည့်ပါဦး၊ အကြွေးဆပ်မယ့်ရုပ်လားလို့"

* * * * *

ဘာပဲပြောပြော မြနုဝင်း၏ဆွဲအားကိုတော့ ဦးဇောတိပါလ ခံနိုင်ရည်မရှိပါ။ မြနုဝင်း၏ရုပါရုံကို မြင်မိတိုင်း၊ မြနုဝင်း၏ အသံလေးကိုကြားမိတိုင်း သူ့တစ်ကိုယ်လုံးရှိ အကြည်ဓာတ်များက လှုပ်လှုပ်ရှားရှား၊ နိုးနိုးကြားကြား ဖြစ်သွားရသည်ချည်းသာ။ ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်းတည်းဟူသော လှိုင်းလုံးများက သူ့ရင်ထဲ၌ အလိုအလျောက် ထကြွလာရမြဲသာ။

နောက်တစ်နေ့တွင် ရေပူရေအေး(ခေါ်)ရေထွက်စမ်းများနှင့် ကျောက်လုံး ပုထိုးတော်ကြီးဘက်သို့ ဧည့်သည်များအား လိုက်လံပို့ဆောင်ပေးရန် ဦးဇောတိပါလက စိတ်အားထက်သန်နေမိသည်။ တက်ကြွနေမိသည်။ ကျောက်လုံး ပုထိုးတော်ကြီးကို ရောက်တော့ ဦးပညာသီဟနှင့် ဒကာများက ဘုရားကြီး၏ အထက်ပစ္စယံဆီသို့ တက်သွားကြသည်။ အမျိုးသမီးများကတော့ ရင်ပြင်ပေါ်မှာပင် ကျန်ရစ်ခဲ့ကြသည်။ ဘာရယ်ကြောင့်မသိ၊ ဦးဇောတိပါလက ရင်ပြင်ပေါ်မှာပင် ကျန်နေခဲ့မိသည်။ ပြီးတော့ ကြိုလ်တိုင်တစ်ခုဘေးတွင် လက်အုပ်ချီလျက် ဘုရားဖူးနေသော မြနုဝင်းအပါးသို့ မိမိကိုယ်ကိုယ် ဘယ်အချိန်က ကပ်သွားလိုက်မိသည်ကိုပင် မသိလိုက်ပေ။

မြနုဝင်းက လက်အုပ်ကလေးချီရင်းမှပင် ဦးဇောတိပါလကို လှည့်ကြည့်ရင်းပြုံးပြသည်။

"ဦးဇင်းတို့ဒေသက တော်တော်သာယာတာပဲနော်၊ မြနုတို့ဆီမှာက ဒီလိုရှုခင်းမျိုးတွေရှားတယ် ဦးဇင်းရဲ့"

"မြနုတို့ရွာလည်း သာယာပါတယ်ဗျာ၊ ဦးဇင်းတစ်ခေါက်ရောက်ဖူးပါတယ်၊ တစ်နယ်ကို တစ်မျိုးစီပေါ့နော်"

"ဒါဖြင့် နောက်တစ်ခေါက်လောက် သာယာလွန်းကို အလည်လိုက်ခဲ့ဦးလေ၊ မြနုတို့ကလည်း ဦးဇင်းကို ပြန်ပြီး ဧည့်ဝတ်ပြုချင်ပါသေးတယ်"



"လာရသေးတာပေါ့၊ တကယ်လာတော့မှ လူကိုမမြင်ချင်ယောင်ဆောင်မနေနဲ့နော်မြနု၊ ပြီးတော့ ရွာမှာကြာကြာနေဖြစ်ခဲ့ရင် ခုထိမပြန်သေးဘူးလားဆိုပြီး နှင်ထုတ်ခံရမှာလည်း စိုးပါတယ်"

"အို၊ မြနုတို့က ဒီလိုစိတ်မျိုးမရှိပါဘူး၊ ဦးဇင်းနေနိုင်လို့ကတော့ တစ်သက်လုံးပဲနေနေပါ၊ ကြည်ဖြူပါတယ်ရှင့်၊ အဲလေ- ဘုရား"

"တကယ်လား၊ ဒါဆိုကြိုက်ပြီ၊ ဒါထက် မြနုကို တစ်ခုလောက်ပြောချင်တယ်၊ ခွင့်ပြုနိုင်မလား"

"ပြောပါဦးဇင်းရဲ့၊ ဦးဇင်းပြောချင်တာ ပြောလို့ရပါတယ်"

"ဟို-ဟို၊ ဦးဇင်းကိုလေ အဲဒီ ဦးဇင်းဆိုတာကြီးနဲ့ မခေါ်မပြောဘဲ၊ ကိုသီဟကို မြနုခေါ်သလို ကိုဘုန်းလို့ပဲ ခေါ်ပါလား ဟင်"

"ဩော်- ဘာများလဲလို့၊ ခေါ်စေချင်တဲ့အတိုင်း ခေါ်ပါ့မယ်၊ ဘာခက်တာလိုက်လို့ ဦးဇင်းရဲ့၊ အဲ-ကိုဘုန်းရဲ့"

"ဒီလိုမှပေါ့၊ နားထဲမှာ ချိုပြီး အေးသွားတာပဲ"

"ဒါထက် မြနုကလည်း ကိုဘုန်းကိုပြောချင်နေတာ တစ်ခုရှိတယ်၊ ပြောလိုက်ရင် စိတ်များဆိုးသွားမလားလို့"

"မဆိုးဘူး၊ မဆိုးဘူး၊ ပြောသာပြော၊ အာမခံတယ်"

"ဟိုလေ၊ ကိုဘုန်းကိုကြည့်ရတာ မြနုစိတ်ထဲမှာ ဆံပင်တွေ၊ ဘာတွေနဲ့သာဆိုရင် ကိုဘုန်းက ဟိန်းဝေယံနဲ့များ ချွတ်စွပ်တူနေမလားလို့ပါ"

"ဟာ- တော်သေးတာပေါ့၊ ဒီအချက်ကို မြနုမြင်မှ မြင်ပါ့မလားလို့၊ ကိုဘုန်းကို အားလုံးက ဒီအတိုင်း ပြောနေကြတာပဲ၊ ခုတော့ မြနုကပါ သတိပြုမိသွားပြီ၊ ပျော်တယ်ဗျာ၊ ပျော်တယ်"

"အပျော်လွန်ပြီး မိုးပေါ်ကိုမြောက်တက်သွားပါဦးမယ်၊ မြနုက ကိုဘုန်းကို ဆွဲမထားနိုင်ဘူးနော်"

ပြိုင်တူလိုလို ရယ်မောလိုက်ကြသည်။ ရယ်မောသံက အတော်ပင် ကျယ်သွားသည်။ ဘုရားပေါ်မှ ပြန်ဆင်းလာသော ဦးပညာသီဟတို့အနီး ရောက်နေသည်ကိုပင် သတိမပြုမိကြ။ သူ့ကို ဦးပညာသီဟက မချိုမချဉ်ပြုံးပြသည်။ 'သတိထား'ဟူသော သဘောမျိုးဖြင့် လက်သီးကိုပါ ဆုပ်ပြသည်။

သည်တစ်ခါတော့ သူ့စိတ်တွေက ပြောင်းလဲနေသည်။ ဦးပညာသီဟအပေါ် ရှိုးတိုးရှန့်တန့်ဖြစ်ခြင်း၊ ရှက်ကိုးရှက်ကန်း ဖြစ်ခြင်းမျိုး အလျဉ်း မရှိတော့ပြီ။ ပြီးတော့ သူ့စိတ်ဓာတ်က ခိုင်မာပြတ်သားနေမိသလို အထိန်းအချုပ်မဲ့စွာ ဇက်ကုန် လွှတ်ပေးထားသလိုလည်း ဖြစ်နေမိသည်။ သို့ကြောင့်ပင် ဦးပညာသီဟတို့ ပြန်မည့်ရက်ရောက်သောအခါ ဦးဇောတိပါလက ကားလက်မှတ်သွားဝယ်သည့်ဒကာအား အောက်ပါတိုင်းပင် ပြောလိုက်မိချေပြီ။

"ငါ့အတွက်ပါ ကားလက်မှတ် ပိုဖြတ်ခဲ့ဟေ့၊ ငါ ဦးပညာသီဟတို့နဲ့အတူ အလည်လိုက်သွားမှာ"

* * * * *

သာယာလွန်ကိုရောက်တော့ ပွဲလမ်း၊ အခမ်းအနားများက အသင့် စောင့်ကြိုလျက်ရှိသည်။ ကျောင်းမှ ကပ္ပိယများက ဖိတ်စာတစ်ထပ်ကြီးအား ဦးပညာသီဟသို့ ဆီး၍ကပ်ကြသည်။ အလှူပွဲ၊ ဓမ္မာရုံ ရေစက်ချပွဲ၊ အသုဘရက်လည် ဆွမ်းသွတ်ပွဲ စသည်ဖြင့် အမျိုးအစား စုံလင်လှသည်။ အချို့က သာယာလွန်ရွာထဲမှ ဖိတ်စာများဖြစ်ပြီး အချို့က အနီးအနား ကျေးရွာများမှ ဖိတ်စာများဖြစ်သည်။

"ကိုင်း၊ အတော်ပဲကိုဇောရေ၊ ဒီပွဲတွေကို ကိုယ်တော်ပါ တပည့်တော်နဲ့အတူ လိုက်ခဲ့ပေတော့"



ဦးပညာသီဟက ဆိုလေသည်။ သူ့စကားအတိုင်းပင် သူနှင့်အတူ ဦးဇောတိပါလက အခမ်းအနားတွေ တစ်ခုပြီးတစ်ခု လျှောက်လိုက်နေရတော့သည်။ တစ်ပတ်လုံးလုံးပင် ထိုပွဲတွေက ပြတ်သည်ဟူ၍ မရှိပေ။ သည့်နောက်တွင်မှ ရပ်နားသွားသည်။ ထိုအခါမှ ဦးပညာသီဟကလည်း ပြုံးစေ့စေ့မျက်နှာဖြင့် -

"ကဲ- ဒီပြင် သွားစရာတွေကတော့ ကုန်ပြီ၊ ကိုဇော သွားချင်တဲ့ တစ်နေရာပဲ ကျန်တော့တယ်၊ ကိုဇောက အဲဒီကို အရမ်းသွားချင်နေပြီဆိုတော့ တပည့်တော်က ကိုယ်တိုင် လိုက်ပို့ရမှာပေါ့"

ဟုပြောလေသည်။ ဦးဇောတိပါလက ရယ်ကျဲကျဲပြုလျက်သာ တုန့်ပြန်လိုက်သည်။ အမှန်တော့လည်း သူက မြနုဝင်း မျက်နှာလေးကို မြင်ချင်တွေ့ချင်လွန်းလှလေပြီ။ မြနုဝင်းအား ဟိုနေရာ၊ သည်နေရာတို့မှာ ဖျိုးခနဲ၊ ဖျတ်ခနဲတော့ တွေ့မိပါရဲ့။ သို့သော် မိမိဖြစ်ချင်သည်က သည်လိုမှ မဟုတ်တာ။ မြနုဝင်းတို့အိမ်ကို ပိုင်ပိုင်နိုင်နိုင် အလည်သွားချင်သည်။ ဖင်ပူအောင် ထိုင်၍လည်း စကားတွေ မနားတမ်း ပြောချင်သည်။ ထိုသို့ အားရပါးရ လွတ်လွတ်လပ်လပ် ဆုံတွေ့လိုခြင်းဖြစ်သည်။ ထိုဆန္ဒက ယခုမှပင် ပြည့်ဝရတော့မည်။ ဦးဇောတိပါလက အထူးပင် တက်ကြွနေတော့သည်။

ညပိုင်းတွင် သူ့ကို ဦးပညာသီဟက မြနုဝင်းတို့အိမ်သို့ ခေါ်သွားသည်။ မြနုဝင်းတို့အိမ်က သာမန်ခပ်ရိုးရိုး အိမ်ကလေးသာ ဖြစ်သည်။ လေးပင် သုံးခန်းအိမ်ဖြစ်ပြီး အိမ်ရှေ့တွင် ခလောက်ဆွဲကလေးရှိသည်။ တောက်တောက်ပြောင်ပြောင် မရှိလှသော်လည်း အနွမ်းပါးကြီးကား မဟုတ်ပေ။ အိမ်၏အတွင်းဘက် ပုံစံကလည်း ထည်ထည်ဝါဝါဟူ၍ တစ်ခုမျှ မတွေ့ရ။ သာမန် တောသူတောင်သားအဆင့် ဖွဲ့စည်းပုံမျှသာဖြစ်သည်။ သို့သော် ဒါတွေကို ဦးဇောတိပါလ

က ဂရုမစိုက်အားပေ။ မြနုဝင်းအား တွေ့ရသည်နှင့်ပင် ကျေနပ်နေလေပြီ။

မြနုဝင်းတို့မိဘများက သိပ်အရွယ်မကြီးလှသေး။ အထူးသဖြင့် ဖခင်ဖြစ်သူက ကိုယ်ကာယ အထူးကြံ့ခိုင်တောင့်တင်းလှသည်ကို သတိပြုမိသည်။ လယ်ယာလုပ်သားပီပီ ထိုသို့ ဗလကောင်းခြင်းဖြစ်ရမည်ဟု တွေးလိုက်မိသည်။ မြနုဝင်းတို့က မောင်နှမလည်း များလှသည်။ အားလုံး ခြောက်ယောက်ရှိသည်ဟု ဆိုသည်။ မြနုဝင်းက အကြီးဆုံး ဖြစ်သည်။ မြနုဝင်း အောက်က မွေးရာပါခြေတစ်ဖက်သိမ်နေသော မောင်တစ်ယောက်မှလွဲ၍ ကျန်ကလေးများက ကျောင်းသူကျောင်းသားများ ဖြစ်ကြသည်ဟု ဆိုလေသည်။

မည်သို့ဆိုစေ ထိုညက နှစ်လို့ဖွယ် စကားဝိုင်းလေးတစ်ခုတော့ဖြစ်ခဲ့ရသည်သာ။ မြနုဝင်းတို့မိသားစုက ဖော်ဖော်ရွေရွေပင်ဧည့်ခံကြသည်။ သူတို့က ရိုးသားပွင့်လင်းမှုလည်း ရှိကြသည်။ ဟိုအကြောင်း၊ သည်အကြောင်း ရောက်တတ်ရာရာ ပြောဆိုကြရင်း စကားဖောင်ဖွဲ့၍ မကုန်အောင်ဖြစ်နေကြသည်။ ဦးဇောတိပါလနှင့်မြနုဝင်းတို့က မကြာခဏဆိုသလို မျက်လုံးချင်း ဆုံတွေ့နေမိကြသည်။ ထိုသို့ဆုံတွေ့ရအောင်လည်း သူတို့က အပြန်အလှန် ကြိုးစားနေကြသည်သာ။ မျက်လုံးချင်း စကားပြောရသည်က နှုတ်ဖြင့်စကားပြောရသည်ထက် ပို၍အဓိပ္ပာယ်ရှိသည်။ ကြည်နူးသလိုလို၊ ရင်ဖိုသလိုလို ဖြစ်ရခြင်းက ဘာနှင့်မှမတူအောင် အရသာ ထူးကဲလှသည်ဟု ဦးဇောတိပါလ ထင်မိသည်။ ပြီးတော့ မြနုဝင်း၏အကြည့်ကလေးများက မိမိအပေါ် နားလည်မှုရှိခြင်းနှင့် အသိအမှတ်ပြုခြင်းတို့အား အပြည့်အဝ ဖော်ဆောင်လျက်ရှိသည်ဟု ဦးဇောတိပါလက ကျိတ်ပြီးကောက်ချက်ချနေမိသည်။



သို့နှင့် ညဥ့်နက်လေသော် သူတို့နှစ်ပါးက ကျောင်းသို့ပြန်လာခဲ့ကြသည်။ ဦးဇောတိပါလကတော့ ရင်နှင့်အပြည့် ပျော်ရွှင်ကြည်နူးရင်း လမ်းတစ်လျှောက် စိတ်ကူးကလေးပါ ယဥ်လာလိုက်မိသေးသည်။

* * * * *

နောက်နေ့များတွင်လည်း သူတို့ မြနုဝင်းတို့အိမ်သို့ ညစဉ်လိုလို အလည်ရောက်ဖြစ်ကြသည်။ ဦးပညာသီဟက ဧည့်သည်သူငယ်ချင်း၏ အလိုဆန္ဒကို ဖြည့်စွမ်းပေးသောအားဖြင့် အတူလိုက်ပါနေခြင်းဖြစ်သည်။ ဦးဇောတိပါလကတော့ ညစဉ်လိုလိုသွားချင်နေသည်။ မြနုဝင်း၏ မျက်နှာလေးမြင်ပြီး အသံလေးကြားရခြင်းဖြင့် သူမှာ နေ့စဉ် စိတ်ရွှင်ဆေးကို မှီဝဲနေရသလို ဖြစ်နေသည်။ မြနုဝင်းတို့အိမ်ကို အလည် မသွားခင်ကတည်းက စိတ်တွေတက်ကြွနေသလို အိမ်လည်ပြီး ပြန်လာတော့လည်း ပီတိများဖြင့်ပြည့်ဝ လန်းဆန်းနေရမြဲဖြစ်သည်။

တစ်ခုတော့ရှိသည်။ သူတို့အလည်သွားသောအချိန်က ညပိုင်းမှာချည်းဖြစ်နေသည်။ သို့ကြောင့် ထိုအချိန်က အလုပ်နားသောအချိန်(ဝါ) အနားယူသော အချိန်ဖြစ်သည်နှင့်အညီ မြနုဝင်းကိုအမြဲတန်း လှလှပပ၊ ပြင်ပြင်ဆင်ဆင် ကလေး တွေ့မြင်နေရခြင်းဖြစ်သည်။ ထိုလှပတင့်တယ်သော ရှုကွက်ကလေးတွေကိုသာမြင်တွေ့နေရသည်မို့လည်း ဦးဇာတိပါလအတွက် မြနုဝင်းကအမြဲတန်း နှစ်လို့ဖွယ်ရာ၊ ချမ်းမြေ့ဖွယ်ရာတွေချည်း ဖြစ်နေရခြင်းဖြစ်သည်။

သို့သော် တစ်နေ့မှာတော့ ဦးဇောတိပါလအတွက် ခြားနားသော မြင်ကွင်းကို မြင်တွေ့ရခြင်းနှင့်အတူ ကွဲပြားသော စိတ်ခံစားမှု

များ ဖြစ်ပေါ်လာစေမည့် အခြေအနေတစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသည်။ ထိုနေ့က သူတစ်ပါးတည်း မြနုဝင်းတို့အိမ်သို့ ထွက်လာခဲ့မိသည်။ အချိန်မှာ မနက် ၉ နာရီခန့်တွင် ဖြစ်သည်။ ကျောင်းတွင် ဦးပညာသီဟက ကပ္ပိယများနှင့်အတူ ရေတွင်းပြန်ဆယ်သောလုပ်ငန်းတွင် အလုပ်များ လျက်ရှိသည်။ သို့နှင့် သူက ပျင်းပျင်းရှိသည်နှင့် မြနုဝင်းအိမ်ဘက်သို့ တစ်ကိုယ်တည်းထွက်လာခဲ့ခြင်းဖြစ်သည်။

အိမ်ရောက်တော့ မြနုဝင်း၏ မောင်ကလေးတစ်ယောက်ကိုသာ တွေ့ရသည်။ အခြားကလေးများ ကျောင်းသွား နေကြသလို လူကြီးများကလည်း ကိုယ်စီ အလုပ်သွားနေကြဟန်တူသည်။ မြနုဝင်းကတော့ အိမ်နောက်ဘက်ရှိ ယာကွက်ထဲတွင် အလုပ်ဆင်းနေသည်ဟုဆိုသည်။ ဦးဇောတိပါလက မြနုဝင်းရှိရာသို့ လိုက်သွားလိုက်မိသည်။

ယာကွက်ထဲရောက်တော့ သူ အံ့အားသင့်သွားသည်။ အကြောင်းမှာ မြနုဝင်းက ယောကျ်ားလေးတစ်ဦးပမာ နွားနှစ်ကောင်ဖြင့် ထယ်ထိုးလျက်ရှိသည်ကို တွေ့လိုက်ရသောကြောင့်ပင်။ ထဘီကိုတိုတိုဝတ်ပြီး တစ်ဘက်က ထယ်တူး ကိုင်လျက်၊ တစ်ဘက်က နှင်တံကိုတဝင့်ဝင့်လုပ်ရင်း ထယ်ထိုးနေခြင်းဖြစ်သည်။ တောက်ခေါက်သံ၊ ဟဲ့-ငေါက်သံတို့ကိုပါ ကြားနေရသည်။

ဦးဇောတိပါလ ရပ်ကြည့်နေစဉ်မှာပင် မြနုဝင်းကမြင်သွားသည်။ အလုပ်ကိုရပ်၍ သူ့ဆီသို့ ခပ်သွက်သွက် လျှောက်လာသည်။ အနီးရောက်သော် 'အလည်လာတာလား ကိုဘုန်း'ဟု မေးလိုက်သည်။ သူက 'ဟုတ်တယ်၊ ပျင်းတာနဲ့ ဒီဘက်ထွက်လာတာ၊ မြနု



မောင်လေးက မြနု ဒီမှာရှိတယ်လို့ ပြောလိုက်လို့ ဒီကိုလိုက်လာတာ' ဟု ပြန်ပြောလိုက်သည်။ မြနုဝင်းက နေကို တစ်ချက်မော့ကြည့်သည်။ ထို့နောက် 'ခဏစောင့်ဦးနော် ကိုဘုန်း၊ မြနု အလုပ်ပြီးတော့မှာပါ။ နေမြင့်ရင် နွားတွေက ခိုင်းမကောင်းဘူးကိုဘုန်းရဲ့'ဟု ပြောသည်။ သူက 'ရပါတယ်၊ မြနုလုပ်စရာရှိတာ ဆက်လုပ်ပါ၊ ကိုဘုန်း ဒီကပဲစောင့်နေပါ့မယ်'ဟု ပြန်ပြောလိုက်သည်။ မြနုဝင်းက ချွေးစိုနေသော မျက်နှာဖြင့် တစ်ချက်ပြုံးကာ ပြန်လှည့်သွားသည်။ ထို့နောက် နွားများကိုဆက်မောင်းနေသည်။ ဦးဇောတိပါလက နီးရာသစ်ပင်တစ်ပင်အောက် ဝင်၍ ရပ်စောင့်နေလိုက်သည်။

တအောင့်ကြာသော် မြနုဝင်းက အလုပ်နားလိုက်သည်။ နွားများကို ဖြုတ်လွှတ်ပေးလိုက်ပြီး ဦးဇောတိပါလရှိရာသို့ လျှောက်လာသည်။ ဦးဇောတိပါလက မြနုဝင်းကို ဆီးပြောလိုက်သည်။

"မြနုကြည့်ရတာ ပင်ပန်းလိုက်တာ၊ နေ့တိုင်း ဒီလိုလုပ်ရတာပဲလား"

"လုပ်ရတာပေါ့ကိုဘုန်းရဲ့၊ တောသူတောင်သားဘဝက ဒီလိုလက်လှုပ်မှလည်း ပါးစပ်လှုပ်နိုင်ကြတာပဲဟာ"

"နို့- ထယ်ထိုးတယ်ဆိုတာ ယောက်ကျားလေးတွေ လုပ်ရတဲ့အလုပ် မဟုတ်လားမြနုရဲ့၊ ကိုဘုန်းတော့ မိန်းကလေး ထယ်ကိုင်တာ ဒီတစ်ခါပဲ မြင်ဖူးတယ်"

"ဟုတ်ပါတယ်၊ အများအားဖြင့်တော့ ယောက်ကျားလေးတွေပဲ ထယ်ကိုင်ကြတာပါ။ မြနုတို့ကျတော့ အိမ်မှာ ယောက်ကျားလေးမှ မရှိဘဲ ကိုဘုန်းရဲ့၊ ဒီတော့လုပ်ရတာပေါ့၊ လုပ်တတ်အောင်လည်း သင်ထားရတာပေါ့"

"မြနုတို့ အဖေကရော"

"အဖေလား၊ အင်း၊ အဖေက ဒီပြင်အလုပ်တွေ ရှိသေးတယ် ကိုဘုန်းရဲ့၊ ဒါကြောင့် ယာအလုပ်တွေကို ပြန်လှည့်မကြည့်နိုင်ဘူး"

ပြောပြီး မြနုဝင်းက ပခုံးပေါ်မှ ပုဆိုးပိုင်းဖြင့် မျက်နှာကို ပွတ်သုတ်နေသည်။ မြနုဝင်းကို သည်ပုံပန်းသဏ္ဌာန်မျိုး မြင်တွေ့နေရပြန်တော့ ဦးဇောတိပါလ စိတ်ထဲ တစ်မျိုးကြီးလိုလို ဖြစ်နေမိသည်။ မြနုဝင်းမျက်နှာက ချွေးကွက်တွေကြောင့် ပြောင်တင်းတင်းကြီးဖြစ်နေပြီး ဝတ်ထားသော အဝတ်အစားများကလည်း ဟောင်းနွမ်းညစ်ပေနေပြန်လေရာ ဦးဇောတိပါလအတွက် ယခင်ကနှင့် မတူ ကွဲပြားသော ခံစားမှုမျိုး သိသာစွာ ဖြစ်ပေါ်နေမိရသည်။

သူတို့ ကြာကြာတော့ ထိုင်စကားမပြောနိုင်ကြပါ။ မြနုဝင်း၏ မောင်ကလေးက ထော့နဲ့ထော့နဲ့ဖြင့် ရောက်လာသည်။ ထို့နောက် အစ်မဖြစ်သူအား နွားတွေက အစာတောင်းနေကြကြောင်း၊ နွားစာ စဉ်းပြီးသား မရှိကြောင်း လှမ်းပြောလာသည်။ မြနုဝင်းက ဦးဇောတိပါလ ဘက်လှည့်ကာ 'ကိုဘုန်း၊ အိမ်ကိုသွားကြရအောင်၊ အိမ်မှာပဲ စကားပြောကြတာပေါ့'ဟု ပြောလိုက်သည်။ ထို့နောက် နှစ်ယောက်သား ထိုင်ရာမှထကာ အိမ်ဘက်သို့ လျှောက်လာခဲ့ကြသည်။

အိမ်ရောက်တော့လည်း မြနုဝင်းက ဧည့်ခံသက်သက် လုပ်မနေနိုင်ပါ။ နွားစာစဉ်း ရသေးသည်။ သူမက နွားစာစဉ်းရင်း၊ ဦးဇောတိပါလက ဘေးမှာရပ်ကြည့်ရင်း စကားပြောကြရခြင်းဖြစ်သည်။ မြနုဝင်းက ဓားစက်အောက်သို့ ပြောင်းရိုးများကို လက်ဆ မှန်မှန် ထိုးသွင်းပေးနေသည်။ ခြေထောက်ကလည်း မောင်းတံကို မှန်မှန်နင်းနေသည်။ ဓားစက်နှင့် မြနုဝင်း၏လက်က အလွန်ပင် နီးကပ်လျက်ရှိရာ ထိုအဖြစ်ကိုကြည့်ပြီး ဦးဇောတိပါလက အသည်း တအေးအေးနှင့် ဖြစ်နေမိရသည်။



မကြာမီ နွားစာစဉ်းပြီးသွားသည်။ မြနုဝင်းက နွားစာများကို တောင်းဖြင့်ကြုံးကာ စားကျင်းထဲသို့ သွားလောင်းထည့်သည်။ ပြီးလျှင် အပေါ်မှ ဆားအနည်းငယ် ဖြူးပေးလိုက်သည်။ ဆားဖြူး ထားသော နွားစာကို ရေဖြင့်လူးပြီး နယ်ကျွေးရမည်ဖြစ်ရာ မြနုဝင်း က ရေပုံးကိုယူ၍ ရေစည်နားသို့ သွားလိုက်သည်။ ရေစည်နား ရောက်တော့ ငုံ့ကြည့်ပြီး 'ဟောတော့်၊ ရေလည်း တစ်စက်မှ မရှိပါလား'ဟု ရေရွတ်သံ ပေါ်လာသည်။ ထို့နောက် သူမက ဦးဇောတိပါလကို အားနာသောအကြည့်ဖြင့် လှမ်းကြည့်နေလေရာ သဘောကတော့ ရှာထိပ်ရှိရေကန်သို့ သူမ ရေသွားတိုက်ရဦးမည် ဆိုသည့်သဘောပင် ဖြစ်သည်။ သူကလည်း နားလည်စွာဖြင့် ပြန်ပြုံးပြလိုက်ပါသည်။ ထိုစဉ် အိမ်ပေါ်မှ မြနုဝင်း၏ မောင်လေး ထံမှ အသံက ထပ်ပြီးပေါ်လာပြန်သည်။

"မမရေ ကျွန်တော်ထင်းတွေ တင်ထားခဲ့ပြီ၊ မီးပါ တစ်ခါတည်း မွှေးခဲ့ရမလား"

"မွှေးလိုက်ဟေ့ မွှေးလိုက်၊ မီးမွှေးပြီးရင် ရေနွေးအိုး တည်ထားလိုက်၊ ငါရေတိုက်က ပြန်လာတော့မှ ထမင်းအိုး တည်မယ်"

ဦးဇောတိပါလ နားလည်လိုက်လေပြီ။ မြနုဝင်း၌ အလုပ်လုပ်စရာတွေက ဇယ်ဆက်သလိုပင် ရှိနေသည်။ ထိုအလုပ်များကြောင့် မနက်ပိုင်း တစ်ပိုင်းလုံး အားချိန်ဟူ၍ ရှိတော့မည်မဟုတ်သလို ညနေပိုင်းတွင်လည်း နားချိန် ရှိလိမ့်မည်မထင်။ သို့နှင့် အလုပ်များနှင့် ပျာယာခတ်နေသော မြနုဝင်းအပေါ် အားလည်းအားနာ၊ သနားလည်း သနားသွားမိခြင်းနှင့်အတူ ဦးဇောတိပါလက နှုတ်ဆက်စကားပြောပြီး အသာ ထပြန်လာခဲ့တော့သည်။

လမ်းတွင် သူ့စိတ်တွေက ရွှင်လန်းခြင်းမရှိသလို လူတစ်ကိုယ်လုံးကလည်း လေးလံထိုင်းမှိုင်း နေမိသည်။ သူ့အတွက်တော့ ယနေ့ကြုံတွေ့ခဲ့ရသမျှက စိတ်ကူးယဉ်ကမ္ဘာထဲမှ ဖျတ်ခနဲလန့်နိုးခဲ့ရသလိုမျိုး ဖြစ်နေသည်။ သူမြနုဝင်းကို ဤပုံစံအတိုင်း တွေ့ရလိမ့်မည်ဟုလုံးဝ မျှော်လင့်မထားခဲ့။ ခုလို အရှိကိုအရှိအတိုင်း မြင်တွေ့လိုက်ရတော့ သူ့မျက်စိထဲက အမြဲတန်း ကျော့မော့ဝင်းပလျက်ရှိသော မြနုဝင်း၏ လှတစ်မျက်နှာကလေးက ဖျတ်ခနဲ ပျောက်ကွယ်ရသွားပြီ။ ဤအတွက် သူ အံ့လည်းအံ့သြရသည်။ ပြီးတော့စိတ်လည်း ဆင်းရဲရသည်။

တစ်ဖန် ထိုမျှနှင့်မကသေးဘဲ ညနေစောင်းလောက် ရောက်တော့ ဦးဇောတိပါလ၏စိတ်ကို နောက်ထပ် ဖြစ်စဉ်တစ်ခုက ထပ်မံပြီး ကလိလိုက်ပြန်သည်။ ထိုနေ့ညနေတွင် သူနှင့် ဦးပညာသီဟက ရွာပြင် တောလမ်းထဲသို့ အညောင်းပြေ၊ အညာပြေ လမ်းလျှောက်ထွက်ခဲ့ကြသည်။ လမ်းဆုံတစ်ခုနား ရောက်တော့ လှည်းတစ်စီးနှင့် ပက်ပင်းတိုးမိသည်။ ထိုလှည်းပေါ်တွင် ဝက်ကြီးနှစ်ကောင်အား ကြိုးဖြင့်တုပ်၍ တင်ဆောင်လာသည်။ ဝက်ကြီးများက လှည်းဆောင့်လိုက်တိုင်း သံကုန်ညစ်ပြီး အော်ဟစ်လျက်ရှိသည်။ သေသေချာချာကြည့်တော့မှ လှည်းမောင်းလာသူများက မြနုဝင်းတို့ မိဘများဖြစ်နေသည်ကို တွေ့လိုက်ရသည်။

လှည်းရပ်ပြီး ခေတ္တမျှ အပြန်အလှန်နှုတ်ဆက် ပြောဆိုဖြစ်ကြသည်။ ထို့နောက် လှည်းက ရွာဘက်သို့ ဆက်မောင်းသွားသကဲ့သို့ သူတို့နှစ်ပါးကလည်း လမ်းဆက်လျှောက်ခဲ့ကြသည်။ ခပ်လှမ်းလှမ်းရောက်သော် ဦးပညာသီဟက တိုးတိုးစပြောသည်။



"မြနုဝင်းတို့အဖေက ဝက်ထုသမားဗျ၊ ရွာမှ သားသတ်လိုင်စင် ယူထားတယ်၊ သူတို့မိသားစုမှာ ကျန်တာက မဆိုးလှပေမဲ့ ဒီ အသက်မွေးမှု ကြမ်းတမ်းတာတစ်ခုတော့ သိပ်မကောင်းလှဘူးဗျာ"

ထိုစကား ဆုံးဆုံးချင်းပင် ဦးဇောတိပါလ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားရသည်။ 'အဖေက တခြားအလုပ်ရှိသေးတယ်'ဟု ပြောသော မြနုဝင်းစကားကို ခုမှ သဘောပေါက်လိုက်မိသလို သူမဖခင်၏ ခန္ဓာကိုယ် ကြံ့ခိုင်တောင့်တင်း နေရမှုကိုလည်း ခုမှပင်ကောင်းစွာနားလည်ရတော့သည်။ လက်စသတ်တော့ ထိုလူကြီးကပုဆိန်ကိုင် သားသတ်သမား တစ်ဦးပါတကား။

ထို့နောက် တောင်တွေး မြောက်တွေး လျှောက်တွေးရင်းအတွေးတွေ ချာချာလည်နေမိရာ သူ့မျက်စိထဲတွင် မြနုဝင်း အဖေက ပုဆိန်ကိုမြှောက်၍ ဝက်ကြီး၏ ငယ်ထိပ်ကို ထုချလိုက်ပုံ၊ ဝက်ကြီးက အသံ တိခနဲပြတ်ပြီး ဘိုင်းခနဲ လဲကျသွားပုံ၊ ထို့နောက် မြနုဝင်းတို့ သားအမိက စဉ်းတီတုံးများ၊ ဓားများ၊ ရေနွေးအိုးများယူလာပြီး ဟင်းကောင်အား ဝိုင်းဖျက်ကူနေကြပုံများကို တရိပ်ရိပ်မြင်ယောင်လာနေမိသည်။ မြနုဝင်းက ဟင်းတွဲများကို မိခင်နှင့်အတူ ရွာထဲသို့ လှည့်လည်ရောင်းချနေပုံကိုပါ မြင်ယောင်လိုက်မိသည်တွင် ဦးဇောတိပါလက တစ်ချက် တွန့်ခနဲဖြစ်သွားကာကြက်သီးများပါ ထသွားမိရသည်။

ညပိုင်းရောက်တော့ မည်သို့ ဖြစ်ရသည်မသိ။ မြနုဝင်းတို့အိမ်သို့ အလည်သွားချင်စိတ် မရှိတော့သလို ဦးပညာသီဟအားလည်း အလည်သွားရန် အဆိုမပြုမိတော့ပေ။ ဦးပညာသီဟက

သတိတရဖြင့် 'ဘယ့်နှယ်ကိုဇော. . . ဒီည တယ်ငြိမ်လှပါလား၊ ဘယ်မှ မသွားတော့ဘူးလား'ဟု အစဖော်ပေးလာသည်ကို သူက 'မသွားတော့ဘူးဗျာ၊ ဒီညခေါင်းထဲ နောက်တောက်တောက် ဖြစ်နေလို့၊ စောစောပဲ အိပ်တော့မယ်'ဟုသာ စကားပြန်လိုက်သည်။ တကယ်လည်း ခပ်စောစောပင် အိပ်ရာဝင်လိုက်သည်။

အိပ်ရာဝင်ခဲ့သော်လည်း အိပ်၍ပျော်သည်ကားမဟုတ်။ နဖူးပေါ် လက်တင်ကာ အတွေးနယ်ချဲ့ရင်း မျက်စိကြောင်နေမိသည်။ အတွေးထဲမှာတော့ မြနုဝင်း၏ရုပ်ပုံလွှာက ပီပြင်စွာ ပေါ်လွင်လျက်ရှိသည်။ သို့သော် ထိုရုပ်ပုံလွှာက ယခင် သူ့စိတ်ကူးထဲမှာ ကျက်စားနေကျ ချစ်မက်ဖွယ်၊ စွဲငြိဖွယ် ရုပ်ပုံလွှာမျိုးတော့ မဟုတ်ပေ။ ယနေ့ တွေ့မြင်ခဲ့ရသည့် ပင်ပန်းဆင်းရဲပြီး မှိန်ပြာ မွဲခြောက်၊ ချွေးတဒီးဒီး ကျနေသည့် ပုံပန်းသဏ္ဌာန်ကိုပင် ဖြစ်သည်။ သူက ဣဋ္ဌာရုံကိုသာ ကွက်၍ကြည့်ပြီး ကြည်နူးနေမိခြင်းဖြစ်သည်။ ခုလို အနိဋ္ဌာရုံကိုလည်း မြင်လိုက်ရရော အရှိုက်ကို တစ်ချက်တည်း ထိသွားရခြင်းဖြစ်သည်။ သို့သော် မြနုဝင်းအပေါ် သူထားရှိခဲ့မိသည့် ယခင် မျှော်လင့်ချက်၊ ရည်မှန်းချက်များနှင့် ပတ်သက်၍တော့ တိကျသည့်အဖြေ၊ ပြတ်သားသည့် ဆုံးဖြတ်ချက်ဟူ၍ သူ့ ကွဲကွဲပြားပြား၊ ရှင်းရှင်းလင်းလင်း မဖြစ်သေးပေ။ မှုန်မှုန်ဝါးဝါး၊ ရောရောထွေးထွေးသာ ဖြစ်နေသေးသည်။ သို့နှင့်ပင် တွေးလိုက်၊ ရင်မောသွားလိုက်၊ တစ်ခါ ထပ်တွေးလိုက်၊ သက်ပြင်းချလိုက်နှင့် လုံးချာလိုက်ရင်းနှင့်ပင် ညဥ့်နက်မှ သူအိပ်ပျော်သွားတော့သည်။

အိပ်ပျော်သည်နှင့် အိပ်မက်က မက်လေပြီ။ အိပ်မက်ထဲတွင် သူက ခေါင်းပြောင်ပြောင်နှင့်ပင် လူထွက်ပြီးဖြစ်နေသည်။ ထို့ပြင် မြနုဝင်းနှင့်ပါ ညားနေပြီး ကလေးတွေပါ ရနေလေပြီ။ မြနုဝင်းက



ဗိုက်ပူပူ၊ ခါးတုတ်တုတ်၊ ခေါင်းစုတ်ဖွားနှင့် မိန်းမကြီး ဖြစ်နေသလို သူ့ပုံကလည်း ခါးကုန်းကုန်း၊ ပိန်ကပ်ကပ်နှင့် မွဲခြောက်ခြောက် ဖြစ်လျက်ရှိသည်။ မြနုဝင်းက ဒူးပေါ်ရင်ပေါ်ထိုင်ကာ ကလေးနို့တိုက်နေရင်း သူ့ကို တစ်ခုပြီးတစ်ခု လက်ညှိုးထိုးစေခိုင်းနေသည်။ သူက မြနုဝင်းခိုင်းသမျှကို တကုပ်ကုပ် လိုက်လုပ်နေရသည်။ ထယ်ထိုးရသည်၊ နွားစာစဉ်းရသည်၊ နွားကျွေးရသည်၊ ရေစည်လှည်း မောင်းရသည်၊ ထမင်းဟင်းပါ ဝင်ချက်ရသည်။ ထို့ပြင် ယောက္ခမက ခိုင်းသဖြင့် ဝက်ပါ ဝင်ထုပေးရသည်။ ထို့နောက် ဝက်ကိုဖျက်ပြုပြီး ဟင်းတွဲတွေ လှည့်ရောင်းရာတွင်လည်း သူက ပါဝင်ရပြန်သည်။ ထိုသို့ အလုပ်တွေကို ဇယ်ဆက်သလို လုပ်နေရသော်လည်း မိန်းမနှင့်ယောက္ခမက တစ်ချက်ကလေးမှ ချီးမွမ်းဖော်မရကြ။ မချီးမွမ်းသည့်ပြင် ဂြိုဟ်ဂျူ၊ ပြစ်တင်၊ ကြိမ်းမောင်းခြင်းများကိုသာ ခံနေရသည်။ ဘုန်းကြီးလူထွက်ပီပီ ဘာမှမလုပ်တတ်ဘူး၊ ဘာမှ အဖြစ်မရှိဘူးဟူ၍ နှိမ့်ချကဲ့ရဲ့ခြင်းကိုသာ အတောမသတ်အောင် ခံနေရသည်။

သည့်နောက်တော့ စိတ်ညစ်ခြင်း၊ စိတ်ပျက်ခြင်းများစွာနှင့် အတူ ဦးပညာသီဟကျောင်းသို့ သူရောက်သွားသည်။ ဤတွင် လက်မှိုင်ချပြီး ထိုင်နေသော သူ့ကိုကြည့်ပြီး ဦးပညာသီဟက ဟားတိုက်ရယ်မောသည်။ ပြီးနောက် အောက်ပါ အတိုင်းအော်ပြောသည်။

"ဘယ့်နှယ်လဲကွ၊ မင်းက လူ့လောကရဲ့အရသာကို တော်တော်သိသွားပလား၊ သိရမှာပေါ့၊ မင်းက အကြွေးဆပ်ချင်တဲ့ကောင်ပဲ၊ အဲဒီ အကြွေးတွေကို မသေမချင်း ကုန်းရုန်းပြီး ဆပ်လိုက်ပေဦးပေါ့ကွာ၊ မှတ်ထား ဟေ့ကောင်၊ လူတိုင်းမှာ အကြွေးရှိတယ်၊

သံသရာတစ်လျှောက်လုံး တင်လာခဲ့တဲ့ အကြွေးတွေက ဆပ်လို့မကုန်အောင် ရှိကြတယ်၊ အေး- ဒါပေမဲ့ အကြွေးမဆပ်ချင်လို့ ကင်းလွတ်ခွင့် ရချင်သပဆိုရင်လည်း နေလို့ရတဲ့ နယ်မြေတစ်ခု ရှိတယ်၊ အဲဒါ သာသနာ့နယ်မြေပဲကွ၊ သာသနာ့နယ်မြေထဲမှာ နေနေသမျှ ကာလပတ်လုံး ဘေးကင်းတယ်၊ ရန်ကင်းတယ်၊ ငြိမ်းအေးတယ်၊ ကြွေးရှင်တွေကလည်း ကြွေးလာတောင်းလို့ မရဘူး၊ အေး- သာသနာ့နယ်မြေရဲ့ပြင်ပကို ရောက်သွားပြီဆိုလို့ကတော့ ကြွေးရှင်တွေက ဝိုင်းလာကြတော့တာပဲ၊ သူကလည်း အကြွေးပေးပါ၊ ငါကလည်း အကြွေးပေးပါနဲ့ ဝိုင်းတောင်းတာကို ခံရတော့တာပဲ၊ ခုမင်းပဲကြည့်၊ မိန်းမကိုလည်း ကြွေးဆပ်ရတယ်၊ ကလေးတွေကိုလည်း ကြွေးဆပ်ရတယ်၊ ယောက္ခမတွေကိုပါ ကြွေးဆပ်နေရတယ်၊ ဒီကြွေးတွေက ဘယ်တော့မှ ကုန်မလဲဆိုတော့ ဘယ်တော့မှကို မကုန်တော့ဘူး၊ မင်းမှာ မြေးတွေ၊ မြစ်တွေ ရတာတဲ့အခါ အဲဒီ မြေးကြွေး၊ မြစ်ကြွေးတွေကိုပါ ဆပ်ရဦးမှာ၊ ဒီတော့ ကြွေးရှင်တွေ လိုက်မလာနိုင်တဲ့နေရာကို ရောက်နေပါရက်နဲ့ ဆတ်ဆော့ပြီး ကြွေးရှင်တွေ ကြားထဲ ခုန်ချခဲ့တဲ့ မင်းလိုကောင်မျိုး ကိုယ့်အပြစ်နဲ့ကိုယ် လှလှကြီး ခံယူလိုက်ပေဦးပေါ့ကွာ၊ ဟား. . . ဟား. . . ဟား. . . ဟား"

ဦးပညာသီဟ စကားကို ချေပစရာမရှိ။ မှိုင်တွေလျက်သာ ငုတ်တုတ်ငြိမ်ခံနေခဲ့ရသည်။ ထို့နောက် မရှင်သော စိတ်ဖြင့်ပင် သူ ထပြန်လာခဲ့သည်။ အိမ်ပေါက်ဝရောက်တော့ မိန်းမလုပ်သူ၏ ခွန်းကြီးခွန်းငယ်နှင့် ဆီးကြိုပြစ်တင်သံကို ကြားရပြန်သည်။ 'အိမ်အလုပ်မလုပ်ဘဲ ဘယ်လျှောက်အလေလိုက်နေသလဲ၊ နွားတွေက ခုထိ အစာမကျွေးရသေးဘူး၊ နွားစာစဉ်းဖို့ လုပ်ပါတော့လား' စသည့် စသည့် ဖျစ်တောက်ဖျစ်တောက် ရေရွတ်သံများ။

သူနွမ်းလျစွာဖြင့် ပြောင်းရိုးများကို ဓားစက်ဆီသို့ သယ်သွားသည်။ ထို့နောက် စိတ်မပါ၊ လက်မပါ နွားစာစဉ်းနေမိသည်။ အလုပ်သာ လုပ်နေရသော်လည်း စိတ်က တခြားသို့ရောက်နေမိသည်။ မကြာပါ။ ပြောင်းရိုးကို ဆုပ်ထားသောလက်က ယောင်ပြီး ရှေ့သို့ ရောပါသွားသည်။ ထိုလက်ကို ဓားစက်ကလည်း တိတိရိရိကြီး ခုတ်ဖြတ်ချလိုက်တော့သည်။

"အား. . ."

ကြောက်အားလန့်အား အော်လိုက်သံနှင့်အတူ ဦးဇောတိပါလ အိပ်ရာမှလန့်နိုးလာသည်။ နိုးနိုးချင်း အိပ်မက်မှန်း သိလိုက်ရသည်နှင့် စိတ်ကတော့ အေးသွားရပါသည်။ သို့သော် အိပ်မက်ထဲမှ အဖြစ်အပျက်များကို ကွက်ကွက်ကွင်းကွင်း ပြန်မြင်ယောင်ရင်း ထိတ်လန့်ခြင်း၊ ချောက်ချားခြင်းများက ဆက်ပြီး ဖြစ်ပေါ်နေသေးသည်။ သူ့ရင်တွေပူနေပြီး အာတွေပါ ခြောက်လာသည်။ ရေအိုးစင်သို့ သွားကာ ရေတစ်ခွက် သောက်လိုက်ရသည်။

ထို့နောက် ကျောင်းအောက်သို့ ဆင်းလာခဲ့သည်။ ကျောင်းဘေး တမာပင်အောက်တွင် ခေါက်တုန့်ခေါက်ပြန် စင်္ကြံန်လျှောက်နေမိသည်။ ကျောင်းတစ်ကျောင်းလုံး တိတ်ဆိတ်လျက် ရှိသည်။ ရွာဘက်တွင်လည်း ခွေးဟောင်သံကိုသော်မျှ မကြားရ။ ညအမှောင်အောက်တွင် အငြိမ်သက်ကြီးငြိမ်သက်လျက်ရှိသည်။ ထိုသို့ ပတ်ဝန်းကျင်က ဆိတ်ငြိမ်လျက်ရှိသော်လည်း ဦးဇောတိပါလ၏ ရင်တွင်း၌မူ ဘလောင်ဆူလျက်၊ ပူလောင်ရှုပ်ထွေးလျက် ရှိဆဲပင်။ အထူးသဖြင့်

အိပ်မက်ထဲ၌ သူ အကြွေးဆပ်ခဲ့ရပုံများက သူ့ကို အထူးတုန်လှုပ်စေခဲ့သလို အသိမှန်အမြင်မှန်ကိုပါ ကောင်းစွာ ရရှိစေခဲ့လေပြီ။ သို့နှင့်ပင် အိပ်မက်က ပေးသောအဖြေသည်သာ မိမိ၏ ဝေဝါးထွေပြား နေမိသော စိတ်ကူးစိတ်သန်းများအတွက် တကယ့်အဖြေမှန် ဖြစ်တော့သည်ဟု ခံယူမိခြင်းနှင့်အတူ ဆုံးဖြတ်ချက်တစ်ခုကိုပါ သူ ပိုင်ပိုင်ချလိုက်မိတော့သည်။

* * * * *

မနက် အရုဏ်ဆွမ်း စားပြီးပြီးချင်း သူက ပစ္စည်းများကို သိမ်းဆည်းနေလေရာ ဦးပညာသီဟက တအံ့တသြ ဖြစ်နေသည်။ ဖျာန်းစားကြီး ပြန်ရန်လုပ်နေသော သူ့ကိုကြည့်၍ 'ဟ. . . ကိုယ်တော်၊ ပြန်တော့မလို့လား၊ ဘယ်လိုဖြစ် သွားတာလဲ'ဟု မေးခွန်းထုတ်သည်။ သူက 'ပြန်တော့မယ်ကိုသီဟရာ၊ ကျန်းမာရေး သိပ်မကောင်းချင်ဘူး' ဟုသာ ပြန်ဖြေလိုက်သည်။ အမှန်တော့ ဆင်ခြေစကားသာ ဖြစ်သည်။ ဦးပညာသီဟက တကယ်ယုံသွားပြီး 'ဟုတ်လား၊ ဒါဖြင့် အေးအေးဆေးဆေး နားနေပါဦးလား၊ နေကောင်းမှ ပြန်ပါလား'ဟု ပြောရှာပါသေးသည်။ သို့သော် သူက ကိုယ့်အကြံနှင့်ကိုယ် ဆုံးဖြတ်ထားသူမို့ လက်မခံနိုင်တော့ပြီ။

မကြာမီ ဦးဇောတိပါလက မှန်လုံကားကြီးပေါ်သို့ ရောက်ရှိနေလေပြီ။ သည်တစ်ခါတော့ တရိပ်ရိပ်ပြေးနေသော ကားကြီးနှင့်အပြိုင် သူ့စိတ်များက ပြေးလွှားလှုပ်ရှားနေခြင်း အလျဉ်းမရှိတော့ပေ။ မှန်သည်။ သူ့စိတ်တွေ တကယ်ပင် တည်ကြည်သွားသည်၊ ငြိမ်သက်သွားသည်။ ချမှတ်ပြီးသား ဆုံးဖြတ်ချက်နှင့်အတူ ထူးထူးခြားခြားလည်း ကြံ့ခိုင်သွားသည်။

အမှန်တော့ မျက်စိကိုအလိုလိုက်၊စိတ်ကို အလိုလိုက်ခဲ့သော



ကြောင့်သာ သူ ယိမ်းယိုင်ခဲ့ရ၊ ဖရိုဖရဲ ဖြစ်ခဲ့ရခြင်း ဖြစ်သည်။ ကံကောင်း၍သာ အကြွေးပေါင်းစုံပေးဆပ်ရမည့် နယ်ပယ်အတွင်းသို့ မသက်ဆင်းမိခဲ့ခြင်းဖြစ်သည်။ စင်စစ်တော့ လူ့လောကဟူသည် အပေါ်ယံလောက်သာ လှပတင့်တယ်နေခြင်း ဖြစ်သည်။ တကယ့် အတွင်းကျကျ လိုက်ကြည့်တော့မှ အကျည်းတန်၊ အရုပ်ဆိုးလွန်းမှန်း ကိုယ်တွေ့သိရှိခဲ့ရသည်။ ထိုအသိကြောင့်ပင် သူ အချိန်မီရပ်တန့် နိုင်ခဲ့ခြင်း၊ ထိန်းသိမ်းနိုင်ခဲ့ခြင်းလည်း ဖြစ်တော့သည်။

နောက်များမှာတော့ လွန်စွာ ဒုက္ခပေးတတ်စွာသော ဤမျက်စိကို ကြပ်ကြပ် အလိုမလိုက်ပါမှ၊ ကြပ်ကြပ်သတိထားပါမှ ဖြစ်ချေတော့မည်ဟု ထင်လင်းစွာ သဘောပေါက်မိရင်း ဦးဇောတိပါလက မျက်စိမှိတ်ကာ သက်ပြင်းကို လေးလေးကြီး ချလိုက်မိတော့သည်။ ။

၀၀၀

## ဗုဒ္ဓဝင်ထဲက အာနန္ဒာနှလုံးသား

သို့/. . . . . ။

နောင်တော်ကြီး ဦးဝဏ္ဏသီရိ။

ရှိသေစွာ လက်စုံမိုး၍ ရှိခိုးကန်တော့ရင်း ဒီစာကို တပည့်တော် ရေးသားခဲ့ပါတယ် ဘုရား။ ပထမတော့ ဒီစာကို မရေးတော့ဘဲ အရှင်ဘုရားဆီ ဖုန်းနဲ့ပဲ တိုက်ရိုက် အကြောင်းကြားလိုက်မလို့ပါ။ နောက်တော့ မင်္ဂလာရှိတဲ့ခရီးကို အရှင်ဘုရား ကြွချီနေဆဲကာလမှာ တပည့်တော်အတွက်နဲ့ တစ်စုံတစ်ရာ စိတ်အနှောက်အယှက် ဖြစ်ရရင် မကောင်းပါဘူးလေဆိုပြီး ဖုန်းနဲ့မပြောတော့ဘဲ ဒီစာကို သာ ရေးထားခဲ့ဖို့ ဆုံးဖြတ်လိုက်မိတယ်။ အရှင်ဘုရား သိမ်သမုတ်ပွဲက ပြန်ရောက်မှ ဒီစာကိုဖတ်ပါစေ၊ ဖတ်ရင်းနဲ့ တပည့်တော်ပြန်သွားတဲ့အတွက် စိတ်မကောင်းဖြစ်ရတယ်ဆိုရင်လည်း အကျိုးအကြောင်း အပြည့်အစုံကို ဖော်ပြထားတဲ့ ဒီစာကတစ်ဆင့် တပည့်တော်အပေါ် နားလည်ခွင့်လွှတ်နိုင်ပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီစာကို ရေးထားခဲ့တာပါဘုရား။

အရှင်ဘုရား ဒီစာကိုဖတ်နေတဲ့အချိန်မှာ တပည့်တော် တောင်ငါးလုံး တောရကျောင်းကို ရောက်နေပါလိမ့်မယ် ဘုရား။





တောင်ငါးလုံးကိုတော့ အရှင်ဘုရားသိမှာပါ။ အရှင်ဘုရားနဲ့ စာဝါအတူ လိုက်ခဲ့ဖူးတဲ့ ဦးအာစာရရဲ့ ကျောင်းကလေးလေ။ အရှင်ဘုရားကိုတောင် ဦးအာစာရက သူ့ကျောင်းကလေးဆီ တစ်ခါတစ်ခေါက်လောက် အလည်လာခဲ့ဖို့ ဖိတ်ခေါ်ဖူးသေးတယ် မဟုတ်လား။ တပည့်တော်ကတော့ အဲဒီကျောင်းကို သုံးလေးခေါက်လောက် ရောက်ဖူးတာမို့ အခြေအနေကို အားလုံးသိပါတယ်။ ကျောင်းကလေးက တောရိပ်တောင်ရိပ်နဲ့ တော်တော် အေးချမ်းတယ်။ ဆိတ်ငြိမ်မှုလည်းရှိတယ်။ တရားလိုလားသူ မှန်သမျှအတွက်တော့ အာဝါသသပ္ပာယ အမျှတဆုံး နေရာလေးတစ်ခုပေါ့။ အဲဒီမှာ ဦးအာစာရက သူကိုယ်တိုင်လည်း တရားအားထုတ်တယ်။ တရားတောင်း ယောဂီတွေကိုလည်း ကမ္မဋ္ဌာန်းပေးတယ်။ သိတဲ့ အတိုင်း သူကတော့ မဟာစည်သမားပေါ့ ဘုရား။

တပည့်တော် အရှင်ဘုရားရဲ့ ဒီရန်ကုန်ကျောင်းကနေ အဲဒီတောင်ငါးလုံးကို တစ်ခါတည်း တန်းသွားလိုက်မှာပဲဘုရား။ ကြားမှာ ဘယ်မှမသွားတော့ဘူး။ ခမည်းတော်၊ မယ်တော်တို့အိမ်ကိုတောင် မသွားတော့ဘူး။ အစီအစဉ်အရတော့ တပည့်တော် တောင်ငါးလုံးမှာပဲ အချိန်အကန့်အသတ်မရှိ နေမယ်လို့ စိတ်ကူးထားတယ်။ အဲဒီမှာနေရင်း တပည့်တော် ဦးအာစာရဆီက ကမ္မဋ္ဌာန်းယူမယ်။ တရားအားထုတ်မယ်။

ဒီတော့ တပည့်တော် အရှင်ဘုရားကို အလေးအနက် လျှောက်ထားချင်တာက ရန်ကုန်မှာ ကျောင်းထိုင်မယ့် အစီအစဉ်ကို တပည့်တော် စွန့်လွှတ်လိုက်ပြီဘုရား။ တပည့်တော် ရန်ကုန်မှာ မနေချင်တော့ဘူး။ တပည့်တော်ကို ကျောင်းအပ်ဖို့လုပ်နေတဲ့ ဒကာ၊ ဒကာမတွေကိုလည်း အရှင်ဘုရားပဲ အကျိုးအကြောင်း ရှင်းပြလိုက်

ပါတော့။ 'ဒီပါအောင်မြေ'ကျောင်းကို တပည့်တော် အအပ်မခံနိုင်တော့တဲ့အကြောင်း၊ တပည့်တော်အစား အခြားသင့်တော်မယ့် သံဃာတစ်ပါးကိုသာ လွှဲပြောင်းအပ်နှံလိုက်ဖို့ မှာခဲ့တဲ့အကြောင်း၊ ကျေးဇူးပြုပြီး အရှင်ဘုရားကပဲ ပြောပေးလိုက်စေချင်ပါတယ်ဘုရား။

ခုလို တပည့်တော် စိတ်လည်းပြောင်း၊ အစီအစဉ်လည်း ပြောင်းသွားတဲ့အတွက် အရှင်ဘုရား အံ့ဩသွားပြီ မဟုတ်လား။ ဘာကြောင့် တပည့်တော် ဒီလိုဖြစ်သွားပါလိမ့် ဆိုပြီးတော့လည်း အရှင်ဘုရား စဉ်းစားမရအောင် ဖြစ်သွားရပြီမဟုတ်လား။ တပည့်တော်ကို စာတတ်ပုဂ္ဂိုလ်တစ်ဦးပီပီ ရန်ကုန်မှာ ထည်ထည်ဝါဝါ နေစေချင်တဲ့ အရှင်ဘုရားရဲ့ စေတနာကို တပည့်တော် နားလည်ပါတယ် ဘုရား။ ရန်ကုန်မှာ ကျောင်းရအောင်လို့ ကိုယ်တော်တိုင် လိုက်ပါဆောင် ကြဉ်းပေးခဲ့တာတွေကိုလည်း တပည့်တော် ကျေးဇူးတင်ပါတယ်ဘုရား။ ဒါပေမဲ့ ကျောင်းမရမီ ရက်ပေါင်း ၂၀ လောက် အရှင်ဘုရားရဲ့ကျောင်းမှာ တည်းခိုနေထိုင်ရင်း တပည့်တော် ကြုံတွေ့ မြင်သိခဲ့ရတာတွေကပဲ တပည့်တော်ကို ကောင်းကောင်း ဆုံးဖြတ်ပေးခဲ့တာပါ ဘုရား။ တစ်နည်းအားဖြင့် ရန်ကုန်ဟာ တပည့်တော်အတွက် သပ္ပာယမှုတဲ့ ဘုမိနက်သန် မဟုတ်ဘူး။ တပည့်တော်ရဲ့ အနုသယအခံဓာတ်နဲ့ ဘယ်လိုမှ ကိုက်ညီမယ့် နေရာမျိုးမဟုတ်ဘူး ဆိုတာကို တပည့်တော် ကွဲကွဲပြားပြား သိခဲ့ရတယ်ဘုရား။

တင်စားပြီးပြောရရင် ရန်ကုန်က မြေ့ အတော်ပေါလွန်းတယ်။ အဲဒီမြေ့တွေကို တပည့်တော် အလွန်ကြောက်မိပါတယ်။ အဲဒီမြွေက ရိုးရိုးမြွေမဟုတ်ဘဲ ဣတ္ထိယခေါ် မာတုဂါမ မြွေမျိုး ဖြစ်နေတာမို့



အလွန်အဆိပ်ပြင်းပြီး အလွန်လည်း တန်ခိုးကြီးလှပါတယ်ဘုရား။ ရိုးရိုးမြွေက သူ့ကိုသွားထိ၊ သွားကိုင်မှသာ လူကို ပြန်ကိုက်တတ်ပေမယ့် ဣတ္ထိယ မြွေမျိုးကတော့ သူ့ကိုမြင်ရရုံနဲ့တင် အဝေးကတောင် လှမ်းကိုက်တတ်ပါတယ် ဘုရား။ သွားကိုင်မိလို့ကတော့ တစ်ချက်ထဲ ဘုန်းဘုန်းလဲရဖို့သာ ပြင်ထားဆိုတဲ့ အမျိုးထဲကပေါ့။ တပည့်တော်တော့ ဒီလိုပဲ တင်စားချင်ပါတယ်။ ပြောရရင် တပည့်တော် အရှင်ဘုရားကျောင်းကနေ ထွက်ပြေးခဲ့ရခြင်းရဲ့ အဓိကအချက်ဟာ အဲဒီအချက်ပဲဘုရား့။

အရှင်ဘုရားကတော့ ပြောချင်ပေလိမ့်မယ်။ ငါတောင် ရန်ကုန်မှာ တစ်သက်လုံး နေလာနိုင်သေးတာပဲ။ မင်းကျမှ ခဏကလေးနဲ့ ဒီလိုဖြစ်ရသလား ဆိုပြီးတော့လေ။ မတူဘူး ဘုရား့။ အရှင်ဘုရားနဲ့ တပည့်တော်က မတူဘူး။ တပည့်တော်က ကိုယ့်စိတ်ကိုကိုယ် သိတယ်။ တပည့်တော်ရဲ့စရိုက်က သဒ္ဓါစရိုက်ပဲ ဘုရား့။ သဒ္ဓါစရိုက်ဆိုတော့ ရာဂနဲ့တွဲနေတယ် မဟုတ်လား။ တပည့်တော်က မွန်မြတ်တဲ့ သဒ္ဓါတရားနဲ့ပတ်သက်ရင် စိတ်အား အလွန်တက်ကြွပြီး ထက်မြက်လှသလိုပဲ မကောင်းတဲ့ ရာဂနဲ့ပတ်သက်ရင်လည်း အလွန်အားကြီးပြီး အလွန်ပြင်းထန်တတ်သူပါ ဘုရား့။ ဒီတော့ ဥပမာ တစ်ခုပေးရရင် မာတုဂါမတစ်ယောက်ရဲ့ သာမန်ဝိသဘာဂ အာရုံလေးတစ်ခုကိုပဲ အရှင်ဘုရားနဲ့ တပည့်တော်နဲ့ တစ်ပြိုင်တည်း မြင်မိကြတယ် ဆိုကြပါစို့။ အရှင်ဘုရားကတော့ ဘာမှဖြစ်မှာ မဟုတ်ဘူး။ အေးအေး ဆေးဆေးပဲ။ ဖြစ်တယ်ဆိုရင်တောင်မှ နည်းနည်းပဲ ဖြစ်လိမ့်မယ်။ အဲ-တပည့်တော်ကတော့ လောင်မီးကျပြီ ဘုရား့။ အဲဒီအာရုံကို နှစ်သက်တဲ့စိတ်နဲ့ စွဲလန်းပြီး တစ်ကိုယ်လုံး

ပူလောင်ရပြီသာ မှတ်ပေတော့။ တပည့်တော်က အဲဒီလောက် တောင်မှ အရှိန်ပြင်းတတ်တဲ့သူပါ။

ဒီတော့ အရှင်ဘုရားရဲ့ကျောင်းက မြို့တော်ရဲ့ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေတဲ့ကျောင်း။ တန်ခိုးကြီး ဘုရားတွေ၊ ဈေးတွေ ပတ်လည်ဝိုင်းနေတဲ့ကျောင်း ဆိုတော့ အရပ်တကာ၊ နယ်တကာက ဧည့်သည်တွေ မပြတ်တန်း ဝင်ထွက်တည်းခိုနေကြတဲ့ ကျောင်းလည်း ဖြစ်တယ်လေ။ သူတို့ဘက်က ကြည့်ရင်လည်း အပြစ်ပြောလို့ မရဘူးပေါ့။ ရန်ကုန်လိုနေရာမျိုးကို ဘုရားဖူးကိစ္စနဲ့ပဲ လာလာ၊ လူမှုရေး၊ စီးပွားရေးကိစ္စနဲ့ပဲလာလာ အများစုက ဈေးကြီးတဲ့ တည်းခိုခန်းတွေမှာ ဘယ်တည်းနိုင်ကြပါ့မလဲ။ ဘုန်းကြီးကျောင်း တွေကိုသာ အားကိုးကြရတာပေါ့။ ကျောင်းထိုင် ပုဂ္ဂိုလ်ဖြစ်တဲ့ အရှင်ဘုရားအနေနဲ့ ကြည့်ပြန်တော့လည်း ဒီဝေနေယျတွေကို၊ ဒီဧည့်သည်တွေကို လက်မခံလို့ ဘယ်ဖြစ်ပါ့မလဲ။ ဘုန်းကြီးကျောင်း ဓလေ့က ရှေးအစဉ်အလာကတည်းက ရှိခဲ့တာပဲ။

ကျောင်းမှာ ဧည့်သည်တွေများတော့ လူကလည်း လူပေါင်းစုံပဲပေါ့။ စည်းကမ်းရှိတဲ့သူတွေ ပါသလို၊ စည်းကမ်းမဲ့သူတွေလည်း ပါတာပေါ့။ ယဉ်ကျေးသိမ်မွေ့တဲ့ အမျိုးသမီးတွေ ပါသလို၊ အနေအထိုင်မတတ်တဲ့ မိန်းမတွေလည်း ပါတာပေါ့။ တစ်ခါတစ်လေ ဧည့်သည်တွေ စုပြုံကျလာတတ်တဲ့နေ့တွေမှာဆို လူတွေက ရောထွေးယှက်တင်ဖြစ်ပြီး ရှုပ်ယှက်ကို ခတ်နေတော့တာပဲ။ အပေါက်ဝမှာ ဖိနပ်တွေက တစ်ပြန့်ကြီးဖြစ်နေတတ်သလို အဝတ်လှန်းတဲ့နေရာမှာလည်း အဝတ်မျိုးစုံတွေနဲ့ ဒင်းကြမ်းပြည့်နေတော့တာပဲ။ တစ်ခါတစ်လေ ထဘီလှမ်းတဲ့ ကြိုးတန်းနဲ့ သင်္ကန်းလှမ်းတဲ့ ကြိုးတန်းက တစ်ဆက်တည်းတောင် ဖြစ်လုမတတ်ပဲ။



ဒီတော့ အခြေအနေက မမြင်ဝံ့တာတွေလည်း မြင်ရတော့တာပဲပေါ့ ဘုရား။ တပည့်တော်နေတဲ့နေရာက ဆွမ်း စားကျောင်းကိုပဲ သွားသွား၊ အပြင်ကိုပဲ ခဏတဖြုတ်သွားသွား ဒီဧည့်သည်တွေနေတဲ့ နေရာကို ဖြတ်သွားဖြတ်လာပြု နေရတာဆိုတော့ အားလုံးက မျက်စိခလုတ်တိုက်စရာတွေချည်း ဖြစ်နေတော့တာပေါ့။ အအိပ် အနေမတတ်တဲ့ မိန်းမတချို့ရဲ့ ပိုးစိုးပက်စက်ဖြစ်နေပုံ၊ ရဲတင်း ပွင့်လင်းတဲ့ မိန်းမတချို့က အဝတ်အစားကို ဖြစ်သလို မလုံမခြုံ လဲလှယ်ဝတ်ဆင်နေပုံ၊ အမူအရာ မသေသပ်တဲ့ ဆတ်ကော့ လတ်ကော့ မိန်းမတချို့က ရေချိုးရင်း လက်ထဲကထဘီ ပြုတ်ကျသွားတတ်ပုံတွေဟာ မမြင်ဝံ့တာတွေကို မြင်နေရတာပဲပေါ့။ ဒါတွေဟာ တမင်လိုက်ကြည့်နေတာ မဟုတ်ဘဲနဲ့ကို မကြာခဏ ကြုံဆုံမြင်တွေ့ နေရတာတွေပါဘုရား။ အရှင်ဘုရားကျောင်းက ဘယ်လောက် ကျယ်လို့လဲ။ လူတွေနဲ့အတူ နီးနီးကပ်ကပ် ရောနှောနေမှတော့ လူတွေရဲ့ မြင်ကွင်းအဖုံဖုံကိုလည်း မလွဲသာမရှောင်သာ မြင်တွေ့ နေရတော့တာပဲပေါ့။

အဲ- အဲဒီရုပါရုံတွေက သူတို့ဘာသာ လူလွန့်လူပ်ရှားနေကြတာဖြစ်လို့ ဘာမှ မထူးဆန်းပေမယ့် ဒါတွေကို မြင်နေရတဲ့ တပည့် တော် အတွက်တော့ ကယောင်ချောက်ချားကြီးကို ဖြစ်သွားရပြီလေ။ သိတဲ့အတိုင်း တပည့်တော်က ဖသ္သ ပြင်းထန်တဲ့သူ မဟုတ်လား။ ဒီဝိသဘာဂအာရုံတွေကိုလည်း မြင်လိုက်ရော ရာဂ ပါးပျဉ်းကြီးက ထောင်းခနဲထောင် ထလာတော့တာပဲ။ ဒါတွေကို မြင်လိုက်တာနဲ့ မျက်လုံးမျက်ဆံတွေကျယ်ပြီး သွေးတွေကလည်း တဒိန်းဒိန်းတိုး၊ ရင်တွေကလည်း ကတုန်ကရင်ကြီးဖြစ်၊ လူ တစ်ကိုယ်လုံးလည်း တရှိန်းရှိန်း တဖိန်းဖိန်းကြီး ဖြစ်ရတော့တာပေါ့။

ရှုပါရုံဆိုတဲ့ မြွေရဲ့ မိမိရရကိုက်ခဲခြင်းကို ခံလိုက်ရပြီမို့ သွေးအဆိပ်တွေက ငယ်ထိပ်အထိ ဆောင့်တက်သွားရပြီပေါ့ ဘုရား။

တပည့်တော် ဘယ်လိုမှ မနေနိုင်ဘူး ဘုရား။ စိတ်ကို ဘယ်လိုမှ ပြန်စုစည်းလို့မရဘူး။ တပည့်တော် စဉ်းစားကြည့်တယ်။ ဒါတွေနဲ့သာ ကြပ်ကြပ်ယဉ်ပါးနေရမယ်ဆိုရင် မနောက်ကနေ ကာယကံမကူးအောင် တစ်ကြိမ်ရှောင် နိုင်မယ်ထား၊ နှစ်ကြိမ်ရှောင်နိုင်မယ်ထား၊ သုံးကြိမ်မြောက်အောင်တော့ တပည့်တော် ရှောင်နိုင်ပါ့မလား။ ကိုယ့်ကိုယ်ကို ထိန်းနိုင်ပါ့မလား။ တွေးရင်းနဲ့ ကြောက်သည်ထက် ကြောက်လာတယ်။ ထန်းပင် အုပ်ဆက်ပြတ်သလို ပြတ်ရမယ့် အန္တရာယ်က နီးနီးကလေးပါလားလို့ တွေးမိရင်း မဖော်ပြနိုင်လောက်အောင် ထိတ်လန့်မိတယ်။ သူများတွေ ဘယ်လိုနေတယ်ဆိုတာတော့ မသိဘူး။ တပည့်တော်အတွက်တော့ ဒီအတိုင်းဆက်နေသွားဖို့မလွယ်ဘူး။ တစ်နေ့မဟုတ်တစ်နေ့၊ အန္တရာယ်နဲ့ တည့်တည့်တိုးမှာပဲလို့ ကြိုတင်မြင်ယောင်နေမိတယ်။

ဒီအချိန်မှာပဲ တပည့်တော်ခေါင်းထဲမှာ လက်ခနဲဖြစ်သွားမိတယ်။ အချိန်တော်တော်ကြာကြာ လိပ်ခဲတည်းလည်း ဖြစ်နေမိတဲ့ ပြဿနာတစ်ခုအတွက် ဒိုင်းခနဲ အဖြေမှန်ရလိုက်သလိုမျိုးလည်း ဖြစ်သွားမိတယ်။ တခြားမဟုတ်ဘူး ဘုရား။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူတဲ့ မဟာဗုဒ္ဓဝင်ကြီးထဲက အခန်းတစ်ခန်းနဲ့ပတ်သက်ပြီး တပည့်တော်စိတ်ထဲမှာ မရှင်းမရှင်းနဲ့ ဘဝင်မကျသလို ဖြစ်နေခဲ့တာဟာ တော်တော့်ကိုကြာခဲ့ပြီ။ တပည့်တော် ရှင်းပြပါ့မယ်။ ဘုရားရှင် ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီးမှာ ဘုရားရှင်က အရှင်အာနန္ဒာကို 'ချစ်သား. . . သင် မေးလိုတဲ့ မေးခွန်းရှိရင် မေးလိုက်။ ငါဘုရားမရှိတဲ့နောက်မှ ဘုရားရှင်ကို



မမေးလိုက်ရလေခြင်းဆိုတဲ့ နောင်တ တစ်ဖန် ပူပန်ရခြင်းမျိုးသင့်မှာမဖြစ်ပါစေနှင့်'လို့ မြွက်ဟတော်မူခဲ့တယ် မဟုတ်လားဘုရား။ ဘုရားရှင်က အလုပ်အကျွေး ရဟန်းအဖြစ် တစ်လျှောက်လုံးဆောင်ရွက်ခဲ့တဲ့ အရှင်အာနန္ဒာအပေါ် အထူးအခွင့်အရေးပေးလိုက်တဲ့ သဘောဆိုရင်လည်း မမှားပေဘူးပေါ့ ဘုရား။

ဒီတော့ တပည့်တော် တွေးမိတယ်။ အရှင်အာနန္ဒာက ဒီအခွင့်အရေးကို လက်လွှတ်ခံမှာမဟုတ်ဘူး။ ဘုရားရှင်ကို မေးလိမ့်မယ်။ မေးရင်လည်း တော်ရုံတန်ရုံ မေးခွန်းမျိုး မဟုတ်လောက်ဘူး။ ကိုယ်တိုင်က တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိကကြီး ဖြစ်တော်မူတဲ့အတိုင်း တကယ့်ကို ခက်ခဲနက်နဲတဲ့ မေးခွန်းမျိုး၊ လောကလူသားအားလုံးအတွက် အလွန် အကျိုးရှိမယ့် မေးခွန်းမျိုးသာ မေးလိမ့်မယ်လို့ တပည့်တော်က ထင်ထားခဲ့မိတာ။

တကယ်တန်းကျတော့ အရှင်အာနန္ဒာမေးတဲ့ မေးခွန်းက အံ့အားသင့်စရာ၊ မထင်မှတ်တဲ့ မေးခွန်းမျိုးဖြစ်နေတယ်။ မေးခွန်းက 'မာတုဂါမတွေအပေါ် တပည့်တော်တို့ ဘယ်လိုနေထိုင် ဆက်ဆံရမလဲဘုရား'ဆိုတဲ့ မေးခွန်းလေ။ ဟုတ်တယ်မဟုတ်လား။ တကယ်မယုံနိုင်စရာပဲ။ တပည့်တော် အံ့သြမဆုံး ဖြစ်သွားတယ်။ ဒါပေမဲ့ဘုရားရှင်ကလည်း ပြန်ဖြေတော်မူပါတယ်။ 'အာနန္ဒာ၊ မာတုဂါမတွေနဲ့တွေ့ရင် မကြည့်ပါနဲ့'လို့ တိုတိုတုတ်တုတ်ပဲ ဖြေကြားတော်မူခဲ့တယ်။ ဒီတော့ အရှင်အာနန္ဒာက 'မကြည့်လို့မရရင်ရော ဘုရား'လို့ ထပ်ပြီး မေးလျှောက်ပြန်တယ်။ ဘုရားရှင်က 'အကြောင်း အမျိုးမျိုးကြောင့် ကြည့်မိမြင်မိတယ်ဆိုရင်လည်း စကားမပြောဘဲနေပါ'လို့ ပြန်လည်ဖြေကြားတော်မူတယ်။ အရှင် အာနန္ဒာက မနေပြန်ဘူး။ 'ဆွမ်းကွမ်း အစရှိတဲ့ ကိစ္စတွေကြောင့် စကားမပြောလို့ မဖြစ်ဘူး

ဆိုရင်ရောဘုရား’ လို့ထပ်မံ မေးလျှောက်ပြန်တယ်လေ။ ဒါကို ဘုရားရှင်က ‘စကားမပြောလို့မဖြစ်ရင် ပြောပါ။ ဒါပေမဲ့ အမိအရွယ်ကို အမိသဖွယ်၊ နှမအရွယ်ကို နှမသဖွယ် သဘောထားပြီး ပြောဆိုဆက်ဆံပါလေ’လို့ အပြီးသတ် မိန့်ကြားတော်မူခဲ့တယ် မဟုတ်လားဘုရား။

ဘဝင်မကျခြင်းနှင့်အတူ အဲဒီအခန်းကို တပည့်တော် အကြိမ်ကြိမ် ပြန်ဖတ်မိတယ်။ ဒါပေမဲ့ ဘယ်လိုမှကို စိတ်ထဲမှာ မရှင်းဘဲ ဖြစ်နေခဲ့တယ်။ ဘယ့်နှယ်၊ မေးလိုက်တဲ့မေးခွန်းကလည်း သိမ်သိမ်မွှားမွှားလေးပါလား၊ ဘာမှလည်း ခက်ခဲနက်နဲတဲ့ မေးခွန်းမျိုး မဟုတ်ပါလားဆိုတဲ့ အတွေးနဲ့ စိတ်ထဲအောင့်သက်သက်ဖြစ်ရင်း မကျေမလည် ဖြစ်နေခဲ့ရတယ်။

ခုတော့ အားလုံးကို သဘောပေါက်သွားပြီဘုရား။ မှောက်ထားတဲ့ခွက်ကို လှန်ပြလိုက်သလို အရာအားလုံး ရှင်းလင်းသွားပါပြီ။ သိပ်ဟုတ်တာပေါ့။ အရှင်အာနန္ဒာဟာ အလွန်အရေးကြီးတဲ့ မေးခွန်း၊ အလွန် မေးသင့်မေးထိုက်တဲ့ မေးခွန်းကို မေးခဲ့တာပဲ ဘုရား။ ဒီနေရာမှာ တပည့်တော်ရဲ့ ပုဂ္ဂလဓိဋ္ဌာန် သဘောကိုပဲ ပြောပါမယ်ဘုရား။ တစ်နည်းအားဖြင့် အနုမာနနည်းနဲ့ မှန်းဆမျှော်မြင်ကြည့်တာလို့လည်း ပြောလို့ရပါတယ်။ အဲဒီအချိန်တုန်းက အရှင်အာနန္ဒာဟာ သောတာပန်အဆင့်ပဲ ရှိသေးတယ်မဟုတ်လား ဘုရား။ အရိယာနွယ်ဝင် ဖြစ်လင့်ကစား ကိလေသာတွေ အချောင်းချောင်း၊ ရာဂတွေ တထောင်းထောင်းနဲ့ ဒင်းကြမ်းပြည့်နှက်လျက် ရှိသေးတဲ့ အောက်တန်း အရိယာအဆင့်ပဲ ရှိသေးတယ်မဟုတ်လား။ ဒီတော့ သူက အဲဒီအချိန်မှာ ကောသလမင်းကြီးရဲ့ တောင်းပန်ချက်ကြောင့်တစ်ကြောင်း၊ ဘုရားရှင်ရဲ့ တာဝန်ပေးချက်ကြောင့်



တစ်ကြောင်း ဘုရင့်နန်းတော်က နန်းတွင်းသူ၊ နန်းတွင်းသားတွေကို စာပေ သင်ကြားပေးရတဲ့တာဝန် ယူထားရတဲ့ အချိန်လည်း မဟုတ်လား ဘုရား။

ဒီတော့ အရှင်အာနန္ဒာက နန်းတွင်းကို နေ့စဉ်သွားရတော့ နန်းတွင်းသူတွေနဲ့လည်း နေ့စဉ်တွေ့ရမယ်ပေါ့။ သိတဲ့အတိုင်း နန်းတွင်းသူတွေဆိုတော့ လက်ရွေးစင် အချောအလှလေးတွေ ချည်းပဲပေါ့။ အဲဒီအခါ နန်းတွင်းသူတွေကို မြင်ရပြီး အရှင်အာနန္ဒာ စိတ်လှုပ်ရှားသွားရလိမ့်မယ်။ ဒီကြားထဲ မင်းသမီးတွေရဲ့ ကပိုကရို နိုင်လှတဲ့ ဝိသဘာဂ အာရုံတွေ၊ မင်းမိဖုရားတွေရဲ့ မဆင်မခြင် နေပုံထိုင်ပုံတွေကို မြင်ရတဲ့ပြင် ကိုယ်တိုင်က မင်းသားချောဘဝ ကနေ ရဟန်းဝတ်လာသူဆိုတော့ သူ့အပေါ် ကျိတ်ပြီး စိတ်ကူးယဉ်နေတဲ့ မင်းသမီးတချို့ရဲ့ မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး ပိုးပန်း မြူဆွယ်တာတွေကိုလည်း ခံချင်ခံရပေမယ်ပေါ့ ဘုရား။

အရှင်အာနန္ဒာ ဘယ်လိုခံစားရမယ်ဆိုတာ ဒီလောက်နဲ့တင် သဘောပေါက်လောက်ပါပြီဘုရား။ တစ်ဘက်က ရဟန်းလည်းဖြစ်၊ ဝိနည်းဆောင်ပုဂ္ဂိုလ်လည်း ဖြစ်နေတဲ့အချိန်မှာ တစ်ဘက်က အတိုက်ခာတ်အမျိုးမျိုးရဲ့ ထိုးနှက်ချက်တွေကို ခံနေရတော့ သူ့ခမျာ ဘယ်လောက်ပူလောင်ဆင်းရဲပြီး ဒုက္ခရောက်လိုက်မလည်း ဆိုတာ မြင်သာထင်သာ ဖြစ်နေပါပြီ။ ဒါကြောင့် ဘုရားရှင်ကို မေးလိုက်တဲ့ အဲဒီမေးခွန်းဟာလည်း မဖြစ်စလောက်ကလေးလို့ ထင်ရလင့်ကစား တကယ်တန်းကျတော့ အရှင်အာနန္ဒာရဲ့ နှလုံးသည်းပွတ်ထဲကနေ လိုလိုလားလား၊ လေးလေးနက်နက် ထွက်ပေါ်လာတဲ့ မဟာမေးခွန်းကြီး ဖြစ်နေတယ်။ ဒါကြောင့် တပည့်တော်တို့လို နောင်လာနောက်သားတွေ အတွက်လည်း စံပြုစရာ၊ နမူနာ

ယူစရာ၊ သတိထားစရာ ဧရာမမေးခွန်းကြီး ဖြစ်နေပါလားလို့ တပည့်တော်လည်း ကိုယ်တွေ့နဲ့ယှဉ်လို့ ချင့်ချိန် စဉ်းစားရင်း အလင်းဓာတ် ပေါက်ခဲ့ရတယ်ပေါ့ဘုရား။

တပည့်တော်တို့က နောက်ဆုံးအကြွင်းအကျန် ပကတိသာဝက တွေထဲမှာ ပါဝင်ခွင့်ရအောင် ကြိုးစားနေတဲ့ အဆင့်ပဲ ရှိပါတယ် ဘုရား။ အရှင်အာနန္ဒာတို့လို မဟာသာဝက ကြီးတွေနဲ့ဆိုရင် မြင်းမိုရ်တောင်နဲ့ ဆီးစေ့လောက် ကွာခြားလှပါတယ်။ တစ်ချိန် တုန်းက အရှင်အာနန္ဒာတို့လို ပုဂ္ဂိုလ်ကြီးမျိုးတောင် မာတုဂါမတွေနဲ့ ပတ်သက်ပြီး အလေးအနက်ခံစား၊ အလေးအနက် သတိထားခဲ့ ရသေးတယ်ဆိုမှတော့ တပည့်တော်တို့လို အနုညာတတွေအတွက် တော့ ပြောစရာကို မရှိတော့ဘူးပေါ့ ဘုရား။

တပည့်တော် အမှန်အတိုင်း ဝန်ခံပါတယ်။ တပည့်တော်ဟာ ဒေါင်ဒေါင်မြည် ဘုရားသားတော်မျိုး မဟုတ်သေးဘူး။ ဝိနည်း ဆောင် သီလဝန္တရဟန်းမျိုး မဟုတ်သေးဘူး။ ဘုရား ပညတ်ခဲ့တဲ့ သိက္ခာပုဒ် အတော်များများကို ချိုးဖောက် နေမိသေးတယ်။ ဒါကလည်း ပြောင်းလဲလာတဲ့ ခေတ်ကာလကြောင့်လို့ ဆင်ခြေပေး မယ်ဆို ပေးလို့ရပါသေးတယ်။ သို့သော်လည်း တပည့်တော်အနေနဲ့ လူဒါယကာတွေရဲ့ မြင်ကွင်းမှာတော့ သာမဏသာရုပ္ပဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး နေထိုင်ခဲ့သလို အထူးသိက္ခာပုဒ်ကြီး တွေကိုလည်း ဘယ်တော့မှ မဖောက်ဖျက်၊ မကျူးလွန်ဘူးလို့ ခံလည်း ခံယူ၊ ကျင့်လည်းကျင့်ကြံခဲ့ပါတယ်ဘုရား။

ခုတော့ တပည့်တော် ပိုပြီး အသိဉာဏ်ပွင့်လင်းသွားပါပြီ။ ဘယ်သူမဆို ကောင်းအောင်နေထိုင်ဖို့ဆိုတာ ပတ်ဝန်းကျင်ကောင်း ရှိဖို့လည်း လိုပါတယ်။ မိမိနဲ့ အပ်စပ်သင့်လျော်မဲ့ ပတ်ဝန်းကျင်မှာ



နေထိုင်ရမှသာ အစစအရာရာ ဖြောင့်တန်းချောမွေ့နိုင်တယ်ဆိုတာ တပည့်တော် ထင်ထင်လင်းလင်း သိခဲ့ရပါပြီ။ ဒါကြောင့်လည်း တပည့်တော် ပြေးပါပြီ ဘုရား။ ရန်ကုန်မှာ မနေဝံ့တော့ပါဘူး။ တပည့်တော်သွားနေရမယ့် ဒီပါအောင်မြေကျောင်းဟာလည်း အရှင်ဘုရားကျောင်းနဲ့ အတူတူပါပဲ။ တစ်ပုံစံထဲပါပဲ။ တပည့်တော် စရိုက်နဲ့ကတော့ သေချာပေါက် ပျက်စီးခြင်းဆိုက်သွားနိုင်တဲ့ နေရာတွေချည်းပါပဲ။

ဘုရားရှင်ခွင့်ပြုတော်မူတဲ့ ဂါမဝါသီ မြို့တွင်တည်သောကျောင်း မှာ အသင့်အတင့်နှလုံးသွင်းပြီး အဆင်ပြေအောင် သီးခံသတင်းသုံး နေထိုင်နိုင်ကြတဲ့ အရှင်ဘုရား အပါအဝင် အခြားသံဃာ အပေါင်း ကိုတော့ ချီးကျူးလို့မဆုံးပါဘူး ဘုရား။ တပည့်တော်ကတော့ ကိုယ့် အကြောင်းကိုယ်သိသူမို့ ပြေးမှဖြစ်ပါမယ်။ အရှင်ဘုရားအပေါ် ကိုတော့ အထူးပဲ အားနာမိပါတယ်။ အရှင်ဘုရားက တပည့်တော် အပေါ် စေတနာကြီးမားခဲ့သူပါ။ တပည့်တော် ဓမ္မာစရိယ အောင် ပြီးပြီးချင်း နယ်မှာ ကျောင်းဆောက်လှူချင်တဲ့ ဒကာတွေက တော်တော်ပေါပါတယ်။ ဒါပေမဲ့ အရှင်ဘုရားက မင်းလို စာတတ် ပုဂ္ဂိုလ်တစ်ဦးအတွက် ရန်ကုန်မှာ ကျောင်းမရှားဘူး။ မင်းအတွက် ကျောင်းရအောင် ငါလုပ်ပေးမယ်။ မင်းသေချာပေါက် ဘုန်းကြီး ရမယ်လို့ ပြောပြလာတော့ တပည့်တော်ဖြင့် ဝမ်းလည်းဝမ်းသာ၊ ကျေးဇူးလည်းတင်ပေါ့။ ဪ-ငါ့အပေါ် အစ်ကိုကြီးတစ်ဦးသဖွယ် စောင့်ရှောက်နေတာပါလားလို့လည်း ကျိတ်ပြီး ပီတိဖြစ်ရတာပေါ့။

ခုတော့ တပည့်တော်တို့ရေစက်က ဒီမျှနဲ့ပဲ ကုန်ဆုံးသွားပြီလို့ ပြောကြပါစို့ ဘုရား။ အရှင်ဘုရားက ကတိအတိုင်း ဆောင်ရွက် ပေးခဲ့ပါတယ်။ တပည့်တော် ရန်ကုန်မှာကျောင်းရဖို့အရေး အစ

အဆုံး ဆောင်ရွက်ပေးခဲ့ပါတယ်။ တပည့်တော်ကလည်း အရှင်ဘုရားကျောင်းမှာ တည်းခိုနေထိုင်ရင်း ကျောင်းကိုလွှဲပြောင်းယူဖို့ အသင့် စောင့်နေခဲ့ပါတယ်။ ဒီကာလအတွင်းမှာပဲ အခြေအနေက ပြောင်းလဲသွားတာဆိုတော့ အရှင်ဘုရား အံ့လည်းအံ့သြ၊ စိတ်မကောင်းလည်း ဖြစ်သွားမှာ အမှန်ပါပဲ။

တပည့်တော်အနေနဲ့တော့ အထက်မှာရှင်းပြခဲ့တဲ့အတိုင်း ဒီလမ်းကလွဲလို့ တခြားရွေးစရာ မရှိဘူးဘုရား။ ဒါကြောင့် အရှင်ဘုရားကိုလည်း ရင်မဆိုင်ရဲတာမို့ အရှင်ဘုရား သိမ်သမုဒ်ပွဲက ပြန်မရောက်ခင်မှာပဲ တပည့်တော် ဒီက ကြိုထွက်သွားဖို့ ဆုံးဖြတ်ခဲ့ရတာပါ။ လောလောဆယ်တော့ ဒီကျောင်းကိစ္စတွေ၊ နေရာထိုင်ခင်းကိစ္စတွေကို တပည့်တော် မစဉ်းစားချင်သေးဘူး ဘုရား။ လတ်တလော အားကောင်းနေတဲ့ သံဝေဂ ဉာဏ်ကလေးကို အခြေပြုပြီး တပည့်တော်တရားပဲ အားထုတ်နေဦးမယ်လို့ ဆုံးဖြတ်ထားတယ်။ တောင်ငါးလုံးက ဦးအာစာရဆီမှာပဲ အကန့်အသတ်မရှိ နေဦးမယ်လို့ ဆုံးဖြတ်ထားတယ်။

နောက်ကိုလည်း အကြောင်းသင့်ရင် အရှင်ဘုရားဆီ တပည့်တော် စာရေးပါဦးမယ်။ ခုတော့ တပည့်တော်ပြုခဲ့သမျှအတွက် အစစအရာရာ ခွင့်လွှတ်တော်မူပါလို့ အနူးအညွတ် ပန်ကြားလျှောက်ထားရင်း ဆယ်ဖြာလက်စုံ၊ ကြာပဒုံဖြင့် တပည့်တော် မြတ်မြတ်နိုးနိုး၊ လေးလေးစားစား ဦးတင်သလိုက်ရပါတယ်ဘုရား။

အရှင်ဘုရားရဲ့ ထာဝရညီငယ်လေး။

**အဂ္ဂဝံသ။**

○○○

## ဆုံးမခြင်း

အချိန်မှာ နာရီပြန် နှစ်ချက်တီးခန့် ရှိလေပြီ။

ကူးတို့စက်လှေကလေးက စက်လှေပေါ်တွင် လူပြည့်ပြီဖြစ်ဖြင့် စက်ကိုနိုးကာ ကမ်းမှခွာ၍ စတင်မောင်းထွက် လိုက်လေသည်။ စက်လှေကလေး အတော်ခပ်လှမ်းလှမ်းသို့ ရောက်သွားတော့မှပင် နောက်ထပ်ခရီးသည်များက ကူးတို့ဆိပ်သို့ ထပ်မံရောက်ရှိ လာကြလေသည်။ သူတို့အဖွဲ့က စက်လှေကို အော်ဟစ်၍ ခေါ်ကြသေးပါသော်လည်း စက်လှေသမားက ကမ်းသို့ ပြန်ကပ်မပေးတော့ပေ။ လူပြည့်ပြီဖြစ်၍ ထပ်မတင်နိုင်တော့ကြောင်း ပြန်အော်ပြောလိုက်ပြီးနောက် စက်လှေကို ဆက်လက်၍သာ ခုတ်မောင်းသွားခဲ့လေသည်။ သို့နှင့်ပင် ကူးတို့စက်လှေကလေးက ကမ်းခြေနှင့် တဖြည်းဖြည်း ဝေးဝေးသွားပြီးနောက် မြစ်ပြင်ကျယ်ကြီးထဲတွင် မည်းမည်းသေးသေးကလေးမျှသာ ဖြစ်၍သွားလေတော့သည်။

မကြာမီ ခရီးသည်တချို့က ထပ်မံ၍ ရောက်ရှိလာကြပြန်သည်။ ထို့ကြောင့် ခရီးသည်အရေအတွက်က တော်တော်လေးများသွားသည်။ သူတို့အားလုံးပင် ကူးတို့ဆိပ်မှ တဲများအတွင်းသို့ အသီးသီး ဝင်ထိုင်နေလိုက်ကြသည်။

ဤကူးတို့ဆိပ်၌ ကူးတို့စက်လှေဟူ၍ စောစောက ထွက်ခွာသွားသော စက်လှေကလေးတစ်စင်းသာ ရှိသည်။ ထိုစက်လှေကလေးက တစ်ဖက်ကမ်းသို့ တော်တော်နှင့် မရောက်နိုင်သေး။ မိုးတွင်းကာလမို့ မြစ်ပြင်က မောက်လျှံပြီး ကျယ်ပြောလွန်းလှသည်။ တစ်ဖန် တစ်ဖက်ကမ်း၌ လူပြည့်အောင် စောင့်ရဦးမည်မို့ သည်ဖက်ကမ်းသို့ တော်တော်နှင့် ပြန်လာနိုင်ဦးမည် မဟုတ်ပေ။ ထို့ကြောင့် ခရီးသည်များက တဲများအတွင်း၌ ကိုယ့်အဖွဲ့နှင့်ကိုယ် နေရာယူကာ အေးအေးလူလူ၊ သက်သောင့်သက်သာ စောင့်ဆိုင်းနေကြလေသည်။ အချို့က အချင်းချင်း စကားစမြည် ပြောသူပြော၍ အချို့က တုံးလုံးပက်လက် လဲသူလဲနေကြလေသည်။

ကူးတို့ဆိပ်၌ ခရီးသည်များ နားနေရန်အတွက် တဲကလေး သုံးလုံးကို စီတန်းပြီး ဆောက်လုပ်ထားသည်။ တဲတစ်လုံးနှင့်တစ်လုံး ကိုလည်း ၁၅ ပေခန့် ခြားထားသည်။ ထို့ကြောင့် ခရီးသည်များက ကိုယ့်အစုနှင့်ကိုယ် တဲတစ်လုံးစီတွင် အသီးသီး နေရာယူထားကြခြင်း ဖြစ်လေသည်။

ဤ၌ ထိုတဲသုံးလုံးအတွင်းရှိ ခရီးသည် အဖွဲ့သုံးဖွဲ့၏အကြောင်းကို သီးခြားစီ ဖော်ပြရမည်ဆိုပါက အရှေ့ဖက်အကျဆုံး တဲအတွင်းမှ ခရီးသည်လူစုမှာ စုစုပေါင်း ဦးရေ ၂၀ ခန့်ရှိသည်။ ထိုလူစုတွင် ယောကျ်ားဦးရေက လေးငါးဦးခန့်သာရှိပြီး အများစုမှာ အမျိုးသမီးများ ဖြစ်ကြသည်။ သူတို့က တစ်ဖက်ကမ်းရှိ ကျေးရွာတစ်ရွာတွင် နေထိုင်ကြသူများဖြစ်ကြသည်။ သူတို့အားလုံးပင် တစ်ရွာတည်းသားချင်းများ ဖြစ်ကြသည်။ သူတို့က သည်ဖက်ကမ်းရှိ စိုက်ခင်းများတွင် လာရောက်ပြီး အလုပ်လုပ်ကိုင်ကြသူများ ဖြစ်သည်။ ယခု လုပ်ငန်းပြီးဆုံးသောကြောင့် မိမိတို့၏ ကျေးရွာသို့ အတူပြန်လာကြ



ခြင်းလည်း ဖြစ်လေသည်။ ထို့ကြောင့် ထိုတဲအတွင်းတွင် သူတို့လူအင်အားအပြင် သူတို့ ယူဆောင်လာသည့် ဝန်စည်စလယ်အထုပ်အပိုးများဖြင့် ပြည့်နှက်၍နေလေသည်။ ထို့ပြင် သူတို့အချင်းချင်း ပြောဆို ရယ်မောသံများဖြင့်လည်း ကြွက်စီကြွက်စီ ဖြစ်၍နေလေသည်။

ထိုတဲက လှုပ်လှုပ်ရှားရှား၊ စည်စည်ကားကား ဖြစ်နေသလောက် ဒုတိယမြောက်တဲဖြစ်သော အလယ်တဲကမူ ငြိမ်သက်၍နေလေသည်။ အကြောင်းမှာ ထိုတဲအတွင်း၌ ခရီးသည်ဟူ၍ နှစ်ဦးမျှသာ ရှိသောကြောင့်ဖြစ်သည်။ ထို့ပြင် ထိုနှစ်ဦးမှာလည်း တစ်ဦးက အသက် ၆၀ ခန့် အမျိုးသမီးကြီးဖြစ်၍ ကျန်တစ်ဦးမှာ သီလရှင် ဆရာလေးတစ်ပါး ဖြစ်၍နေပြန်လေသည်။ ထို့ကြောင့် ထိုနှစ်ဦး၏အသွင်က လှုပ်ရှားသက်ဝင်မှု သိပ်မရှိလှဘဲ ငြိမ်ငြိမ်ဆိတ်ဆိတ် ဖြစ်နေခြင်း ဖြစ်သည်။ သူတို့က တစ်ဦးနှင့်တစ်ဦး တိုးတိုးသက်သက်မျှသာ စကားပြောဆိုနေကြသည်။

ဤတွင် ထိုနှစ်ဦးအနက် အဒေါ်ကြီးလုပ်သူမှာ ဆရာလေးနောက်ပါးမှ သာမန်အဖော်သဟဲအဖြစ်နှင့်သာ လိုက်ပါလာခြင်းဖြစ်သည့်အတွက် ၎င်းနှင့်ပတ်သက်၍ အထူးဖော်ပြနေစရာ မလိုသော်လည်း ထူးခြားသော သီလရှင် ဆရာလေး၏ အကြောင်းကိုမူ အနည်းမျှ အကျယ်ချဲ့၍ ဖော်ပြရန် လိုလာပါသည်။ ထိုသီလရှင် ဆရာလေးကား နှယ်နှယ်ရရ မဟုတ်ပါပေ။ ထိုသို့ နှယ်နှယ်ရရ မဟုတ်ကြောင်းကို သူ့အား မြင်ရရုံနှင့်ပင် သိသာစေလျက်ရှိသည်။ အကြောင်းမှာ ဆရာလေး၏ ဥပမိရုပ်က ထိပ်တန်းအဆင့်ရှိသော ဥပမိရုပ်မျိုးပင် ဖြစ်သည်။ စိမ်းဖန့်ဖန့် ဦးပြည်းနှင့်အတူ စိုပြည်ဝင်းဝါပြီး ချောမောထင်ပေါ်သော ရုပ်ရည်ကို ပိုင်ဆိုင်ထားသည့်

ပြင် တည်ကြည်သော မျက်နှာပြင်၌ လေးနက်သော ဣန္ဒြေသိက္ခာအား ထပ်ဆောင်း၍ တင်ပို့ထားပြန်ပုံမှာ လွန်စွာကြည်ညိုဖွယ်ကောင်းလှလေသည်။

ဆရာလေးမှာ ချမ်းသာကြွယ်ဝသော မိဘနှစ်ပါးတို့မှ ဆင်းသက်ပေါက်ဖွားလာသူဖြစ်သည့်ပြင် လူဝတ်ကြောင် ဘဝ၌ရှိစဉ်က ပညာရေးအားဖြင့်လည်း ခေသူ မဟုတ်ပြန်ပါ။ ဘွဲ့အမျိုးမျိုးကို ဆွတ်ခူးရရှိခဲ့သည့် ထူးချွန်ထက်မြက်သူ ပါရမီရှင်တစ်ဦးပင်ဖြစ်သည်။ ထို့ကြောင့် ယေဘုယျအားဖြင့် ထိုကဲ့သို့ ဘဝသမ္ပတ္တိနှင့်ပြည့်စုံသူတစ်ဦးက လောကီကိုစွန့်လျက် သီလရှင်ဝတ်သွားခြင်းမှာ အံ့အားသင့်စရာ ကောင်းလှပေသည်။ အတိုချုပ်အားဖြင့် ငါးပါးအာရုံ၊ ကာမဂုံတရားတို့၏ အထင်ကြီးစရာ၊ မက်မောစရာ မရှိပုံတို့ကို ဆင်ခြင်သိမြင်ပြီးသကာလ ပိုမို၍ မြတ်နိုးဖွယ်၊ ကိုးစားဖွယ်ကောင်းသော သာသနာအတွင်းသို့ ခြေစုံပစ် ဝင်ရောက်ခဲ့ခြင်းဖြစ်သည်ဟုသာ အကြမ်းဖျင်းဆိုရပေတော့မည်။

ယခုအခါတွင် ဆရာလေးက တစ်ဖက်ကမ်းတွင်ရှိသော ခရိုင်မြို့ကြီးတစ်မြို့၌ သီတင်းသုံးလျက် ရှိသည်။ ထိုမြို့မှ စာသင်တိုက်ကြီးတစ်ခုတွင် စာဝါများကို လေ့လာသင်ကြားနေခြင်း ဖြစ်သည်။ ယခုခရီးစဉ်မှာ သူ၏ ဥပဇ္ဈာယ် ဆရာတော်ကြီးထံ နှစ်စဉ်ပြုလုပ်မြဲအတိုင်း သွားရောက်ကန်တော့ပြီးနောက် ပြန်လာခဲ့ခြင်းဖြစ်လေသည်။

ထို့နောက် ဆက်လက်၍ တတိယမြောက်တဲအတွင်းရှိ ပုဂ္ဂိုလ်များအကြောင်းကိုလည်း ဖော်ပြပါဦးမည်။ ထို တတိယမြောက်တဲအတွင်း၌မူ လူငယ်သုံးယောက်ကို တွေ့ရမည်ဖြစ်သည်။ သုံးယောက်စလုံးပင် ဆယ်ကျော်သက် အရွယ်များ ဖြစ်ကြသည်။



သူတို့က ခေတ်လူငယ်များပီပီ ဘောင်းဘီဖင်ကျပ်များကို ဝတ်ဆင်ထားကြပြီး ဆံပင်ဖုတ်သိုက်များနှင့်လည်း ဖြစ်ကြလေသည်။ သူတို့က ကူးတို့ဆိပ်သို့ ရောက်ရောက်ချင်းပင် သူတို့နေရာယူထားသော ထိုတဲအတွင်း၌ အသီးသီး တုံးလုံးပက်လက်ဖြစ်ကာ အိပ်ပျော်သွားကြလေသည်။

အမှန်မှာ သူတို့က တောဘုရားပွဲတစ်ခုမှ ပြန်လာကြခြင်းဖြစ်၍ ပွဲပန်းလာကြခြင်းပင် ဖြစ်သည်။ သူတို့သည်လည်း တစ်ဖက်ကမ်းမှ ခရိုင်မြို့ကြီးတွင် နေထိုင်ကြသူများ ဖြစ်ကြပြီး သုံးယောက်စလုံး တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြသည်။ ထို့ပြင် သူတို့က လူကုံထံ ကြေးရတတ် သားသမီးများလည်း ဖြစ်ကြသည်။ တစ်ယောက်က ထိုမြို့ကြီးမှ အထူးကုဆရာဝန်ကြီး၏ သားဖြစ်ပြီး နောက်တစ်ယောက်ကမူ ထိုမြို့မှ ရဲမှူးကြီးတစ်ဦး၏သား ဖြစ်လေသည်။ နောက်ဆုံး တတိယမြောက်လူငယ်ကား ထိုမြို့မှ ထင်ရှားသော တရားသူကြီးတစ်ဦး၏သားပင် ဖြစ်လေတော့သည်။

ထို့ကြောင့်လည်း သူတို့က ပိုက်ဆံရှိ သားသမီးများပီပီ လူပေလူတေကလေးများ ဖြစ်၍နေကြလေသည်။ လိုချင်သောငွေကို အလွယ်တကူ ရနိုင်ကြသည်နှင့်အညီ မကောင်းမှု ဒုစရိုက်မှန်သမျှ ကမ်းကုန်အောင် လိုက်စားနေကြသူလေးများ ဖြစ်ကြသည်။ တက္ကသိုလ်ကျောင်းသားဟူ၍ နာမည်သာရှိပြီး မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်၊ ကန့်လန့်တိုက်နေကြသည့် လူမိုက်များသာ ဖြစ်ကြလေသည်။ ဥပမာ- မူးယစ်ဆေးဝါးဟူ၍ သူတို့မသုံးဖူးသော အရာမရှိပေ။ အရက်သေစာကိုလည်း သောက်စားခုံမင်ကြပြန်သည်။ ထို့ပြင် ပြည့်တန်ဆာလိုက်စားရာတွင်ပါ အသက်နှင့်မမျှအောင် ဝါရင့်နေကြသူများ ဖြစ်ကြပြန်သေးသည်။ မိဘအလိုလိုက်

ထားသမျှ မကောင်းမှုဟူသရွေ့ကို လက်ရဲဇက်ရဲ၊ ကမ်းကုန် လမ်းကုန် ကျူးလွန်နေကြသူများပင် ဖြစ်သည်။

ယခုလည်း ကျောင်းပိတ်ရက်အတွင်း တောဘုရားပွဲတစ်ခုသို့ သွားကာ အစွမ်းကုန် ပွေရှုပ်လာခဲ့ကြခြင်း ဖြစ်သည်။ တောရွာမှ သူငယ်ချင်းများနှင့်အတူ ထန်းရည်သောက်လိုက်၊ အရက်သောက် လိုက်၊ ကြက်ဝိုင်းဖဲဝိုင်း သွားလိုက်နှင့် တစ်နေကုန် မူးရူးပျော်ပါး ကြသည်။ ညပိုင်းရောက်သော် ရွာသူမိန်းကလေးများနှင့်အတူ ပွဲခင်းထဲ၌ တစ်ညလုံး မိုးအလင်း ပွဲကြည့်ကြပြန်သည်။ ယခုအခါ ကူးတို့တဲအတွင်း၌ ရင်ဘတ်ဟောင်းလောင်းဖွင့်၍ အတုံးအရုန်း လဲပြိုနေကြသည်မှာ ထိုကဲ့သို့ ရှုပ်ခဲ့ပွေခဲ့သည့် ဒဏ်များကို ခံနေကြ ရခြင်းများပင်ဖြစ်တော့သည်။

* * * * *

သို့နှင့်ပင် အချိန်က တရွေ့ရွေ့ ကုန်လွန်လာခဲ့လေသည်။ ကူးတို့စက်လှေကိုကား အရိပ်အယောင်မျှပင် မမြင်ကြရသေးပေ။ ပထမတဲအတွင်းမှ အလုပ်သမားအုပ်စုမှာ တစ်ဦးနှင့်တစ်ဦး စကား ပြောသူက ပြော၊ တစ်ဦးခေါင်းကိုတစ်ဦး သန်းရှာသူကရှာ၊ အိပ်မော ကျသူကျလျက် ရှိနေကြလေသည်။

ထိုအချိန်တွင် တတိယမြောက်တဲအတွင်းမှ လူငယ်တစ်သိုက် ကမူ အိပ်ပျော်နေရာမှ အသီးသီး နိုးလာခဲ့ကြလေပြီ။ အိပ်ရာမှ နိုးသည်နှင့် အရက်ပုလင်းပြားကလေးတစ်လုံးကို အလယ်တွင် ချကာ ဝိုင်းဖွဲ့သောက်နေကြပြန်လေသည်။ ထိုသို့ သောက်နေကြ ရင်း ဆရာဝန်ကြီး၏ သားဖြစ်သူက အလယ်တဲ အတွင်းမှ ဆရာလေးကို လှမ်းကြည့်နေလေသည်။ မျက်လုံးကျွတ်မတတ် စူးစိုက်ကြည့်နေရင်း ကျန်အဖွဲ့သားများကိုပါ အောက်ပါအတိုင်း ခပ်တိုးတိုး ပြောလိုက်သည်။



"ဟေ့ကောင်တွေ. . . ဟိုဆရာလေးကိုကြည့်စမ်း၊ တော်တော် လှတယ်နော်၊ ချစ်စရာလေး"

တရားသူကြီး၏သားက -

"ငါမြင်သားပဲ၊ မင်းတို့ပြောလိုက်ရင် အရသာခံနေတာလေး ပျက်သွားမှာစိုးလို့ မပြောဘဲနေတာ၊ ဟဲ. . . ဟဲ"

ရဲအရာရှိကြီး၏သားကလည်း -

"ဟုတ်ပါ့ကွာ၊ နှမြောစရာကောင်းလိုက်တာ၊ ဒီလောက်လှတဲ့ အမျိုးသမီးက ဘာကြောင့်များ သီလရှင်ဝတ် သွားရတာတဲ့လဲ"

စသည်ဖြင့် တစ်ယောက်တစ်မျိုးစီ ပြောဆိုနေကြလေသည်။ သူတို့သုံးယောက်မှာ အဆုံးအမလွတ်နေသော လူသွမ်းများပီပီ ဘာကိုမျှ အလေးအမြတ်ပြုရမှန်း၊ ဂါရဝထားရမှန်း သိကြသူများ မဟုတ်ပေ။ ယခု ဆရာလေးကိုကြည့်ကာ အယုတ္တ၊ အနတ္တ စကား များဖြင့် ဖွဲ့နွဲ့ပြောဆိုနေကြသည်ကိုသာ ကြည့်ကြပါလော့။

ထိုအချိန်မှာပင် ဆရာလေးက တဘက်တစ်ထည်ကို ပခုံးပေါ် တင်၍ ဆပ်ပြာခွက်နှင့်ရေခွက်တို့အား ယူငင်ပြင် ဆင်လျက်ရှိသည် ကို သူတို့က လှမ်းမြင်လိုက်ကြရသည်။ ဤတွင် ရဲမှူးကြီး၏သားက -

"ဟေ့ကောင်တွေ. . . ဟေ့ကောင်တွေ၊ ဟိုမှာ ဆရာလေး ရေချိုးသွားတော့မယ်ထင်တယ်၊ အား. . . ပါးပါး၊ မတ်တတ်ရပ် လိုက်မှ ပိုတောင် လှသွားသေးတယ်"

ဆရာဝန်ကြီး၏သားက -

"ရက်စက်တယ်ကွာ၊ တစ်ကိုယ်လုံး မလိုင်ခဲကြီးပဲ၊ တစ်တုံး တစ်ခဲကြီးကွ၊ ငါတော့ အမူးတွေတောင် ပြေကုန်ပြီ"

တရားသူကြီးမင်း၏သားက -

"မင်းတို့ခဏနေခဲ့ကြဦး၊ ငါနောက်က လိုက်ချောင်းလိုက်ဦးမယ်၊ ပြန်လာမှ ငါမြင်ခဲ့တာကိုပြောပြမယ်"

ဟုပြောကာ ထိုင်ရာမှ ထရပ်လိုက်သည်။ ထိုအချိန်တွင် ဆရာလေးက ရေချိုးဆိပ်ရှိရာသို့ ထွက်ခွာသွားနေလေပြီ။ ရေချိုးဆိပ်မှာ ကူးတို့ဆိပ်၏အောက်ဘက် ခပ်လှမ်းလှမ်းတွင်ရှိပြီး ထိုရေချိုးဆိပ်အနီးတွင် လူတစ်ရပ်သာသာခန့်မြင့်သော ပြောင်းခင်းတစ်ခင်းက ရှိနေလေသည်။

ပထမတွင် တရားသူကြီး၏သားက သူတစ်ယောက်ထဲသွားမည်ဟု ပြောခဲ့သော်လည်း နောက်ပိုင်းတွင် ကျန်လူများကပါ မနေနိုင်ကြသည်မို့ ဝါသနာဆိုး၏ လှုံ့ဆော်ရာနောက်သို့ သုံးယောက်စလုံး ကောက်ကောက်ပါအောင် လိုက်သွားခဲ့လေသည်။

* * * * *

ပြောင်းခင်းမှာ သန်မာထွားကျိုင်းသော ပြောင်းပင်များဖြင့် ထူထူထဲထဲရှိလှသည်။ ပြောင်းခင်းနှင့်ကမ်းစပ်မှာ ပေ၂၀ ခန့်သာကွာလေသည်။ ပြောင်းခင်းထဲတွင် လျှို့ဝှက်စွာ ချောင်းမြောင်းနေကြသည့် သူတို့သုံးယောက်က ကမ်းစပ်မှ ဆရာလေးအား အပေါ်မှစီးမိုး၍ မြင်တွေ့နေရလေသည်။

တစ်ယောက်က ပြောလိုက်သည်။

"ကြည့်စမ်းဟေ့ကောင်တွေ၊ ရင်ရှားနဲ့ဆိုတော့ ဘယ်လောက်လှထားသလဲ၊ အသားလေးကို ဖြူဝင်းနေတာပဲ၊ မယ်ရွှေပွဲ ဝင်လို့တောင် ရတယ်"

နောက်တစ်ယောက်က -



"ဟုတ်ပ့ါကွာ၊ ရေချိုးလိုက်တော့ အဝတ်နဲ့ အသားကကပ်နေပြီး ကိုယ်လုံးကိုယ်ပေါက်ကို အထင်းသား မြင်နေရတယ်၊ ငါတော့ စိတ်တွေယားလာပြီ"

နောက်ဆုံးတစ်ယောက်က -

"မင်းက စိတ်ပဲယားတာ၊ ငါက တစ်ကိုယ်လုံးယားလာပြီ၊ တောက်. . . လှလိုက်တဲ့မိန်းမကွာ၊ ငါတော့ ဘယ်လိုမှကို မနေနိုင်တော့ဘူး"

ထိုသို့ပြောဆိုနေကြရင်း ကိလေသာပိုးများ သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြလေသည်။ မကြာမီပင် အရက်ကလေး တထွေထွေနှင့်ဖြစ်နေသော သူတို့၏ မိုက်ရူးရဲစိတ်က အထွတ်အထိပ်သို့ ရောက်သွားခဲ့လေပြီ။ မိုက်တွင်းဆင်းရန် အတွက် တားမနိုင်ဆီးမရ ဖြစ်သွားကြလေပြီ။

"ဖြစ်ချင်ရာဖြစ်ကွာ၊ ငါတို့ဝင်ဆွဲရအောင်"

"အေး. . . ကောင်းတယ်၊ ကြိတ်လိုက်ရအောင်"

တစ်ဦး၏ အဆိုပြုချက်ကို ကျန်နှစ်ဦးက ချက်ချင်းပင် ထောက်ခံလိုက်သည်။ ထို့နောက်တွင် သွေးဆူနေသည့် သူတို့သုံးယောက်က ပြောင်းခင်းထဲမှ အပြင်သို့ လှမ်းထွက်လိုက်ကြသည်။ ထို့နောက် ဆရာလေးအပါးသို့ မယောင်မလည် ချဉ်းကပ်သွားလိုက်ကြသည်။

ဆရာလေးက သူတို့လျှောက်လာသည်ကို မြင်ပါသည်။ သို့သော် သူတို့ခြေလက်သုတ်သင်ရန် လာကြခြင်း ဖြစ်မည်ဟု ရိုးရိုးအတွေးမျိုးဖြင့် တွေးမိပြီးသကာလ အေးအေးဆေးဆေးပင် ရေချိုးနေရှာလေသည်။ လူရမ်းကားသုံးယောက်က ဆရာလေးအပါးသို့ ရောက်သည်နှင့် တစ်ပြိုင်နက်ပင် လှုပ်ရှားလိုက်ကြသည်။

တစ်ယောက်က ဆရာလေးအား နောက်မှနေ၍ သိုင်းဖက်လိုက်ပြီး ပါးစပ်ကိုလည်း သူ့လက်ဖြင့် အုပ်ပိတ်ထားလိုက်သည်။ ကျန်နှစ်ယောက်က ဆရာလေး၏ ခြေလက်တို့ကို မလှုပ်နိုင်အောင် ချုပ်နှောင်ထားလိုက်ကြသည်။ ထို့နောက် ဆရာလေးကို ပွေ့ချီကာ ပြောင်းခင်းထဲသို့ အမြန် ဆွဲသွင်းလိုက်ကြတော့သည်။

* * * * *

အဒေါ်ကြီးက ပါးစပ်မှ ဘုရားဂုဏ်တော်တို့ကို တရွရွရွတ်နေရင်း လက်ထဲမှ စိတ်ပုတီးကို တစ်လုံးချင်းချနေသည်။ မကြာမီ လေးကန်သော ခြေလှမ်းများဖြင့် တဲအတွင်းသို့ ဆရာလေး ပြန်ဝင်လာသည်ကို တွေ့လိုက်ရသည်။

ဆရာလေး၏မျက်နှာက မှုန်မှိုင်းလျက်ရှိသည်။ တဘက်ကို ဦးခေါင်းမှခြုံလွှမ်းကာ မျက်နှာအား အောက်သို့ငုံ့ထားသည်။

ထူးခြားစွာ ပျက်ယွင်းနေသည့် ဆရာလေးမျက်နှာကို မြင်လိုက်ရသည်နှင့် အဒေါ်ကြီး အံ့အားသင့်သွားသည်။ ပုတီးစိတ်ကိုရပ်၍ လှမ်းမေးလိုက်သည်။

"ဟင် . . . ဆရာလေး၊ မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လာတာလဲ"

ဆရာလေးက ဘာမျှပြန်မဖြေ။ တဲပေါ်သို့ အသာတက်ထိုင်လိုက်သည်။ ထို့နောက် ဒူးကလေးကိုတုပ်၍ တဲ ခေါင်းရင်းဘက်သို့ မျက်နှာမူထားလိုက်သည်။

"နေမကောင်းဘူးလားဆရာလေး၊ ရေချိုးမှားပြီထင်တယ်၊ အဲဒါကြောင့်ပြောတာပေါ့၊ ရေကို အရမ်းမချိုးပါနဲ့လို့"

ဆရာလေးက တုတ်တုတ်မလှုပ်။ တဘက်ခြုံထားသည့်မျက်နှာကို ငုံ့လျှိုးမြဲ ငုံ့လျှိုးနေသည်။ အဒေါ်ကြီးက ပြောလိုက်ပြန်သည်။



"ပါရာစီတမော့လေး သောက်လိုက်ပါလား၊ တပည့်တော်မှာ ပါတယ်"

အကြောင်းမထူးပါ။ ဆရာလေးက ငြိမ်မြဲငြိမ်နေသည်။ အဒေါ်ကြီးက လက်လျှော့လိုက်သည်။ သူ့အမှတ်နှင့် သူ တရားကို အာရုံပြုနေခြင်းဖြစ်မည်ဟုလည်း အထင်ရောက်သွားမိသည်။ ထို့ကြောင့် တစ်ဘက်သို့ အသာလှည့်ကာ မိမိစိတ်ပုတီးဆီသို့ စိတ်ကို ပြန်ပို့ထားလိုက်သည်။

ထိုအချိန်မှာပင် ကောင်းကင်က ရုတ်တရက် မည်းမှောင်လာသည်။ မကြာမီပင် မိုးကြီးရွာချတော့မည့် အသွင်ကို ဆောင်ယူလာနေသည်။ မိုးကုပ်စက်ဝိုင်းဆီ၌ လျှပ်ရောင်တစ်ချက်လက်သွားသည်။ မိုးသားမည်းမည်းပေါ်တွင် လိမ္မော်ရောင်အက်ကြောင်းများ ထင်းခနဲ ဖြစ်သွားသည်။

* * * * *

အောင်သေအောင်သား စားခဲ့ရ၍ အဆီယစ်နေကြပြီဖြစ်သော ငနဲလေးများမှာ သူတို့ တဲအတွင်းသို့ ပြန်မဝင်ဝံ့ကြတော့ပေ။ ကူးတို့တဲများနှင့် ကိုက် ၂၀၀ ခန့်အကွာ ကညင်ပင်ကြီး တစ်ပင်အောက်တွင်ရှိသော ယာစောင့်တဲတစ်တဲ အတွင်းသို့ သွားရောက်ပြီး တက်နေလိုက်ကြလေသည်။

ထိုတဲပေါ်တွင် သုံးယောက်သား စီတန်းပြီး ပက်လက်အိပ်နေကြသည်။ ဤတွင် တရားသူကြီးမင်း၏ သားဖြစ်သော ငနဲ တစ်ကောင်ကစ၍ ဤကဲ့သို့ပြောလိုက်သည်။

"သူက သက်ဆိုင်ရာကိုများ သွားတိုင်နေမလားမသိဘူး၊ အဲဒီလိုလုပ်ခဲ့ရင် ငါတို့ဘယ်လိုလုပ်မလဲ၊ မင်းတို့ စဉ်းစားထားကြရဲ့လား"

သူ့စကားဆုံးသည်နှင့် ရဲမှူးကြီး၏သားဖြစ်သူက ဂရုမစိုက်သော လေသံမျိုးဖြင့် ပြန်ပြောလိုက်သည်။

"တိုင်မတဲ့လားကွ၊ မိန်းမဆိုတာ အရှက်အကြောက်ကြီးတဲ့ အမျိုးပဲ၊ ဒီကိစ္စမျိုးက သူတို့အတွက် သိက္ခာလည်း ကျမယ်၊ အရှက်လည်း ကွဲမယ်လေ၊ ဘယ် လူသိခံဝံ့ပါ့မလဲ ငါ့ကောင်ရ၊ နောက်ဆုံးတိုင်တယ်ပဲထားဦးကွာ၊ သူက ရဲစခန်းကို အရင်ဆုံး ရောက်လာရမှာပဲ၊ ရောက်လာတော့ ငါ့အဖေက ရဲမှူးကြီးပဲ၊ ရဲတွေထဲမှာ အကြီးဆုံးပဲ၊ ဒီတော့ အမှုလုပ်လို့မရအောင် တစ်ခါထဲ ထုချပစ်လိုက်မှာပေါ့ကွ၊ ဟား. . . ဟား. . . ဟား"

ထိုစကားကို ဆရာဝန်ကြီး၏ သားဖြစ်သူက ဝင်ရောက်ထောက်ခံ လိုက်သည်။

"မင်းအဖေက အမှုဖွင့်ပေးလိုက်တယ်ပဲ ထားဦး၊ ဒီအမှုမြောက်မမြောက် ဆေးစစ်ဖို့က ငါ့အဖေဆီ လာရဦးမယ်လေ၊ ငါ့အဖေက တစ်ခါထပ်ပြီး အမှုမမြောက်ဘူးဆိုပြီး စစ်ချက်ပေးလိုက်ရင် သူဘာတတ်နိုင်သေးလဲ၊ ဟဲ. . . ဟဲ"

ထိုအခါ တရားသူကြီးမင်း၏သားက ရှေ့လူနှစ်ယောက်၏ စကားကြောင့် အားတက်လာပြီးလျှင် အောက်ပါ အတိုင်း အားရပါးရ ကြုံးဝါးလိုက်လေသည်။

"အေး. . . ဟုတ်တယ်၊ မင်းအဖေ ဆရာဝန်ကြီးက မတတ်သာလို့ စစ်ချက်အမှန်ကို ပေးလိုက်ရတယ်ပဲ ထားဦးကွာ။ ငါ့အဖေက၊ တရားသူကြီးပဲကွ၊ တရားခွင်ကနေ တို့ကို ကွင်းလုံးကျွတ်လွတ်အောင် လုပ်ပေးလိုက်မှာပေါ့၊ ဟုတ်တယ်မဟုတ်လား၊ ဟား. . . ဟား. . . ဟား"



မိဘအားကိုး လူမိုက်များက ကိုယ့်တွက်ကိန်းနှင့်ကိုယ် အသီးသီး သဘောကျနေကြလေသည်။ အမှန်မှာ သူတို့သုံးဦးစလုံး၏ မိဘများမှာ တာဝန်သိပြီး ရိုးသားသော ဝန်ထမ်းကောင်းများ ဖြစ်ကြသည်။ မြို့လူထု၏ ချစ်ခင်ကြည်ညိုမှုကို ခံယူနေရသူများလည်း ဖြစ်သည်။ သူတို့ကိုယ်၌ကကို ဆိုးရွားသောဗီဇနှင့် ညံ့ဖျင်းသော ပတ်ဝန်းကျင်၏ ပယောဂကြောင့် ဤကဲ့သို့ မိုက်တွင်းနက်ကာ မိုက်သွေးရဲနေကြခြင်းဖြစ်သည်။ မိဘနာမည်ကို ဖျက်ရုံမက မိဘမျက်နှာကိုပါ အိုးမည်းသုတ်ရန် အကြံကြီး ကြံနေကြခြင်းဖြစ်တော့သည်။

ထိုအချိန်၌ ရာသီဥတုက တဖြည်းဖြည်း အေးစိမ့်လာခဲ့ပြီး မိုးသက်လေကပါ ဖျန်းခနဲ၊ ဖျန်းခနဲ ရိုက်ခတ်လာလေသည်။ မိုးစက်များက တဖျောက်ဖျောက် ကျရောက်စပြုလာသည်။ မကြာမီ စက်သံ တဖုတ်ဖုတ်ပေးပြီး ကူးတို့စက်လှေက ကမ်းသို့ ဆိုက်ကပ်ရောက်ရှိလာသည်။ စက်လှေပေါ်တွင် ခရီးသည်အနည်းငယ်သာ ပါရှိလာသည်။ စက်လှေသမားက ကုန်းပေါ်မှ ခရီးသည်များကို အသံကျယ်ကျယ်ဖြင့် လှမ်းအော်ပြောသည်။

"စက်လှေပျက်နေလို့ ကြာသွားတာဗျို့၊ မိုးက နောက်ကလိုက်လာနေပြီ၊ ဒီနေ့ ကူးတို့မထွက်နိုင်တော့ဘူး၊ မနက်စောစောကျမှပဲ ထွက်ပေးပါ့မယ်"

သူ့အသံဆုံးသည်နှင့် မိုးက ဝေါခနဲ ရွာချလာလေသည်။ မိုးနှင့်အတူ လေကပါ ပင့်တိုက်ပေးနေသည်။ မိုးက ရွာရွာချင်းပင် သဲသဲမဲမဲ ရွာချနေတော့သည်။ စက်လှေသမားက စက်လှေကို ကြိုးဖြင့် ချည်ထားလိုက်သည်။ ထို့နောက် မိုးများကြားမှပင် အခြား

ခရီးသည်များနှင့်အတူ ရွာဘက်သို့ ခပ်သုတ်သုတ်ထွက်သွားလိုက်ကြလေသည်။

* * * * *

မိုးက ပထမပိုင်းတွင် တရကြမ်းရွာချသွားသည်။ မိုးသီးများပင်ပါသည်။ သို့သော် နောက်ပိုင်းတွင် မိုးရော လေရော ငြိမ်သက်သွားပြီး မှန်မှန်သာ ရွာချနေတော့သည်။ ရေတံလျှောက်မှရေကိုအဆက်မပြတ်သွန်ချနေသကဲ့သို့ ဣန္ဒြေရရပင် ရွာနေတော့သည်။

အဒေါ်ကြီးက စိတ်ပုတီးကို ရင်ဘတ်ပေါ်တင်လျက် အိပ်မောကျနေလေပြီ။ ဆရာလေးကမူ ထိုင်မြဲထိုင်လျက်သာ။ သူ့တစ်ကိုယ်လုံးနာကျင် ကိုက်ခဲနေသည်။ ခန္ဓာကိုယ် အနှံ့အပြား ဝေဒနာများဖြစ်ပေါ်နေသည်။ သို့သော် ထိုရုပ်ခန္ဓာပေါ်မှ ဝေဒနာထက် အတွင်းစိတ်ခန္ဓာထဲမှ ဝေဒနာက ပို၍ဆိုးရွားလျက် ရှိသည်။ အဆပေါင်းများစွာ ခံခက် နာကျင်နေမိသည်။ မိမိဘဝ အဖြစ်ဆိုးလှပုံကိုတွေးပြီးရင်း တွေးနေမိသည်။ ဝမ်းနည်းပြီးရင်း ဝမ်းနည်းနေမိသည်။ မျက်ရည်တို့ကလည်း မစဲနိုင်အောင်ပင် တဖြိုင်ဖြိုင်ကျနေမိရှာသည်။

လူဝတ်ကြောင်ဘဝ အပျိုဖော်ဝင်စ အရွယ်ကတည်းက မိန်းမတို့၏ ကာယိန္ဒြေကို မိမိ တန်ဖိုးထားထိန်းသိမ်းခဲ့ပုံ၊ ထိုမှ တက္ကသိုလ်ကျောင်းသူဘဝ ခြူချင်သူတွေ ဝိုင်းဝိုင်းလည်နေသည့်ကြားမှပင် မိမိသိက္ခာကို တစ်ပြားမှ မပျက်ယွင်းရအောင် စောင့်ရှောက်နိုင်ခဲ့ပုံ၊ ထိုကဲ့သို့ ကာမဂုံ ငမ်းငမ်းတက်နေကြသော အန္တရာယ်များလှသည့် အနေအထား၌ပင် မိမိ၏အပျိုရည်စင်ကြယ်မှုကို ထိန်းသိမ်းနိုင်ခဲ့ပါလျက် ယခုကဲ့သို့ လောကီနှင့် စည်းခြားထားသော သာသနာတော်



တွင်းသို့ရောက်ကာမှ ယုတ်မာရက်စက်စွာ ဖျက်ဆီးချေမွခံရသည်မှာ လွန်စွာ နာကြည်းဖွယ်ကောင်းလှပါပေသည်တကား ဟူ၍ ဆရာလေးက ဖြေမဆည်နိုင်အောင်ပင် ဖြစ်နေမိရှာလေသည်။

ထိုကဲ့သို့ တနုံ့နုံ့တွေးရင်း တမြည့်မြည့် ခံစားနေရသည်မှာ မည်မျှကြာမြင့်သွားသည်မသိ။ နောက်ဆုံးတွင် ဆရာလေးခမျာ မောပန်းနွမ်းလျခြင်း၊ အားလျော့နုံးချည့်ခြင်း အသွယ်သွယ်တို့ကြောင့် ထိုင်ရက်ကလေးပင် မိန်းမောသွားလေသည်။ ငိုက်မြည်းသွားလေသည်။

ထိုအခိုက်မှာပင် သူ့ရှေ့တည့်တည့် ခေါင်းရင်းဘက်ဆီမှ ရုတ်တရက်ဝင်းထိန်သွားသော အလင်းရောင်ကြီးတစ်ခုကြောင့် သူက မျက်လုံးကို အသာ ဖွင့်ကြည့်လိုက်မိသည်။ ထိုအခါ သူ၏ ဥပဇ္ဈာယ်ဆရာတော်ကြီးအား ထင်ရှားစွာ ဖူးတွေ့လိုက်ရတော့သည်။ သူ့ကိုဆုံးမရန်အတွက် တောရဆောက်တည်နေရာမှ ကြွချီလာခြင်းဖြစ်မည်ဟု သူက တွေးလိုက်မိသည်။

သူက ရိုသေစွာ ဦးနှိမ်ချကာ ဆရာတော်ကြီးကို ကန်တော့လိုက်သည်။ ဆရာတော်ကြီးက အောင်မြင်ခန့်ညားသော အသံဖြင့် မဆိုင်းမတွပင် ဩဝါဒစကား မြွက်ကြားတော့သည်။

"ဟဲ့ . . . သမီး၊ သင်သတိမေ့နေပြီ၊ သင်လမ်းမှားနေပြီ၊ ဘာမဟုတ်တဲ့ကိစ္စလေး တစ်ခုအတွက်နဲ့ သင့်စိတ်ပျံ့လွင့်နေရသလား၊ အချိန်ဖြုန်းနေရသလား၊ ဘဝအဆက်ဆက်က သင်တင်ရှိခဲ့တဲ့ ဝဋ်ကြွေးတွေကို ခုလိုပြန်ဆပ်ရတဲ့အတွက် ဘာများထူးဆန်းလို့လဲ၊ ဒီထက်ဆိုးတဲ့ ဝဋ်ကြွေးတွေကိုတောင် ရှေ့လျှောက်ပြီး သင်ဆပ်ချင်ဆပ်နေရဦးမှာ၊ ဒီအတွက် ဘာများ တမြည့်မြည့်ဖြစ်နေစရာ လိုသလဲ၊ ဆပ်စရာရှိတာဆပ်ပြီး လုပ်စရာရှိတာ ဆက်လုပ်

ပါတော့လား၊ ဒီအတိုင်းသာဖြစ်နေမှဖြင့် ငါပေးထားတဲ့ ကမ္မဋ္ဌာန်းကို သင်ဘယ်လိုဆက်ပြီး အားထုတ်တော့မလဲ၊

မမိုက်စမ်းနဲ့၊ မမှားစမ်းနဲ့၊ လမ်းမှန်ပေါ်ကို ခုချက်ချင်း ပြန်တက်လိုက်စမ်း၊ သင့်ရဲ့ ရုပ်နာမ်နှစ်ပါးလုံးမှာ ကပ်ငြိနေတဲ့ အညစ်အကြေးမှန်သမျှကို အချိန်မဆိုင်းဘဲ ခွာချပစ်လိုက်စမ်း။ အဲဒီလို ခွာချပစ်နိုင်ဖို့အတွက်က ပထမဆုံး သင့်အပေါ် မှောက်မှားကျူးလွန်ခဲ့သူတွေကို သင်က ခွင့်လွှတ်နိုင်ရမယ်၊ မေတ္တာထားနိုင်ရမယ်၊ ကိုယ်က သူတို့အပေါ် ပိုင်ပိုင်နိုင်နိုင် ခွင့်လွှတ်နိုင်ပြီ၊ မေတ္တာထားနိုင်ပြီဆိုတော့မှ သင့်စိတ်နှလုံးက ပြန်ပြီး ကြည်လင်လာလိမ့်မယ်၊ တည်ငြိမ် လာလိမ့်မယ်၊ ဒီတော့မှ မိမိအားထုတ်မြဲ ကမ္မဋ္ဌာန်းအာရုံပေါ် စိတ်ကို ပြန်တင်လာနိုင်လိမ့်မယ်၊ ဟဲ့. . . သမီးကြားရဲ့လား"

"မှန်ပါ့ဘုရား၊ အမိန့်တော်မြတ်အတိုင်း တပည့်တော် ကြိုးစားရှက်ဆောင်ပါတော့မယ်ဘုရား"

ဆရာတော်ကြီးအား ထပ်မံ၍ ဦးချလိုက်သည်။ ဆရာတော်က သူ့အား ပြုံး၍ကြည့်နေရာမှ ဖျတ်ခနဲ ပျောက်ကွယ်သွားလေသည်။

သည်တော့မှ ဆရာလေး လန့်နိုးသွားတော့သည်။ တစ်ပြိုင်တည်းမှာပင် မိမိငိုက်မြည်းနေမိစဉ်အတွင်း အိပ်မက်မက်သွားမိသည့် အဖြစ်ကိုလည်းကောင်း၊ အိပ်မက်ထဲ၌ ဆရာတော်ကြီးက ပဲ့ပြင်ဆုံးမသွားသည့် အဖြစ်ကိုလည်းကောင်း ကောင်းစွာသိရှိလိုက်ရလေသည်။

ဆရာတော်ကြီး လမ်းညွှန်မိန့်ကြားသွားသော ဩဝါဒစကားများကို သူအကုန်လုံး မှတ်မိနေသည်။ ထိုအခါ ထိတ်လန့်တုန်လှုပ်သွားမိသည်။ စိုးရိမ်ပူပန်သွားမိသည်။ သောကပရိဒေဝတည်း



ဟူသော နွံဗွက်အိုင်အတွင်း နစ်သည်ထက် နစ်နေမိသော မိမိအဖြစ်ကို ပြန်လည်သုံးသပ်မိခြင်းနှင့်အတူ ထိုနွံဗွက်အိုင်အတွင်းမှ အချိန်မီ ရုန်းထွက်ရန်ကိုလည်း ချက်ချင်းပင် သတိရသွားသည်။

ထို့ကြောင့် ဆရာတော်ကြီး၏ အမိန့်တော်အတိုင်း လုပ်ငန်းစရန်အတွက် သူ စတင်ပြင်ဆင်လိုက်သည်။ ပထမဦးစွာ ရေချိုးဆိပ်၌ ရေချိုးနေစဉ် မိမိအနားသို့ တိုးကပ်လာသော ထိုသုံးယောက်၏ မျက်နှာကို မှတ်မိနိုင်သလောက် စိတ်ထဲတွင် မြင်ယောင်ကြည့်လိုက်သည်။ ထို့နောက် ပြောင်းခင်းထဲတွင် မိမိအား တစ်ယောက်ပြီး တစ်ယောက် အနိုင်အထက် ပြုကျင့်ကြစဉ်က ဆံပင်ရှည်ရှည်၊ ဘောင်းဘီရှည်ကိုယ်စီနှင့် သူတို့မျက်နှာများကို အနီးကပ် မြင်တွေ့ရပြန်သည်မို့ ထိုမျက်နှာများအား အာရုံထဲမှ ပြန်ဖော်ကာ စူးစူးစိုက်စိုက် ကြည့်နေလိုက်မိသည်။

ကြည့်ရင်းကြည့်ရင်းနှင့် သူတို့မျက်နှာများက ထင်ပေါ်သည်ထက်ထင်ပေါ်လာသည်။ ထိုအခါ တစ်ယောက်ချင်းစီအတွက် မေတ္တာပို့လွှတ်ခြင်းအမှုကို သူက စတင်လိုက်သည်။ စစချင်း ခက်ခဲနေသေးသော်လည်း ဆရာတော်ကြီး အမိန့်တော်အတိုင်း ဆက်၍ဆက်၍ ကြိုးစားနေမိသည်။

သို့နှင့်ပင် တဖြည်းဖြည်း အောင်မြင်စပြုလာသည်။ ထိုသို့ အောင်မြင်လာသည်နှင့်အမျှ ထိုသုံးယောက်အပေါ် နာကြည်းခြင်း၊ မုန်းတီးခြင်းများ တစ်စတစ်စ ကင်းစင်လာပြီးလျှင် သူတို့အပေါ် ချမ်းသာစေလိုသော၊ အေးမြစေလိုသော စိတ်စေတနာကသာ တဖြည်းဖြည်း အင်အားကြီးမားလာခဲ့လေသည်။ နောက်ဆုံးတွင် ဆရာလေးက မေတ္တာဘာဝနာ နယ်ပယ်အတွင်းသို့ ပိုင်ပိုင် ရောက်ရှိ

သွားပြီးသကာလ တည်ကြည်ငြိမ်သက်စွာဖြင့် ထိုသုံးယောက်အား အပြီးတိုင် ခွင့်လွှတ်သွားနိုင်ခဲ့လေပြီ။

ထိုသို့ တုံးတုံးချ ခွင့်လွှတ်လိုက်ချိန်မှာပင် ကောင်းကင်မှ မိုးကြိုးတစ်သံကြီးတစ်ခုက ကောင်းချီးပေးသည့်အလား ထစ်ချုန်းထွက်ပေါ်လာခဲ့လေသည်။ ထိုမိုးကြိုးသံအဆုံးတွင် တစိမ့်စိမ့်ရွာနေသော မိုးကလည်း ထူးဆန်းစွာ တိတ်သွားခဲ့လေ၏။

* * * * *

နံနက် ဝေလီဝေလင်း အချိန်လောက်မှာပင် စက်လှေသမားက ကူးတို့ဆိပ်သို့ ကပျာကယာ ရောက်လာသည်။ ညက မိုးကြီးထားသဖြင့် စက်လှေထဲဝင်နေသော ရေများကို ခပ်ခွက်ဖြင့် ပက်ထုတ်လိုက်သည်။ ထို့နောက် တစ်ဘက်ကမ်းသို့ စောစောပို့ပေးရန်အတွက် ခရီးသည်များကို လှမ်းပြီး အော်ခေါ်လိုက်သည်။ ထိုအခါ ပထမတဲနှင့် ဒုတိယတဲ အတွင်းမှ ခရီးသည်များက စက်လှေပေါ်သို့ တက်လာကြသည်။ ထို့နောက် စက်ကိုနိုးကာ စက်လှေအား ကမ်းမှခွာ လိုက်လေသည်။

စက်လှေ အတော်ဝေးဝေး ရောက်သွားချိန်မှာပင် ယာသမားတစ်ယောက်က သူ၏ မြေပဲခင်းဆီသို့ သုတ်သီးသုတ်ပျာနှင့် ရောက်ရှိလာသည်။ ညက တစ်ညလုံး မိုးရွာပြီး မိုးသီးများပါ ကြွေကျသည်မို့ သူ့စိုက်ခင်း ပျက်စီးမှုရှိ၊ မရှိ လာရောက်ကြည့်ရှုခြင်းဖြစ်သည်။

စိုက်ခင်းကား ပျက်စီးမှုမရှိပါ။ သို့သော် အချို့နေရာများတွင် ရေများဝပ်လျက် ရှိသည်။ ထိုရေများကို ဖောက်ချရန်လိုသည်။ ထို့ကြောင့် ပေါက်ပြားယူရန်အတွက် ယာသမားက ယာစောင့်တဲ



ဘက်သို့ လျှောက်လာခဲ့သည်။ တဲသို့ ရောက်လျှင် အပေါက်ဝမှ တစ်ဆင့် အတွင်းသို့ဝင်လိုက်သည်။ ဤတွင် သူမြင်တွေ့လိုက်ရသော မြင်ကွင်းတစ်ခုကြောင့် ယာသမားက ထိတ်လန့်တုန်လှုပ်သွားသည်။ ကြက်သေသေသွားသည်။ အကြောင်းမှာ တဲ၏အိပ်စင်ပေါ်တွင် မိုးကြိုးစာ အမိခံထားရသောကြောင့် တစ်ကိုယ်လုံး မည်းချိတ်ပြီး မီးသွေးတုံးပမာဖြစ်နေသော အလောင်းသုံးလောင်းကို တန်းစီလျက်သား တွေ့မြင်လိုက်ရခြင်းကြောင့်ပင် ဖြစ်လေသတည်း။ ။

○○○

## ဆရာသစ်ကလေး

ကျေးရွာအတွင်း၌ သတင်းတစ်ပုဒ်က ပျံ့နှံ့လျက် ရှိလေသည်။ လူတိုင်း၏ ပါးစပ်ဖျား၌ ထိုသတင်းကိုပင် ပြောဆိုနေကြသည်။ မည်သည့်နေရာတွင်မဆို ရွာသားအချင်းချင်း တွေ့ဆုံစုဝေးမိကြသည်နှင့် ထိုသတင်းအကြောင်းကိုသာ နှီးနှော ပြောဆိုနေကြသည်ပင်။

ဤကဲ့သို့ လှုပ်ခတ်လျက်ရှိသော ထိုသတင်းထူးအား အနှစ်ချုပ်၍ တင်ပြရမည်ဆိုပါက -

"ဆရာတော်ကြီး ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲ လဲ့နေခဲ့ရတာ တစ်လတောင်ကျော်ခဲ့ပြီ၊ ဝေဒနာက မသက်သာတဲ့ပြင် ဆရာတော့်ကို အနီးကပ် ပြုစုကုသပေးနေတဲ့ ဆေးဆရာကတောင် လက်လျှော့လိုက်ပြီဆိုပါလား"

"ဆရာတော် ပျံလွန်တော်မူမယ့်ရက်တောင် သိပ်မဝေးတော့ဘူးလို့ ဆေးဆရာက ပြောတယ်ဆိုပါလား၊ ကျေးဇူးရှင် ဆရာတော်ကြီးသာမရှိရင် ကျုပ်တို့တော့ ကိုးကွယ်ရာမဲ့တော့မှာပဲ၊ ကိုယ်ကျိုးနည်းတော့မှာပဲ"





"ဒီသတင်းကြားရကတည်းက တစ်ရွာလုံးလိုလို သောကရောက်နေကြတယ်၊ အဖမဲ့သား ရေနည်းငါး ဆိုသလို ဖြစ်ကြရမယ့်အရေး တွေးပူနေကြတယ်ဗျ"

"ဆရာလည်း ဆရာ၊ တရားလည်းတရားရှင်ဆိုတော့ ကျုပ်တို့အတွက် ဒီလိုဆရာတော်မျိုး ထပ်ရဖို့မလွယ်တော့ဘူး၊ ဆရာတော့်ကိုမီဖို့မပြောနဲ့ ဆရာတော့်ခြေရာကို နင်းနိုင်မယ့်သူတောင် ပေါ်ဖို့မလွယ်ဘူး"

"ကိုင်းဗျာ. . . ဆုံးရှုံးရမှာတော့ ဆုံးရှုံးရမှာပဲ၊ ဒီတော့ အချိန်ရှိတုန်းမှာ ကိုယ့်အတွက် အကျိုးရှိအောင်သာ အားသွန်ပြီး လုပ်ကြစို့ရဲ့၊ ဆရာတော့်ဆီက အမွေကို ရနိုင်သလောက် ယူကြစို့ရဲ့"

ဟူ၍ပင် ဖြစ်လေသည်။

* * * * *

အေးမြသော နံနက်ခင်းတစ်ခုတွင်။

"နန္ဒရေ. . . နန္ဒ၊ ဆရာတော့်ကျောင်းကို သွားကြမယ်ဟေ့၊ ကျောင်းဝင်းထဲကို သန့်ရှင်းရေး လုပ်ကြရအောင်၊ ဓားပါ တစ်ခါတည်း ယူခဲ့ပါဟေ့"

အိမ်ရှေ့လမ်းမပေါ်မှ လှမ်းအော်ပြောလိုက်သံဖြစ်သည်။ ထိုလူစုမှာ ရှစ်ဦး၊ ဆယ်ဦးခန့် ရှိသည်။ မောင်နန္ဒ၏ သူငယ်ချင်းများ ဖြစ်ကြလေသည်။

ထိုအချိန်တွင် မောင်နန္ဒက နွားတဲပေါ်မှ နွားစာတင်သော စင်ပေါ်တွင် ရှိနေသည်။ သူ့ကို လှမ်းခေါ်သံ ကြားရသော်လည်း ပြန်မထူးဘဲ ငြိမ်နေလေသည်။

ခေါ်သံက ထပ်ပြီး ပေါ်လာပြန်သည်။

"နန္ဒရေ. . . နန္ဒ. . . ဟေ့နန္ဒ၊ ခေါ်နေတာမကြားဘူးလား၊ ဓားရှည်ယူပြီး လာခဲ့ပါကွ၊ ကျောင်းဝိုင်းထဲကချုံတွေ ခုတ်ရအောင်"

သည်တော့မှ မောင်နန္ဒက စိတ်မပါလက်မပါ အသံမျိုးဖြင့် ပြန်ပြောလိုက်သည်။

"ငါမလိုက်တော့ဘူးကွာ၊ မင်းတို့ပဲ သွားကြတော့"

"မလိုက်လို့ မရဘူးဟေ့ကောင်၊ အခုဆင်းလာခဲ့"

"ငါတကယ်ပြောတာပါကွာ၊ ငါ့မှာ အလုပ်ရှိသေးလို့ပါ၊ မင်းတို့ပဲ သွားကြတော့"

အသံတိတ်သွားသည်။ လူငယ်များက အချင်းချင်း ပွစိပွစိ ပြောနေကြသည်။ ထို့နောက်တွင် မောင်နန္ဒကို မခေါ်တော့ဘဲ သူတို့ဘာသာ ထွက်လာခဲ့ကြလေသည်။

လမ်းတွင် လူငယ်တစ်ယောက်က စ၍ပြောလိုက်သည်။

"ဒီကောင် ဘာဖြစ်နေလဲမသိဘူး၊ ခုတလော အိမ်မှာချည်း ကုပ်နေတယ်၊ ဘယ်ခေါ်ခေါ် ခေါ်လို့မရဘူး"

"အလကားကောင်ပါကွာ၊ ငပျင်းပါ၊ သူများတကာတွေ ဆရာတော်ကြီးအတွက် ကုသိုလ်ကောင်းမှုတွေ ပြုနေကြချိန်မှာ သူမို့လို့ နေနိုင်တယ်"

"အလုပ်ရှိသေးလို့တဲ့၊ သူ့အလုပ်က ဘာမို့လို့လဲ၊ ဆရာတော့် ကျောင်းကိုသွားဖို့ထက် ပိုအရေးကြီးတဲ့အလုပ် ရှိသေးလို့လား"

"ဟုတ်ပ့ါကွာ"

* * * * *

ညဦးအချိန်။

အိမ်ရှေ့ကလမ်းပေါ်တွင် လူတွေ ဥဒဟိုသွားလာနေကြသည်။ အားလုံးလိုလိုပင် သစ်သစ်လွင်လွင်၊ တောက်တောက်ပြောင်ပြောင်



ဝတ်ဆင်ထားကြသည်။ မိန်းမများက နံ့သာပန်းမန်တို့ကို လိမ်းကျံ ပန်ဆင်ထားကြသည်။ ပန်း၊ ဆီမီး အစရှိသော လှူဖွယ်ဝတ္ထုများ ကိုလည်း ကိုင်ဆောင်ထားကြသည်။

မောင်နန္ဒက နွားတဲပေါ်မှာပင် ငြိမ်နေသည်။ မကြာမီ အိမ်ဝင်း အတွင်းသို့ ဝင်လာသော လူသံများကို သူ ကြားလိုက်ရသည်။

"ဒေါ်လေးရေ. . . ဒေါ်လေး၊ မပြီးသေးဘူးလား၊ သွားကြ မယ်လေ"

"အေးဟေ့. . . ပြီးပါပြီ၊ ခဏလေးပါ"

ဝမ်းကွဲအစ်မတစ်ယောက်၏ အသံနှင့်အတူ မိခင်ဖြစ်သူ၏ ပြန်ပြောသံကိုပါ သူကြားလိုက်ရသည်။ မကြာမီပင် သူ မကြားချင် ဆုံးသော အသံကိုပါ ထပ်ကြားလိုက်ရလေသည်။

"နန္ဒတစ်ယောက်ရော မမြင်ပါလား၊ သွားနှင့်ပြီလား"

"မသွားသေးပါဘူးကွယ်၊ ရှိပါတယ်"

"သူက မလိုက်ဘူးတဲ့လား၊ သူ့ရောခေါ်လေ"

"မခေါ်တော့ပါဘူး၊ လိုက်မှာမှ မဟုတ်ဘဲ"

မိခင်ဖြစ်သူက စိတ်ပျက်လက်ပျက် အသံမျိုးဖြင့် ပြောလိုက် သည်။ ထို့နောက် အိမ်ပေါ်မှဆင်းကာ လာခေါ်သူများနှင့်အတူ လိုက်ပါသွားလေသည်။ လမ်းတွင် အစ်မဝမ်းကွဲကပင် စကားစ လိုက်သည်။

"ဆရာတော်ကြီးက မကျန်းမာတဲ့ကြားထဲက ကျွန်မတို့ကိုတော့ ပစ်မထားဘူးနော် ဒေါ်လေး၊ ဒီနေ့ နည်းနည်း နေကောင်းထိုင်သာ ရှိလာလို့ ၁၅ မိနစ်လောက်တော့ တရားချီးမြှင့်နိုင်မယ်တဲ့ ဒေါ်လေးရဲ့"

"အေးပေါ့. . . အေးပေါ့"

"ဒါနဲ့များ နန္ဒတို့က အတော်နေနိုင်တယ်၊ ရွာလုံးကျွတ် တရားနာဖို့ သွားနေကြတဲ့ဥစ္စာ၊ သူက ဘာဖြစ်လို့ မလိုက်သလဲ မသိဘူး"

"အေးကွယ်. . . ငါလဲ ငါ့သားအကြောင်းကို ပြောတောင် မပြောချင်တော့ပါဘူး"

* * * * *

တစ်မိုးသောက်သော်။

မိခင်ဖြစ်သူက အရုဏ်ဆွမ်းအတွက် စီမံချက်ပြုတ်လေသည်။ ထို့နောက် ဆွမ်းချိုင့်တွင် ခူးခပ်ပြင်ဆင်ထည့် သွင်းလေသည်။ ပြီးလျှင် အောက်ပါအတိုင်း အသံပြုလိုက်လေသည်။

"သားရေ. . . မောင်နန္ဒ၊ ဆရာတော့်ကျောင်းကို ဆွမ်းချိုင့် သွားပို့ပေးပါဦးကွယ်၊ သားအဖေ လယ်ထဲဆင်းရင် ယူသွားဖို့ အမေထပ်ချက်စရာတွေရှိသေးလို့"

"မသွားချင်ဘူးဗျာ. . . မပို့ချင်ဘူး"

မောင်နန္ဒ၏ဖြေသံက တုံးတိပင်ထွက်ပေါ်လာသည်။ မိခင်က စိတ်မောသွားသည်။ ဘာလုပ်ရမည်မသိဘဲ ခပ်ငေးငေးဖြစ်သွားသည်။ ဤတွင် ဖခင်ဖြစ်သူက ဝင်ပြောလိုက်သည်။

"နေပါစေရှင်မရာ၊ ငါ လယ်ထဲဆင်းရင်းနဲ့ တစ်ခါတည်း ဝင်ပို့လိုက်ပါ့မယ်၊ မင်းသာ မြန်မြန်ချက်လိုက်ပေါ့"

"ဒါဆိုလဲပြီးရော၊ ဒါပေမဲ့တော့. . . "

"ဒါပေမဲ့ ဘာဖြစ်သလဲဟ"

"တော့်သားဟာ မူမမှန်ဘဲ ဖြစ်နေတာကြာပြီ၊ ဘာဖြစ်နေမှန်း ကို မသိဘူး၊ သူများတကာတွေများ ကုသိုလ်ကောင်းမှုလုပ်ဖို့



တက်ကြွနေလိုက်ကြတာ၊ သူကဖြင့် ဘယ်ထဲမှာမှ မပါဘူး၊ ခေါ်လို့လည်းမရဘူး၊ အဲဒီ နွားတင်းကုပ်ပေါ်ကကို မဆင်းဘူး"

"အေး. . . ငါလည်းသိတယ်၊ နေထိုင်မကောင်းလို့များလား၊ မင်းမေးမကြည့်ဘူးလား"

"မေးကြည့်ပ့ါ၊ မေးကြည့်ရင်လည်း ဘယ်တော့မှ ကောင်းကောင်း ပြန်မဖြေဘူး၊ နေကောင်းတယ်၊ နောက်ထပ် ဘယ်တော့မှ လာမမေးနဲ့တဲ့တော့"

"အေးကွ၊ မဟုတ်မှလွဲရော ဒီကောင် ရည်းစားပူတွေများ မိနေလားမသိဘူး၊ မင်းရော နည်းနည်းပါးပါး မရိပ်မိဘူးလား"

"မရိပ်မိပေါင်၊ အဲဒါလည်း ဟုတ်ဟန်မတူပါဘူး၊ ဟုတ်ရင် နည်းနည်းဖြစ်ဖြစ် သိရမှာပေါ့"

"အေး. . . ခက်တာပဲ"

* * * * *

တစ်ညချမ်းတွင်။

ဆရာတော်ကြီးက ကျေးရွာလူထုအားလုံးကို ကျောင်းတော်သို့ လာရောက်ကြရန် ဆင့်ဆိုလိုက်သည်။ ကလေးသူငယ်၊ နာမကျန်းသူ၊ အိမ်စောင့်မှလွဲ၍ အားလုံးမပျက်မကွက် လာရောက်ကြရန်လည်း အထူးမှာကြားထားလေသည်။

အချိန်မှာ ညဥ့်နက်လုပြီဖြစ်ရာ ရွာသူရွာသားများက ထိုသို့ အချိန်မတော် ဆင့်ခေါ်မှုကို အံ့အားသင့်နေကြသည်။ အချို့က ဆရာတော် တစ်စုံတစ်ခုဖြစ်သည်ထင်ပြီး စိုးရိမ်သွားကြသည်။

သို့သော် ကျောင်းရောက်သည်နှင့် သူတို့ထင်သလိုမဟုတ်မှန်း သိလိုက်ကြရသဖြင့် အားလုံးစိတ်အေးသွား ကြသည်။ အားနည်းပုံပေါ် နေသော်လည်း ဆရာတော်ကြီး၏ ရုပ်သွင်က ရွှင်လန်းနေလေသည်။

ကျေးရွာလူကြီးက လူစုံပြီဖြစ်ကြောင်း လျှောက်ထားလိုက်သည်နှင့် ဆရာတော်ကြီးက အောက်ပါအတိုင်း မိန့်ကြားတော့သည်။

"တပည့် ဒါယကာ၊ ဒါယကာမအပေါင်းတို့၊ ခုလို အချိန်မတော် ဆင့်ခေါ်လိုက်ရတာကတော့ တပည့်တို့အတွက် ဝမ်းသာစရာသတင်းတစ်ခုကို ငါပြောပြချင်လို့ပဲကွယ့်၊ ငါကိုယ်တိုင် ဒီသတင်းကို ညနေမိုးချုပ်ကာနီးမှ သိရှိခဲ့ရတာ ဖြစ်တယ်၊ ဒါကြောင့် ဒီသတင်းကို အချိန်မဆိုင်းဘဲ ပြောပြမှဖြစ်တော့မယ်လို့ သဘောရတဲ့အတွက် ခုလို အားလုံးကို ခေါ်လိုက်ရခြင်းပဲ ဖြစ်တယ်ကွယ့်"

အားလုံးပင် လှုပ်လှုပ်ရှရှဖြစ်သွားကြသည်။ နားမျက်စိတို့ကိုလည်း အစွမ်းကုန် ဖွင့်ထားလိုက်ကြသည်။ မကြာမီ ကြားလာရတော့မည့် ထိုသတင်းထူးအတွက် ရင်တထိတ်ထိတ်ခုန်လာကြသည်။

"အဲဒီ ဝမ်းသာစရာသတင်းကတော့ တခြားမဟုတ်ဘူးကွယ့်၊ တပည့်တို့ရဲ့ လိုလားချက်၊ တောင့်တချက်ကို ဖြည့်စွမ်းပေးမယ့်သတင်း၊ တစ်နည်းအားဖြင့် ဆရာတော်ကြီးမရှိရင် ကိုးကွယ်ရာမဲ့ပါပြီ၊ ဆရာမဲ့ပါပြီဆိုပြီး တပည့်တို့ စိတ်မှာ ဖြစ်ပေါ်နေတဲ့ ပူပင်သောကတွေကို ပြေပျောက်စေမယ့် သတင်းပဲဖြစ်တယ်ကွယ့်"

ပို၍ လှုပ်လှုပ်ရှရှဖြစ်ကုန်ကြသည်။ ထိုအဖိုးတန် သတင်းကောင်းကို ဆက်လက်ကြားနာရန် စိတ်ကို ရှေ့သို့ ညွှတ်ထားလိုက်မိကြသည်။

"မှတ်ကြတပည့်တို့၊ ဆရာတော့်မရှိတဲ့နောက် ဆရာတော့်ကိုယ်စား တပည့်တို့အပေါ် ဆက်လက်ပြီး တရားပြသ၊ နည်းပေးလမ်းညွှန် ပြုပေးနိုင်တဲ့သူတစ်ဦးဟာ တပည့်ကျေးရွာအတွင်းမှာပဲ ပေါ်ထွန်းနေပြီကွယ့်၊ သူ့အပေါ် ဆရာအဖြစ်နဲ့ ယုံယုံကြည်ကြည် ချဉ်းကပ်မှီခိုခြင်းဖြင့် တပည့်တို့ အကျိုးထူးရကြမှာ အမှန်ပဲ"



သူဟာ ဆရာတော်ကြီးပေးတဲ့ နည်းနိဿယအတိုင်း မဆုတ်မနစ် အားထုတ်ခဲ့တယ်၊ အားထုတ်တဲ့အတိုင်းလည်း တရားထူးကို မျက်မှောက်ပြုခဲ့တယ်၊ သူရခဲ့တဲ့ တရားထူးကို ကနေ့ညနေမှာပဲ ဆရာတော်ကြီးဆီ လာရောက်လျှောက်ထားခဲ့တယ်။ ဆရာတော်ကြီးက သေသေချာချာ စစ်ဆေးကြည့်တော့ သူ တရားထူးရတာဟာ အစစ်အမှန်ဖြစ်ကြောင်းကို အခိုင်အမာသိလိုက်ရတယ်။

သူ့ရဲ့ထွန်းပေါက်မှုကြောင့် ဆရာတော်ကြီးလည်း တရားပြသရကျိုး နပ်ခဲ့ပြီကွယ့်၊ သူဟာ တကယ့်တရားသမား အစစ်ဖြစ်တယ်၊ တရားသမားအစစ်တို့ရဲ့ လက္ခဏာနဲ့ ပြည့်စုံသူဖြစ်တယ်၊ တစ်နည်းအားဖြင့် ဆရာ့အမွေကို အမှန်တကယ် ယူတတ်သူဖြစ်တယ်၊ ဒီနေရာမှာ သူ့ရဲ့အမွေယူတတ်ပုံကို ဆရာတော်နည်းနည်းရှင်းပြမယ်၊ သူ့ရဲ့ အမွေယူပုံယူနည်းက ဆရာတော့်ကို ဝတ်ကြီးဝတ်ငယ်ပြုစုပြီး အမွေယူတာမျိုးလို မဟုတ်ဘူး၊ ဆရာတော့်ကျောင်းဝင်းထဲမှာ သန့်ရှင်းရေးကိစ္စကဲ့သို့ ဝေယျာဝစ္စတွေဆောင်ရွက်ပြီး အမွေယူတာမျိုးလည်းမဟုတ်ဘူး၊ ဆရာတော့်ကို ဆွမ်းကွမ်းတွေ၊ ပန်းရေချမ်းတွေနဲ့ ဆက်ကပ်လှူဒါန်းပြီး ကုသိုလ်ပြုအမွေယူတာမျိုးလည်း မဟုတ်ပြန်ဘူးကွယ့်၊ သူက ဒီလိုမျိုးဘာတစ်ခုမှ မလုပ်ဘူး၊ ဘယ်ထဲမှာမှလည်း မပါဘူး"

အချို့က ရိပ်မိသလိုလို ဖြစ်ကုန်ကြလေပြီ။ ထို့ကြောင့် အံ့အားသင့်ခြင်းနှင့်အတူ အချင်းချင်းလက်တို့ကာ တီးတိုးအသိပေးခြင်းများကိုပင် ပြုသူကပြုနေကြလေသည်။

"တရားသမားအစစ်ဟာ ဘယ်လိုဆိုတာ သိချင်ရင် သူ့ကိုကြည့်ထားကြကွယ့်၊ မှတ်ထားကြတပည့်တို့၊ တရားသမားစစ်စစ်ဟာ တရားအလုပ် တစ်ခုထဲကိုပဲလုပ်တယ်၊ ဒီဘဝနဲ့ဒီအလုပ်

ငုတ်ရိုက်ထားသလို မြဲမြဲကြီးလုပ်တတ်တယ်၊ တခြားဘာမှ မသိဘူး၊ မကြည့်ဘူး၊ မငဲ့ဘူး၊ မမှုဘူး၊ ရည်မှန်းချက် မပေါက်မြောက်မချင်း၊ တရား မရသေးမချင်း လုံးဝနောက်မလှည့်ဘူး၊ ဇွဲမလျှော့ဘူး၊ ရဲရဲတောက် အာဇာနည်စိတ်မျိုးနဲ့ တရားကိုသာ ကျိတ်ပြီးတော့ အားထုတ်တယ်ကွယ့်၊

အင်း. . . သူဟာ အများအမြင်မှာတော့ ကဲ့ရဲ့စရာ၊ ရှုတ်ချစရာပေါ့ကွယ်၊ ဒါပေမဲ့ ဆရာတော်ကြီး ကတိမ်းကပါး ဖြစ်သွားမှာကို ပူပန်တဲ့အထဲမှာတော့ သူလည်းပါပါတယ်၊ အများက ဆရာတော်ကြီး ကတိမ်းကပါးမဖြစ်ခင် ကုသိုလ်ကောင်းမှု မပြုလိုက်ရမှာ၊ ဝတ်ကြီးဝတ်ငယ် မပြုလိုက်ရမှာကို စိုးရိမ်နေကြတဲ့အချိန်မှာ သူကတော့ ဆရာတော့်ဆီက တရားအမွေ မရလိုက်မှာကိုပဲ ပိုပြီး စိုးရိမ်တယ်၊ ဒါကြောင့် သူက ဆရာတော့်ဆီကို လူရှင်းချိန်မျိုး လောက်မှာပဲလာတယ်၊ မသိတာ မရှင်းတာကို စစ်စစ်မြစ်မြစ် မေးတယ်၊ လျှောက်တယ်၊ ပြီးရင် သူ့အိမ်ကိုပြန်ပြီး တရကြမ်းအားထုတ်တယ်၊ အားထုတ်လို့လည်း ပေါက်မြောက်ခဲ့တယ်၊ သူ့ကို နမူနာယူကြ။ သာသနာတော်မှာ အသိမ်အဖျင်း ကုသိုလ်ကောင်းမှုလောက်နဲ့ ကျေနပ်မနေကြနဲ့၊ ကိုယ့်ကိုယ်ကို အဟုတ်ကြီးထင်မနေကြနဲ့၊

ကိုင်း. . . ကိုင်း. . . အဲဒီ တပည့်တို့အတွက် ဆရာသစ်ဖြစ်လာမယ့်သူဟာ ဘယ်သူလည်းဆိုတာ ဆရာတော်ပြော ပြပါတော့မယ်၊ သူကတော့. . ."

* * * * *

နောက်တစ်နေ့နံနက်မှစ၍ မောင်နန္ဒတို့အိမ်၌ လူစည်နေတော့သည်။ မောင်နန္ဒအပါးတွင် ဝိုင်းရံလျက် မောင်နန္ဒကိုလည်း အရေးတယူလုပ်ကာ စကားစမြည် ပြောဆိုနေကြလေသည်။ ထိုသို့ ရောက်လာသမျှလူတိုင်းက မောင်နန္ဒအား ပြောဆိုသွားကြလေသည့် စကားတို့ကို အနှစ်ချုပ်၍ တင်ပြရမည်ဆိုပါက -

"ကိုနန္ဒရေ. . . ကျွန်တော်တို့ကို ဗွေမယူပါနဲ့ဗျာနော်၊ ကျွန်တော်တို့ ပြောမှားဆိုမှား ဖြစ်ခဲ့တာကို ခွင့်လွှတ်ပါ"

"ကျွန်တော်တို့က မဖြစ်စလောက် ကုသိုလ်ကလေးနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးနေမိကြတာ၊ ခုမှပဲ အယုတ်နဲ့အမြတ်၊ အတုနဲ့ အစစ် သဘောကို ကွဲကွဲပြားပြားသိတော့မယ်။ ခင်ဗျား သိပ်ကောင်းတယ် ကိုနန္ဒရာ"

"တရားကို မှန်အောင်ပြနိုင်တဲ့ ကလျာဏမိတ္တဆိုတာ တွေ့နိုင်ခဲသားပဲဗျ၊ ဆရာတော်ကြီးလွန်တာနဲ့ ကျုပ်တို့ နေကွယ်ပြီ မှတ်တာ၊ ခုလို မောင်နန္ဒပေါ်လာတော့ ကျုပ်တို့အတွက် စိတ်အေးရပြန်တာပေါ့"

"ဆရာတော်ကြီးရဲ့ နည်းနိဿယအတိုင်းပဲ ဆက်ပြမယ် မဟုတ်လား မောင်နန္ဒ၊ မောင်နန္ဒတရားပြဆရာ ဖြစ်လာတော့ ကျုပ်တို့ အားမနာတမ်း မေးနိုင်တာပေါ့ဗျာ"

စသည့်စသည့် စကားစုများပင် ဖြစ်လေတော့သည်။ ထို့ပြင် မိုးချုပ်၍ လူရှင်းချိန်ရောက်သည်နှင့် မိဘနှစ်ပါးတို့ကပါ တစ်ကဏ္ဍ ဖွင့်လာပြန်ပါသည်။

"သားရေ. . . သားသိတဲ့၊ မြင်တဲ့ တရားကို အဖေတို့အမေတို့ကိုလည်း ဟောပြပါဦးသားရယ်၊ သံသရာတစ်လျှောက်လုံး ကန်းလာတဲ့မျက်လုံးကို သားက အလင်းဖွင့်ပေးပါဦးကွယ်"

မောင်နန္ဒကား တွေဝေ၍သာနေသည်။ ငေးငိုင်၍သာနေသည်။ အတန်ကြာတော့မှ သက်မကြီးတစ်ချက်ကို လေးလေး ပင်ပင်ချလျက် အောက်ပါအတိုင်း ညည်းလိုက်လေသည်။

“ဒုက္ခပဲ. . . ဒုက္ခပဲ၊ ဆရာတော်ကြီးကတော့ ဝမ်းသာအားရ ကြေငြာလိုက်တာပဲ၊ ကျွန်တော့်မှာတော့ မဟာအကျပ်အတည်းကြီးနဲ့ ကြုံနေရပြီ အဖေတို့အမေတို့ရဲ့”

မောင်နန္ဒစကားကြောင့် မိဘများက နဝေတိမ်တောင်ဖြစ်သွားကြသည်။

“ဘာဖြစ်လို့လဲသားရဲ့၊ ဒါဟာ ဝမ်းသာစရာ၊ ဂုဏ်ယူစရာ မဟုတ်ပေဘူးလား”

“ဝမ်းသာစရာ၊ ဂုဏ်ယူစရာတော့ဟုတ်ပါတယ်၊ ဒါပေမဲ့ ရှက်ရွံ့စရာ၊ ဝန်လေးစရာလည်း အလွန်ကောင်းလှသဗျ။ ပြီးတော့ ဆရာတော်ကြီးပေးလိုက်တဲ့ တာဝန်ကို ကျွန်တော့်အသက်အရွယ်နဲ့ ထမ်းရွက်ဖို့ဆိုတာ လွယ်တယ်များ မမှတ်လိုက်ပါနဲ့၊ နောက်တစ်ခုက ကျွန်တော်သွားရမယ့်ခရီးက ဆုံးမှမဆုံးသေးဘဲ၊ ရှေ့မှာ စခန်းတွေ အများကြီး ကျန်နေသေးတယ်၊ သွားရမယ့်ခရီးကို ဆက်မသွားဘဲ ဒီအတိုင်းရပ်နေဖို့၊ တန့်နေဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူးဗျာ၊ မဖြစ်နိုင်ပါဘူး”

မိဘများက နှုတ်ဆွံ့သွားကြသည်။ ဘာဆက်ပြောရမှန်း မသိဘဲဖြစ်သွားသည်။ မောင်နန္ဒကမူ စိတ်မသက်မသာ ဖြစ်ဟန်ဖြင့် မျက်စိကိုသာ စုံမှိတ်ထားလေသည်။

နောက်တစ်ပတ်ခန့်အကြာတွင် ဆရာတော်ကြီး ပျံလွန်တော်မူလေသည်။ ကျေးရွာမှ ဂေါပကလူကြီးများမှာ မိမိပျံလွန်လျှင် ရုပ်ကလာပ်ကို ရက်ကြာကြာမထားရ၊ ပွဲလမ်းသဘင် မစီရင်ရဟု ဆရာတော်ကြီး၏ ကြိုတင် မိန့်မှာထားချက်အတိုင်း ဆောင်ရွက်လိုပါသော်လည်း ရပ်နီးရပ်ဝေးမှ တပည့်တပန်းများ၏ ပန်ကြား



ချက်ကြောင့် မဖူးလိုက်ရသူ မရှိရလေအောင် ကျောင်းပေါ်မှာပင် ရုပ်ကလာပ်ကို ၁၀ ရက်ခန့် ပူဇော်ထားရန် ဆုံးဖြတ်လိုက်ကြလေသည်။

ထို့ကြောင့် ကျောင်းဝင်းအတွင်း၌ ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို လာရောက်ဖူးမြော်သူများဖြင့် နေ့ရောညပါ စည်ကားလျက်ရှိလေသည်။

* * * * *

ထိုည။

အချိန်မှာ ညသန်းကောင်ကျော် နှစ်ချက်တီးခန့်ရှိလေပြီ။ ထိုအချိန်တွင် လူတစ်ယောက်က ရွာဘက်မှ ထွက်လာကာ ကျောင်းဝိုင်းအတွင်းသို့ ဝင်ရောက်လာလေသည်။ ထိုသူက သူ၏ဦးခေါင်းကို တဘက်တစ်ထည်ဖြင့် ရစ်ပတ်လွှမ်းခြုံထားသည်။ လွယ်အိတ်တစ်လုံးကိုလည်း လွယ်ထားသည်။ သူခြုံလွှမ်းထားသည့် တဘက်မှာ ဦးခေါင်းတစ်ခုလုံးကို လုံခြုံစွာ ဖုံးအုပ်ထားသည်မို့ မည်သူမည်ဝါဟု မသိနိုင်ဘဲ ဖြစ်နေလေသည်။

သူက ကျောင်းလှေခါးပေါ်သို့ ဖြည်းဖြည်းချင်း တက်လာခဲ့သည်။ ကျောင်းပေါ်ရောက်သော် အပေါက်ဝမှနေ၍ အတွင်းသို့ အသာ ကဲကြည့်လိုက်သည်။ ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို စောင့်ရှောက်ကြသော ဂေါပကလူကြီးများ အားလုံး အိပ်မောကျနေကြသည်ကိုတွေ့ရလျှင် သူက အတွင်းသို့ အသာလှမ်းဝင်လိုက်သည်။ ထို့နောက် ဆရာတော်ကြီး၏ ခြေတော်ရင်းတွင် ဒူးတုပ်ထိုင်ချလိုက်ပြီးနောက် ဆရာတော်ကြီးအား ရိုသေစွာ ဦးသုံးကြိမ်ချကန်တော့လေ၏။

ခေတ္တမျှငြိမ်နေသေးသည်။ ပြီးတော့မှ ထိုင်ရာက ညင်သာစွာ ထလျက် ကျောင်းအောက်သို့ ပြန်ဆင်းလာခဲ့လေသည်။ ကျောင်းအောက်ရောက်သည်နှင့် ရွာဘက်သို့ ပြန်မသွားတော့ဘဲ ကျောင်း၏ အနောက်ဘက်အပေါက်မှတစ်ဆင့် တောအုပ်ဆီသို့ ခြေဦးလှည့်ကာ အမှောင်တွင်း၌ တိုးဝင်ပျောက်ကွယ်သွားလေသည်။ ။

၀၀၀

## ကလျာဏမိတ္တ ကိုသာရှာ

အချိန်မှာ မိုးတွင်းကာလ အတွင်း၌ဖြစ်လေသည်။ ထိုရက်များအတွင်း မိုးက အထူးကောင်းလျက်ရှိသည်။ နေ့စဉ်ရက်ဆက်ဆိုသလို ရွာချလျက်ရှိသည်။ ရွာလိုက်သော မိုးကလည်း မိုးပေါက်သည်းပြီး မိုးလုံးကြီးလှသည်နှင့်အညီ ရှိလေသမျှ လမ်းများ၊ လယ်ကွင်းများတွင် ရေတွေ တဖွေးဖွေးနှင့် ဖြစ်ကုန်သည်။ ဘယ်ကိုကြည့်ကြည့် ရေတွေကိုသာ မြင်တွေ့နေရသည်။ ထိုရေစာတ်ကြောင့်ပင် သစ်ပင်၊ တောတောင်၊လူနေအိမ်ခြေ အစရှိသော အရာဝတ္ထုမှန်သမျှကလည်း စွတ်စိုထိုင်းမှိုင်းသော အသွင်ကိုသာ အသီးသီး ဆောင်ယူနေကြလေသည်။

ဒေါက်တာအောင်သော်က စက်လှေဆိပ်အနီးရှိ လက်ဖက်ရည်ဆိုင်ထဲတွင် ထိုင်နေရင်း လက်မှနာရီကို အသာမြှောက်ကြည့်လိုက်သည်။ နာရီလက်တံများက ညနေ၅နာရီခွဲအချိန်ကို ညွှန်ပြလျက်ရှိသည်။ နာရီကိုကြည့်ရင်း သူ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ပြီး ဆုံးဖြတ်ချက်တစ်ခုကိုပါ ချလိုက်မိသည်။ ဘုရားသုံးဆူမှ ကြာအင်းဆိပ်ကြီးသို့ ထွက်ခွာမည့် ရဲမာန်အောင် စက်လှေက ယနေ့မွန်းလွဲ ၂ နာရီတွင် ထွက်ချိန် သတ်မှတ်ထားသည်။ ထွက်ချိန်

မတိုင်မီ သူအပါအဝင် ခရီးသည်များက အစုံအလင် ရောက်ရှိလာကြသည်။ သို့သော် ထွက်ခါနီးမှ စက်လှေက ဘာချို့ယွင်းသွားသည် မသိပါ။ စက်လှေသားများ အင်ဂျင်နှိုက်ရင်း အလုပ်ရှုပ်နေကြသည်။ စက်ပြင်သောအလုပ်က တော်တော်နှင့် မပြီးနိုင်ဘဲဖြစ်နေသည်။ မပြီးဆို ယခုတိုင် မပြီးသေးပေ။ သည်ပုံအတိုင်းဆိုလျှင် စက်လှေက မနက်မှသာ ထွက်နိုင်တော့လောက်သည်။ ခရီးသည်များ သည်ည စက်လှေဆိပ် တည်းခိုဆောင်၌ပင် ညအိပ်ရတော့မည်ဖြစ်ရာ သူလည်း သည်မှာပင် ညအိပ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်မိခြင်း ဖြစ်သည်။

မကြာမီ သူ့အတွေး မှန်သွားသည်။ စက်လှေသား ကောင်လေးတစ်ယောက်က ခရီးသည်များအား စက်လှေ ယနေ့ မထွက်နိုင်တော့ကြောင်း၊ မနက်မှသာ ထွက်ပေးနိုင်တော့မည့်အကြောင်း၊ မနက်စောစောကြီး ထွက်ပေးမည်ဖြစ်၍ ခရီးသည်များကို လာရောက်ဆော်ဩပေးမည့်အကြောင်းများ လာပြောသွားလေသည်။

ခရီးဆောင်အိတ်ကို မ ကာ လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့သည်။ လမ်းတစ်ဘက်ရှိ တည်းခိုဆောင်ထဲသို့ လှမ်းဝင်သွားလိုက်သည်။ ထိုတည်းခိုဆောင်မှာ စက်လှေလိုင်းပေါင်းစုံဌာနမှ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အမိုး၊ အကာ၊ အခင်း စသော အဆောက်အဦ၏ အစိတ်အပိုင်းအားလုံးတို့မှာ သပ်သပ်ရပ်ရပ် ရှိသည်။ အတွင်း၌ ဇရပ်သဖွယ် တစ်ပြန့်တည်း တည်ရှိနေသော်လည်း အမျိုးသားနေရာ၊ အမျိုးသမီးနေရာ ဟူ၍တော့ သီးသန့်စီ ခွဲခြားပေးထားသည်။ ခေါင်းရင်းဘက်ဘုရားစင်အောက်တွင် သံဃာစင်တစ်ခုကိုပါ သတ်မှတ်ပေးထားသည်။



ဒေါက်တာအောင်သော်က လွတ်ရာနေရာတစ်ခုတွင် နေရာယူလိုက်သည်။ သည်မှာ ညအိပ်ရတော့မည်မှာ သေချာနေပြီမို့ ခရီးသည်တချို့လည်း အိပ်ရာများခင်းကာ နေရာယူနေကြလေပြီ။ ခရီးသည်က ဦးရေတော့ များများစားစား မရှိပါ။ စက်လှေတစ်စီးစာမျှသာ ရှိသည်။ အမှန်တော့ ပုံမှန်အတိုင်းဆိုလျှင် ခရီးသွားမည့်သူများက ဘုရား သုံးဆူမှ ဆိုင်ကယ်(သို့မဟုတ်)ကားများဖြင့် ဤစက်လှေဆိပ်အရောက် လာရောက်ကြပြီး လိုရာခရီးကို လိုက်ပါကြခြင်း ဖြစ်သည်။ ယခုလို ခရီးစဉ်ဖျက်ပြီး တည်းခိုဆောင်၌ ညအိပ်လိုက်ရသည့်အဖြစ်မျိုးက ရှားပါးလှသည်။

အမှောင်က ရောက်ရှိလာလေပြီ။ စက်လှေက မိုးချုပ်မှပင် ပြင်ပြီးသွားတော့သည်။ စက်နှိုးသံများ ကြားကြရသည်။ အတန်ကြာအောင် စက်သံမှန်မမှန် စမ်းသပ်ပြီးနောက် စက်လှေသမားများက သူတို့လုပ်ငန်းကို အစသတ်လိုက်ကြသည်။ ထိုအချိန်တွင် မိုးက သဲသဲမဲမဲ ရွာချလာသည်။ မိုးအေးအေးတွင် စောင်ခြုံပြီး အိပ်တော့မည်ဟု စိတ်ကူးကာ ဒေါက်တာအောင်သော်က အိပ်ရာပေါ် လှဲချလိုက်သည်။ ဤတွင် ခေါင်းရင်းဘက်သို့ အကြည့်ရောက်သွားရာမှ သံဃာစင်ပေါ်တွင်ရှိနေသော ဘုန်းကြီးတစ်ပါးကို သူသတိပြုမိလိုက်သည်။ ဘုန်းကြီးက ထိုတစ်ပါးတည်းသာ ဖြစ်သည်။ ဘုန်းကြီးဘေးတွင် ပစ္စည်းပစ္စယဟူ၍ များများစားစားမရှိ။ သပိတ်၊ သားရေနွှယ်၊ ဒုကုဋ်သင်္ကန်းနှင့် လွယ်အိတ်ကလေး တစ်လုံးသာ တွေ့ရသည်။ သူသည်လည်း မနက် စက်လှေဖြင့် လိုက်ပါမည့် ခရီးသည်ဖြစ်ဟန်တူသည်။ ထို့နောက် ဒေါက်တာအောင်သော်က ထူးထူးထွေထွေ မစဉ်းစားတော့ဘဲ စောင်ခေါင်းမြီးခြုံပြီး အိပ်လိုက်တော့သည်။

ညဥ့်က တဖြည်းဖြည်းနက်လာသည်။ မိုးကလည်း တိတ်သွားလေပြီ။ ဝန်းကျင်၌လည်း တိတ်ဆိတ်လျက်ရှိလေပြီ။ ဖားအော်သံနှင့် အခြား အကောင်ဘလောင်တို့၏ အော်မြည်သံတို့ကသာ ဟိုမှသည်မှ ထွက်ပေါ်လျက်ရှိသည်။ ညသန်းခေါင်လောက်ရောက်တော့ ဒေါက်တာအောင်သော် တစ်ရေးနိုးလာသည်။ စောင်ကိုဖွင့်၍ ဘေးဘီကို လှည့်ပတ်ကြည့်လိုက်မိသည်။ ယောကျ်ား၊ မိန်းမ ခရီးသည်အားလုံး အိပ်မောကျနေကြသည်။ ဟောက်သံ၊ ယောင်သံများပင် ဟိုမှသည်မှ ထွက်ပေါ်လျက်ရှိသည်။ သူ့မျက်လုံးများက သံယာစင်ဘက်သို့ပါ ရောက်သွားမိသည်။ ဤတွင် သူ့စိတ်ထဲ ထူးဆန်းသလို ဖြစ်သွားရသည်။ အကြောင်းမှာ သံယာစင်ပေါ်မှ ဘုန်းကြီးက ခုထိ မအိပ်သေးပေ။ ဘုရားစင်အောက်က ဦးရင်တိုင်ကို ကျောဖြင့်မှီကာ ယခုတိုင် ငုတ်တုတ်ကြီး ထိုင်နေလျက်ရှိသေးသည်။ သူ့ဘေးမှ သပိတ်အစရှိသော ပစ္စည်းများကလည်း တစ်ခုမှ ပုံစံမပျက်။ ယခင် အနေအထားအတိုင်းပင် ဖြစ်သည်။ သူမအိပ်ချင်သေး၍ ဖြစ်မည်၊ အချိန်တန်က အိပ်လိမ့်မည် ဟူ၍ ခပ်ရိုးရိုးသာ တွေးလိုက်မိပြီး ဒေါက်တာအောင်သော်က စောင်ကို ပြန်ခြုံကာ ဆက်အိပ်လိုက်သည်။

သို့သော် အိပ်ရာပြောင်း ဖြစ်နေ၍လားမသိပေ။ သူ နှစ်နှစ်ခြိုက်ခြိုက် အိပ်မရဘဲ ဖြစ်နေသည်။ အိပ်လိုက်၊ နိုးလိုက် ဖြစ်နေသည်။ ကြက်အိပ်ကြက်နိုး ဖြစ်နေသည်။ ထိုသို့ အိပ်ရာမှ နိုးလာတိုင်းလည်း သံယာစင်ပေါ်သို့ လှမ်းလှမ်းကြည့်မိရာ ဟိုဘုန်းကြီးက ဘယ်တော့မှ အိပ်နေသည်ဟု မတွေ့ရပေ။ ငုတ်တုတ်ထိုင်လိုက်၊ စင်္ကြန်လျှောက်လိုက်နှင့် သာတွေ့ရသည်။ ကြာတော့ ဒေါက်တာ



အောင်သော်က ဘုန်းကြီးကို ငေးကြည့်ရင်း တစ်ကိုယ်တည်း အတွေးနယ်ချဲ့ နေမိသည်။ ဘုန်းကြီးကို ကြည့်ရသည်မှာ ပုံမှန် ဟုတ်ဟန်မတူ။ ဂဏှာမငြိမ် ဖြစ်နေဟန်၊ စိတ် မငြိမ်မသက် ဖြစ်နေဟန်တူသည်။ ပြော၍မရပေ။ ဘုရားသုံးဆူဆိုသည်က ဟိုဆေးဝါးတွေ အလွန်ပေါလှသည်။ မဟုတ်မှလွဲရော ဘုန်းကြီးတန်မဲ့ ဆေးကြောင်ပြီး အိပ်မရဖြစ်နေဟန်တူသည်ဟု ကြံ့ကြံ့ဖန်ဖန် အတွေးခေါင်လိုက်မိသည်။

သည့်နောက်တွင် လုံးဝအိပ်၍မရတော့ပြီမို့ ဒေါက်တာအောင်သော်က အိပ်ရာမှ အပြီးထလိုက်သည်။ နာရီကို ကြည့်လိုက်ရာ မနက် လေးနာရီထိုးပြီးနေလေပြီ။ မျက်နှာသစ်၊ သွားတိုက်ပြီးနောက် ပစ္စည်းများကို သိမ်းဆည်းထားလိုက်သည်။ မကြာပါ။ စက်လှေသား ကောင်လေးတစ်ယောက်က တည်းခိုဆောင်အပေါက်ဝ၌ပေါ်လာပြီး ခရီးသည်များကို အော်နှိုးလိုက်သည်။ ခရီးသည်များကလည်း အသီးသီး နိုးလာကြသည်။ ထို့နောက် မျက်နှာသစ်ခြင်း၊ အိမ်သာတက်ခြင်း၊ ပစ္စည်းသိမ်းခြင်းများကို ပြုလုပ်ကြသည်။

စက်လှေပေါ်တက်ခွင့်ပြုလိုက်သည်နှင့် ခရီးသည်များက စက်လှေပေါ်သို့ အသီးသီးတက်ရောက် နေရာယူ လိုက်ကြသည်။ ဒေါက်တာအောင်သော်က စက်လှေဦးပိုင်းလောက်တွင် နေရာယူလိုက်သည်။ ဟိုဘုန်းကြီးကပါ သူ့ အနီးတွင် လာရောက် နေရာယူလိုက်သည်ကို တွေ့ရသည်။ အားလုံးအဆင်သင့်ဖြစ်လျှင် စက်လှေက စက်နိုးပြီး စတင် မောင်းထွက်လိုက်သည်။

* * * * *

ချောင်းရိုးကျဉ်းကျဉ်းကလေးထဲမှ ဖြည်းဖြည်းချင်း စုန်ဆင်းလာပြီးနောက် အတန်ကြာသော် မြစ်ပြင်ကျယ်အတွင်းသို့ ရောက်ရှိလာသည်။ မိုးကလည်း စင်စင်လင်းသွားလေပြီ။ ရေကြောင်းက ကောင်းသွားပြီဖြစ်သလို မြင်ကွင်းကလည်း ရှင်းလင်းသွားလေပြီ။ စက်လှေကို အရှိန်မြင့်လိုက်သည်နှင့် နီရဲပြီး နောက်ကျိနေသည့် ရေပြင်ကို စက်လှေဦးက ထိုးခွဲကာ တစ်ဟုန်ထိုး ပြေးလွှားနေတော့သည်။ မြစ်ရေကား ကမ်းလုံးပြည့် ပြည့်လျှံနေရုံမျှမက ကမ်းနဖူးကွင်းပြင်များတွင်ပါ ရေများဖုံးလွှမ်းလျက်ရှိသည်။

စက်လှေဆရာက ခရီးဖင့်ခဲ့ရသမျှကို အတိုးချကာ စက်လှေအား ဖိမောင်းနေသည်။ လမ်းတွင် မည်သည့်နေရာမျှ မရပ်ဘဲ တရတွန်း မောင်းနေသည်။ နေအတော်မြင့်၍ ခရီးသည်အချို့က အပေါ့အပါးသွားလိုကြောင်း အဆိုပြုသောအခါမှ စက်လှေကို ခေတ္တရပ်ပေးသည်။ အပေါ့အပါးကိစ္စပြီးသည်နှင့် စက်လှေကို ချက်ချင်းပြန်ထွက်သည်။ သည်နေ့မှ မိုးလေကင်းပြီး ရာသီဥတုကလည်း သာယာနေသည်မို့ စက်လှေသမားက ပို၍ မောင်းအားကောင်းနေရခြင်းဖြစ်သည်။

ထိုသို့ မရပ်မနားမောင်းလာပြီး အချိန်အတော်ကြီးလင့်တော့မှပင် စက်လှေဆိပ်တစ်ခုတွင် ဝင်ကပ်ပြီး ရပ်နားလိုက်တော့သည်။ ထမင်းစားနားခြင်း ဖြစ်သည်။ စက်လှေကပ်ထားသော နေရာတွင် ထမင်းဆိုင် နှစ်ဆိုင်သုံးဆိုင် ရှိသည်။ သို့ရာတွင် ထိုဆိုင်များက ကုန်းပေါ်၌မဟုတ်ဘဲ ရေပေါ်ရှိ ဖောင်များပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ဝါးပိုးဖြင့် ဆောက်လုပ်ထားသော ဖောင်ကြီးများက ရေတိုးလိုက်တိုင်း တလှုပ်လှုပ်တရွရွ ဖြစ်သွားတတ်



သော်လည်း နေရာရွေ့မသွားအောင်တော့ သေချာစွာ ထိန်းချုပ်ထားသည်။

ခရီးသည်များက ဖောင်ပေါ်သို့ လှမ်းတက်လိုက်ကြသည်။ ဆာလောင်နေကြပြီဖြစ်ရာ သူ့ထက်ငါ ထမင်းများကို မှာယူနေကြသည်။ ဆိုင်ရှင်များကလည်း ထမင်းဝိုင်းများကို အမြန်ဆုံး ပြင်ဆင်ပေးကြသည်။ ဒေါက်တာ အောင်သော်ကိုယ်တိုင် ထမင်းဝိုင်းတွင် ခေါင်းမဖော်တမ်း ငုံ့လွေးနေမိသည်။ ထိုအချိန်တွင် ဆိုင်ရှင်တစ်ယောက်က ခေါင်းရင်း၌ထိုင်နေသော ခရီးသည်ဘုန်းကြီးအား သွားရောက်ဦးချကာ တစ်စုံတစ်ရာ လျှောက်ထားနေသည်ကိုလည်းကောင်း၊ ဘုန်းကြီးက ဆိုင်ရှင်ကို တစ်စုံတစ်ရာ ပြန်ပြောပြီး ခေါင်းရမ်းပြနေသည်ကိုလည်းကောင်း ဒေါက်တာအောင်သော်က ကောင်းစွာ သတိပြုမိလိုက်သည်။ အဓိပ္ပာယ်မှာ ဆိုင်ရှင်က ဆွမ်းကပ်လိုသဖြင့် သွားရောက် လျှောက်ထားခြင်းဖြစ်ပြီး ဘုန်းကြီးက ပြန်လည်ငြင်းပယ်လိုက်သည့်သဘော ဖြစ်ကြောင်း နားလည်လိုက်မိသည်။ ကိုယ့်အရေးမဟုတ်သဖြင့် ထမင်းကိုသာ ဆက်ပြီး ငုံ့စားနေလိုက်သည်။

ထမင်းစားပြီးနောက် စက်လှေက ဆက်ထွက်ရန်ပြင်သည်။ ခရီးသည်အားလုံး စက်လှေပေါ် ပြန်တက်ကြသည်။ စက်လှေသမားက စက်နှိုးလိုက်ချိန်တွင် ဆိုင်ရှင်တစ်ယောက်က အချိုရည်ဗူးတစ်ဗူးကိုင်လာပြီး စက်လှေပေါ်မှ ဘုန်းကြီးအား လာကပ်လိုက်သည်။ ‘ဦးဇင်း၊ ဆွမ်းမဘုဉ်းတော့ဘူးဆိုရင်လည်း ဒီအချိုရည်ဗူးလေးတော့ ဘုဉ်းသွားပါဦး ဘုရား့’ဟု ပြောလိုက်သံကိုပါ ဒေါက်တာအောင်သော် ကြားလိုက်ရသည်။ ဘုန်းကြီးက အချိုရည်ဗူးကို

အကပ်ခံလိုက်သည်။ သို့သော် အချိုရည်ဗူး၏ အဖုံးကို ဖွင့်ပြီးကာမှ ချက်ချင်း မသောက်သေးဘဲ ဆိုင်ရှင်အား ‘ဒကာကြီး၊ ဒီအချိုရည်ဗူးကို ပြန်ယူသွားပြီး ဗူးထဲကို ရေနည်းနည်းလောက် ရောပေးပါ။ ပြီးတော့မှ ကျုပ်ကို ပြန်ကပ်ပါ’ဟု ပြောနေပြန်သေးသည်။ ဘုန်းကြီးဆိုသည့်အတိုင်း ဆိုင်ရှင်က အချိုရည်ဗူးကို ပြန်ယူကာ ဆိုင်ထဲ ပြန်ဝင်သွားသည်။ သောက်ရေ အိုးထဲမှ ရေအနည်းငယ်ကို အချိုရည်ဗူးထဲ စွက်ထည့်လိုက်သည်။ ပြီးတော့မှ ကပျာကယာ ပြန်လာကာ ဘုန်းကြီးထံ ကပ်လေသည်။ စက်လှေသမားက အစအဆုံး စိတ်ရှည်ရှည်နှင့် စောင့်ပေးနေသည်။ အားလုံးပြီးပြီဆိုတော့မှ စက်လှေကို ဖောင်ဘေးမှ ခွာလိုက်သည်။ တရိပ်ရိပ်ပြေးနေသော စက်လှေပေါ်မှာပင် ဘုန်းကြီးက အချိုရည်ကို ဖြည်းဖြည်းချင်း ဘုဉ်းပေးလာခဲ့သည်။

အခြေအနေကို အစအဆုံး မြင်တွေ့နေရသဖြင့် ဒေါက်တာအောင်သော်အတွက် ပို၍သာ စဉ်းစားစရာ ဖြစ်နေရသည်။ စိတ်ထဲက ဘယ်လိုဘုန်းကြီးမျိုးပါလိမ့်ဟူ၍ သံသယ ပိုပွားနေမိသည်။ သူများအိပ်တော့လည်း မအိပ်၊ သူများ စားတော့လည်း မစား။ အချိုရည်သောက်ပြန်တော့လည်း သူများနှင့်မတူ။ အလုပ်ရှုပ်လှသည်။ ပုံမမှန်၊ စံလွဲပြီး ခပ်ကြောင်ကြောင် ဖြစ်နေသည်မှာ သေချာလောက်သည်။ ထို့ပြင် ဥပမိရုပ်ကလည်း ကပျစ်ကညစ်နိုင်လှသေးသည်။ အသားက ညိုညစ်ညစ်၊ မျက်လုံးက ခပ်မှေးမှေး။ ဦးပြည်းထက်မှ ရိပ်ပယ်ရန် ရက်လွန်နေသော ဆံပင်များက ထိုးထိုးထောင်ထောင်နှင့်။ သင်္ကန်းတွေက မည်းညစ်ဟောင်းနွမ်းလွန်းလှပြီး သူ့သပိတ်အဖုံးကလည်း နှုတ်ခမ်းပဲ့နေပြန်သေးသည်။ သည်ကြားထဲ အချိုရည်ဗူးကို ကိုင်ထားသော ညာဘက်လက်၏



လက်ဖျံပေါ်တွင် သမင်ဖြူအကွက်များကပါ အတော်များများ ထပ်ရှိနေပြန်ရာ သူ့အတွက်တော့ ထိုဘုန်းကြီးက ကြာလေ အကြည်ညိုတန်လေ ဆိုသကဲ့သို့ ဖြစ်နေရတော့သည်။

စက်လှေကား မိုးကင်းလေကင်း၊ လမ်းရှင်းရှင်း၌ လိုရာခရီးသို့ စက်ကုန်ဖွင့်၍ ပြေးလွှားနေဆဲပင်။

* * * * *

တာဝန်ကျရာ တံခွန်သာတိုက်နယ်ဆေးရုံသို့ ရောက်လျှင်ရောက်ချင်းပင် ဒေါက်တာအောင်သော်က အလုပ်ကို တန်းဝင်ခဲ့ရသည်။ တံခွန်သာက မုဒုံမြို့နယ်အတွင်း၌ ပါဝင်သည်။ ဒေါက်တာအောင်သော်က လူပျိုလူလွတ်တစ်ဦး ဖြစ်သည်။ မော်လမြိုင် ဇာတိဖြစ်သည်။ သို့ကြောင့် မော်လမြိုင်နှင့် အလှမ်းမဝေးသော မုဒုံနယ်အတွင်း၌ တာဝန်ကျသည်မှာ သူ့အတွက် အဆင်ပြေခြင်းတစ်ခုဟု ဆိုနိုင်သည်။ အမှန်တော့ သူက ဆရာဝန်ဖြစ်ဖြစ်ချင်း အလုပ်မရသေးခင် ဘုရားသုံးဆူဘက်၌ ကိုယ်ပိုင် ဆေးခန်းကလေး ခေတ္တသွားဖွင့်ခဲ့ခြင်း ဖြစ်သည်။ တံခွန်သာ တိုက်နယ်ဆေးရုံ၌ အလုပ်ခန့်လိုက်ကြောင်း အကြောင်းကြားစာ ရရှိသည်နှင့် သူက ဘုရားသုံးဆူကို စွန့်ခွာခဲ့ခြင်း ဖြစ်သည်။

တံခွန်သာ၌ ဒေါက်တာအောင်သော် အဆင်ပြေပါသည်။ တံခွန်သာက ကျေးရွာကြီးတစ်ရွာဖြစ်ပြီး ရွာသူရွာသားများက ရိုးသားပွင့်လင်းကြသည်။ သူ၏ ပညာနှင့် စေတနာတို့ကြောင့်လည်း ကျေးရွာလူထုက သူ့ကိုချစ်ခင်လေးစားကြ၏၊ အားကိုးအားထားပြုကြ၏။ ထို့ပြင် သူ့မိဘများရှိရာ မော်လမြိုင်နှင့်လည်း ခရီးကသင့်လျော်ရှိပေရာ အားလပ်ချိန်များတွင် တံခွန်သာနှင့် မော်လမြိုင်

ကို ကူးချည်သန်းချည်ပြုရင်း ဒေါက်တာအောင်သော်က အလုပ်တွင် ပျော်ရွှင်နေမိသည်။

သို့နှင့် တံခွန်သာတွင် နှစ်နှစ်ခန့်ကြာမြင့်သွားပြီး တစ်နေ့တွင်မူ တစ်ချိန်သောအခါက ဒေါက်တာအောင်သော် ဘုရားသုံးဆူမှအပြန် စက်လှေပေါ်တွင် အမှတ်မထင် ဆုံတွေ့ခဲ့ဖူးသော ခပ်ကြောင်ကြောင်ဘုန်းကြီးနှင့် ဖြစ်တောင့်ဖြစ်ခဲ ပြန်လည်ဆုံတွေ့ရမည့် ဖြစ်ရပ်တစ်ခုက ဆိုက်ဆိုက်မြိုက်မြိုက် ဖြစ်ပေါ်လာသည်။

ထိုဖြစ်ရပ်မတိုင်မီ မုဒုံမြို့နယ်အတွင်း၌ သတင်းတစ်ခုက ဖြစ်ပွားလျက်ရှိသည်။ မြို့ပေါ်နှင့်ကျေးရွာတချို့တွင် ကလေးများ ပျောက်ဆုံးလျက်ရှိသည်။ ကလေးခိုးဂိုဏ်းတစ်ဂိုဏ်းက မုဒုံနယ်အတွင်း ရောက်ရှိနေသည်။ ပျောက်ဆုံးနေသော ကလေးများကို ပြန်လည်တွေ့ရှိခြင်းမရှိသလို ထိုကလေးခိုးဂိုဏ်းကိုလည်း သက်ဆိုင်ရာမှ လိုက်လံဖမ်းဆီးရာ လုံးဝ ခြေရာခံမရဘဲ ဖြစ်နေသည်။ လူထုက အထိတ်တလန့်ဖြစ်နေကြသည်။ စသည်ဖြင့် သတင်းဖြစ်နေခြင်းပင်။

အချို့က ထိုသတင်းကို ကောလာဟလဟု ဆိုကြသည်။ အချို့ကလည်း အမှန်တကယ်ဟု ဆိုကြပြန်သည်။ မည်သို့ဆိုစေ ထိုသတင်းက တံခွန်သာဘက်သို့လည်း ပျံ့နှံ့လာပြီးနောက် ကျေးရွာအတွင်း ထိတ်လန့်ချောက်ချားမှုကို ဖြစ်စေလျက် ရှိသည်။ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အားလုံး သတိနှင့်နေကြရန်၊ မသင်္ကာဖွယ် လူစိမ်းတွေ့ပါက အမြန်ဆုံး သတင်းပို့ကြရန် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က ကြေညာချက် ထုတ်ထားသည်။

တစ်ည။ ဒေါက်တာအောင်သော်က မိတ်ဆွေတချို့နှင့်အတူ ဆေးရုံအပြင်ဘက်ရှိ အိမ်ဆိုင်ကလေးတစ်ဆိုင်တွင် စကားလက်ဆုံ



ကျနေမိသည်။ သူတို့စကားဝိုင်းတွင် ကျေးရွာဥက္ကဋ္ဌနှင့် တံခွန်သာရဲစခန်းမှ စခန်းမှူးကဲ့သို့ ပုဂ္ဂိုလ်များပါ ပါဝင်သည်။ ဤဆိုင်ကလေးက လက်ဖက်သုပ်၊ ချင်းသုပ်များပါ ရောင်းချလေရာ သူတို့အဖွဲ့က မကြာမကြာဆိုသလို ဤဆိုင်ကလေး၌ အသုပ်စားရင်း ဝိုင်းဖွဲ့မိလေ့ရှိသည်။ ထိုညတွင်လည်း ဆိုင်ဘေးရှိ စိန်ပန်းပင်အောက်က စားပွဲတွင် ဝိုင်းထိုင်ရင်း သူတို့က ထွေရာလေးပါး ပြောဆိုနေကြခြင်း ဖြစ်သည်။

စကားအရှိန်ကောင်းနေကြစဉ် စခန်းမှ ရဲသားတစ်ယောက် ရောက်ရှိလာသည်။ ရဲသားနှင့်အတူ အရပ်သားနှစ်ယောက်ပါ လိုက်ပါလာသည်။ ရဲသားက စခန်းမှူးကို သတင်းပို့လိုက်သည်။

"ဆရာ၊ ဒီလူတွေက ထူးခြားချက်တစ်ခု သတင်းပို့ချင်လို့တဲ့"

"ဟုတ်လား၊ အေး. . . အေး၊ ပို့တာပေါ့၊ ဘာသတင်းများလဲဗျ"

စခန်းမှူးက ရဲသားကိုပြန်ပြောရင်း အရပ်သားများဘက်သို့ လှည့်ကာ တစ်ဆက်တည်း မေးလိုက်သည်။ တစ် ယောက်သော အရပ်သားက -

"ကျွန်တော်တို့က သုသာန်စောင့်တွေပါဆရာ၊ သုသာန်ထဲမှာပဲ နေပါတယ်၊ ခုတလော သုသာန်ထဲမှာ မသင်္ကာစရာ တွေ့ရတာနဲ့ ပတ်သက်ပြီး သတင်းပို့ချင်လို့ပါ"

"ဟာ-ဟုတ်လား၊ ပြောပြစမ်းပါဦး၊ ဘာအကြောင်းများလဲ"

စခန်းမှူးက စိတ်အားထက်သန်စွာ ပြန်မေးလိုက်သည်။ ဒေါက်တာအောင်သော်နှင့် ကျန်လူများကပါ စိတ်ဝင်စားသွားကြသည်။

"ဒီလိုခင်ဗျ၊ ကျွန်တော်တို့ ခံကုန်းသုသာန်ထဲမှာ လွန်ခဲ့တဲ့ ငါးရက်လောက်ကတည်းကစပြီး မသင်္ကာစရာတစ်ခု တွေ့နေရပါ

တယ်၊ အဲဒါကတော့ ညအချိန်မတော်ကြီး သုသာန်ထဲမှာ လူရိပ်လူခြည် တွေ့ရခြင်းပဲ ဖြစ်ပါတယ်၊ ဒီညမှာလည်း ည ရှစ်နာရီလောက်က အဲဒီလူရိပ်လူခြည်ကို ထပ်ပြီးတွေ့ရပြန်ပါတယ်၊ ကျွန်တော့်နာမည်က အုန်းမောင်ပါ၊ သူ့နာမည်ကတော့ စံတင်ပါ၊ ဟိုတစ်နေ့က မသ်ကာစရာလူကို ကျွန်တော်တွေ့ရတာဖြစ်ပြီး ဒီနေ့တော့ စံတင်က တွေ့လိုက်ရတာပါ၊ ဒါနဲ့ ကျွန်တော်တို့လည်း လက်နှိပ်ဓာတ်မီး ကိုယ်စီ၊ တုတ်ဓားကိုယ်စီနဲ့ အဲဒီတွေ့တဲ့ နေရာကို သွားရှာကြပါသေးတယ်၊ ဒါပေမဲ့ ညကလည်း လမိုက်ညဖြစ်နေတယ်၊ ဒီကြားထဲ အုတ်ဂူတွေကလည်း အထပ်ထပ် ဖြစ်နေတယ်၊ သစ်ပင်တွေ၊ ခြုံနွယ်ပိတ်ပေါင်းတွေကလည်း တော်တော်ထူတယ်၊ ဒါနဲ့ ကျွန်တော်တို့လည်း အုတ်ဂူကြို၊ အုတ်ဂူကြားထဲ လျှောက်သွားကြရင်း ကြောက်သလိုလို ဖြစ်လာမိကြပါတယ်၊ သရဲတစ္ဆေကို ကြောက်တာမဟုတ်ပါဘူး၊ ကျဉ်းမြောင်းတဲ့ အုတ်ဂူတွေကြားမှာ မသမာသူတွေက လက်ဦးသွားမှာကို တွေးမိပြီး ကြောက်မိတာပါ၊ ဒါနဲ့ ကျွန်တော်တို့လည်း နောက်ကြောင်း ပြန်လာခဲ့ကြတယ်၊ ပြီးတော့ ဒါသတင်းပို့မှ ဖြစ်မယ်ဆိုပြီး ဒီကိုထွက်လာခဲ့ကြတာပဲ"

ကိုအုန်းမောင်စကားဆုံးသည်နှင့် စခန်းမှူးက စဉ်းစားခန်းဝင်နေသေးသည်။ သို့သော် ကြာကြာတော့ မဟုတ်ပါ။ သူ့ဆန္ဒကို အားလုံးဘက်လှည့်ကာ ပြောလိုက်သည်။

"ကဲ- ကျွန်တော်တို့ လိုက်သွားမှဖြစ်မယ်ထင်တယ်၊ ဒါဟာ ဘာရယ်လို့တော့ မသိသေးဘူးပေါ့၊ ဟိုသတင်း နဲ့လည်း ပတ်သက်ချင်ပတ်သက်နေမှာပေါ့၊ မထူးပါဘူး၊ ဒီက ဥက္ကဋ္ဌရော၊ ဆရာဝန်ပါ ကျွန်တော်တို့နဲ့လိုက်ခဲ့ဗျာ၊ ကျွန်တော်တို့အင်အားနဲ့ ဝိုင်းပြီးတောနင်းကြရအောင်"



"ကောင်းတယ်၊ လိုက်ခဲ့မယ်ဗျာ"

ဥက္ကဋ္ဌက သွက်လက်စွာပြန်ပြောလိုက်သည်။ သို့နှင့် သူတို့အဖွဲ့က သုသာန်စောင့်များနှင့် အတူလိုက်ရန် ဆုံးဖြတ်လိုက်ကြသည်။ စခန်းမှ ရဲသားအချို့အပြင် ကျေးရွာမှ ပြည်သူ့စစ်အချို့ပါ ပူးပေါင်းလိုက်ရာ သူတို့အဖွဲ့က အင်အား တော်တော်တောင့်သွားသည်။

မကြာမီ ခံကုန်းသုသာန်သို့ ရောက်သွားကြသည်။ ခံကုန်းသုသာန်မှာ ရွာသုံးရွာမှ စုပေါင်းပိုင်ဆိုင်သော ဘုံသင်္ချိုင်းဖြစ်ရာ အတော် ကျယ်ဝန်းလှသည်။ ရှေးပုံစံ ဂူပျက်ဂူဟောင်းများဖြင့်လည်း ပြည့်နှက်လျက်ရှိသည်။ လဆုတ်ရက်ဖြစ်သဖြင့် ညကလည်း အထူး မှောင်မိုက်နေသည်။ အမှောင်ထဲမှာပင် သုသာန်စောင့်များ ခေါ်ရာနောက်သို့ သူတို့အဖွဲ့က တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြသည်။ မသင်္ကာဖွယ်ရာလူကို တွေ့ရှိရသည်ဆိုသော နေရာနားမရောက်မီ အားလုံး ရပ်တန့်လိုက်ကြသည်။ ထို့နောက် လူစုခွဲလိုက်ကြသည်။ အစီအစဉ်အရ ထိုနေရာတစ်ဝိုက်ကို ဝိုင်းဝန်းပိတ်ဆို့ပြီး ရှာဖွေဖမ်းဆီးကြရန်ဖြစ်သည်။

လူစုခွဲပြီးနောက် တဖြည်းဖြည်း ရှေ့တိုးသွားလိုက်ကြသည်။ မကြာမီ ခြုံနွယ်များပိတ်ဖုံးနေသော နေရာတစ်ဝိုက်သို့ ရောက်ရှိလာပြီးနောက် သုသာန်စောင့် ကိုအုန်းမောင်က စခန်းမှူးကို တိုးတိုးပြောလိုက်သည်။

"ကျွန်တော်တို့ လူရိပ်တွေ့တာ ဒီနေရာပဲ ဆရာ"

"အေး. . . အေး၊ ဟုတ်ပြီ၊ ဒါဖြင့် တို့လုပ်ငန်းစမယ်"

စခန်းမှူးက ကိုအုန်းမောင်ကို ပြန်ပြောလိုက်သည်။ ထို့နောက် ချက်ချင်းပင် လက်ထဲမှ လက်နှိပ်ဓာတ်မီးခလုတ်ကို ဖျတ်ခနဲဖွင့်

လိုက်သည်။ နှုတ်မှပါ 'ဟေ့၊ အထဲက ဘယ်သူတွေလဲ၊ အပြင်ကို ထွက်ခဲ့စမ်း'ဟု ခပ်မာမာလှမ်း အော်လိုက်သည်။ တစ်ပြိုင်တည်း လိုလိုပင် ဟိုအဖွဲ့၊ သည်အဖွဲ့များမှ လက်နှိပ်ဓာတ်မီးရောင်များပါ ထွက်ပေါ်လာပြီး 'ဒီဘက်က ဝိုင်းထားဟေ့၊ ဟိုဘက်ကလည်း မလွတ်စေနဲ့'၊ 'ပြေးမယ်မကြံနဲ့နော်၊ ပြေးရင်သေဖို့သာပြင်ထား' အစရှိသော အော်ဟစ်သံများပါ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာသည်။ ထို့နောက် နေရာအနှံ့ ပိုက်စိပ်တိုက်ပြီး ရှာဖွေလိုက်ကြသည်။

သို့သော် သူတို့အဖွဲ့က ဘာမှထူးထူးထွေထွေ မတွေ့ရဘဲဖြစ်နေသည်။ သို့ဖြင့် သေချာစွာ ဝိုင်းဝန်းရှာဖွေကြပါသော်လည်း မသင်္ကာဖွယ်တရားခံကို လုံးဝမတွေ့ရှိရသောကြောင့် သည်အတိုင်း နောက်ကြောင်းပြန်ရတော့မည့် အခြေအနေမျိုး ဆိုက်ရောက်လျက်ရှိစဉ် တစ်ခုသော အဖွဲ့တစ်ဖွဲ့ထံမှ ရုတ်ရုတ်ရက်ရက် အသံများက စီခနဲ ထွက်ပေါ်လာတော့သည်။

"ဒီမှာတွေ့ပြီဟေ့၊ တွေ့ပြီ၊ ဟောဒီမှာ လွယ်အိတ်တစ်လုံး၊ ဟောဒီမှာလည်း သပိတ်တစ်လုံးပါလား"

"ဟောဒီမှာ လူကိုပါတွေ့ပြီ၊ ဟိတ်-မပြေးနဲ့၊ ဟာ- လူမဟုတ်ဘူးကွ၊ ဘုန်းကြီးဟေ့၊ ဘုန်းကြီး"

"မိရင်ဝိုင်းထားဟေ့၊ မလွတ်စေနဲ့၊ ကလေးခိုးဂိုဏ်းဆိုရင် သေဖို့သာ ပြင်ထား"

အသံမျိုးစုံ ထွက်ပေါ်လာသည်။ စခန်းမှူးက ထိုအဖွဲ့ဆီသို့ လျင်မြန်စွာ ချဉ်းကပ်သွားလိုက်သည်။ ဒေါက်တာ အောင်သော်ကပါ စခန်းမှူးနှင့်အတူ လိုက်ပါသွားလိုက်သည်။ ထိုအဖွဲ့နားရောက်သော် လူအုပ်က တစ်နေရာတည်းသို့ လက်နှိပ်မီးများဖြင့် စုပြုံထိုးထားကြသည်ကို လည်းကောင်း၊ လက်နှိပ်မီးရောင်များအောက်တွင် အုတ်ဂူနှစ်လုံးကြား၌ ဘုန်းကြီးတစ်ပါးက ခေါင်းကိုငုံ့ကာ ပုန်းကွယ်လျက်ရှိသည်ကိုလည်းကောင်း ဒေါက်တာအောင်သော်က ရှင်းလင်းစွာ မြင်တွေ့လိုက်ရသည်။ စခန်းမှူး အသံက ပေါ်လာသည်။

"ဟာ၊ ဘုန်းကြီးတစ်ပါးပါလား၊ ကဲ-ဦးဇင်း၊ မျက်နှာမော့စမ်းပါဦး၊ ဘာဖြစ်လို့ ဒီလိုနေရာမှာ လာနေတာတုန်း၊ ဘုန်းကြီးအစစ်ရော ဟုတ်ရဲ့လား၊ ဟေ့-ရဲဘော်သန်းဝင်း၊ သူ့လွယ်အိတ်နဲ့ သပိတ်ထဲကို သေသေချာချာ ရှာကြည့်စမ်း"

စခန်းမှူးက တစ်ဆက်တည်း ပြောလိုက်သည်။ ဘုန်းကြီးက မျက်စိကလေး မှိတ်တုတ်မှိတ်တုတ်ပြုကာ အုတ်ဂူကြားမှ မျက်နှာလေး ပေါ်လာသည်။ မီးရောင်အောက်တွင် ဘုန်းကြီးမျက်နှာကို အားလုံး သဲသဲကွဲကွဲ မြင်လိုက်ကြရသည်။ ဒေါက်တာ အောင်သော်ကမူ ဘုန်းကြီးမျက်နှာကို မြင်လိုက်ရကတည်းက စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရသည်။ ဤဘုန်းကြီးကို မြင်ဖူးသလိုလို ဖြစ်နေမိသည်။ သူ သေသေချာချာ စဉ်းစားလိုက်တော့မှ အားလုံးကို မှတ်မိသွားပြီး ခေါင်းထဲတွင် လင်းခနဲ ဖြစ်သွားရသည်။ ရဲသားအသံကပေါ် လာသည်။

"လွယ်အိတ်နဲ့ သပိတ်ထဲမှာ ဘာမှမတွေ့ဘူးဆရာ၊ ရိုးရိုး သူ့ပစ္စည်းတွေလောက်ပဲ တွေ့တယ်"

"မတွေ့ရင်ပြီးရော၊ ကဲ- မေးနေတာဖြေပါဦး ဦးဇင်းရဲ့၊ ညအချိန်မတော် ဒီလိုနေရာမျိုးကြီးမှာ ဘာလာလုပ်နေတာလဲ၊ ဘာအကြံတွေ ရှိလို့လဲ"

စခန်းမှူးက ဘုန်းကြီးကိုဆက်မေးသည်။ သို့သော် ဘုန်းကြီးက ဘာမှပြန်မဖြေဘဲ မျက်စိကိုမှိတ်၍သာ ငြိမ်သက်နေသည်။ စခန်းမှူးက ထပ်မံ၍ မေးခွန်းထုတ်သည်။ ဘုန်းကြီးက တုတ်တုတ်မလှုပ်။ အခြားသူများကလည်း ဘုန်းကြီးကိုကြည့်ကာ တစ်ယောက်တစ်ပေါက် မှတ်ချက်ချနေကြသည်။ အတန်ကြာသော် ဒေါက်တာအောင်သော်က စခန်းမှူးနှင့်ဥက္ကဋ္ဌကို လက်တို့ပြီး နောက်ဘက်သို့ခေါ်သွားလိုက်သည်။ သူတို့သုံးဦးတည်းရှိတော့မှ ဒေါက်တာအောင်သော်က ခပ်တိုးတိုး ပြောလိုက်သည်။

"ဒီဘုန်းကြီးကို ကျွန်တော်သိတယ်ဗျ၊ ကျွန်တော် ကောင်းကောင်း မှတ်မိတယ်၊ ကျွန်တော်ဘုရားသုံးဆူကနေ ဒီကိုပြောင်းလာတုန်းက ဒီဘုန်းကြီးနဲ့ စက်လှေအတူတူ စီးခဲ့တာပေါ့၊ ဘုန်းကြီးက ခပ်ကြောင်ကြောင်ဖြစ်နေတာပဲ၊ သူကြောင်နေတာကို ဟိုတုန်းကတည်းက ကျွန်တော်သိတယ်၊ ခုကြည့်လေ၊ ကြောက်စရာကောင်းလှတဲ့ သချိုင်းထဲမှာ သူတစ်ပါးတည်း လာနေတာဟာ ပုံမှန်မဟုတ်လို့ပေါ့၊ နေစရာ၊ ပြုစရာကျောင်းရယ်လို့ အတည်တကျမရှိလို့လည်း ခုလို ရောက်ရာပေါက်ရာ လျှောက်သွားနေဟန် တူပါတယ်၊ ကျွန်တော်ပြောတာမယုံရင် သူ့ရဲ့လက်ဖျံကိုလှန်ကြည့်လိုက်၊ သမင်ဖြူတွေ တွေ့ရလိမ့်မယ်၊ ကျွန်တော်တကယ်ပြောတာ"

ဒေါက်တာ အောင်သော်စကားကြောင့် ကျန်နှစ်ဦးက နှုတ်ဆိတ်သွားသည်။ ခဏကြာတော့မှ ဥက္ကဋ္ဌက -

"အေးလေ၊ ဆရာဝန်ပြောတဲ့အတိုင်း မှန်နေရင်လည်း ပြီးတာပါပဲ၊ ကျွန်တော်တို့က ဘုန်းကြီးကို ဘာမှဆက်လုပ်စရာမလိုပါဘူး"

စခန်းမှူးက -



"သူ့ဆီမှာလည်း မသင်္ကာစရာပစ္စည်းဆိုလို့ ဘာမှမတွေ့ရပါဘူး၊ ခင်ဗျားပြောသလို စိတ်မနှံ့လို့သာ လျှောက်သွားနေတာဖြစ်မှာပါ၊ ကဲ-ဒါဖြင့် ကျွန်တော့်တို့ပြန်ဖို့ပဲ ရှိတော့တာပေါ့"

ဟု ဝင်ပြောလိုက်သည်။ ထို့နောက် အားလုံးကိုပါ ပြန်ကြရန်လှမ်းအော်ပြောလိုက်သည်။ မကြာမီ သူတို့တစ်ဖွဲ့လုံး လက်နှိပ်ဓာတ်မီး တဝင်းဝင်း၊ စကားသံ တဖောင်ဖောင်ဖြင့် သုသာန်ထဲမှပြန်ထွက်လာခဲ့ကြသည်။ အုတ်ဂူကြားမှ ဘုန်းကြီးကား မှောင်မည်းပြီး တိတ်ဆိတ်သော သချိုင်းနှင့်အတူ ကျန်ရစ်ခဲ့သည်။ သုသာန်စောင့် နှစ်ဦးကလည်း သူ တို့နေရာသို့ ပြန်သွားလိုက်ကြလေသည်။

* * * * *

နောက်၁၅နှစ်ခန့် အကြာတွင်ဖြစ်သည်။

ပဲခူးမြို့ ငါးမျက်နှာ ကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ဖြစ်သော ဆရာတော် ဦးသောဘိတ ရှေ့မှောက်သို့ရဟန်းတစ်ပါးက ရောက်ရှိလာကာ ဆရာတော့်အား ရိုရိုသေသေဝတ်ပြုလိုက်လေသည်။ ဆရာတော်က ထိုရဟန်း၏မျက်နှာအားသေသေချာချာ စူးစိုက်ပြီး ကြည့်လိုက်မိသည်။ သို့သော် စိတ်ထဲတွင်မြင်ဖူးသလိုလို၊ မှတ်မိသလိုလို ဖြစ်ရရုံကလွဲပြီး မည်သူမည်ဝါမှန်းမသဲကွဲဘဲ ဖြစ်နေရာ နှုတ်မှဖွင့်ထုတ်၍ မေးမြန်းလိုက်ရတော့သည်။

"နို့-ဒီက ကိုယ်တော်လေးကို မြင်ဖူးသလိုလိုတော့ ရှိပါတယ်၊ ကောင်းကောင်းတော့ မမှတ်မိဘူးဗျ၊ ဘယ်သူများလည်း"

"မတွေ့တာကြာပြီဆိုတော့ ဘယ်မှတ်မိတော့မလဲ ဘုရား၊ တပည့်တော်က လူအမည် ဒေါက်တာအောင်သော်ပါ၊ လွန်ခဲ့တဲ့ခြောက်နှစ်လောက်က ဆရာတော် အဆုတ်ရောဝင်တဲ့ရောဂါနဲ့

ရန်ကုန်မှာ ဆေးရုံလာတက်တော့ ဆရာတော့်ကို တာဝန်ယူ ကုသပေးလိုက်တဲ့ အထူးကုဆရာဝန် ဒေါက်တာအောင်သော်ပါ ဘုရား၊ အခု ရဟန်းဘွဲ့ကတော့ ဦးအရိန္ဒမပါ ဘုရား"

"ဩော်-ဟုတ်သားပါလား၊ မှတ်မိပြီ မှတ်မိပြီ၊ ကျုပ်မှတ်မိပြီ၊ လက်စသတ်တော့ ဆရာဝန်ဒေါက်တာအောင် သော်ကိုး၊ နို့-ရဟန်းဝတ်တာက ဒုလ္လဘလား၊ ဝတ်တာရော ဘယ်လောက်ကြာပြီလဲ"

ဆရာတော်ဦးသောဘိတက ဝမ်းသာအားရ ဖြစ်သွားသည်။ ဒေါက်တာအောင်သော်ခေါ် ဦးအရိန္ဒမကိုလည်း ရွှင်လန်း သွက်လက်စွာ မေးခွန်းများ မေးလိုက်သည်။ ကာယကံရှင် ဦးအရိန္ဒမကမူ ဆရာတော်နှင့်တွေ့ဆုံရခြင်းအတွက် အထိုက်အလျောက် ဝမ်းသာဟန်တူသော်လည်း ထိုဝမ်းသာမှုက ပေါ်ပေါ်လွင်လွင်၊ ပွင့်ပွင့်လင်းလင်းကား မရှိပေ။ ထိုမျှမက သေသေချာချာ ကြည့်ပါက သူ့မျက်နှာတွင် ညှိုးနွမ်းပြီး အားလျော့သော အရိပ်ယောင်တချို့ကို တစ်စွန်းတစ်စအားဖြင့် တွေ့မြင်နိုင်လေ၏။

"တပည့်တော် ဒုလ္လဘ မဟုတ်ဘူးဘုရား၊ အပြီးဝတ်လိုက်တာပါ။ အလုပ်ကပါ အပြီးထွက်လိုက်ပြီ ဘုရား"

"ဟင်-ဟုတ်လား၊ ဘယ်လိုကြောင့်လည်း၊ ကိုယ်တော်က ငယ်ငယ်ရှိသေးတာပဲ၊ ပင်စင်ယူရမယ့် အချိန်လည်း မဟုတ်ဘဲနဲ့"

"မှန်ပါတယ်ဘုရား၊ တပည့်တော်ကိုယ့်ဘာသာ ထွက်ခွင့်တင်လိုက်တာပါ။ တပည့်တော် လူ့လောကမှာ မပျော်တော့ဘူးဘုရား၊ ပျော်စရာလည်း မရှိတော့ပါဘူး၊ တပည့်တော် သံယောဇဉ်အရှိဆုံးသူတွေက တပည့်တော်ကို စွန့်ခွာသွားကြပြီ ဘုရား"

"ဟုတ်လား၊ ဘယ်လိုဖြစ်ရတာလည်းဗျာ၊ အကြောင်းစုံကို ရှင်းပြစမ်းပါဦး"



"ပြီးခဲ့တဲ့နွေကပေါ့ဘုရား၊ တပည့်တော်ဇနီးက ကလေးတွေနဲ့အတူ သူ့မိဘတွေဆီကို အလည်ပြန်သွားတယ် ဘုရား၊ တပည့်တော်ဇနီးက လှိုင်လင်သူပါ၊ အဲဒါ အပြန်မှာ သူမောင်းလာတဲ့ကားက ချောက်ထဲထိုးကျရာကနေ သူရော၊ ကလေးနှစ်ယောက်ပါ တစ်ခါတည်း သေကြပါရောလား ဘုရား"

"အို-ကျွတ် ကျွတ်၊ ဖြစ်မှဖြစ်ရလေဗျာ၊ တယ်အဖြစ်ဆိုးပါလား၊ ဒါထက် ကိုယ်တော့်အိမ်သူကလည်း ဆရာဝန်မပဲ မဟုတ်လား"

"မှန်ပါတယ်ဘုရား၊ ဆရာဝန် မ ပါပဲ၊ တပည့်တော် နိုင်ငံခြားမှာ အထူးကုဘွဲ့သွားယူပြီး ပြန်လာတော့မှ သူ နဲ့ လက်ထပ်ဖြစ်သွားတာပါ။ နှစ်ယောက်စလုံး အရွယ်နှောင်းမှ အိမ်ထောင်ပြုဖြစ်ကြတာပါ၊ ဒါကြောင့် ကလေးတွေကလည်း ငယ်ငယ်ပဲ ရှိကြသေးတာပါ၊ သားလေးက ခုနစ်နှစ်၊ သမီးလေးက လေးနှစ်ဘုရား၊ တပည့်တော်မှာ ရှိသမျှသံယောဇဉ်တွေ တစ်အုံလုံး၊ တစ်ပြုံလုံးကို ဆုံးရှုံးသွားတာပါ"

ပြောရင်း အသံက နစ်ဝင်သွားသည်။ မျက်နှာကို ငုံ့ချလိုက်၍လည်း လက်ကိုင်ပဝါဖြင့် မျက်လုံးတို့ကို ပွတ်သပ်နေသည်။ ဆရာတော်က ဦးအရိန္ဒမကိုကြည့်ပြီး ကရုဏာစိတ် ဝင်သွားရသည်။

"စိတ်မကောင်းလိုက်တာဗျာ၊ စိတ်မကောင်းလိုက်တာ၊ ခုလောက်ကြီး ဝိပတ္တိဆိုက်သွားမှတော့ ဘယ်သူမဆို အလွန်ခံစားရမှာပေါ့ဗျာ၊ ကျုပ်ဖြင့် ဆေးရုံကဆင်းလာတော့ ပြောလို့ကို မဆုံးဘူး၊ ဒေါက်တာအောင်သော်ဆိုတာ သိပ်တော်တဲ့အကြောင်း၊ သိပ်လည်း စေတနာကောင်းကြောင်း တွေပေါ့၊ အေးလေ၊ ဒါဟာ ကံတရားပဲ၊ ကံတရားဟာ ဘယ်သူ့ကိုမှ မျက်နှာမလိုက်ဘူး၊ သူ့ရှိတဲ့အတိုင်း

စီရင်သွားတာပဲ၊ ကိုယ်တော် သက်နှ်းဝတ်လာတဲ့အဖြစ်ကိုလည်း ကျုပ်နားလည်ပါပြီ၊ ဒီလိုအချိန်မှာ ဒီလိုပဲဖြစ်ရမှာပေါ့၊ ရှေ့ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ"

"တပည့်တော် တရားအားထုတ်မယ်ဘုရား၊ ဘုရားကုဆိုတဲ့ စကားကို တပည့်တော် ဟိုတုန်းက သဘောမပေါက်ခဲ့ဘူး၊ ခုမှပဲ ကောင်းကောင်း နားလည်တော့တယ်၊ တပည့်တော် ရင်ထဲက သောကမီးကို ဘယ်လိုမှမငြိမ်းနိုင်ဘူးဘုရား၊ လူ့အသိုင်းအဝိုင်းထဲမှာလည်း ဆက်ပြီးမကျင်လည်ချင်တော့ဘူး၊ ထွက်ပေါက်ရှာတဲ့ အနေနဲ့ မဟုတ်မဟတ်တွေကိုလည်း တပည့်တော် မလုပ်ချင်ဘူး၊ ဒါကြောင့် အလုပ်ကထွက်ပြီး၊ ရှိသမျှပစ္စည်းတွေကိုလည်း တပည့်တော် မိဘတွေဆီ ပုံအပ်ထားခဲ့ပြီး သာသနာ့ဘောင်ကို ကူးလာခဲ့တာ ဘုရား၊ ရန်ကုန်မှာပဲ ပဉ္စင်းခံ ဖြစ်ပါတယ်၊ အခု ပဉ္စင်းဖြစ်တာ သုံးလပဲရှိသေးတယ်ဘုရား၊ ဒီသုံးလအတွင်း ရဟန်းနဲ့ပတ်သက်တာ တွေကို ဥပဇ္ဈာယ်ထံမှာ သင်ယူလေ့လာပြီးတဲ့နောက် ဆရာတော့် ဆီကို ခုလို ဆင်းလာခဲ့တာပဲ ဘုရား၊ တပည့်တော် စိတ်ကူးကတော့ ဆရာတော့် ကျောင်းမှာပဲနေ၊ ဆရာတော့်ဆီမှာပဲ တရားတောင်းပြီး အားထုတ်နေမယ်လို့ပေါ့ဘုရား"

"ကောင်းတယ်၊ ကောင်းတယ်၊ အစီအစဉ်ကောင်းတယ်၊ သို့သော်လည်းပဲ တရာအားထုတ်မယ့် ပုဂ္ဂိုလ်အတွက် အဓိကကျတဲ့ အချက်နှစ်ချက်ရှိတယ်၊ အဲဒါကတော့ ဆရာကောင်း၊ နေရာကောင်းနဲ့ တွေ့ရဖို့ပဲ၊ ဆရာကောင်းဆိုတာကတော့ မိမိကို တိတိကျကျ လမ်းညွှန်ပေးနိုင်မယ့် ကမ္မဋ္ဌာန်းဆရာမျိုးကို ပြောတာ၊ ကလျာဏ မိတ္တပေါ့ဗျာ၊ နေရာကောင်းဆိုတာကတော့ တရားအားထုတ်ရင် အနှောက်အယှက် မရှိမယ့် နေရာမျိုးကို ပြောတာ၊



ဥပမာ- အသံဗလံ ဆူညံမှု မရှိတဲ့နေရာမျိုး၊ အပူအအေးမျှတတဲ့ နေရာမျိုး စသဖြင့်ပေါ့ဗျာ၊ တရားအားထုတ်မယ့် ယောဂီအတွက် ပြည့်စုံညီညွတ်တဲ့ နေရာမျိုး ဖြစ်ဖို့လိုတယ်။

ဒီတော့ ကျုပ်အနေနဲ့ ကိုယ်တော့်ကို တရားပေးတာတော့ တတ်နိုင်ပါတယ်၊ ဒါပေမဲ့ နေရာကျတော့ ကိုယ်တော့်အတွက် နေရာကောင်း ဖြစ်လိမ့်မယ်မထင်ဘူး၊ ကိုယ်တော်မြင်တဲ့အတိုင်းပဲ ကျုပ်ကျောင်းဘေးမှာက လူနေအိမ်ခြေတွေ ပတ်လည်ဝိုင်းနေတာ၊ အသံဗလံတွေကလည်း ကျွက်ကျွက်ကို ညံနေတာပဲ၊ ကျုပ်ကိုယ်တိုင် ကလည်း အရင်တုန်းကတော့ ကမ္မဋ္ဌာနာစရိယ တစ်ဦးပါပဲ၊ ဒီကျောင်းမှာပဲ တရားပတ်တွေ မှန်မှန်ဖွင့်ပြီးတော့ ယောဂီတွေကို တရားပြခဲ့တာပါပဲ၊ ဒါကြောင့်လည်း ကျုပ် ဆေးရုံတက်ရတုန်းက ကိုယ်တော့်ကို နောင်တစ်ချိန်မှာ ရိပ်သာလေး၊ ဘာလေး ဝင်ချင်ရင် ဒီကိုလာခဲ့ဖို့ ဖိတ်ခေါ်ဖြစ်ခဲ့တာပေါ့၊ ဒါပေမဲ့ အခြေအနေက ဒီသုံးလေးနှစ်အတွင်းမှာကို တော်တော် ပြောင်းလဲသွားတယ်။ ရပ်ကွက်သစ်တွေ တိုးလာပြီးတဲ့နောက် လူတွေက ပိုပြီး ရှုပ်ထွေးဆူညံလာတယ်၊ နောက်တော့ ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့အဆုံး ကျုပ်လည်း ရိပ်သာဖွင့်တဲ့အလုပ်ကို ရပ်လိုက်တော့တယ်။ ကိုယ်ကိုယ်တိုင်တောင် ဒီလို ရှုပ်ထွေးတဲ့နေရာမှာ နေရတာ မပျော်ပိုက်ဘူး၊ ဒါပေမဲ့ အသက်ကလည်းကြီး၊ တခြားကို ရွှေ့ဖို့ပြောင်းဖို့ကလည်း မဖြစ်နိုင်တော့တာမို့ ဒီအတိုင်း သီးခံပြီး နေရတော့တာပဲ။

ဒါကြောင့် ဒီနေရာက ကိုယ်တော့်အတွက် အပ်စပ်မယ့် နေရာ မဟုတ်ဘူး၊ သို့သော်လည်း ကျုပ်စီစဉ်ပေးပါမယ်၊ ဇင်းကျိုက်ဘက်က ကုသလတောင်ရိုးပေါ်မှာ သီတင်းသုံးနေတဲ့ ကျုပ်မိတ်ဆွေ ရဟန်း တစ်ပါးရှိတယ်၊ ဘွဲ့တော်ကတော့ ဦးဥက္ကံသတဲ့၊ အသက်ကလည်း

ကျုပ်တို့လိုပဲ ၈၀ နားနီးနေပါပြီ၊ သူလည်း တစ်ချိန်တုန်းကတော့ ရိပ်သာကြီးဖွင့်ပြီး တရားပြလာခဲ့တဲ့ ကမ္မဋ္ဌာနာစရိယ တစ်ပါး ပါပဲ၊ ခုတော့ ကျုပ်လိုပဲ တရားပြနားလိုက်ပြီး တစ်ကိုယ်တည်းပဲ အေးအေးဆေးဆေး နေတော့တယ်၊ သို့သော် တရားလိုချင်လို့ ချဉ်းကပ်လာတဲ့ ယောဂီမှန်သမျှကိုတော့ တရားပြ ပေးတာတို့၊ တရားပြင်ပေးတာတို့ကို မညည်းမညူ လုပ်ပေးတုန်းပါပဲ၊ ဒီတော့ ကိုယ်တော် အဲဒီကိုသွားပါ၊ ကျုပ် သေသေချာချာ စာရေးပေး လိုက်မယ်။ အဲဒီတောင်ရိုးဟာ ကျုပ်ပြောခဲ့တဲ့ အချက်နှစ်ချက်လုံးနဲ့ ပြည့်စုံတယ်ဆိုတာ ကိုယ်တော် ဟိုရောက်တော့ သိရပါလိမ့်မယ်။ ဦးဥက္ကံသက စာတတ်တာရော၊ ပညာကြီးတာရော၊ ရဟန်းသိက္ခာ စောင့်စည်းတာရော ဘာမှကို ပြောစရာမရှိတဲ့ ရဟန်းမြတ် တစ်ပါးပါ"

"မှန်ပါ၊ ဆရာတော်ပြောတာနဲ့ပဲ တပည့်တော် အဲဒီတောင်ရိုး ကို သွားချင်လှပြီဘုရား၊ ဒါထက် အဲဒီဆရာတော် ဦးဥက္ကံသက ပုထုဇဉ် မဟုတ်တော့တဲ့ အရိယာပုဂ္ဂိုလ်မျိုးလား ဘုရား"

"ဒီလိုတော့ မဆိုလိုပါဘူး၊ အဲ-ပြောရရင် ဒီမေးခွန်းကလည်း ဖြေဆိုဖို့ တော်တော်ခက်ပါတယ်၊ ရဟန်းဖြစ်ဖြစ်၊ လူဖြစ်ဖြစ် အရိယာပုဂ္ဂိုလ် ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာ ဘယ်သူမှ သေသေ ချာချာ မသိနိုင်ဘူးလေ၊ အရိယာ ပုဂ္ဂိုလ်ကလည်း ငါအရိယာပဲ လို့တော့ ဘယ်ပြောမလဲဗျ၊ အရိယာမှန်ရင် အဓိဂမအပ္ပိစ္ဆာဂုဏ်နဲ့ ပြည့်စုံကြတာချည်းပဲလေ၊ မိမိမဂ်ဖိုလ်ရတာကို သူတစ်ပါးသိသွားမှာ အလိုမရှိတဲ့သဘော၊ ရှက်တဲ့သဘောပေါ့ဗျာ၊ ဒီတော့ ဒီကိစ္စကို ထားလိုက်၊ အရေးကြီးတာက ကျုပ်ပြောသလို ကလျာဏမိတ္တကို ရရှိဖို့ပဲ၊ ဦးဥက္ကံသဟာ ကိုယ်တော့်အတွက် ကလျာဏမိတ္တစစ်စစ်ပဲ"



"မှန်ပါဘုရား၊ သဘောကျပါပြီ၊ သို့သော်လည်း တပည့်တော်က သောကငြိမ်းအေးချင်တဲ့သူ၊ တစ်နည်းအားဖြင့် အဲဒီသောကတွေကို တရားအမြိုက်ဆေးနဲ့ ငြိမ်းသတ်ချင်နေတဲ့သူဆိုတော့ တရား အားထုတ်ဖို့လည်း အထူးထက်သန်နေတယ်ပေါ့ ဘုရား၊ ဒီတော့ မေးခွန်းတစ်ခုကိုတော့ ထပ်ကွန့်ပြီး မေးခွင့်ပြုပါဦး ဘုရား၊ တပည့် တော် အနေနဲ့ တကယ်ကြိုးစားရင် တကယ် တရားထူးရနိုင်သလား၊ ဆရာတော်ကိုယ်တိုင်ရော တရားထူးရတဲ့ ပုဂ္ဂိုလ်စစ်စစ်ကို တွေ့ ဖူးမြင်ဖူးပါသလားဆိုတဲ့ မေးခွန်းပါပဲ ဘုရား"

ထိုမေးခွန်းကြောင့် ဆရာတော်က မျက်စိကိုမှိတ်ကာ စူးစူး စိုက်စိုက် စဉ်းစားနေသည်။ အတန်ကြာတော့မှ -

"ဖြစ်နိုင်တာပေါ့၊ တကယ်ကြိုးစားရင် တကယ်တရားထူးရနိုင် တာပေါ့၊ အဲဒါကိုတော့ ဘယ်လိုမှ ယုံမှားမရှိပါနဲ့၊ နောက်တစ်ခု အရိယာ ပုဂ္ဂိုလ်စစ်စစ်ကို တွေ့ဖူးသလားလို့ဆိုရာမှာ ပြောရရင် တွေ့ဖူးတယ်လို့ပဲ ဆိုရမှာပဲ၊ ကျုပ်တွေ့ဖူးခဲ့တယ်၊ ဒါပေမဲ့ ကျုပ် တွေ့လိုက်ရတဲ့ အဲဒီပုဂ္ဂိုလ်မြတ်ကို တွေ့တွေ့ချင်း အရိယာပုဂ္ဂိုလ်လို့ မသိဘူးဗျ၊ ထင်လည်းမထင်ဘူး၊ နောက်တော့မှ အကြောင်း တိုက်ဆိုင်လို့ အဖြစ်မှန်ကိုလည်း သိရရော အချိန်ကလွန်သွားပြီ၊ အဲဒီကိုယ်တော်က ပျံလွန်တော်မူသွားပြီဗျ"

"မှန်ပါ၊ ကပ်လွဲသွားတယ်လို့ ဆိုရမှာပေါ့၊ ကိုယ်တိုင် သိလည်း သိ၊ ကြည်လည်း ကြည်ညိုလိုက်ရရင် ဘယ်လောက် ကောင်းလိုက် မလဲနော်"

"အမှန်ပေါ့ဗျာ၊ ဖြစ်ပုံကဒီလိုဗျ၊ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပေါ့၊ ပြောရရင် ကိုယ်တော်ကုသပေးလိုက်လို့ ရောဂါပျောက်ပြီး ကျုပ် ဆေးရုံက ပြန်ဆင်းလာကာစ အချိန်လောက်ကပေါ့၊ ဆေးရုံက

ဆင်းပြီး နောက်တစ်နှစ်လို့ပဲ ဆိုပါစို့ဗျာ၊ အဲဒီနှစ်မှာ ကျုပ်လည်း စိတ်ပြေလက်ပျောက်ဆိုပြီး ဘုရားတွေ လှည့်ဖူးနေမိတယ်၊ အဲ-ကျိုက်ထီးရိုးတောင်ပေါ်ကိုလည်းရောက်ရော၊ ထူးခြားတဲ့ ရဟန်းတစ်ပါးနဲ့ ဆုံစည်းရတော့တာပဲ၊

ဖြစ်ပုံက ကျိုက်ထီးရိုးတောင်ပေါ်ရောက်တော့ ကျုပ်နဲ့ ကျုပ်ကပ္ပိယက သံဃာဆောင်တစ်ခုမှာ သွားတည်းကြတယ်၊ တည်းကြတော့ အဲဒီ ကျုပ်ပြောတဲ့ရဟန်းက ကျုပ်တို့ထက် အရင်ရောက်နှင့်နေတယ်ဗျ၊ ဒါနဲ့ အဲဒီအဆောင်မှာပဲ အတူတူနေဖြစ်သွားတယ်ပေါ့လေ၊ နေဖြစ်သွားတော့ ကျုပ်က သူ့ကို အကဲခတ်ကြည့်တယ်၊ သူက ကျုပ်တို့နဲ့ သိပ်မရောဘူး၊ သူ့ဘာသာ နေတာများတယ်၊ ကျုပ်က ခင်မင်လိုတဲ့သဘောနဲ့ ဖော်ဖော်ရွေရွေ နှုတ်ဆက်ပေမဲ့ သူက တိုတိုတုတ်တုတ်ပဲ၊ မေးတစ်ခွန်း ဖြေတစ်ခွန်း သဘောလောက်ပဲ၊ ဒါနဲ့ နောက်ပိုင်းရောက်တော့ ကိုယ်လည်း ကိုယ့်ဘာသာပဲ နေလိုက်တော့တယ်၊ သူက သူ့ဘာသာ ဆွမ်းခံစားတယ်၊ ဆွမ်းခံပြီးပြန်လာ၊ မကြာခင်ဆွမ်းစား၊ ဆွမ်းစားပြီး သပိတ်ကိုဆေး၊ ဆေးပြီးသားသပိတ်ကို နေလှန်းပြီးတာနဲ့ ဘုရားရှေ့မှာ မျက်စိမှိတ်ပြီး ငုတ်တုတ်ထိုင်နေတော့တာပဲ၊ အဲဒီလို ဘုရားစင်ရှေ့မှာ ငြိမ်ပြီး ထိုင်နေတာကပဲ များတယ်၊

ဒီတော့ သူ့အမူအကျင့်က ထူးခြားနေတာပေါ့၊ အမူအကျင့် ထူးခြားသလို ဥပဓိရုပ်ကြည့်တော့လည်း ထူးခြားနေပြန်တယ်၊ မျက်နှာထားက ခပ်မှုန်မှုန် ခပ်ကုပ်ကုပ်ပဲ၊ ကြွေးရသလိုလိုရှိပေမယ့် ဒါဟာ သမာဓိကြောင့်လား၊ ဘဝင်ကြောင့်လားဆိုတာတော့ ကျုပ်လည်း မကွဲပြားခဲ့ဘူးပေါ့၊ အသားအရောင်က မည်းညစ်ညစ်ရယ်၊ ပါးရေနားရေတွေကလည်း ရှုံ့တွနေတယ်။ ဆံပင်



တွေက ထိုးထိုးထောင်ထောင် ဖြစ်နေတဲ့ပြင် သူ့မျက်လုံးတွေကလည်း အတော်လေး မှေးနေပြန်တယ်၊ ဒီကြားထဲ ဝတ်ထားတဲ့ သင်္ကန်းတွေကျတော့လည်း ဘာတစ်ခုမှ သစ်သစ်လွင်လွင်၊ သပ်သပ်ရပ်ရပ် မရှိဘူး၊ အမြဲတန်း နွမ်းဖတ်ပြီး တွန့်ကြေနေတာပဲ၊ အဆိုးဆုံးကတော့ သူ့ညာဘက်လက်ဖျံမှာ သမင်ဖြူတွေလား မသိဘူး၊ ဖြူဖြူအကွက်တွေကို အများကြီးတွေ့ရတယ်၊ အဟမ်း. . . အဟမ်း"

ဆရာတော်က ချောင်းဆိုးပြီး ထွေးခံကိုလှမ်းယူလိုက်သည်။ ဦးအရိန္ဒမက ဆရာတော့်စကား နားထောင်လိုက်ရပြီးနောက် အတိတ်ဆီသို့ ဖျတ်ခနဲ စိတ်ရောက်သွားသည်။ တစ်ခါက အမှတ်တရ ဖြစ်ခဲ့ဖူးသော ပုံရိပ်တချို့ကိုလည်း ဝင်းခနဲ ပြန်မြင်ယောင်လိုက်မိသည်။ ထိုအခါ ကျောထဲတွင် စိမ့်ခနဲဖြစ်သွားမိခြင်းနှင့်အတူ ကြက်သီးပါ ဖျန်းခနဲထသွားမိရသည်။

ဆရာတော်က ထွေးခံကိုပြန်ချကာ စကားကိုပြန်ဆက်လိုက်သည်။

"ဒါနဲ့ နောက်သုံးလေးရက်လောက်ကြာတော့ အဲဒီပုဂ္ဂိုလ်က သူ့ဘာသာ အသာပြန်ကြွသွားတယ်၊ ဘယ်ကို ကြွသွားမှန်းလည်း မသိဘူးပေါ့၊ ကျုပ်တို့လည်း အဲဒီအဆောင်မှာ တစ်ပတ်ကျော်ကျော်လောက် ဆက်နေဖြစ်သွားတယ်၊ ဘုရားလည်းဖူးလို့ဝ၊ ဂူဏ်တော်တွေလည်း ပွားလို့ဝပြီ ဆိုတော့မှ ဒီကျောင်းကို ပြန်လာခဲ့ကြတယ်။

အဲ-နောက်တစ်နှစ်လောက်အကြာမှာ သထုံဘက်ကို ကျုပ်ခရီးထွက်ဖြစ်ခဲ့ပြန်တယ်၊ သွားရတဲ့အကြောင်းကတော့ ဆတ်သွားဖူးလို့ခေါ်တဲ့ရွာမှာ သီတင်းသုံးနေတဲ့ ကျုပ်မိတ်ဆွေရဟန်းတစ်ပါးဆီက မွေးရုံ ရေစက်ချပွဲအတွက် ဖိတ်စာရောက်လာခဲ့လို့ပဲ၊ ဒါနဲ့ ဆတ်သွားဖူးကို သွားလိုက်တယ်ပေါ့၊ ဟိုမှာ ရေစက်ချပွဲပြီးပေမယ့်

ချက်ချင်းပြန်မလာသေးဘဲ ရက်အနည်းငယ်လောက် နားနေမိတယ်ပေါ့၊ အဲ- အဲဒီမှာပဲ သတင်းထူးတစ်ခုကို ကျွပ် ကြားရတော့တာပဲ၊ သတင်းက 'ဆင်က'ဆိုတဲ့ တောရကျောင်းတစ်ကျောင်းမှာ ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူလို့အန္တိမဈာပနပွဲ ပြုလုပ်ကြရာက ပြာပုံထဲကနေ ဓာတ်တော်တွေ ထွက်လာတယ်ဆိုတဲ့ သတင်းပဲ၊ အဲဒီသတင်းက တော်တော်အုတ်အော်သောင်းတင်း ဖြစ်သွားတယ်၊ သွားကြည့်လိုက်ကြတဲ့လူတွေ၊

ကျွပ်တို့လည်း ဓာတ်တော်ကျတယ်ဆိုတဲ့ သတင်းကြားကြားချင်း မသွားဘဲကို မနေနိုင်ဘူး၊ ဒါက ကြုံတောင့် ကြုံခဲဖြစ်တဲ့ပြင် တကယ်ဟုတ်မဟုတ် ဆိုတာကိုလည်း သွားကြည့်ချင်တယ်လေ၊ ဟိုရောက်တော့ အဟုတ်ပါပဲဗျာ၊ မြသပိတ်ထဲထည့်ပြီး ပူဇော်ထားတဲ့ ဓာတ်တော်တွေမှ အရွယ်အစားအမျိုးမျိုးပဲ၊ ကျွပ်ဖြင့် ဓာတ်တော်တွေကို ဖူးရတော့၊ ဩော်- ငါတို့သာသနာမှာ ဒီလိုအာဇာနည်တွေ ရှိသေးပါကလားဆိုပြီး ဝမ်းသာလွှန်း၊ ကြည်နူးလွှန်းလို့ မျက်ရည်မဆည်နိုင်အောင်ဖြစ်ရတယ်၊ အဲဒီနောက် အဲဒီရဟန်းမြတ်ရဲ့ ပုံတော်ကိုပါ ထပ်ပြီးဖူးရတယ်၊ ပုံတော်ကိုမြင်တော့မှပဲ ကျွပ်လည်း ဒီရဟန်းမြတ်က တခြားသူမဟုတ်ဘဲ ကျိုက်ထီးရိုးတောင်ပေါ်မှာ ဆုံစည်းခဲ့ရတဲ့ ပုဂ္ဂိုလ်မှန်း သိရတော့တာပဲ၊ ကျွပ်ဖြင့် ထိတ်လည်းထိတ်လန့်၊ အံ့လည်းအံ့သြပေါ့ဗျာ၊

ဒီနောက် ဒီရဟန်းမြတ်ရဲ့အကြောင်းကို နီးစပ်ရာ ဒကာတွေဆီမှာ စိတ်ဝင်တစား မေးမြန်းကြည့်တော့မှ အကြောင်းစုံကို ပိုပြီးသိလာရတယ်၊ ရဟန်းမြတ်ရဲ့ ဘွဲ့တော်က ဦးနာရဒတဲ့၊ ကရင်လူမျိုးတဲ့။ တရားကိုအပြင်းအထန် အားထုတ်ပြီး ကသိုဏ်းတွေကြည့်လွှန်း



လို့ သူ့မျက်လုံးတွေက မှေးသွားတာလို့ ဆိုတယ်၊ မီးဖိုဘေးမှာ တရားထိုင်နေရင်း မီးက သင်္ကန်းစကိုစွဲလာပေမယ့် မီးလောင်လို့လောင်မှန်းမသိဘဲ ဆက်အားထုတ်နေသတဲ့၊ ဘေးကမြင်တဲ့သူတစ်ယောက်က ဦးဇင်း၊ ဦးဇင်းသင်္ကန်း မီးလောင်နေပြီလို့ အော်ပြောပြီး ရေနဲ့လာလောင်းတော့မှ မီးက ငြိမ်းသွားသတဲ့၊ အဲဒီ မီးလောင်ဒဏ်ရာကြောင့်လည်းပဲ သူ့လက်မှာ အမာရွတ်တွေက ဖြူဖြူအကွက်တွေအဖြစ်နဲ့ ကျန်ရစ်ခဲ့တာတဲ့၊ သိရသမျှက ကြည်ညိုစရာတွေချည်းပဲ၊ ဒါနဲ့ ဘာတွေဆက်ပြီး သိရသေးသလဲဆိုတော့ ဦးနာရဒက ဘုရားသုံးဆူ ဇာတိဖြစ်တဲ့အကြောင်း၊ ရိုးရိုးတရားအားထုတ်ရတာကို ဘယ်လိုမှမတင်းတိမ်လို့ မွန်၊ ကရင်ဒေသတွေက သချိုင်းအတော်များများမှာတောင် သုသာန်ဓုတင်တွေဆောက်တည်ပြီး လှည့်လည်တရားအားထုတ်ခဲ့တဲ့အကြောင်း သိခဲ့ရတယ်၊ ဒါနဲ့ ကျွပ်ပြောနေတာတွေကို ဦးအရိန္ဒမ ကြားရဲ့လားဗျ၊ အိပ်များငိုက်နေသလား၊ အလို. . . ကိုယ်တော်က ဘယ်လို ဖြစ်သွားရတာလဲ"

ဆရာတော်ဦးသောဘိတက ရှည်လျားစွာ ရှင်းလင်းပြောပြနေစဉ် ရှေ့တွင်ထိုင်နေသော ဦးအရိန္ဒမ၏ ထူးခြားသော အမူအရာကြောင့် အထက်ပါအတိုင်း ရေရွတ်လိုက်ခြင်းဖြစ်သည်။ မှန်သည်။ ဦးအရိန္ဒမက ဆရာတော်၏စကား ကိုနားထောင်နေရာမှ ဦးခေါင်းက ဇက်ကျိုးသလို ငိုက်ကျသွားရပြီးနောက် ကိုယ်လုံးကပါ ရှေ့နောက်ယိမ်းထိုးပြီး တုန်ရင်လျက်ရှိသည်။ ဆရာတော်က စကားကိုရပ်ကာ အမေးရှိလိုက်သောအခါတွင်မှ ဦးအရိန္ဒမက မျက်နှာကိုမော့၍ လက်အုပ်ချီပြီး လှိုက်လှဲသောအသံဖြင့် စတင်လျှောက်ထားလိုက်သည်။

"မှန်ပါဘုရား၊ တပည့်တော် အိပ်မငိုက်ပါဘူး၊ ဆရာတော် မိန့်ကြားသမျှကိုလည်း အားလုံးကြားပါတယ်၊ အံ့သြစရာ တိုက်ဆိုင်မှုကြီးတစ်ခုကြောင့် တပည့်တော် အကြီးအကျယ် ကြောက်လန့်သွားမိရာက ဣန္ဒြေမထိန်းနိုင်ဘဲ ဖြစ်သွားတာပါ ဘုရား"

"ဟုတ်လား၊ ဖြစ်ပုံကို ပြောပြပါဦး"

"တပည့်တော် မှားပြီဘုရား၊ မှားပြီ၊ ဆရာတော့်စကားကို နားထောင်လိုက်ရတော့မှပဲ အတိတ်ကိုလည်း သတိရ၊ အဖြစ်မှန်တွေကိုလည်း ပိုင်းခြားပြီး သိလိုက်ရတယ် ဘုရား၊ ဘာကြောင့်ဆို အဲဒီရဟန်းမြတ် ဦးနာရဒကို တပည့်တော်လည်း လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀ နီးပါးလောက်က ကိုယ်တိုင် တွေ့လိုက်ရလို့ပါပဲ ဘုရား"

"ဟင်-ဟုတ်လား၊ သေချာရဲ့လား၊ ကိုယ်တော်ကတောင် ကျုပ်ထက် အချိန်အစောကြီး ကြုံပြီး တွေ့ခဲ့တာပါလား၊ အကြောင်းစုံ၏ကို ပြောပြပါဦးဗျာ"

"မှန်ပါဘုရား၊ ပြောပြပါမယ်၊ ပြောသာပြောရမှာ၊ ရင်ထဲမှာတော့ မချိဘူး ဘုရား၊ အဲဒီ ဦးနာရဒကို တပည့်တော် တွေ့တွေ့ချင်း ခပ်ကြောင်ကြောင်၊ ခပ်သွတ်သွတ်၊ စိတ်မမှန်တဲ့ဘုန်းကြီးလို့ ထင်မှားမိခဲ့၊ ပြစ်မှားမိခဲ့ပါတယ်၊ သူ့ကို ဘုရားသုံးဆူ စက်လှေပေါ်မှာ တစ်ခါ၊ တံခွန်သာခံကုန်း သုသာန်ထဲမှာ တစ်ခါ စုစုပေါင်းနှစ်ခါတိတိ တွေ့ခဲ့တာမှာ နှစ်ခါစလုံး အထင်လွဲပြီး ပြစ်မှားမိခဲ့တာပါ ဘုရား"

ထို့နောက် ဦးအရိန္ဒမက သူ့အတွေ့အကြုံအား ဖြစ်ကြောင်းကုန်စင် ရှင်းပြလျှောက်ထားလိုက်လေသည်။ ဆရာတော်က စူးစိုက်ပြီး နားထောင်နေသည်။ ဦးအရိန္ဒမစကားဆုံးလေသော် ဆရာတော်က အံ့သြသောမျက်နှာ၊ လှိုက်လှဲသောအသံဖြင့် -



"ကြည့်စမ်း၊ ကိုယ်တော့်အဖြစ်က ကြုံတောင့်ကြုံခဲ တိုက်ဆိုင်မှုကြီးပဲဗျ၊ ဒါ ဦးနာရဒအမှန်ပဲ၊ ဒါပေမဲ့ အဲဒီတုန်းက ရဟန်းကိစ္စပြီးသေးဟန်မတူဘူး၊ အားထုတ်နေဆဲပဲ ဖြစ်လိမ့်မယ်၊ သို့သော် တစ်မဂ်တစ်ဖိုလ်တော့လည်း အနည်းဆုံးရပြီးသား ဖြစ်လိမ့်မယ်၊ ဒါကြောင့် အများကျင့်နိုင်ခဲ့တဲ့ သုသာန်ဓုတင်ကို ကျင့်နိုင်တာပေါ့"

"မှန်ပါဘုရား၊ တပည့်တော်တော့ နှစ်ကြိမ်နှစ်ခါတိတိ ပြစ်မှားမိခဲ့တဲ့အတွက် ကြီးလေးတဲ့ဒဏ်တွေကို လှလှကြီးခံရတော့မယ် ထင်တာပဲ ဘုရား"

"ဒါက ဒီလိုရှိပါတယ်၊ မသိလို့ပြစ်မှားမိခဲ့ပေမယ့် သိတဲ့အချိန်မှာ လှိုက်လှဲတဲ့ မနသီနဲ့ ပြန်တောင်းပန်ရင် အရိယူပဝါဒကံဆိုတာ ပျောက်ပယ်ရှင်းလင်းနိုင်ပါတယ်၊ တကယ်တော့ ကိုယ်တော်မှ မဟုတ်ပါဘူး၊ အရိယာအချင်းချင်းတောင် မလွှဲသာရင် ပြစ်မှားကျူးလွန်မိတတ်တယ်လို့ ဆိုပါတယ်၊ ကိုယ်တော် သူ့အပေါ် အထင်လွဲခဲ့တာတွေနဲ့ ပတ်သက်ပြီးလည်း ကျုပ်ရှင်းပြပါမယ်၊ ပထမအချက် အဲဒီဘုန်းကြီးက တည်းခိုဆောင်ထဲမှာ တစ်ညလုံးမအိပ်ဘဲ စကြံန်လျှောက်လိုက်၊ ငုတ်တုတ်ထိုင်လိုက်နဲ့ပဲ နေတယ်လို့ ကိုယ်တော် ပြောခဲ့တယ်မဟုတ်လား၊ ဘယ်အိပ်လိမ့်မလဲဗျ၊ ကိုယ်တော်တို့တည်းခိုဆောင်ထဲမှာက မာတုဂါမတွေ ရှိနေတာကိုး၊ ရဟန်းတွေအတွက် မာတုဂါမတွေနဲ့ တစ်မိုးတစ်ယံတည်းအောက်မှာ အတူမကျိန်းစက်ရဘူးလို့ သိက္ခာပုဒ်ရှိထားတယ်လေ၊ အဲဒီအတိုင်း ကျင့်တာပေါ့ဗျ၊ နောက်တစ်ချက် စက်လှေနားချိန်မှာ သူများတွေထမင်းစားပေမယ့် သူက ဘာမှမစားဘူးလို့ ကိုယ်တော် ပြောခဲ့ပြန်တယ်၊ ဒါကတော့ လွယ်ပါတယ်၊ နေကျော်သွားလို့ပဲပေါ့ဗျ၊ နေကျော်သွားရင် သူလိုပုဂ္ဂိုလ်မျိုးက မိနစ်ပိုင်းလောက်ပဲ

လွန်လွန် ဘယ်ဘူဦးလိမ့်မလဲ၊ နောက်တစ်ခု အချိုရည် ကပ်ပြန်တော့လည်း ကပ်တဲ့သူကို အချိုရည်ဗူးထဲ ရေပြန်ရောခိုင်းတယ် မဟုတ်လား၊ ဒါလဲ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်သွားတာပဲ၊ အပူပေးပြီး မီးခာတ်နဲ့ ပြုပြင်ချက်လုပ်ထားတဲ့ အဲဒီအချို ရည်ဗူးတွေက ဒီအတိုင်း ဘုဉ်းပေးလို့မရဘူးဗျ၊ အာပတ်သင့်တာပေါ့၊ ဒါကြောင့် သူ့ခာတ်ပျက်အောင်လို့ ရေရောလိုက်ရတဲ့သဘောပဲ၊

နောက်ဆုံးတစ်ချက် သုသာန်ထဲမှာ သူ့ကိုတွေ့တော့ ကိုယ်တော်တို့မေးစစ်သမျှကို သူက ဘာမှပြန်မဖြေဘဲ ဒီအတိုင်း ငုတ်တုတ်ထိုင်နေတယ်ဆိုတာဟာလည်း သဘာဝကျ နေပြန်ပါတယ်။ သူက ဓုတင်သမားကိုးဗျ၊ သုသာန်ဓုတင်ဆိုတာ လူမသိအောင် ကျင့်ရတဲ့သဘောရှိတယ်၊ လူသိလိုက်တာနဲ့ ဓုတင်ပျက်တယ်၊ ကိုယ်တော်တို့က သူ့ကိုမေးလို့ သူက ဓုတင်လာကျင့်နေတဲ့အကြောင်း ပြန်ဖြေဖို့ဆိုတာ အဝေးကြီးပေါ့ဗျာ၊ သူက ဘယ် ဝန်ခံလိမ့်မလဲ၊ အလွန် မွန်မြတ်တဲ့အကျင့်ပါ၊ ကျုပ်တို့ဖြင့် ဒီအကျင့်ကို စိတ်တောင်မကူးရဲဘူး၊ ခုလောက်ဆို ကျုပ် ရှင်းပြတာတွေကို ကိုယ်တော် လိပ်ပတ်လည်လောက်ပြီ ထင်ပါတယ်"

"မှန်ပါဘုရား၊ လည်ပါပြီ၊ တပည့်တော်က ဆရာတော့်ထက်တောင် ပိုနစ်နာတယ်လို့ ဆိုရမလိုဖြစ်နေပါပြီ၊ သူတော်ကောင်းနဲ့ အကြိမ်ကြိမ်တွေ့ရပေမယ့် သူတော်ကောင်းမှန်း မသိလိုက်တဲ့အဖြစ် ဘုရား၊ အဲဒီတုန်းကသာ တပည့်တော်ကလည်း တရားလိုချင်နေတဲ့ အချိန်ဖြစ်၊ ဒီလို တရားကို ထိုးထွင်းပြီး သိမြင်ထားတဲ့ ကလျာဏမိတ္တကောင်းနဲ့လည်းတွေ့ရဆိုရင် ဘယ်လောက်တောင် ကောင်းလိုက်မလဲဘုရား"



"ဒါပေါ့။ ဒီလိုအချိန်ကိုက် တိုက်ဆိုင်ဖို့ဆိုတာ အခဲယဉ်းသားပဲ၊ အေးလေ- အဲဒီအချိန်တုန်းက ကိုယ်တော်ကလည်း လူ့လောကထဲမှာ ပျော်ပိုက်ကျင်လည်နေတဲ့ အချိန်ဆိုတော့ ဘယ်လိုမှကို တိုက်ဆိုင်စရာအကြောင်း မမြင်ပါဘူး"

"မှန်ပါ၊ ခုတော့ တပည့်တော်ပြစ်မှားမိခဲ့သမျှ လေးလေးနက်နက် ပြန်တောင်းပန်ရတော့မှာပေါ့ ဘုရား၊ တစ်ဘက်ကလည်း ဒီလို ဘုရားအမိန့်တော်ကို တစ်သွေမတိမ်းလိုက်နာပြီး ရွှတ်ရွှတ်ချွန်ချွန် အားထုတ်အောင်မြင်သွားတဲ့ ပုဂ္ဂိုလ်ထူးတွေ မျက်မှောက်ခေတ်မှာ အထင်အရှား ရှိနေသေးပါလားလို့ သိရတဲ့အတွက် တပည့်တော် ဖော်မပြနိုင်လောက်အောင် ကြည်နူးဝမ်းသာမိပါတယ်ဘုရား"

"ဒါပေါ့ ဒါပေါ့။ ဒါဟာ ဖြစ်သင့်တဲ့ သဒ္ဓါတရားပဲ၊ ကိုယ်တော်ရှေ့လျှောက်ပြီး သာသနာတော်မှာ မြင်ရတွေ့ရဦးမှာပါ၊ ကျုပ်တို့သာသနာမှာ လူစွမ်းကောင်းတွေ၊ အာဇာနည်တွေ အများကြီးရှိပါတယ်ဗျ။ ဓုတင်ဆိုတဲ့ ခက်ခဲလွန်းတဲ့ အကျင့်ကိုကျင့်ပြီး ကိလေသာမှန်သမျှကို တစ်ရုံမလပ် ခါတွက်ပစ်ဖို့ ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေ၊ သိက္ခာပုဒ်တစ်ခုကို ဖောက်ဖျက်မိရင် မစင်ကို ကိုင်မိတဲ့အလားရွံ့ရှာကြောက်လန့်တဲ့စိတ်နဲ့ နောက်ထပ် ပြုမိမမှားအောင် ကြပ်ကြပ်စောင့်ထိန်းတော်မူကြတဲ့ ဝိနည်းဆောင်ပုဂ္ဂိုလ်တွေ အများကြီးရှိပါတယ်၊ ကျုပ်တော့ ဒီလိုပုဂ္ဂိုလ်တွေကို ရော်ရမ်း ကြည်ညိုရင်းနဲ့ပဲ ကျုပ်တို့ သာသနာတော်အတွက် အလွန်အားတက်မိတယ်၊ ကိုယ်တော့်ကိုလည်း လုပ်မယ့်လုပ်၊ ဒီလို အမြတ်စား ရဟန်းမျိုးဖြစ်အောင် ကြိုးစားပါလို့ တစ်ခါတည်း တိုက်တွန်းလိုက်ချင်တယ်"

"မှန်ပါ။ တပည့်တော်ကြိုးစားပါမယ်ဘုရား၊ ခုလို ဒီအကြောင်းတွေ ပြောဆိုဆွေးနွေးရတာနဲ့တင် တပည့်တော်မှာ သောကတွေ ပြေပျောက်ပြီး ထူးထူးခြားခြား ရွှင်လန်းပေါ့ပါးနေမိပါတယ်၊ ဒါ့အပြင် တပည့်တော် မျှော်လင့်ရည်မှန်းထားသမျှတွေလည်း တကယ်ပေါက်မြောက်အောင်မြင်လိမ့်မယ်လို့ ပိုပြီး ယုံကြည်လာနေမိတယ် ဘုရား့"

"ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကိုင်း- ဆွမ်းစားချိန်လည်း နီးပြီ၊ ကျုပ်တို့နားကြရအောင်၊ ကိုယ်တော်လည်း ဒီကျောင်းမှာ နားပြီးတာနဲ့ ကျုပ်ရေးပေးတဲ့ စာကိုယူပြီး ဦးဥက္ကံသဆီ အမြန်ဆုံး သွားပေတော့၊ မအို၊ မနာ၊ မသေတဲ့ တရား၊ ဆင်းရဲဒုက္ခ၊ သောက ပရိဒေဝတွေမှန်သမျှ ဇကန်ချုပ်ငြိမ်းတဲ့တရားကို အမြန်ဆုံးရအောင် ရှာဖွေပေတော့"

"မှန်ပါ ဘုရား၊ အမိန့်တော်အတိုင်းပါ ဘုရား့"

ထို့နောက် ဆရာတော်က အသာထပြီး ကြွသွားတော်မူသည်။ ဦးအရိန္ဒမလည်း အာဂန္တုဆောင်သို့ ပြန်လာခဲ့သည်။ သူ အမှန်ပင် ရွှင်လန်းနေမိသည်၊ တက်ကြွနေမိသည်။ ပြီးတော့ သူ့ကိုယ်သူလည်း အံ့သြနေမိသည်။ ယခု အချိန်၌ သူ့ရင်ထဲတွင် အမြဲတစေ အမြစ်တွယ်ပြီး စိုးမိုးနေခဲ့သော သောကမှန်သမျှက မြူတစ်မှုန်စာမျှ မကျန်အောင်ပင် ပျောက်ကွယ်ရှင်းလင်းလျက်ရှိသည်။ ၎င်းတို့အစား ကြည်လင်ခြင်း၊ ငြိမ်းအေးပေါ့ပါးခြင်းတို့ကသာ အစားထိုးနေရာယူလျက် ရှိသည်။

သူတော်ကောင်းတရားဟူသည် နာယူရုံ၊ ပြောဆိုဆွေးနွေးရုံနှင့်ပင် ဤမျှ အကျိုးကြီးသည်ဆိုပါက လက်တွေ့ ကျင့်သုံးအား



ထုတ်သောအခါ ရရှိလာမည့်အကျိုးကား မမျှော်မှန်းနိုင်လောက်အောင် ကြီးမားပေလိမ့်မည်ဟု မျှော်ခေါ် ချင့်တွက်မိရင်း ဦးအရိန္ဒမက 'ဆင်က'တောရရှိ ဆရာတော်ဦးဥက္ကံသထံသို့ မနေ့အမြန်သွားရောက်ရန်အတွက် အထူးပင် စိတ်အား တက်ကြွနေလေတော့သတည်း။ ။

၀၀၀

## နိဗ္ဗာန်ဆိုတာ

ကောင်းကင်၌ လမင်းကြီးက ရွှန်းရွှန်းမြမြ သာလျက်ရှိသည်။ လပြည့်ခါနီးပြီမို့လည်း လမင်း၏မျက်နှာပြင်က ဝိုင်းဝိုင်းစက်စက် ဖြစ်လုနီးနေလေပြီ။ ထို့ပြင် ဝန်းကျင်နှင့် ထက်ဝေယံတို့၌ ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး အစရှိသော အနှောက်အယှက်များက အထူး ရှင်းလင်းကင်းပလျက် ရှိပြန်လေရာ လစန္ဒာက သူ၏ ကိုယ်ရောင်ကိုယ်ဝါတို့ကို စိတ်တိုင်းကျပင် ထုတ်လွှတ် ကွန့်မြူးခွင့်ရနေလေတော့သည်။

ဆင်က တောရကျောင်းအား ကြီးမားလှသော သစ်ပင်ကြီးများက ယှက်ဖြာအုပ်မိုးထားသည်။ သစ်ကိုင်းသစ်ခက်များက အစွင့်သား ဖြန့်ခင်းလျက် လရောင်ကို အားရပါးရ သောက်သုံးလျက်ရှိသည်။ လက်ယှက်ထိုး ပိတ်ဆည်းထားသော ထိုသစ်ရွက် သစ်ကိုင်းများကြားမှ လရောင်တချို့က တောရကျောင်းပေါ်သို့လည်းကောင်း၊ မြေပြင်ပေါ်သို့ လည်းကောင်း ရွှေရည်ရွှေစက်များ သဖွယ် ပွင့်အံ့ယိုကျလျက် ရှိသည်။

ဝန်းကျင်ရှိ တောတောင်တစ်ခွင် တစ်ပြင်လုံးက ပကတိ ငြိမ်သက်လျက်ရှိသည်။ တိတ်ဆိတ်လျက် ရှိသည်။ စေတီကလေးမှ





ဆွဲလွဲသံကလေးများကသာ လေတိုးလိုက်သည့်အခါတိုင်း တလွင်လွင် မြည်သံသာလျက် ရှိသည်။ ရံခါ၌မူ အကျီစယ်သန်သော လေကြောင့် သစ်ကိုင်းလှုပ်သံ၊ သစ်ရွက်ကြွေသံများက ဟိုမှသည်မှ ထွက်ပေါ်လာလေ့ ရှိသည်။

ဦးအရိန္ဒမက တရားအားထုတ်ချိန် ပြီးဆုံးသည်နှင့် ဆရာတော် ဦးဥက္ကံသရှိရာသို့ အသာ လျှောက်လှမ်းလာခဲ့သည်။ ဆရာတော်က တမာပင်အုပ်အုပ်ကြီးအောက်မှ ဝါးကွပ်ပျစ်ပေါ်တွင် တစ်ပါးတည်း ထိုင်တော်မူလျက် ရှိသည်။ ဦးအရိန္ဒမက ဆရာတော်ရှေ့ ရောက်သည်နှင့် ရိုသေတုပ်ကွ ထိုင်လိုက်ပြီးလျှင် လက်စုံမိုး၍ ဦးချဝတ်ပြုလိုက်သည်။ ဆရာတော်ဦးဥက္ကံသက အေးချမ်းစွာပြုံး၍ အသာအယာပင် မေးလိုက်သည်။

"ဦးအရိန္ဒမ တရားအားထုတ်ရတာ ကောင်းရဲ့လားကွယ့်"

"မှန်ပါ၊ ကောင်းပါတယ်ဘုရား၊ တပည့်တော် တိုးတက်မှု ရှိပါတယ်"

"အေး. . . အေး၊ သာဓု သာဓု၊ နေရေးထိုင်ရေးရော သပ္ပာယ မျှတယ်မဟုတ်လား၊ ချမ်းသာတယ်မဟုတ်လား"

"ချမ်းသာပါတယ် ဘုရား၊ တပည့်တော် အားလုံးအဆင်ပြေပါတယ်"

"အေး. . . အေး၊ ကျောင်းမှာလည်း လူရှင်းနေချိန်ဆိုတော့ ဦးအရိန္ဒမအတွက် ပိုပြီးကောင်းတာပေါ့၊ ဒီနေ့ တရားအားထုတ်ရတာနဲ့ပတ်သက်လို့ ဘာများ မေးစရာရှိသလဲကွယ့်"

ထိုအချိန်တွင် ကျောင်း ကပ္ပိယကြီးက အပါးသို့ရောက်လာကာ ဆရာတော်နှင့်ဦးအရိန္ဒမတို့အား သံပုရာရည်များ ဆက်ကပ်သည်။

ထို့နောက် ဗန်းကလေးကိုကိုင်ကာ ကပ္ပိယကြီးက ပြန်လှည့်သွားသည်။ သံပုရာရည်ကို ငြိမ်သက်စွာ ဘုဉ်းပေးလိုက်ကြသည်။ ပြီးတော့မှ ဦးအရိန္ဒမ မေးလျှောက်ခြင်းကို စတင်လိုက်သည်။

"မှန်ပါဘုရား၊ ဒီညတော့ ကမ္မဋ္ဌာန်းနဲ့ မပတ်သက်ဘဲ တပည့်တော် စိတ်ထဲမှာ ဝိဝါဒဖြစ်နေတဲ့၊ မရှင်းမလင်း ဖြစ်နေရတဲ့ အကြောင်းအရာတချို့ကို မေးလျှောက်ချင်ပါတယ် ဘုရား့၊ ဒါကလည်း တပည့်တော်ရဲ့ ဉာဏ်မမှီမှု၊ ဗဟုသုတနည်းမှုကြောင့် နဝေတိန်တောင် ဖြစ်မိရာကနေ မေးလျှောက်ချင်စိတ်တွေ ဖြစ်လာမိတာပါဘုရား"

"မေးပါကွယ်၊ မေးပါ။ ကိုယ်တော့်စိတ်ထဲရှိသမျှ မချွင်းမချန်၊ လွတ်လွတ်လပ်လပ် မေးနိုင်ပါတယ်"

"ဒီလိုပါဘုရား့၊ တပည့်တော်တို့ အခု တရားအားထုတ်နေကြတာဟာ တရားထူးကို လိုချင်လို့၊ နိဗ္ဗာန်ကို ရချင် ရောက်ချင်လို့ အားထုတ်နေကြတာ မဟုတ်လား ဘုရား့၊ တချို့ပြောကြတာက အဲဒီ နိဗ္ဗာန်ဆိုတာဟာ နေရာဋ္ဌာနရယ်လို့လည်း မရှိဘူး၊ အကောင်အထည်လည်း မရှိဘူး၊ ခံစားမှုဆိုတဲ့ အရသာတို့၊ ဝေဒနာတို့လည်း မရှိဘူး၊ ဘာဆိုဘာမှ မရှိဘူးဆိုပြီး ပြောနေကြပါတယ် ဘုရား၊ တပည့်တော်က အဲဒီသဘောတရားကို ဘယ်လိုမှ နားမလည်နိုင်အောင် ဖြစ်မိတယ်ဘုရား့၊ သူတို့ပြောတဲ့ အဲဒီ အကြောင်းအရာတွေဟာ မှန်ပါသလား ဘုရား့"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲဒီအတိုင်းမှန်ပါတယ်၊ နိဗ္ဗာန်ဆိုတာ နေရာဋ္ဌာန၊ အကောင်အထည်၊ ခံစားမှုဝေဒနာ ဘာမှ မရှိဘူးဆိုတာ အမှန်ပါပဲ"



"မှန်ပါဘုရား၊ အဲဒီ ဘာမှမရှိဘူးဆိုတာကြီးက ဘာသဘောလဲ ဘုရား့၊ အဲဒီ ဘာမှမရှိတာကြီးကိုပဲ တပည့်တော်တို့က ဘာလို့မရရအောင် အားထုတ်နေကြတာလဲ"

"သြော်- ဒါက ဒီလိုပါ။ ကိုယ်တော်က ရောထွေးပြီး စဉ်းစားလိုက်လို့ ဒီလိုအတွေးမျိုး ဝင်သွားရတာပါ။ တကယ်တော့ နိဗ္ဗာန်ဆိုတာ တကယ်ရှိပါတယ်၊ ရှိလို့လည်း လိုချင်နေကြ၊ တမ်းတနေကြရတာပေါ့။ ပြောရရင် အဲဒီနိဗ္ဗာန်ကသာ တကယ့် အရှိတရားစစ်စစ်ဖြစ်ပြီး မျက်မှောက်လောကမှာ မြင်တွေ့နေရ၊ ကြားသိနေရတဲ့ လူ၊ တိရစ္ဆာန်၊ နတ်၊ ဗြဟ္မာ၊ သစ်ပင်တောတောင် အစရှိတဲ့ အရာဝတ္ထုမှန်သမျှက တကယ်မရှိတဲ့ အရာတွေချည်းပဲ ဖြစ်တယ်ကွယ့်"

"ဒါဖြင့် ပြောင်းပြန်ကြီး ဖြစ်နေပါပေါ့လား ဘုရား့၊ မရှိဘူးဆိုတာက ရှိတယ်၊ ရှိတယ်ဆိုတာက မရှိဘူး. . ."

"ဟုတ်တယ်ကွယ့်၊ ပြောင်းပြန်မြင်နေကြတာ၊ လူတွေ အလိမ်မိနေကြတာ၊ အဲဒီလို အလိမ်မိအောင်လည်းပဲ ဒိုင်ခံပြီး လိမ်ပေးနေတဲ့သူက ရှိတယ်လေ၊ သူက တခြားသူမဟုတ်ဘူး၊ တဏှာဆိုတဲ့ လူဆိုးကြီးပဲ၊ ပြောရရင် သူ တစ်ယောက်ထဲတောင် မဟုတ်ဘူး၊ သူ့အထက်မှာ သူ့ဆရာတစ်ယောက်ရှိသေးတယ်၊ အဝိဇ္ဇာဆိုတဲ့ ဆရာကြီး၊ ကြိုးကိုင် ဆရာကြီးပေါ့။ အဲဒီဆရာကြီးက ကြိုးကိုင်ပေးနေတာကို တဏှာက အကုန်လုံးနာယူပြီး လိုက်မွှေနေတာ၊

လူတွေ သံသရာထဲက ကျွတ်သွားလွတ်သွားမှာကို သူတို့က မလိုလားဘူး၊ ဒါကြောင့် မက်လုံးတွေ အမျိုးမျိုးပေးပြီး လူတွေကို သူတို့က ဆွဲဆောင်ထားတာ၊ မြူဆွယ်ထားတာ၊ နေချင့်စဖွယ် ကာမဂုဏ်တွေအမျိုးမျိုးနဲ့ ဆွဲဆောင်လား ဆွဲဆောင်ရဲ့၊ ငွေတို့၊ တံခိုးအာဏာတို့၊ ကျော်ကြားမှုတို့ အစရှိတဲ့ သည်းခြေကြိုက် ပစ္စည်းတွေနဲ့

မြူဆွယ်လား မြူဆွယ်ရဲ့၊ လူတွေကို မလှုပ်နိုင်အောင်ကို ထိန်းချုပ်ထားတာ၊ တစ်နည်းအားဖြင့် သူတို့ရဲ့လုပ်ရပ်က သတ္တဝါတွေကို အမှန်အတိုင်း မမြင်နိုင်အောင် အမှောင်ချပေးထားတာ၊ အစစ်ကို အတုတွေနဲ့ ဖုံးကွယ်ထားတာ၊ စောစောက ကိုယ်တော်ပြောသလို မရှိတာကို အရှိထင်ပြီး၊ ရှိတာကိုတော့ မရှိဘူးလို့ထင်နေအောင် ပုံမှားရိုက်ထားတာ၊ လှည့်စားပြထားတာ၊

ဒီတော့ လူတွေက လိမ်လို့လိမ်မှန်းလည်း မသိဘူး၊ ညာလို့ညာမှန်းလည်း မသိဘူး၊ ပျော်ပျော်ကြီးကို အလိမ်ခံ၊ အညာခံနေကြတာပဲ၊ သူတို့ကြီးဆွဲရာကရင်း သံသရာထဲမှာ မြူးထူးကျက်စားနေကြတော့တာပဲ၊ ဒါကတော့ လူအများစုပေါ့နော်၊ တဏှာခိုင်းတာကို မလုပ်ဘဲ တဏှာကို ပုန်ကန်နေတဲ့သူ၊ တော်လှန်နေတဲ့သူ၊ တန်ပြန်တိုက်ခိုက်နေတဲ့ သူတွေရော မရှိဘူးလားဆိုတော့ ရှိကြပါတယ်။ အခု ကိုယ်တော်တို့လို တရားကို ပြင်းပြင်းထန်ထန် အားထုတ်နေတဲ့ ပုဂ္ဂိုလ်မျိုးတွေပေါ့၊ သူတို့က လောကကြီးကို စိတ်ကုန်တယ်၊ ငြီးငွေ့တယ်၊ လောက ကနေ လွတ်မြောက်ချင်တယ်၊ ဒါက ဘာကိုဖော်ပြသလဲဆိုတော့ တဏှာနဲ့ လမ်းခွဲချင်တဲ့သဘော၊ ပြတ်စဲချင်တဲ့သဘော၊ တဏှာ့နယ်မြေကနေ ကျော်လွှားခုန်ထွက်သွားချင်တဲ့ သဘောပေါ့ကွယ်”

“ဒါဖြင့် တဏှာ့နယ်က လွတ်မြောက်ခြင်းဟာ နိဗ္ဗာန်ကို မြင်ရခြင်းနဲ့ တစ်သဘောထဲပဲလို့ ဆိုရမှာပေါ့နော် ဘုရား”

“အမှန်ပေါ့ကွယ်၊ အမှန်ပေါ့၊ တဏှာ့နယ်နဲ့ နိဗ္ဗာန်နယ်က စည်းကလေး ခြားရုံခြားထားတာပဲ၊ ဒီဘက်က ခုန်ထွက်လိုက်တာနဲ့ ဟိုဘက်ကို တန်းခနဲ ရောက်သွားတာပဲ၊ ဒါပေမဲ့ လွယ်သလားဆိုတော့ ဘယ်လွယ်မလဲကွယ့်၊ မလွယ်လို့လည်း ဒီဘက်နယ်မှာပဲ



သံသရာကြောဆန့်ပြီး သတ္တဝါတွေ ကျင်လည်နေကြတာပေါ့၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာ ရဲရဲတောက်၊ အာဇာနည်ပုဂ္ဂိုလ်တွေမှသာ မြင်နိုင်၊ တွေ့နိုင်၊ ရနိုင်၊ ရောက်နိုင်တယ်လို့ ပြောမယ်ဆို ပြောလို့ရပါတယ်၊ သူတို့ကတော့ ဇွဲသတ္တိနဲ့ ကြိုးစားတယ်၊ ကြိုးစားလို့လည်း လွတ်မြောက်သွားတယ်၊ ဒါတောင် တစ်ကြိမ်လောက် ခုန်ထွက်နိုင်ရုံနဲ့ တဏှာ့နယ်က အပြီး မလွတ်မြောက်နိုင်သေးဘူး၊ လေးကြိမ်လေးခါတိတိ ခုန်ထွက်နိုင်မှသာ တဏှာ့ရန်က လုံးဝ လွတ်ကင်းတယ်၊ လုံးဝ လွတ်မြောက်တယ်ကွယ့်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ အရဟတ္တဖိုလ်ဆိုပြီး အဆင့်လေးဆင့် ခွဲခြားထားတာမှာ အရဟတ္တဖိုလ်ကတော့ နိဗ္ဗာန်ကို လေးကြိမ်မြင်ပြီးသူ၊ တဏှာ့နယ်ကနေ လေးကြိမ် ခုန်ထွက်ခဲ့သူပေါ့ကွယ်၊ သူကတော့ ဘာဆိုဘာမှ မကျန်ရအောင် တဏှာနဲ့ အပြီး ပြတ်စဲသွားတဲ့သူပဲပေါ့”

“မှန်ပါဘုရား၊ တစ်ကြိမ်ခုန်ထွက်ရင် တစ်ကြိမ်လွတ်မြောက်တယ်၊ လေးကြိမ်ခုန်ထွက်တော့ အပြီးလွတ်မြောက်တယ်လို့ ဆိုရာမှာ ဒီနိဗ္ဗာနဓာတ် ကိန်းသွားတဲ့ပုဂ္ဂိုလ်ဟာ တစ်ဆင့်ပြီးတစ်ဆင့် ဉာဏ်အလင်း ပွင့်သွားတယ်လို့ ဆိုလိုရာရောက်ကြောင်း တပည့်တော် ရိပ်မိပါပြီဘုရား၊ အဓိကအကျဆုံးဖြစ်တဲ့ အဲဒီ အဆင့်ဆင့် ထိုးထွင်းသိမြင်သွားပုံအကြောင်းကို သိသာအောင် ရှင်းပြပေးပါဦးဘုရား”

“အဲဒါက ပြန်ကောက်ရမယ်ဆိုရင် ကိုယ်တော် ပထမဆုံး မေးတဲ့မေးခွန်းဆီကိုပဲ ပြန်သွားရမှာပေါ့ကွယ့်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ကြပ်ကြပ် အားထုတ်လေ၊ အမှန်တွေကို မြင်လေပဲပေါ့။ တစ်နည်းအားဖြင့် တဏှာလိမ်ထားတဲ့ အလိမ်တွေလည်း ပြေလေပဲပေါ့၊ သူက တစ်ဆင့်ပြီးတစ်ဆင့် အသိတွေ တိုးတိုးသွားရာမှာ

ပထမဆုံး ဒီလောကကြီးဟာ လောကအတုကြီး ဖြစ်တယ်၊ အယောင်ဆောင် လောကကြီးသာ ဖြစ်တယ်ဆိုတာကို သူက သိသွားတယ်၊ အမှန်တော့ မောင်ဖြူတို့၊ မနီတို့ ဆိုတာတွေလည်း မရှိဘူး၊ လူတွေ၊ နတ်တွေဆိုတာလည်း မရှိဘူး၊ မြင်မြင်သမျှ၊ ရှိရှိသမျှ လောကကြီးတစ်ခုလုံးဟာ ရုပ်နာမ်လို့ခေါ်တဲ့ ဓာတ် အစုအဝေးကြီးသာ ဖြစ်တယ်ဆိုတာကို သူက သိသွားတယ်၊ တစ်ခါ ဒီဓာတ်အစုအဝေးကြီးဟာလည်း အမြဲတမ်း အစိုးမရခြင်း၊ မမြဲခြင်း၊ ဆင်းရဲခြင်းတွေနဲ့ ပြည့်နှက်နေတဲ့အပြင် လိုလားဖွယ်၊ နှစ်သက်ဖွယ်၊ ချစ်မက်တွယ်တာဖွယ် ဘာမှမရှိဘူးဆိုတာကိုပါ ထပ်ပြီးသိရှိသွားတယ်၊ အဲဒီလို သိရှိသွားရာကနေ ဒီရုပ်နာမ်တွေအပေါ် ငြီးငွေ့လွန်းမက ငြီးငွေ့လာရာက လုံးဝမကြည့်ချင်၊ မမြင်ချင်၊ မလိုချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာတယ်၊ အဲ- အဲဒီလို မလိုချင်တော့လို့ သူက စွန့်လွှတ်လိုက်ပြီလည်းဆိုရော ရုပ်နာမ်တွေကလည်း ဒိုင်းဆို ချုပ်သွား၊ ပြတ်သွား၊ ရပ်စဲသွားတော့တာပဲ၊ အဲဒီမှာ ပုံနင်းတော့ ဦးထောင်ဆိုသလို ခန္ဓာလည်းစဲ၊ နိဗ္ဗာန်လည်းမြင်ပေါ့ကွယ်၊ ဒီမှာ ချုပ်တာနဲ့ ဟိုမှာငြိမ်းတာက ရှေ့ဆင့်နောက်ဆင့် ဖြစ်သွားတော့တာပေါ့၊ သဘောပေါက်ရဲ့လား ဦးအရိန္ဒမ"

"မှန်ပါ၊ သဘောပေါက်ပါတယ် ဘုရား၊ သိပ်လေးနက်ပြီး သိပ်အစီအစဉ်ကျတဲ့ ရှင်းပြမှုပါပဲဘုရား၊ တပည့်တော် ပိုလို့ စိတ်ဝင်စားလာမိပါတယ်၊ သူ့ရဲ့တရား ကိုယ်သဘောကိုတော့ ချုံပြီး ချင့်ချိန်နိုင်ပါပြီ၊ လက်တွေ့အားထုတ်ရင်း အဆင့်ဆင့် ကြုံတွေ့လာရမယ့် ဘာဝနာ အချိုးအဆစ်တွေကို ထပ်ဆင့်ပိုင်းခြားပြီး ရှင်းပြပေးလို့ ရဦးမလား ဘုရား"



"အင်း- ရှင်းပြလို့ရပါတယ်၊ ဒါပေမဲ့ ကမ္မဋ္ဌာန်း အားထုတ်နေတဲ့ပုဂ္ဂိုလ်ဟာ ဒီတရားလမ်းစဉ်တွေကို ကြိုပြီးသိထားရင် သိပ်မကောင်းလှဘူးလို့တော့ ဆိုထားတာပဲ၊ ဒီနေရာက ဒီလိုရှိတယ်၊ ဟိုနေရာက ဟိုလိုရှိတယ်ဆိုပြီး ကြိုသိထားရင် အားထုတ်နေရင်းနဲ့ ဆင်ခြင်တဲ့စိတ်တွေက များနေတတ်တယ်၊ 'စာခံ'နေတတ်တယ်လို့ အဆိုရှိတယ်။ သို့သော်လည်း ယောနိသောမနသိကာရနဲ့ နှလုံးသွင်းထားနိုင်ရင်တော့ ဒါတွေကို ဖြေဖျောက်နိုင်ပါတယ်။

ဒီတော့ တရားအားထုတ်မယ့် ယောဂီက ပထမတော့ ဒီရုပ်ကြမ်းကြီးနဲ့ပဲ စပြီး အခြေတည် ရတာပေါ့ကွယ်၊ ဒီရုပ်ကြမ်းကြီးဆိုတာက ခု ကိုယ်တော်တို့ ကျုပ်တို့ရဲ့ ပညတ်ကိုယ်လုံးကြီးကို ပြောတာပေါ့၊ ကိုယ်ကလည်း သူ့ကိုမြင်တယ်၊ သူကလည်း ကိုယ့်ကို မြင်တယ်၊ ခွေးဟောင်တဲ့ရုပ်ကြီးပေါ့၊ ဒီတော့ ဒီရုပ်ကြမ်းကြီးနဲ့ စပြီး အားထုတ်နေတာမှာ ယောဂီက ဘာတရားမှ မမြင်သေးဘူး၊ ဘာဉာဏ်မှ မရသေးဘူး၊ တဏှာကလည်းပဲ နှောက်ယှက်မြဲနှောက်ယှက်နေတုန်းပဲ၊ သူက သူ့နယ်ထဲက လူတွေကို နိဗ္ဗာန်နဲ့ဝေးအောင် တားဆီးထားသလို နိဗ္ဗာန်ရအောင် အားထုတ်နေတဲ့ သူတွေကိုလည်းပဲ တရားခွင်ထဲကနေ ပြန်ဆွဲထုတ်ဖို့ ကြိုးစားနေတာပဲ၊ အားထုတ်နေတဲ့သူတွေကို မိန်းမတို့၊ သားသမီးတို့ဆိုတဲ့ သံယောဇဉ်တွေ ပြပြပြီး အိမ်ပြန်အောင် တိုက်တွန်းလား တိုက်တွန်းရဲ့၊ နောက်ပိုင်းက ပူပင်စရာတွေ၊ ကြောင့်ကျစရာတွေ ပြပြပြီး နောက်ကြောင်းပြန်အောင် ဆွဲဆောင်လားဆွဲဆောင်ရဲ့၊ ယောဂီကို တောင်တွေးမြောက်တွေး တွေးပြီး စိတ်လွင့်ပါးအောင် လုပ်လားလုပ်ရဲ့၊ တရားအားထုတ်ရင်းနဲ့ ပျင်းလာအောင်၊ ငြီးငွေ့လာအောင်၊ အိပ်ငိုက်လာ

အောင် လုပ်လားလုပ်ရဲ့၊ အမျိုးမျိုးကို လီဆည်ပြီးတော့ ယောဂီကို မောင်းထုတ်နေတာ၊ ဒါက ဘာခေါ်သလဲဆိုတော့ နိဝရဏ ငါးပါး လို့ခေါ်တယ်၊ ရန်သူကြီးငါးပါးပေါ့။

ဒီတော့ တကယ် သူ့နယ်ကနေ လွတ်ချင်တဲ့ပုဂ္ဂိုလ်က ငါတော့ သူ့ကိုကြောက်နေလို့မရဘူး၊ သူ့ကို အရှုံးပေးလို့မရဘူး၊ ပြန်တိုက်မှ ဖြစ်မယ်ဆိုပြီးတော့ တွေးမိတယ်၊ ဒီနောက် ရဲရင့်တဲ့စိတ်နဲ့ ကြိုးစား ပြီး အားထုတ်တယ်၊ အားထုတ်တော့ ရန်သူကြီးငါးပါးကို တိုက်ဖို့ မိတ်ဆွေကြီးငါးပါးက အလိုလို ပေါ်လာတယ်၊ ယောဂီကို စစ်ကူပေး လာတယ်၊ အဲဒါကို ဗိုလ်ငါးပါးလို့ခေါ်တယ်၊ သဒ္ဓါ၊ သတိ၊ သမာဓိ အစရှိတဲ့ ယောဂီတို့ အားထားရာ လက်နက်ကောင်းကြီးတွေပေါ့။ ယောဂီက အဲဒီ မိတ်ဆွေကြီးငါးယောက်ရဲ့ အကူအညီနဲ့ အပြတ် အသတ် ချေမှုန်းလိုက်တယ်ဆိုရင်ပဲ စောစောက ရန်သူကြီးတွေက တပ်လှန်ကုန်တော့တာပဲ၊ ထွက်ပြေးကုန်တော့တာပဲ၊ အဲဒီ ရန်သူ တွေကို စေလွှတ်လိုက်တဲ့ တဏှာကလည်း ဗုန်းဗုန်းလဲသွားတော့ တာပဲ”

“ဗုန်းဗုန်းလဲရုံပဲလားဘုရား၊ သေသွားတာ မဟုတ်သေး ဘူးလား”

“မသေသေးဘူး၊ နိဗ္ဗာန်ကို တစ်ခါမြင်မှ တဏှာကတစ်ကြိမ် သေတာ၊ တဏှာကို လေးကြိမ်လေးခါသတ်မှ အပြီးသေတယ်လို့ ပြောခဲ့တယ်မဟုတ်လား၊ ခုဟာက ယောဂီအနေနဲ့ နိဗ္ဗာန်ကို မြင်မှ မမြင်သေးတာ၊ ဉာဏ်တက်လာတဲ့အဆင့်၊ သမာဓိကောင်းလာတဲ့ အဆင့်ပဲ ရှိသေးတာဆိုတော့ တဏှာက ဘယ်သေလိမ့်ဦးမလဲ၊ ခဏလောက် ဝပ်ရုံပဲ ဝပ်သွားတာ၊ ဒါပေမဲ့ သူက ယောဂီကိုတော့



လုံးဝနှောက်ယှက်လို့မရတော့ဘူး၊ ယောဂီရဲ့ တရားလမ်းကြောင်းက ဖြောင့်တန်းသွားပြီ၊ လမ်းမှန်ပေါ် ရောက်သွားပြီ၊

လမ်းမှန်ပေါ်ရောက်သွားတာနဲ့ ယောဂီက အသိတွေ အများ ကြီး တိုးလာတယ်၊ အရင်တုန်းက သိထားတာနဲ့ အခုသိလာရတာ တွေက ပြောင်းပြန်လှန်လိုက်သလို ပြောင်းလဲသွားတယ်၊ ယောဂီက သမာဓိ သိပ်ကောင်းနေတယ်၊ အဲဒီ သမာဓိ မီးမောင်းကြီးနဲ့ပဲ မိမိခန္ဓာကို စိုက်ကြည့်လိုက်တော့ အရင်က ခွေးဟောင်တဲ့ ပုညတ် ခန္ဓာကြီးက လုံးလုံး ပျောက်နေပြီး ပရမတ်လို့ခေါ်တဲ့ ရုပ်နာမ်ခန္ဓာ တွေကိုသာ မြင်နေရတော့တယ်၊ ဒီတော့ ဒီရုပ်နာမ်တွေဟာ သဲ ကမ်းပါးတွေ ပြိုကျနေသလို၊ ရေတံခွန်ကြီးတွေ စီးဆင်းနေသလို၊ ရေနွေးအိုးထဲကရေတွေ ပွက်ပွက်ဆူနေသလို စတဲ့ ဥပမာအမျိုးမျိုး နဲ့ တင်စားရလောက်အောင် သူ့ဘာသာ ထင်ရှာစိုင်းပြီး ဖြစ်ချင် တိုင်း ဖြစ်နေတာကို မြင်လိုက်ရတဲ့အခါကျတော့ ယောဂီက သတ္တ လောကဆိုတာ တကယ်မရှိဘူး၊ သတ္တဝါလည်းမရှိဘူး၊ ပုဂ္ဂိုလ်လည်း မရှိဘူး၊ တကယ်ရှိတာက ရုပ်နာမ်ပဲ၊ အားလုံးဟာ ရုပ်နာမ်တွေ ချည်းပဲ ဆိုတာကို ရှင်းရှင်းလင်းလင်း သိမြင်သွားတော့တယ်၊

ဒီတော့ ဒီဉာဏ်ကိုရတဲ့အဆင့်ဟာ ယောဂီအတွက် သိပ်ကို မြင့်မားလွန်းသွားပြီ၊ ဝမ်းသာအားရနဲ့ လက်ခမောင်းခတ်နိုင် လောက်တဲ့အဆင့်ကို ရောက်သွားပြီ၊ သူက ပန်းတိုင်ကို မရောက်သေး ပေမယ့် ပန်းတိုင်ရှိရာ လမ်းကြောင်းပေါ်ကိုတော့ ဧကန်ရောက် သွားပြီ၊ ဆက်ပြီး ဖွဲနပဲနဲ့ လျှောက်လှမ်းသွားဖို့ပဲ လိုတော့တယ်၊ တရားကို အငှဲ့အကွက်မရှိ ဆက်အားထုတ်သွားဖို့ပဲ လိုတော့တယ်၊

တရားကို ဆက်အားထုတ်ရာမှာလည်း တခြားကို ရှာဖွေပြီး အားထုတ်နေစရာ မလိုတော့ဘူး၊ ဒီ မိမိတွေ့မြင် နေရတဲ့ ရုပ်နာမ်

တရားတွေကိုပဲ ဆက်ပြီး စိုက်ကြည့်နေရမှာ၊ နာနာရှုမှတ်နေရမှာ၊ ဒီလို အားထုတ်နေရင်းနဲ့ပဲ ဉာဏ်တွေက တဖြည်းဖြည်း ရင့်သွားပြီး ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ကို ဒိုင်းခနဲဝင်သွားရမှာ၊ ယောဂီ ကျော်ဖြတ်ရမယ့် ဉာဏ်စဉ်အဆင့်ဆင့်က သတ်မှတ်ထားတဲ့ အတိုင်းဆိုရင် ၁၀ ပါးတောင်ရှိတယ်၊ ဒါပေမဲ့ ယောဂီရဲ့ ဉာဏ်အမြင်မှာ အဲဒီ ၁၀ ပါးလုံး မသိသာဘူး၊ ဉာဏ်စဉ်သုံးပါးသာ သိသာတယ်လို့ဆိုတယ်၊ ပထမ ရုပ်နာမ်တွေရဲ့ အဖြစ်အပျက်ကို တွေ့ရှိမြင်သိရတဲ့ ဉာဏ်၊ ဒုတိယ အဲဒီရုပ်နာမ်တွေအပေါ် ငြီးငွေ့မိတဲ့ဉာဏ်၊ နောက်ဆုံး ရုပ်နာမ်တွေကို ဥပေက္ခာပြုလိုက်တဲ့ဉာဏ်၊ အဲဒီ အမိက ဉာဏ်သုံးပါးသာလျှင် ယောဂီအတွက် ထင်ထင်ပေါ်ပေါ် ရှိနိုင်တယ်လို့ ဆိုထားတယ်၊

ဆိုတော့ ယောဂီက ဉာဏ်စဉ်တွေ အသီးသီးကို ရရှိပြီး နောက်ဆုံးမှာ နိဗ္ဗာန်ဝင်၊ အောင်ပွဲရသွားတယ် ဆိုကြပါစို့၊ ဒီအခါမှာ ယောဂီက သူလျှောက်လှမ်းလာခဲ့တဲ့ ခရီးစဉ်ကို ပြန်ပြီးဆင်ခြင်ကြည့်တယ်၊ ဆင်ခြင်ကြည့်တော့ သူ့အနေနဲ့ ဂိတ်နှစ်ဂိတ်ကို ဖြတ်ကျော်လာရတယ်ဆိုတာ ပြန်မြင်မိတယ်၊ ပထမဂိတ်က ဒီရုပ်ကြမ်း ပညတ်ခန္ဓာကြီးကို ကျော်ဖြတ်လာရတဲ့ဂိတ်၊ ဒုတိယဂိတ်က ရုပ်နာမ်လို့ခေါ်တဲ့ ပရမတ်ခန္ဓာကို ကျော်ဖြတ်လာရတဲ့ဂိတ်၊ ဒီဂိတ်နှစ်ဂိတ်ကို ကျော်ဖြတ်ပြီးတော့မှ နိဗ္ဗာန်ကို ဝင်ခဲ့ရတာ၊

ဒီတော့ အားလုံးပြန်ချုပ်လိုက်ရင် နိဗ္ဗာန်ဆိုတာ ငြိမ်းအေးခြင်း၊ ချမ်းသာခြင်းဆိုတဲ့ လက္ခဏာတွေနဲ့ ပြည့်ဝနေတယ်၊ တစ်ကြိမ် နိဗ္ဗာန်ကိုမြင်တိုင်း တစ်ကြိမ် ကိလေသာတွေ နည်းသွားတယ်၊ လောဘ၊ ဒေါသ အစရှိတဲ့ အကုသိုလ်တွေ ကွာကွာကျသွားတယ်၊ အဲ- လေးကြိမ်လည်းမြင်ရော ကိလေသာတွေက လုံးလုံး ကင်းစင်



သွားတယ်၊ တဏှာက လုံးလုံး အစွယ်ကျွတ်ပြီး သေဆုံးသွားတယ်၊ ယောဂီကလည်း ပြီးပြည့်စုံသော ဒက္ခိနေယျ ပုဂ္ဂိုလ်ကြီးအဖြစ်နဲ့ အငြိမ်းအေးကြီး ငြိမ်းအေးသွားတယ်၊ ငြိမ်းအေးသွားတဲ့အတွက် ယောဂီ ကွယ်လွန်တဲ့အခါမှာ ဘယ်ဘဝ၊ ဘယ်ခန္ဓာမှ ဆက်စရာ မရှိတော့ဘဲ နိဗ္ဗာန်ကသာ ဆီးကြိုနေတယ်၊ နိဗ္ဗာန်ကိုပဲ ပြေးဝင်သွားတော့တယ်၊ မကွယ်လွန်မီမှာလည်း မိမိရရှိထားတဲ့ အငြိမ်းဓာတ်ကြီးကို အကြိမ်ကြိမ်ဝင်စားပြီး ချမ်းသာစွာနေလို့ရတယ်၊

နိဗ္ဗာန်ဟာ ခန္ဓာတွေချုပ်ပြတ်ပြီးမှ တွေ့မြင်ရတာဆိုတော့ သူ့တရားကိုယ်ကကို ဝေဒနက္ခန္ဓာ အစရှိတဲ့ စိတ် စေတသိက်တွေနဲ့ ကင်းလွတ်နေတယ်၊ ဒီတော့ ချိုချဉ်ဖန်ခါး အစရှိတဲ့ အရသာ ခံစားမှုတွေ၊ နှစ်သက်တယ်၊ ပျော်ရွှင်တယ်၊ သာယာကြည်နူးတယ်ဆိုတဲ့ ခံစားမှု အဝဝတွေနဲ့ ဘာမှပတ်သက်စရာ မရှိတော့ဘူး၊ နိဗ္ဗာန်မှာ ဘာခံစားမှုမှ မရှိတော့ဘူး၊ နိဗ္ဗာန်မှာ ဘာခံစားမှုမှ မရှိတော့ဘူးလို့ ဆိုမှတော့ ခံစားတတ်တဲ့ ပုဂ္ဂိုလ်သတ္တဝါ မောင်ဖြူ မောင်နီ ဆိုတာလည်း ဘယ်ရှိပါတော့မလဲ၊ တစ်ခါ မောင်ဖြူ မောင်နီဆိုတာ မရှိမှတော့ သူတို့နေထိုင်တဲ့ နေရာဌာနတွေ၊ ဘုံဗိမာန်တွေ၊ ကမ္ဘာလောကတွေ ဆိုတာကရော ရှိပါတော့ဦးမလား၊ ဘာမှမရှိတော့ဘူးပေါ့၊ ကျုပ်ပြောတာတွေကို ကျိုးကြောင်းဆက်စပ်ပြီး သဘောပေါက်မိရဲ့လားဦးအရိန္ဒမ”

“မှန်ပါဘုရား၊ သဘောပေါက်ပါပြီ၊ အရင်ကတော့ တပည့်တော်က ကိုယ်ဖြစ်ချင်တာလောက်ပဲ ရိုးရိုးကလေး တွေးခဲ့မိတာပါ ဘုရား၊ တပည့်တော်မြတ်နိုးတဲ့ မိသားစုအားလုံး ဆုံးရှုံးခဲ့ရတယ်၊ အဲဒီအတွက် ကြီးစွာ ပူဆွေးသောက ရောက်ခဲ့ရတယ်၊ ဒီစိတ်ဆင်းရဲမှုတွေဟာ တရားထူးသာ ရခဲ့လို့ရှိရင် အလိုလို ပြေပျောက်သွား

လိမ့်မယ်၊ ချုပ်ငြိမ်းသွားလိမ့်မယ်၊ ဒါကြောင့် ငါ တရားအားထုတ်မယ်ဆိုတဲ့ ခံယူချက်လောက်သာ တပည့်တော်မှာ ရှိခဲ့တာပါ။ ခုတော့ ပညတ်ခန္ဓာကြီးကိုကျော်အောင် အားထုတ်နိုင်မှ ရုပ်နာမ်ခန္ဓာတွေကိုမြင်နိုင်မယ်၊ ရုပ်နာမ် ခန္ဓာတွေကို ချုပ်စဲအောင် အားထုတ်နိုင်မှ နိဗ္ဗာန်ကိုမြင်နိုင်မယ်၊ နိဗ္ဗာန်ကို အကြိမ်ကြိမ်မြင်မှ တဏှာက အခါခါသေပြီး ပူဆွေးသောက အစရှိတဲ့ ကိလေသာတွေလည်း အပြီးကုန်ဆုံးသွားမယ်၊ ဒီတော့မှ ဘဝတွေ၊ ဘုံဌာနတွေနဲ့ သီးခြားကင်းလွတ်နေတဲ့ အငြိမ်းဓာတ်ကြီးထဲကို ပြေးဝင် မျက်မှောက်ပြုနိုင်မယ်၊ အငြိမ်းဓာတ်ကြီးကလွဲပြီး ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိတဲ့အတွက်ကြောင့်လည်း နိဗ္ဗာန်ကို အိုခြင်း၊ နာခြင်း၊ သေခြင်းကင်းရာဌာနလို့ ပြောဆိုကြတာပါလား ဆိုတာတွေကို တပည့်တော်ပိုပြီး သိခွင့်ရခဲ့ပါတယ်၊ ဒီအတွက် ဆရာတော့်ကို ကျေးဇူးတင်လိုက်တာဘုရား၊ သို့သော်လည်း တကယ့်လုပ်ငန်းစဉ်မှာ ပထမဆင့်ဖြစ်တဲ့ ရုပ်နာမ်ကို မြင်ဖို့ဆိုတာတောင် တော်တော် ခက်ခဲလိမ့်မယ်ဆိုတာ တပည့်တော် ရိုပ်စားမိပါတယ်ဘုရား"

"အမှန်ပေါ့ကွယ်၊ ဘယ်လွယ်ပါ့မလဲ၊ မလွယ်လို့လည်း ကျုပ်တို့ကိုယ်တော်တို့ ဒီအရွယ်ရောက်တဲ့အထိ ဉာဏ်မြင်ပေတုံးတွေ ဖြစ်နေရတာပေါ့၊ သို့သော် ခုခေတ်ကို ဝိမုတ္တိခေတ်လို့ ဆိုထားတာပဲ၊ တကယ်အားထုတ်ရင် တကယ်တရားထူးရနိုင်ပါတယ်၊ အားလျှော့စရာ မရှိပါဘူးဗျာ၊ ကြိုးစားစမ်းပါ၊ ဒါထက် ကိုယ်တော့်အသက် ဘယ်လောက်ရှိပြီလဲ"

"တပည့်တော်အသက် ၄၆ နှစ်ပါ ဘုရား"

"ဒါဆိုအကောင်းဆုံးပေါ့ဗျာ၊ တရားအားထုတ်ဖို့ အကောင်းဆုံးအရွယ်ပေါ့၊ ကိုယ်တော့်မှာ တဏှာနဲ့ စီးချင်းထိုးဖို့ ကြံခိုင်တဲ့



ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသလို လိုအပ်တဲ့ သံဝေဂဉာဏ်နဲ့လည်း ပြည့်စုံနေတဲ့သူပဲ၊ တစ်ခုပဲ ကျန်တော့တယ်၊ အဲဒါက အလွန်အားကြီးတဲ့ ဝိရိယကိုမွေးမြူပြီး အားထုတ်ဖို့ပဲရှိတော့တယ်၊ ဒါဆိုကိုယ်တော်သေချာ ပေါက်အောင်မြင်ပြီပေါ့"

"ဆရာတော်က ဒီလိုမိန့်တော်မူတော့ တပည့်တော် အားတက်လိုက်တာ ဘုရား၊ တပည့်တော်ကြိုးစားပါ့မယ်၊ တပည့်တော် ဒီဘဝမှာတင် နိဗ္ဗာန်ကို အနည်းဆုံး တစ်ကြိမ်လောက်တော့ မြင်ရအောင် အားထုတ်မယ် ဘုရာ့"

"သာဓုပါဗျာ၊ သာဓုပါ၊ အားထုတ်ပါ၊ ကျုပ်ပြောသလို ကိုယ်တော်က တရားထူးရနိုင်တဲ့ ကြွန်အန်လက္ခဏာတွေနဲ့ ပြည့်စုံနေတဲ့သူပဲ၊ ဥဒါဟရုဏ်ဆောင်ပြီးပြောရရင် အခါတစ်ပါးမှာ အရှင်မဟာကဿပက အရှင်မဟာသာရိ ပုတ္တရာကို 'ငါ့ရှင်၊ ဒီလောကမှာ ဘယ်လိုပုဂ္ဂိုလ်မျိုးဟာ တရားထူးရခြင်းငှာ ထိုက်သလဲ'လို့ မေးခွန်းတစ်ခုမေးသတဲ့၊ ဒီတော့ အရှင်သာရိပုတ္တရာကလည်း ခပ်တိုတိုပဲ 'ငါ့ရှင်၊ ဒီသာသနာမှာ အလွန်အားကြီးတဲ့ သံဝေဂဉာဏ်နဲ့ အလွန်အားကြီးတဲ့ ဝိရိယ၊ ဒီနှစ်ခုနဲ့ ပြည့်စုံတဲ့သူမှာသာ တရားထူးရခြင်းငှာထိုက်တယ်'လို့ ပြန်ဖြေလိုက်တယ်၊ ဒီစကားဟာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တိုင်းအတွက် လက်သုံးထားရမယ့် ဆောင်ပုဒ်တစ်ခုလို့တောင် ပြောလို့ရတယ်၊ တိုတိုတုတ်တုတ်နဲ့ သိပ်ပြီး လိုရင်းကျတဲ့အချက်ပဲ၊

လူတွေက ကြောက်စရာ၊ လန့်စရာတွေနဲ့ ကြုံရပြီဆိုတော့မှ ဘေးကို မြင်တာမဟုတ်လားဗျ၊ ဘေးကိုမြင်တော့မှလည်း ဘေးနဲ့ လွတ်ရာကိုပြေးဖို့ ကြံစည်တာမဟုတ်လား၊ တကယ်ထပြေးပြီဆိုတော့လည်း သူက သူများထက်ပိုပြီး အားထုတ်နိုင်တယ်၊ ဝိရိယ

စိုက်နိုင်တယ်၊ ငါတော့ ပြေးနိုင်မှလွတ်မယ်၊ မပြေးနိုင်ရင် သေမင်းစားတာကို ခံရလိမ့်မယ်ဆိုပြီး ကြောက်ကြောက်နဲ့ စွပ်ပြေးတော့ သူများထက် ပိုပြေးနိုင်တာပေါ့၊ တရားအားထုတ်နေတဲ့ ယောဂီတွေကို ကိုယ်တော်စောင့်ကြည့်ပါ၊ တချို့က နာရီဝက်လောက် ထိုင်ရရင်ကို ပျင်းလာပြီ၊ ငြီးငွေ့လာပြီ၊ အထိုင်ပြင်ချင်လာပြီ၊ တရားဖြုတ်ချင်လာပြီ၊ တချို့ ယောဂီကျတော့ ဖွဲ့နပဲနဲ့ ကြိတ်မှိတ်သည်းခံပြီး တစ်နာရီပြီးတစ်နာရီ အားထုတ်နိုင်တယ်၊ သည်းခံတော့ သမာဓိရ၊ သမာဓိရတော့ ပိုပြီးအားထုတ်နိုင်၊ ဒီလိုနဲ့ နာရီပေါင်းများစွာကြာအောင်ကို အားထုတ်နိုင်သွားတယ်၊ ဒါ ဘာကွာသလဲဆိုတော့ တရားရချင်တာချင်း ကွာတာပဲ၊ တစ်နည်းအားဖြင့် သံဝေဂဉာဏ်ချင်း ကွာသွားတာပဲ၊ အဓိကကတော့ဗျာ၊ သံဝေဂဉာဏ်သာ တကယ်ရှိစမ်းပါ၊ ဝီရိယက အလိုလို အင်အားကြီးလာတာပါပဲ၊

ခု ကိုယ်တော့်မှာလည်း ဒီအတိုင်းဖြစ်နေတာပဲ၊ မိသားစုတွေ အားလုံး ဆုံးရှုံးသွားတယ်၊ ဒီအတွက် ပူဆွေး သောကရောက်ရတယ်၊ လောကကြီးကို ငြီးငွေ့သွားတယ်၊ လောကကနေ လွတ်မြောက်ချင်တယ်၊ လွတ်မြောက်ချင်တော့ အလွန်ကြိုးစားတယ်၊ ဒါဟာ တစ်ခုနဲ့တစ်ခု ထွန်နောက် ရေပါဆိုသလို သဘာဝအတိုင်း ချိတ်ဆက်ဖြစ်ပေါ်လာတဲ့ သဘောပဲ၊ ဒီအတိုင်းပဲ ဖြစ်ရမှာပဲ၊ ကျုပ်မြင်ရသလောက်ဆို ကိုယ်တော်အားထုတ်ပုံက တော်တော်ချီးကျူးစရာကောင်းပါတယ်၊ ဆရာ့စကား နားထောင်ပုံရော၊ ဝီရိယကြီးပုံရော ဘာမှပြောစရာမရှိဘူး၊ ဒီအတိုင်းသာ ဆက်အားထုတ်ရင် မကြာခင် ကိုယ်တော် ရုပ်နာမ်တွေကို မြင်ရတော့မယ်ဆိုတာ ကျုပ်သေချာပေါက်ပြောရဲတယ်၊ ဒါကြောင့် ရည်မှန်းချက် ပေါက်မြောက်အောင် ဒီမှာပဲ တစ်ခါတည်း အားထုတ်သွား၊ ဘယ်



အကြောင်းကြောင့်မှ မိမိလုပ်ငန်းကို ရပ်တန့်မသွားစေနဲ့၊ ကြားလား ဦးအရိန္ဒမ"

"မှန်ပါဘုရား၊ အမိန့်တော်အတိုင်း တပည့်တော်ကြိုးစားပါမယ်၊ ဒါနဲ့ ဆရာတော်က တပည့်တော်ရဲ့ အသက်ကိုမေးပြီး ဒါ အကောင်းဆုံးအရွယ်ပေါ့လို့ မှတ်ချက်ပေးခဲ့ပါတယ်၊ တရားအားထုတ်တဲ့ ကိစ္စမှာ အသက်အရွယ်နဲ့လည်း ဆိုင်သလားဘုရာ့"

"ဟာ- ဆိုင်တာပေါ့ဗျာ၊ တရအားထုတ်တယ်ဆိုတာ ငယ်လေကောင်းလေပေါ့၊ အများသိနေကြသလို တတိယအရွယ်မှာ တရားရှာဆိုတာ ဘယ်မှန်လိမ့်မတုံး၊ ကျုပ်တို့လို အသက်ကလည်း ၈၀ ကျော်ပြီ၊ ခန္ဓာကိုယ်ကလည်း ချည့်နဲ့ယိမ်းယိုင်နေတဲ့သူက ဘယ်မှာ တရားကို စွမ်းစွမ်းတမံ အားထုတ်နိုင်ပါတော့မလဲ၊ နည်းနည်းလေး ထိုင်လိုက်တာနဲ့ ဟိုနားကနာ၊ ဒီနားကနာနဲ့ ဘယ်မှာ ခရီးရောက်နိုင်တော့လို့လဲ၊ ခုခေတ်က နေယျခေတ်ဗျ၊ ခန္ဓာကိုယ်ကြီးကို အရင်းတည်ပြီး ဒုက္ခနဲ့ကြပ်ကြပ်ရင်ဆိုင်မှ တရားကို မြင်နိုင်တဲ့ခေတ်၊ ဒီတော့ ဝေဒနာတွေ အပြင်းအထန် ဝင်လာတဲ့အခါ ကြံ့ကြံ့ခံပြီး အားထုတ်နိုင်ဖို့ဆိုတာက ကိုယ်တော်တို့လို အသက်လည်းငယ်၊ ခွန်အားဗလနဲ့လည်း ပြည့်စုံတဲ့ သူတွေမှ တတ်နိုင်တော့တာပေါ့ဗျာ၊

အင်း- ကျုပ်တို့လည်း တစ်ချိန်တုန်းကတော့ တရားကို အားထုတ်ခဲ့ဖူးပါရဲ့၊ သို့သော် မှန်ရာကို ဝန်ခံရမှာဖြင့် ရှုပ်ရှုပ်ချွန်ချွန် အားထုတ်တာမျိုး မလုပ်မိခဲ့ဘူးဗျ၊ တစ်ဘက်ကလည်း ကိုယ့်မှာ သံဝေဂဉာဏ်နဲ့ မပြည့်စုံတာလည်း ပါတာပေါ့လေ၊ ဘာပဲဖြစ်ဖြစ် ကျုပ်တို့က ပေါ့လျော့ခဲ့တာတော့အမှန်ပဲ၊ တစ်သက်မှာ တစ်ခါသာရရှိတဲ့ ဒီအခွင့်အရေးကို အလေးမထားမိခဲ့တာ အမှန်ပါပဲ၊ ဒီတော့ ကျုပ်တို့ကိုသာ နမူနာထားပြီး ကျုပ်တို့ဖြစ်သလို

မဖြစ်စေနဲ့ပေါ့ဗျာ၊ ကိုင်း . . . ကိုင်း၊ ညဥ့်လည်းနက်လှပြီ၊ ကျုပ်တို့ နားကြစို့ရဲ့"

ဆရာတော်က စကားကိုဖြတ်လိုက်သည်။ ထိုင်ရာမှလည်း အသာထလိုက်သည်။ ဦးအရိန္ဒမက ဆရာတော့်ကို ရိုသေစွာ ဝတ်ပြုလိုက်ပြီးနောက် ဆရာတော်နှင့်အတူ ထရပ်လိုက်သည်။ သည့်နောက်တွင် ဆရာတော်က ကျိန်းစက်ရာ ကျောင်းဆောင်ဆီသို့ တိတ်ဆိတ်စွာ ထွက်ကြွသွားတော့သည်။

ဦးအရိန္ဒမက နေရာမှာပင် ငူငူကြီး ရပ်နေမိသေးသည်။ သူမျက်နှာမူရာကို အသာမော့ကြည့်လိုက်တော့ သစ်ပင်အုပ်အုပ်ကြားမှ လွတ်မြောက်ခါစ လမင်းကြီးအား ဝင်းဝင်းကြီးမြင်တွေ့လိုက်ရသည်။ ညဥ့်လေကလည်း တဖြူးဖြူး တိုက်ခတ်နေဆဲပင်။ တိတ်ဆိတ်ခြင်းကမူ ပို၍သာ မင်းမူလျက်ရှိသည်။

ဦးအရိန္ဒမက ထူးခြားစွာ ရွှင်လန်းနေမိသည်။ ဆရာတော့်ထံမှ တရားနာယူလိုက်ရခြင်းကြောင့်လည်းကောင်း၊ ဆရာတော့်အားပေးစကားများကြောင့် လည်းကောင်း သူ လွန်စွာအားတက်နေမိသည်။ မိမိရည်မှန်းချက်တို့ကို ပေါက်မြောက် အောင်မြင်အောင် အားထုတ်လိုသော စိတ်ဆန္ဒတို့ဖြင့်လည်း အထူးတက်ကြွနေမိသည်။ သို့နှင့်ပင် အိပ်ချင်စိတ်ဟူ၍ မြူတစ်မှုန်စာမျှပင် မရှိသော ယခုလို အချိန်မျိုး၌ ကျောင်းသင်္ခမ်းသို့ အချည်းနှီးပြန်နေမည့်အစား ဆက်လက်အား ထုတ်ခြင်းကသာ အကောင်းဆုံးဖြစ်မည်ဟု တွေးလိုက်မိသည်။ ထိုအတွေးနှင့်ပင် ဦးအရိန္ဒမက သူတရားအားထုတ်ရာ ကျောက်ဂူဘက်ဆီသို့ ခပ်သွက်သွက် လျှောက်သွားလိုက်တော့သည်။ ။

၀၀၀



၂၀၁၃ ခုနှစ်၊ ပခုက္ကူဦးအုံးဖေ တည်ထောင်သော
ပခုက္ကူစာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်၊ ပထမဆု

## ရေးသူ – ရဲမြတ်တင်

အဘ ဦးထွန်းဟန်၊ အမိ ဒေါ်အေးမယ်တို့မှ ၁၉၆၁ ခုနှစ်၊ နိဝင်ဘာလ ၂၂ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ်၌ မွေးဖွားခဲ့သည်။

ငယ်စဉ်က မိုးမိတ် အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ နံရံကပ်စာစောင်များ၊ လက်ကမ်းစာစောင်များ၌ စတင်ကလောင်သွေးခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ဝန်ထမ်းအဖြစ် အမှုထမ်းသည်။ ၁၉၉၇ ခုနှစ်တွင် ဝန်ထမ်းဘဝမှ အငြိမ်းစားယူခဲ့သည်။

၂၀၁၀ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုပြိုင်ပွဲတွင် ဝတ္ထုတိုပေါင်းချုပ် ပထမဆုကို "ဆီမှဆိုနှင့် အခြားဝတ္ထုတိုများ" စာမူဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ၎င်းစာအုပ်ဖြင့်ပင် ၂၀၁၁ ခုနှစ်အတွက် အမျိုးသားစာပေဆု (ဝတ္ထုတိုပေါင်းချုပ်) ကို ချီးမြှင့်ခံရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဖိတ်ခေါ်ကျင်းပခဲ့သော နိုကေ့ရှုရှာဂျာနယ် ဝတ္ထုတိုပြိုင်ပွဲတွင် တတိယဆုကို "မွှင့်တုရွက်တု" စာမူဖြင့် ဆွတ်ခူးခဲ့သည်။

ယခုအခါ ဝါသနာအရ စာပေများကို ဆက်လက်ရေးသားလျက်ရှိသည်။

အမည်ရင်း - ဦးရဲဝင်း ဖြစ်သည်။
နေရပ်လိပ်စာ - အမှတ် ၃၀၃၊ တိုက် ၁၆ (အေ)၊ ၁၂ လမ်း၊ ယုဇန ဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊
ရန်ကုန်မြို့။